# ညောင်ရမ်း ဆရာတော် ဘုရာကြီး

ဆဋ္ဌသံဂိတ်မဟာနာယက



အဘိဓဇမဟာရဋ္ဌဂုရု–ကျေးဇူးတော်ရှင်

ညောင်ရမ်းဆရာတော်ဘုရားကြီးပုံ။

# စကားချီး

ဘဝ နတ်ဌာန် စံလွန်တော်မူသော၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ မဟာထေရုပ္ပတ္တိ ဖြစ်စဉ်သမိုင်းတော်ကို မိမိအား တာဝန် ယူ၍၊ အချိန်မီ ရေးသား စီစဉ်ရန် (ဗဟိုအမှုဆောင် သံဃာ့ကော်မီတီ) ဆရာတော်ဘုရားများက အမိန့်ချမှတ်တော်မူရာ၊ ထန်းလျက်ခဲကို ဆွဲ ချီ ရ သော ပရွက်ငယ်ကဲ့သို့၊ မနိုင်ဝန်ကြီးကိုထမ်းရပေတော့အံ့ဟု ကြီးစွာသော အပူလုံးကြီးသည် "ဖြုံးကနဲ" ရင်ဝကို ဝင်၍ ဆောင့်လိုက်ပေ၏။

ဤကဲ့သို့ကျေးဇူးဂုဏ်ကြီးမားကျယ်ဝန်းလှသော ဆရာတော်ကြီး တပါး၏ အခြင်းအရာ အဋ္ဌုပ္ပတ္တိကို နှံ့စပ် ကုန် စင် အောင် ဤမျှတိုတောင်းသော ရက်ပိုင်းအတွင်း ဖော်ပြခြင်းငှါ စွမ်းနိုင် ချိမ့်မည် လော၊ ကုန်စင် နှံ့စပ်အောင်မဆိုထားနှင့်ဦး၊ တစိပ်တဒေသကိုပင်ပြည့်စုံအောင်ဖော်ပြနိုင်ချိမ့်မည်မထင်။

## ရေးသားရခြင်း အကြောင်းရင်း

ကမ္ဘာနှင့် အဝှမ်း ကျော်ကြားလျက် ရှိသော ဆရာတော်ကြီးတပါး၏ အကြောင်းဌုပ္ပတ်, ဖြစ်ရပ်သမိုင်းကို "ခရေစေ့ တွင်းကျ" ရေးသား ဖော်ပြရန်မှာ မိမိသို့သော ပုဂ္ဂိုလ်တဦးတယောက်မျှဖြင့် မလုံလောက်။ အဋ္ဌုပ္ပတ္တိ စီစဉ်ရေး ကော်မီတီ ဖွဲ့၍ ကာလ လျားအောင် ထောက်လှမ်း စုံစမ်း၊ သည်းရ ရေးပြုမှသာ ပြည့်စုံ ခမ်းနားစွာ ရှိချေလိမ့်မည်။ ဗဟိုအမှုဆောင်ဆရာတော်များသည်လည်း ထိုသဘောကို သိပြီးပင် ဖြစ်၏။ သို့သော်လည်း ကျေးဇူးရှင် ဆရာတော်ကြီး၏ ဖြစ်စဉ် အဋ္ဌုပ္ပတ်ကို ဇာစ်မြစ် ကျနစွာ သိရှိသော ရှင်လူ ပုဂ္ဂိုလ်တို့မှာ ဆရာတော်ကြီးအတွက် သာဓုကိစ္စနှ၊ အန္တိမသဘင်ပူဇော်ပွဲကြီးယင်တို့ရန် ဆိုင်ရာဆိုင်ရာ တာဝန် အသီးသီးနှင့် မလစ်ဟင်းနိုင်အောင် ရှိနေကြသည်အတွက် တာဝန်ခပ်လွတ်လွတ် ဖြစ်နေသော မိမိကိုရွေးချယ်၍၊ "အကောင်းချည်းမဟုတ်စေကာ၊ အသင့်အတန် ဖတ်ရှုပျော်ဘွယ်သောဖြစ်စဉ်သမိုင်းတစောင်မျှလောက်တော့ဖြင့် ဖြစ်ဘွယ်ရာအကြောင်းရှိသည်" ဟူသောယုံကြည်ချက်ကြောင့် စေခိုင်းတော်မူခြင်းဖြစ်ရာ။ "တပည့်တော် မရေးနိုင်ပါ" ဟု ဖွတ်ငြင်းချေက၊ အမှုဆောင်ဆရာတော်ကြီးများ၏ အမိန့်တော်ကို ဖီဆန်ရာ ရောက်သည့်အပြင်၊ ကျေးဇူးရှင် ဆရာတော်ကြီး၏ အန္တိမပူဇော်ပွဲအတွက် အားသဲ ဆောင်ရွက်လျက်ရှိကုန်သော ဆဋ္ဌသံဂါယနာဒါယကာအဖြစ် ခံယူသည့် နိုင်ငံတော် အစိုးရနှင့်—နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ကြီး အမှူးရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်တဝှမ်းလုံးရှိ တိုင်းနေပြည်သူ ရှင်-လူ အပေါင်းတို့၏ ထက်မျက်သော စေတနာကိုလည်း ဖျက်ဆီးရာ ရောက်သည့်အပြင်၊ ဘဝ နတ်ဌာန် လွန်စံတော်မူသော ကျေးဇူးရှင် ဆရာတော်ကြီးကိုလည်း မထေမဲ့မြင် ပြုရာရောက်နေချေရာ။ မိမိကဲ့သို့ ဆိုးစွာသောတပည့်၊ မိမိကဲ့သို့ သဒ္ဓါ ညစ်နွမ်းစေသော ပုဂ္ဂိုလ် ရှိကောင်းလိမ့်မည်ဟု မမြော်လင့်နိုင်လောက်အောင်ပင် ရှိရာတော့သည်။

သို့ဖြစ်၍လည်း မိမိသည် ဆင်ခြေကွန့်၍ အညွန့်မတက်သာတော့ဘဲ “မည်သည့်နည်းနှင့်မဆို အဋ္ဌုပ္ပတ္တိသမိုင်းတစောင်ကို အချိန်မှီဖြစ်မြောက်အောင်ကြိုးစားရမည်” ဟူသော ဗဟိုအမှုဆောင် ဆရာတော် ဘုရားများ၏ လေးနက်သော အမိန့်တော်ချက်ကို ဦးထိပ်ရွက်ပန်ဆင်ကာ ယခုတပေါင်းလဆန်း(၆) ရက်နေ့က မန္တလေးသို့ပြေးခဲ့၍ အဋ္ဌုပ္ပတ္တိသမိုင်းအတွက် စီစဉ်ရပေသည်။

ဆရာတော် ကြီးကိုယ်တိုင် ရေးခဲ့သော အဋ္ဌုပ္ပတ္တိလက်ရေးမူလေးစောင်ကို ညှိနှိုင်း၍ ၎င်းတို့ကို “ကိုယ်” ပြုကာ ကိုယ်တိုင်သိရှိသော အကြောင်းခြင်းရာများ လူရှင်တပည့်ကြီးငယ်များ ဆရာတော်နှင့် ဆက်သွယ်ရာ ရှင်လူပုဂ္ဂိုလ်ကြီးငယ်များ၏ ပြောကြားအမိန့်ရှိချက် ရေးသားညွှန်ကြားချက်များဖြင့် တန်ဆာဆင်၍ ဆက်သွယ်ရာ ထိုထိုစာအုပ်စာတန်းတို့ကို ခိုင်ခြမ်းပြုလျှက် အရေးတကြီး နေ့ညမနား အချိန်မှီအောင် ကြည့်ရှု ရေးသားခဲ့ရပေ၏။

### ကြောင်းခြင်းရှုပွား လူ့ဖြစ်ရပ်ကား

အဋ္ဌုပ္ပတ္တိဟူသည် ပုဂ္ဂိုလ်တဦး တယောက်၏ဘဝတာ ဖြစ်စဉ်တရပ်ပင်ဖြစ်၍ သိပ်ပြီး ထူးဆန်းရှင်မှ ထူးဆန်းပေမည်၊ လူတဦးတယောက်၏ ဖြစ်ရိုးဖြစ်စဉ် ထက်ကား ပိုလွန်လိမ့်မည်ဟု မထင်မှတ်သင့်ပေ။ လုပ်ကြံရည် လက်ရုံးရည် နှလုံးရည်စသော အရည်အချင်းအားလျော်စွာသော ခြားနားချက် ရှိကောင်းရှိပေလိမ့်မည်၊ ထိုအရည်အချင်း တရပ်ရပ်ပြောင်မြောက် ကဲလွန်မှုကြောင့် ဘဝသမိုင်းတွင် လူရည်ချွန်ဟူ၍လည်း ပေါ်ပေါက်အံ့ဩခဲ့ကြရ၏။

ပုဂ္ဂိုလ်တပုဂ္ဂိုလ်တယောက်၏ ဘဝခရီးလမ်းသည် အစဉ်တစိုက် သာယာဖြောင့်ဖြူးစွာချည်း သွားသာနေရသည်မဟုတ်၊ ဆူးငြောင့်ခလုပ် စသည်ဘို့ဖြင့် မပြေမပြစ် ကြမ်းထမ်းခက်ခဲစွာလည်း သွားလာရပေ၏၊ အကောင်းချည့်လည်း အမြဲတစေမဖြစ်နိုင် အဆိုးချည်းလည်းအမြဲတစေ မဖြစ်နိုင် အကောင်းအဆိုး အကျိုးအပြစ်နှစ်မျိုးလုံးပင် ဖြစ်ရှိရမြဲဓမ္မတာလောကဓံနှင့် မကင်းကောင်းသော လူတိုင်း၏တံထွာဖြစ်၏၊ ထိုသို့ဖြစ်ရာ ဤအဋ္ဌုပ္ပတ္တိသမိုင်းရှင် ဆရာတော်ကြီးသည်လည်း လောကဓံ ခရီးသွား ပုဂ္ဂိုလ်ကြီး တပါးပင် ဖြစ်သောကြောင့် လောကဓံ မှုတို့နှင့် မကင်းကောင်း လောကဓံမှုတို့နှင့် ရင်ဆိုင် ရမည်သာဖြစ်၏။

### ဖြစ်ကျိုး ၂ အင် ဆိုဘွယ်မြင်သော်

သို့ကြောင့် သူ၏လောကဓံခရီးကို နှိုးနှိုင်သမျှနီးအောင် ချဉ်းကပ်၍ လေ့လာ ဖော်ပြထားလိုက်ပေသည်၊ ထိုသို့ဖော်ပြရာ၌ “သွက်ကောင်းစားလိုလျှင် ပလောင်အတက် နှေးရမည်” ဟု စကားရှိရာ အရေးတကြီး စီစဉ်ရပါသောကြောင့် အရေး အသား စကားအသုံးအနှုံး စသည်တို့သည် အချို့သောအရာ၌ ဆရာတော်ကြီး၏ ဂုဏ်နှင့် မတန်သေးသိန်ကောင်း သေးသိန်နေမည်ဖြစ်လျှက် အစီအစဉ် ညံ့ဖျင်းမှုကြောင့် စာရှုသူတို့ ခပ်

ဟာဟာ ဖြစ်ကောင်း ဖြစ်နေနိုင်ပေရာ၊ ဤကျမ်းနှင့်ဆိုင်သော, ထိုအဖြစ်အားလုံးသည် မိမိ၏တာဝန်သာဖြစ်၍ မိမိအားသာ အပြစ်ဆိုကြရန် ဖြစ်ပါကြောင်း။

ဗဟိုအမှုဆောင် ဆရာတော် ကြီးများ၏ ဩဝါဒကို လေးမြတ်ရိုသေစွာ နာယူလျက် ဆဋ္ဌသံဂါယနာ ဒါယကာအဖြစ် ခံယူသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီး၏ ထက်မျက်လှသော သဒ္ဓါတရားကို လေးစားထောက်ထားသောအားဖြင့် ရှိရမဲ့ရ စွမ်းအင်လေးများကို ဖျစ်ညှစ်ခြစ်ချုပ်လျက် ရေးသားရသည်ဖြစ်သောကြောင့် ဤအဋ္ဌုပ္ပတ္တိသမိုင်းတစောင် ဖြစ်ပေါ် လာရာ စိုးစဉ်း မျှသော ချီးမွှမ်းဘွယ်တွေ့ရှိကလည်း ထိုဆရာတော်ဘုရားများနှင့် ထိုဒါယကာတော်များကိုသာ လုံးဝဥဿုံ ချီးကျူးအမွှမ်းတင်ကြရန် ဖြစ်ပါကြောင်း။

**ကျေးဇူးကျယ်ပွား ဆိုဘွယ်များကို**

ဤအဋ္ဌုပ္ပတ္တိဖြစ်ဆောင် စာအုပ်စာတမ်း စသည့် ဆည်းပူပေးခြင်း၊ စာဖြင့်ရင်း, နှုတ်ဖြင့်ရင်း, ရေးပြောကူညီခြင်း လိုအပ်ရာရာ မိမိတာဝန်များကို အလုပ်ပျက် အကိုင်ပျက် အဆင်းရဲ အပင်ပန်းခံကာ ဆောင်ရွက်ပေးခြင်း, စာရေးသားစဉ်အတွင်း စားမှုသောက်မှုမှအစ, အားလုံးတာဝန်ငြိမ်းစေခြင်းစသည်ဖြင့် ဂရုတစိုက်ပြုလုပ်ကူညီဆောင်ရွက်ခဲ့ပေသောရဟန်းရှင်လူပုဂ္ဂိုလ်ကြီးငယ် အားလုံးကိုလည်း ကျေးဇူး ဥပကာရ တင်ရှိလှပါကြောင်း။

ဤအဋ္ဌုပ္ပတ္တိသည် ဆရာ တော်ကြီး၏ ဖြစ်ရပ် တစိတ်တဒေသ အနည်း အမြွက်မျှသာဖြစ်ရာ နောင်ရေးသတံ့သော ထေရာပဒါန် မဟာထေရုပ္ပတ္တိ သမိုင်းကြီးအတွက် စိုးစဉ်းသောအထောက်အပံ့ရနိုင်ခဲ့မည်ဆိုလျှင် မိမိပြုရကျိုး နပ်ပြီဖြစ်ကြောင်း ဖေါ်ပြအပ်ပါသတည်း။

**အရှင်သုရိယာဘိဝံသ**

၁၆–၁၂–၁၂–၈

# ပဉ္စမဝိုင်း

## ကျေးဇူးရှင်ဆရာတော်ကြီးဖွားမြင်တော်မူခြင်း

(၁) မန္တလေးမြို့ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (ပ-သ-အ-က) မူလ စာချ, တံဆိပ်တော် (၁၂၆၁) ခု၊

(၂) ရေဝတာဘိပဏ္ဍိတဓဇ သီရိပဝရ သာသန ကရ သာသနာပြု သံဃ ဒတ္တိယ တံဆိပ်တော် (၁၂၉၁)ခု၊

(၃) ရေဝတာဘိပဏ္ဍိတဓဇ သာသနဝံသမဟာဓမ္မရာဇဂုရု၊ ရာဇဒတ္တိယ တံဆိပ်တော် (၁၂၇၄)ခု၊

(၄) အဂ္ဂမဟာ ပဏ္ဍိတ ရာဇဒတ္တိယ တံဆိပ်တော် (၁၂၉၉)ခု၊

(၅) ဘဒ္ဒန္တ ရေဝတာဘိဓဇ မဟာရဋ္ဌဂုရု၊ သာသနာပြု သမ္မတဒတ္တိယ တံဆိပ်တော် (၁၃၁၅)ခု၊

(၆) သံဃသာမဂ္ဂီအဖွဲ့ကြီး၏ပဉ္စမဆုံး ဥက္ကဋ္ဌ (၁၂၈၃)ခု၊

(၇) အမျိုးသားပဉ္စမပြန် စာမေးပွဲကြီး၏ပဉ္စမဆုံး ဥက္ကဋ္ဌ (၁၂၈၃)ခု၊

(၈) အစိုးရပဉ္စမပြန် စုံစမ်းရေးကော်မတီဥက္ကဋ္ဌ (၁၂၉၉)ခု၊

(၉) ဂိုဏ်းပေါင်းစုံမဟာသံဃာအဖွဲ့ချုပ်ကြီး၏ အထက် မြန်မာ နိုင်ငံ တာဝန်ခံ နိုင်ငံတော် မဟာနာယက (၁၃၀၄)ခု၊

(၁၀) ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အစိုးရ ပါဠိတက္ကသိုလ် ဗဟို အဖွဲ့ချုပ်ဥက္ကဋ္ဌ (        )ခု၊

(၁၁) ဝိနိစ္ဆယ အခက်ဥပဒေ စိစစ်ရေး ကော်မတီဥက္ကဋ္ဌ (        )ခု၊

(၁၂) အထက်မြန်မာနိုင်ငံတော် ဝိနည်း ဓိုရ်ဘာဝန်ခံ၊

(၁၃) ဗုဒ္ဓဘာသာသင်ခန်းစာ စိစစ်ရေး ကော်မတီ သြဝါဒါစရိယ၊

(၁၄) ပရိတ်တော် စိစစ် သတ်မှတ်ရေး ကော်မတီ ဥက္ကဋ္ဌ (၁၃၁၅)ခု၊

(၁၅) ဘွဲ့တံဆိပ်တော်စိစစ်သတ်မှတ်ရေး ကော်မတီဥက္ကဋ္ဌ၊

(၁၆) နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ သြဝါဒါစရိယ၊ မဟာနာယက၊

(၁၇) ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃာ အဖွဲ့ ဥက္ကဋ္ဌ။

(၁၈) ဆဋ္ဌသံဂါယနာ မဟာနာယက၊

စသော များစွာသောဂုဏ်တော် ကျေးဇူးဘော်တို့၏ တည်ရာဖြစ်တော်မူ၍ တိုင်းနေပြည်သူ ရှင်-လူအပေါင်းတို့၏ အားထားမှီခိုရာ ကိုးကွယ်ဆည်းကပ်ရာ အနန္တဂုဏ်းဝင် ကျေးဇူးရှင်ကြီးအစစ် ဖြစ်တော်မူသော....။

ကမ္ဘာသူ ကမ္ဘာသားတို့၏ လိုလားစွာ မြော်လင့်တောင့်တဆဲတွင် ဆဋ္ဌသံဂါယနာ တည်းဟူသော ဥဒည်တောင်ထက်မှ နှစ်သက် ဖွယ်ရာ တက်ထွန်း ထွက်ပေါ်တော်မူလာ၍ သံဂီတိဘာရဝဟ ထေရာဘိ ထေရတည်း ဟူသော ကြယ်တာရာ အပေါင်းတို့ဖြင့် ခြံရံ လျက် မိမိ၏သီလရောင် သမာဓိရောင် ပညာ

ရောင်တို့ဖြင့် ဖြိုးဖြက်ကွန့်မြူး အထူးတင့်တယ်စွာ ကမ္ဘာ့သူ ကမ္ဘာ့သားတို့၏ ပူငင်သောကတို့ကို ကင်းဝေး လွှင့်ပျောက်စေ၍ ကြည်နူးစိတ်ဝမ်း ငြိမ်းချမ်း မွေ့ပျော်ခြင်းကို ဖြစ်စေလျက် ထွန်းလင်းတောက်ပတော်မူစဉ်

> သာသနာတော် (၁၄၉၈)ခုနှစ်၊ မြန်မာ သက္ကရာဇ် (၁၃၁၆) ခုနှစ် တပို့တွဲလဆန်း (၁၅) ရက်၊ ခရစ် (၁၉၅၅)ခုနှစ် ဖေဖေါ်ဝါရီလ(၇) ရက် တနင်းလာနေ့ နေ့လည် ၂-နာရီ ၁၃-မိနစ်အချိန် အပရနောက်ကျွန်း မခုဏတည်းဟူသောဂေါရတောင်စွန်းသို့ ကြွယွန်း ချုပ်မြန်း တော်မူရှာသော ကျေးဇူးရှင် ညောင်ရမ်းဆရာတော် ဘုရားကြီး တည်းဟူသောစန်းသမင်းကြီး၏ ကြောင်းခြင်း ဌဲ့ပွတ် ဖြစ်တော်ဇာတ်ကို သိမှတ်သမျှ သင်္ခေပဖြင့် ထေရအပဒါန်, သမိုင်း ပြန်ရသည်ရှိသော်.....

သာသနာတော်အနှစ် (၁၀၀) မြောက်ကာလာသော ကမင်းကို အမှီပြု၍၊ ဝေသာလီပြည်၌ ဒုတိယ သံဃာယနာ တင်တော်မူကုန်သော၊ အရှင်မဟာယသ အကြီးအမှူး ဦးစီးနာယက ရှိသော၊ ရှင်သဗ္ဗကာမိ၊ ရှင်သာဠှ၊ ရှင်ရေဝတ၊ စသော ရဟန္တာ အရှင်မြတ်များ၏ ကြည်သာညွတ်ပျောင်း၊ တောင်းပန် တော် မူ ကြ သည် ကို၊ ပဋိညာဉ် ပြု၍၊ အနာဂတ် သာသနာ၌ ဖြစ်ပေါ် ကျရောက်လတံ့သော အဓိကရုဏ်း ကြီးစွာကို ငြိမ်းစေခြင်းငှါစွမ်းနိုင်သော၊ တတိယသံဂါယနာမဟာ နာ ယ က၊ ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿလောင်းလျာ(တိဿမြဟ္မာကြီး)သည် မောဂ္ဂလိမပုဏ္ဏေးမ၏ဝမ်းကြာတိုက်၌၊စွဲပိုက်သန္ဓေ တည်နေတော်မူသကဲ့သို့ရှင်း။

သာသနာတော် အနှစ် (၅၀၀) ကျော်ရောက်သောအခါ၊ ရှင်အဿဂုတ္တ အမှူးရှိသော ရဟန္တာအရှင်မြတ်များစွာတို့၏ ရှေးရှုညွတ်ပျောင်း၊တောင်းပန်ခြင်းကို အရင်းပြု၍ သာဂလပြည်ရှင် ဘုရင်မိလိန္ဒ၏အမေးပုစ္ဆာပြဿနာတို့ကို ဖြေးယှက်ထုံးဖွဲ့၊ သံသယမဲ့အောင်၊ ရှင်းလင်းဖြေဆိုရန် တာဝတိံသာနတ်ပြည်၌စံနေသော ရှင်နာဂသိန်အလောင်းလျာဖြစ်သော (မဟာသေနနတ်သား) သည် လူ့ရပ်သန္ဓေ၊ စွဲယူနေသကဲ့သို့ရှင်း။

သာသနာတော်အနှစ်(၉၀၀ သို့ရောက်သောအခါ၊ ရဟန္တာ အရှင် မြတ်ကြီး တပါး၏၊ ကြည်သာညွတ်ပျောင်း၊ တောင်းပန်တော်မူခြင်းကို အကြောင်းပြု၍၊ သိဟိုဠ်အက္ခရာအရေးအသားဖြင့် တည်ရှိနေသော ပိဋကတ်သာသနာတော်ကို၊မာဂဓအက္ခရာတို့ဖြင့် ရေးသားပြန်ဆိုရန် တာဝတိံသာနတ်ပြည်၌၊ စံစားပျော်မွေ့နေသော၊ ရှင်ဗုဒ္ဓဃောသလောင်းလျာ (ဃောသနတ်သား) သည်၊ သံဃာရာမ မင်းဆရာ ပုရောဟိတ်ပုဏ္ဏားကြီး၏ကြင်ယာ၊ ကေသိနီပုဏ္ဏေးမ၏ဝမ်းကြာတိုက်၌၊ စွဲပိုက်သန္ဓေတည်နေတော်မူသကဲ့သို့ရှင်း၊ ပြည်ထောင်စု သမ္မတ မြန်မာ

နိုင်ငံတော်အလယ်ပိုင်း(ညောင်ရမ်းမြို့ အင်းကုန်း႘ွာ)တွင် အဘဘက်မှ စီးတော်မြင်းဝန်မျိုး၊ အမိဘက်မှ မြို့သူကြီးမျိုးဖြစ်၍၊ ဇာတိမဟာဣ၊ရွှေ၊ငွေ၊ စိန်၊ကျောက်၊စသော ဇဂ်မဥစ္စာ၊ လယ်ယာကိုင်းကျွန်း စသော ထာဝရဥစ္စာတို့နှင့် ပြည့်စုံသည်ဖြစ်၍၊ဘောဂသမ္ပတ္တိဥပါသကာတို့၏အင်္ဂါလက္ခဏာ၊သဒ္ဓါသီလစသော သူတော်ဥစ္စာ ရတနာတို့နှင့် တကွ၊ ကောင်းရောင်းကောင်းဝယ် လယ်ယာလုပ်ကိုင်ခြင်းစသော သမ္မာအာဇီဝ အသက်မွေးမှု စင်ကြယ်သည် ဖြစ်၍ အာစာရ မဟာဣ၊ လောကီပီးပွား လောကုတ္တရာစီးပွား ဥစ္စာရတနာတို့နှင့် ပြည့်စုံ ကြွယ်ဝသော၊ သားချင်းညာတိ မိတ်သင်္ဂဟတို့ဖြင့် မွှမ်းဖြင့်ဝန်းပတ် ခြံရံအပ်သည်ဖြစ်၍ ကုလမဟာဣ အာစရှိသော ဂုဏ်တို့နှင့် ဝန်းကျင်ကုံလုံ ပြည့်စုံခန့်ထယ်ခြင်းရှိသော ခမည်းတော်ကြီးဦးနိုင်မယ်တော်ကြီး ဒေါ်ငြိမ်းသာ တို့၏ အိမ်၌ကိန်းဝပ်သန္ဓေ တည်နေတော် မူပြီးနောက်ဆယ်လ စေ့ မြောက် ချိန့်တိုင် ရောက်လတ်သောအခါ မြန်မာသက္ကရာဇ်(၁၂၃၅) ခုနှစ်တပို့တွဲလဆန်း (၄)ရက် ဗုဒ္ဓဟူးနေ့ နံနက်စက်(၉)နာရီ ကောင်းမြတ်သောအချိန်တွင် ဘုန်းကြန်အင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော ဆဋ္ဌသံဂါယနာ မဟာနာယကလောင်းလျာသတို့သား ရတနာကို ချမ်းမြေ့ ကြည်လင် မီးရှူးသန့်စင် ဖွားမြင်ပေသည်။

ပုညဝန္တာနံ ပစ္စူသသမေယ ဂဗ္ဘဝုဋ္ဌာနံ ဟောတိ(ဘုန်းရှိသူများနံက်ဖွား၏)ဟူသော အဋ္ဌကထာ စကားကို ခိုင်လုံစွာ သာဓကပြုခြင်းပင် ဖြစ်ချေသလောဟု တွေးထင်နိုင်ပေသတည်း။

(ညောင်ရမ်းမြို့တည်စဉ်က မြို့လေးမျက်နှာ၌ အင်းကြီး (၄) အင်းရှိ၍ မြို့မြောက်ဘက် မျက်နှာရှိ အင်းဓပါ အရပ်သည် ဆရာတော်၏ ဖွားရာ ဇာတိဖြစ်သည်၊ ဆရာတော်မျိုးငယ်စဉ်က ဆယ်တောင် ဆယ့်နှစ်တောင်ခန့် ရေနက်၍ လှေပိန်းကြာစသည်တို့ဖြင့်, ကျူးဖြတ် သွားလာနိုင်သောဟူသည်၊ ၎င်းအင်းကြီးကိုစွဲ၍ ထိုရွာကို(အင်းကုန်း)ဟု ခေါ်သည်။)

## ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြက္ခဒိန်တော်ဆက်အထက်ပညာရှိဥက္ကဋ္ဌ နွားလေးမြို့ ဗေဒင်ပညာရှိ ဆရာကြီး ဦးကျော်ညွှန်း၏ဟောစာတမ်း။

### ( မူရင်း အတိုင်း )

နမောဗုဒ္ဓါယ လောကဝိဒူ ဂုဏာ သမ္ဗုဒ္ဓသာ၊

မြန်မာပြည် အထက်ပိုင်း၊ သမိုင်းတင့်ဆန်း၊ ဂုဏ်ရောင်လျှမ်းခဲ့သော ညောင်ရမ်းမြို့တွင်၊ မြန်မာသက္ကရာဇ် (၁၂၃၅) ခုနှစ်၊ ဝေါဟာရမာသ၊ တပို့တွဲလဆန်း(၄)ရက် ဗုဒ္ဓဟူးနေ့၊ နေတက်တရှက်တီးကျော်၊တနာရီပါဒ်ပြည့်၊ ၅ ဗီဇနာ၊ ၅ ပြဇ်၊ ၉ ခရာအချိန်၌ မီးရှူးသန့်စင် ဖွားမြင်တော်မူ၍။သာသနဝန်ထမ်း ရဟန်းဘဝသို့ ရောက်ရှိတော်မူပြီးလျှင်။ပိဋကတ်သုံးပုံနှင့်တကွ၊ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တည်းဟူသော မဟာသမုဒ္ဒ

ရာကြီးကို ဥာဏ်စွမ်း အားလျော်၊ အထပ်ထပ်မွှေနှောက်လျက်၊ ဤမှာဘက်ကမ်းမှ။ ထိုမှာဘက်ကမ်းသို့ အရောက်ကူးခတ် ပေါက်ရောက် တတ်မြောက် ကျွမ်းကျင် တော်မူ၍ များစွာသော နှစ်·လ·ရက်တို့ ကာလပတ်လုံး ပရိယတ္တိ သာသနာ့ဝန်ကို၊ အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူလျက်။ သီတင်းသုံးခဲ့ရာမှ၊....

နှစ်ပေါင်းတို့၏ အခါအဆောင်လွန်လေပြီးသော်လည်း၊ တကြိမ်တခါမျှ အလွန်ကြုံကြိုက်ခဲလှစွာသော ဆဋ္ဌသံဂါယနာ မဟာဂမ္ဘသဘင်တော်ကြီးတွင် ဦးစီး မဟာနာယကသံဃာအချုပ်ပြုလုပ်တော်မူလျက် ကျယ်ဝန်း နက်နဲ ပွန်မြတ်လှစွာသော ဗုဒ္ဓဟောဘော် ဂမ္ဘကျွန် ဒေသနာဘော် ကိစ္စကြီးကို ဆောင်ရွက်တော်မူစဉ်၊ မြန်မာ သက္ကရာဇ် (၁၃၁၆) ခုနှစ်၊ ဝေါဟာရမာသ တပို့တွဲ လဆန်း(၁၅)ရက်။ တနင်္လာနေ့-နေ့လည် (၂)နာရီ (၁၃)မိနစ်အချိန်၌။ ရန်ကုန်မြို့ ဆဋ္ဌသံဂါယနာသဘင် ဆင်ယင်ကျင်းပရာ။ ပါသာဏဂူဟာတော်ကြီး၏အနီး သိရိမင်္ဂလာကုန်းမြေ အဘိဓဇ မဟာရဋ္ဌဂုရု ကျောင်းတော်၌။ ဘဝနတ်ထံ စံလွန်တော်မူသော မန္တလေးမြို့ အနောက်ပြင် မိုးကောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ် တော် နှင့်။ ဘဒ္ဒန္တရေဝတာဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်း ခြင်းတို့ကို ခံယူရရှိတော်မူသော ကျေးဇူးရှင် ညောင်ရမ်းဆရာတော် ဘုရားကြီး၏။ ကြိဝက္ကဇာတာတော်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသတည်း။




# ဇာတာတော်ဆောင်ပုဒ်တေးထပ်

ဖျည်းရာမ ခွေးဖက်၊ မွေးသက္ကရာဇ်ကြိမ်လာ၊

ကောလိဓါဟ် လမာဃာ၊ ဆန်းပက္ခာ ရက်လေး။ ။

ဗုဒ္ဓါနေ့ဆယ်ဘဝါးပေါ်သည်၊ တချက်ကျော်မိန္နလက်နှင့်ထွေး။ ။

မိးရေမဓါတ်စတုဗြဟာ၊ ခုမက္ခာတဝေး၊

မကန်းအိမ်ဥပစ္ဆေးမှာနှင့်၊ ကြာသပတေးတန်ဘုံ။ ။

စန်းဘောမောကုန်အိမ်မြဲ။ရဟုကြီး မိဿရိုလှုံ။ ။

စင်နက္ခတ် တေပီ ကြိုသည်၊ ပါဒ်နှစ်ရုံညီဘိလို့၊

ဃာင်္ဂီရှိခုနှစ်တွင်၊ ဘွားလျက်သန့်စင်။

သတ္တဘိသ် နက္ခတ်ယှဉ်သည်၊ အဓိတွင်နဝင်းဖျာ့လေး။ ။

အထက်ပါ ဆရာတော် ဘုရားကြီး၏ ဇာတာ တော်ကို လက်ဆန်း ဗေဒင်ကျမ်း၊ လက်ရိုး ဗေဒင်ကျမ်း တို့၏ နည်းစံနစ်အရ၊ စိစစ်ဝေဘန်ကြည့်ရှုသောအခါ၊ စန်းသည် အကျော် ၅ ခွင်မဓိသော်လည်း၊ ငင်းစီးသော စင်နက္ခတ် ၂၃ လုံး၊ ၂ ပါဒ် ၇ ဃာရီသည် တိုင် ၁၀ ပါးတို့တွင် သိရိတိုင် နက္ခတ်၏ ၂၃ လုံး ၂ပါဒ်၄ ဃာရီနှင့်ပါဒ်နဝင်းပြိုင်ဆိုင်မိခြင်း ဓါတ်ဆန်းစုတ်ပျက် ရာသီမှာတည်နေသောမွေးနံတော်ဗုဒ္ဓဟူးပြိုဟ်စီးသောနက္ခတ် ၂၀ လုံး ၁ ပါဒ် ၄ ဃာရီသည် ဒုတိယဓါတ်တိုင်၏နက္ခတ် ၂၀ လုံး ၁ ပါဒ် ၃ ဃာရီနှင့် ပါဒ်နဝင်းပြိုင်ဆိုင်မိခြင်းတို့ကြောင့်ငင်း၊ ဓာတ်စုတ်နှစ်ဖြာ၊ ဆန်းပျက်ရာ၌၊ နံသာတရုက်၊ စန်းနှင့် လဂ်တို့၊ ဝင်လျက်မှိခို၊ နံနင့်ရှိနှင့်၊ စန်းပြိုဟ်လဂ်ပြိုဟ်၊ တိုင်ထိုထိုတွင်၊ ဓါတ်ဆိုသမုတ်၊ ဓါတ်စုတ်နှစ်ပါး၊ တူခြားယှဉ်ပြိုင်ဆိုင်၍နေမူ၊ ထိန့်ထိန့်ဆူမျှ၊ ဖွဲ့မင်းစစ်ကောရာဇ်ဟု၊ ဖြစ်အံ့ထိုသူ ဟူသော အဟော လက်ာအရ၊ ယခုပျံလွန်တော် မူသွားသည့် ဇာတာရှင် ဆရာတော်ဘုရားကြီး၏ သာသ

နှ၁ဝန်ထမ်း ရဟန်းဘဝ လောက ဖြစ်စဉ်တော်က ထိုအဟောမှန်ကန်ကြောင်း အထိအလင်းအထင်အရှားသက်သေခံ၍ သွားရှာလေပြီ။

ထို့ပြင် ဆရာတော် ဘုရားကြီး၏ဇာတာတော်၌ အန္တော ဟူသော မိုးခေါက်ဂြိုဟ်ဝံသ ဟူသော ရေခေါက်ဂြိုဟ်လေးလုံးတို့ အနဘာယုဂ်ရရှိခြင်း၊ ဥမစ္ဆယုဂ်ရရှိခြင်း၊ ပဗ္ဗယုဂ်ရရှိခြင်း၊ ကြာသပတေးဂြိုဟ် အမိယောယုဂ်ရရှိခြင်း, ကေန္ဒြယုဂ်ရရှိခြင်းတို့ကြောင့် ရဟန်းဘဝ ရရှိတော်မူပြီးလျှင် သာသနာ ပြုပရေးဘက်တွင် အခက်အခဲအားလုံးတို့ကို ကျော်လွန်၍ မွန်မြတ်လှစွာသော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်တော်ကြီး၌ အကြီးအချုပ် မဟာနာယက ပြုလုပ်တော်မူရလျက် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို ပြုစုအားပေးတော်မူခဲ့ရလေသည်။

ထိုမှတပ ါးလေးတန့်ဘာဝသခင် ဗုဒ္ဓဟူး ဂြိုဟ်သည် ၁၁–တန့်ဘာဝမှာ သောကြာဂြိုဟ်နှင့် ပူးယှဉ်လျက် ရပ်တည် နေသော အလိုအားဖြင့်"ယာဉ်အထူးတို့နှင့်သွားလာရအံ့"ဟူသော ဗေဒင်ကျမ်းလာအဟောစကားအတိုင်း အင်္ဂလိပ်မင်း၏လက်ထက်ကလည်း မီးရထား–မီးသင်္ဘော ပဘ်(စ်) လက်မှတ် လှူဒါန်းခြင်းကို ခံယူရရှိတော် မူသည့် အပြင်ယခုသည်း, ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ဗုဒ္ဓသာသန အဖွဲ့ကြီး၏အလှူ တော်ဖြင့် ပြည်တွင်း ပြည်ပ တို့သို့ သာသနာရေးကိစ္စအတွက် အထူးလေယာဉ်ဖြင့် အကြိမ်များစွာ ကြွသွားတော် မူရခြင်းတို့နှင့် ကိုက်ညီလျက် ရှိနေပေသည်။

ထိုမှတဖြာ မွေးနံဘော် ဗုဒ္ဓဟူးဂြိုဟ်နှင့် စန်းခေါ်သော တနင်္ဃလာ ဂြိုဟ်တို့သည်၊ "ဝဂ္ဂါနံဥတ္တမော ဝဂ္ဂုတ္တမော"အရ အမြတ်ဆုံးဖြစ်သော ဝဂ္ဂုတ္တမ နဝင်းထက်စီးကြ၍ တတိယကိန်း အိမ်မှာတည်နေသော သုဘပတိ အမည်ရသော ကြာသပတေးဂြိုဟ်က မွေးနံ ဂြိုဟ်ကို ၅၈-ရာခိုင်နှုန်း မြင်ခြင်းစသည်တို့ကြောင့်(ဆဲ့နှစ်ခွင်ဒွါဒလဂ် ဝဂ္ဂုတ္တမနဝင်းကျော် ယှဉ်ရပ်လို့ ဖွားမြင်မျှော် လွှန်ထင်ပေါ်တန်ခိုး လေး–ငါး ခြောက် ဂြိုဟ်မြင်လျှင် ထို့ထက်ပင်ကဲ ဆယ်ဆတိုး) ဟူသော အဟောအရ စန်း မွေးနံ တို့ကိုလည်း လဂ်နှင့်အလားတူ ယူသင့်သည် အားလျော်စွာ သာသနာရေးဘက်တွင် တန်ခိုးအလွန်ကြီးမားတော် မူခဲ့သော ဆရာတော် ဘုရားကြီး၏ ဘဝဖြစ်စဉ်တော်က ဗေဒင်အဟောမှန်ကန်ကြောင်းကို ဝန်ခံလျက်ရှိခဲ့လေပြီ။

ထိုမှတတန် တတိယကိန်းအိမ်မှာ ပျော်စံသော ကြာသပတေးဂြိုဟ်က လဂ်ကိုသမသတ် မြင်ခြင်းသည်လည်း ဇီဝယုဂ်ဟူ၍ပင် ယူသင့်သောကြောင့် ဆရာတော်ဘုရားကြီးသည် သက်တော် (၈၀) ကျော်သည်တိုင်အောင် သီတင်းသုံး နေထိုင်တော် မူခဲ့ရလေသည်။

ဤသို့စသည်တို့ဖြင့် ဆရာတော် ဘုရားကြီး၏ဇာတာတော်ကို ဗေဒင်နည်းစံနစ်အရ

စိစစ်တော်ဘန် ဟောဆိုရသော် လွန်စွာကျယ်ဝန်းရှည်လျားပေလိမ့်သဘည်း။

အထက်ပါအတိုင်း ဆရာတော် ဘုရားကြီး၏ ဘဝဇာတာတော်နှင့် သက်ဆိုင်သော မူလအဟောတို့ကို စိစစ်ပြဆိုပြီး၍ ပစ္စုပ္ပန်အခိုက်, ကြုံကြိုက် တွေ့ဆုံဆဲ ဖြစ်သော ပဝတ္တိ အဟောကို စိစစ်ပြဆိုဦးအံ့၊ ယခု ၁၃၁၆–ခုနှစ် တပို့တွဲ လပြည့်နေ့၌ ဆရာတော်ဘုရားကြီး၏ သက်တော်သည် မရမ္မရဋ္ဌ ဝေါဟာရ သံဝစ္ဆရ အလို အားဖြင့် ၈၁-နှစ်နှင့် ၁၁-ရက်ရှိ၍ သုဒ္ဓသာဝနသံဝစ္ဆရအလိုအားဖြင့် ၈၂-နှစ် ၂-လနှင့် ၂၁-ရက်ရှိတော်မူလေပြီ၊ ၎င်းကို အခြေခံ ထား၍ နဝဂြဟာ ဝိသုတ္တရိဒသာ ဗေဒင်နည်းအားဖြင့် တွက်စစ်ကြည့်ရှုသောအခါ။ သောကြာဂြိုဟ်၏ ထုလဒသာတွင် ဗုဒ္ဓဟူးဂြိုဟ်အန္တရဒသာဝင်၍ စားနေစဉ်ဖြစ်သည်။ ဆိုလိုရင်းကား၊ ဆရာတော်ဘုရားကြီး၏ ပဝတ္တိ အခိုက်အတန့် အခြေအနေ ကမ္မနိမိတ်ကို၊ ထိုသောကြာဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့က ညွှန်ပြနေကြ၏။ ၎င်းဂြိုဟ်နှစ်လုံးတို့ကို ကြည့်ရှု၍ ဟောရမည်ဆိုလိုပေသည်။သို့ဖြစ်လေရာ ထိုဂြိုဟ် နှစ်လုံးတို့ကို စိစစ်ကြည့်ရှုသောအခါ ထိုဂြိုဟ်နှစ်လုံးတို့သည်။ လူကို သေစေတတ်သော မာရကဂြိုဟ်များချည်း ဖြစ်ကြ၏၊ ၎င်းဂြိုဟ်တို့ ရပ်တည် ကြသော မကာရရာသီ၌လည်း သဗ္ဗတ္ထ အဋ္ဌဝဂ္ဂဗေဒင် နည်းစနစ်အရ ကောင်းကျိုး အမှတ်နှင့် ဆိုးကျိုး အမှတ်တို့ကို ပေးသောအခါ။ အဆိုးအညံ့ အမှတ်က ပိုမိုများပြားခြင်း။ ဇာတာတော်တွင် သေရာအရပ်ကို ဆုံးဖြတ်ရာဖြစ်သောမရဏဘာဝ တူရာသီသည်။ စရရာသီ ဖြစ်ခြင်း။ ဤသို့သောအကြောင်းအရပ်ရပ်တို့ကြောင့် ထိုမာရကဂြိုဟ် ဒသာစားစဉ် မြန်မာ သက္ကရာဇ် ၁၃၁၆–ခုနှစ် တပို့တွဲလဆန်း ၁၅ ရက်။ တနင်္ဂလာနေ့၊ နေ့ ၂ နာရီ ၁၃ မိနစ်အချိန်၌။ပြည့်ထောင်စု သမ္မတ မြန်မာ နိုင်ငံတော်လုံး၏ဆရာ-ဘဒ္ဒန္တရေဝတာ ဘိဇ္ဇမဟာရဋ္ဌဂုရု ကျေးဇူးရှင် ညောင်ရမ်းဆရာတော်ဘုရားကြီးသည်။သကဒေသိ၊မန်းဌာနီမှ တွက်၍ မြန်းကြွတော်မူလျက်။ပရဒေသိ၊ ဌာနီရိပ်မြုံ၊မြို့ရန်ကုန်၌၊ နတ်ဘုံသို့ စံလွန်တော်မူရကြောင်းကို၊ဗေဒင်နည်းစံနစ်အရ မှတ်တမ်းတင်ထားရပေသတည်း။ ။

## နဝမကာရဏမင်္ဂလာ

ထိုသို့ မီးရှူးသန့်စင် ပွားမြင် ပြီးနောက် ခမည်းတော်-မယ်တော်တို့သည်။လူတို့ကျင့်သုံး ရှေးထုံးစဉ်လာ ရှိသည့် အတိုင်း....ဦးခေါင်းဆေးမင်္ဂလာ၊ ပုခက်တင်မင်္ဂလာ၊ ထမင်းခွန့်မင်္ဂလာ၊ နားထွင်းမင်္ဂလာ စသည်တို့ကို လောကဖွယ်ရာ ပြုလုပ်ပြီးနောက်။ ဘိုးကြီး–ဘွားကြီး–လူကြီး သူမများ။သားချင်းဆွေမျိုးများနှင့် ဉာတိသင်္ဂဟ ကြီးငယ် အပေါင်းတို့အား ဘိတ်ကြား၍။ အတန်ခမ်းနားသော သတို့ သားငယ်၏ ( အမည် သညာ

မှည့်ဆိုခြင်း။ နာမကရဏမင်္ဂလာ ) သဘင်ဆင်ယင်ကျင်းပလေသည်။

ထိုအခါ ကြွရောက်လာကြသော လူကြီးသူမအပေါင်းတို့က သတို့သားငယ်၏ ကြန်အင်လက္ခဏာကို ကြည့်ရှု အကဲခတ်ကြပြီးနောက် ( အမြစ်အညွန့်မတွန့်စေရာ ) ဟူသောထုံးတမ်းလည်းရှိ၊ ဘွားမြင်သော နေ့နံလည်းမိ၊ ရုပ်အင်္ဂါ နှင့် လည်း ညီလှ သော (မောင်စံလှပေါ်)ဟူသော အမည်သညာကို စိတ်ဝမ်းညီညာ မှည့်ခေါ်ကြကုန်၏။

ဗုဒ္ဓဟူးသားဖြစ်၍(လှ)ဟူသောဗုဒ္ဓဟူးနံကို ပင်စည်ပြုကာ {စံ} ဟူသော အင်္ဂါအမြစ်လည်းမတွန့် ·{ပေါ်}ဟူသော ကြာသပတေးအညွန့်ကို လည်း မလိပ်စေဘဲ။ စံထားလေဘိအောင် လှပဟင့်တယ်၍။ စံပြုလောက်အောင် ထင်ပေါ်ကျော်ဇောမည့်သတို့သားဟူသော ( ပညတ်သွားရာ ဓါတ်သက်ပါ ) သည့်အန္ဝတ္ထသညာပါပေတည်း။ ရုပ်ဓါတ်အလိုက် ဗျုပ္ပတ်ကိုက် အောင်သမိုက် နိုင်ကြပါပေသည်တကား။ ။

ဆရာတော်ကြီးမှာ မွေးချင်း ၄ ယောက်ရှိ၍။ ဆရာတော်ကြီးအထက်၌ ဒေါ်မှန်။ ဒေါ်ရှံ ဟူသော အမကြီးနှစ်ယောက်။ အောက်တွင် ဦးဘိုးမောင် ဟူသော ညီငယ် တယောက်ရှိသေးရာ။ ဆရာတော်ကြီး သည် တတိယမြောက်သားရတနာဖြစ်ပေသည်။

သတို့သားငယ်၏ လှပ တင့်တယ်သော ရုပ်ဆင်း အသွင် အပြင်- ကြည်လင် ရွှင်ပြုံးသောမျက်နှာကလေးဖြင့် ငိုကြွေးခြင်းလည်း နည်းပါးသည်ဖြစ်ရာ။ မိဘ နှစ်ပါးမှာလည်း ရှစ်မဝ။ အမကြီးများကလည်း လက်ပေါ်က မချချင်။ သားချင်း ဆွေမျိုး မိတ်သင်္ဂဟ နှင့် အိမ်နီးချင်းများကလည်း သူ့ဘလှည့်-ငါတလှည့် ရင်ခွင်ထက်ပြောင်းရွှေ့လျက်။ ပွေ့ချီချော့မြှူ၍ပင်, အားမရနိုင်ကုန်သဖြင့် လက်ပေါ်ကမကျရအောင် ရှိခဲ့လေ၏။

သို့ဖြင့်-သတို့သားငယ်သည်။ အမိ အဘဆွေမျိုးသားချင်းတို့ ရင်ခွင်ထက်၌။ နှစ်သက်ကြည်သာ-ချမ်းသာစွာ ကြီးပွား လာခဲ့ရာ။ တော့တတော့တီ မပီကလာ စကားပြောတတ်သောအရွယ်သို့ ရောက်ရှိခဲ့လေ၏။

## သတို့သားငယ်၏ အကြိုက်နှင့်စရိုက်။

မိဘများသည် မိမိတို့ ကိုးကွယ်သော ညောင်ရမ်းမြို့ ရွှေဆံတော် ကျောင်း၊ ဆရာတော် ဦးတေဇ ထံ သို့ရင်း၊ ပေါက်တောကျောင်း ဆရာတော် ဦးဇမ္ဗု အထံသို့ရင်း။ ဥပုသ် သီတင်းစောင့်ရန် သွားလျှင်၊ သတို့သားငယ်လည်း အမိရင်ခွင်ထက်၌ပါရှိသွားတတ်ရာ။ သတို့သားငယ်၏ လှပတင့်တယ်သော ကြန်အင် လက္ခဏာနှင့် ပြုံးရွှင်သော မျက်နှာတို့အပြင်-မပီကလာ ပီကလာ နှင့် "အနော်ကြီးလျှင် ဘုန်းကြီးလုပ်မှာဂျ၊ ဘုန်းကြီးလုပ်တာကကောင်းတယ်။ အနော်က, ဒီကျောင်းနေမှာ" စသည်ဖြင့် သွက်လက်ချက်ချာစွာ ပြောဆိုတတ်ခြင်းကြောင့်ပင် ဘုန်းတော်ကြီးများက "ဒင်းတို့သား လူသွက်က

လေးကွဲ့ ,, ဘုန်းကြီးဘဲဖြစ်ဖြစ်- လူဘဲဖြစ်ဖြစ် ထိတ်ထိတ်ကျဲကျဲထဲက နေမှာ''ဟု အကဲခတ် ပြောဆိုကြသော ဟူသတည်း။။

သို့ဖြင့်မိဘတို့မှာလည်း သားယောက်ျား ကလေး တယောက် ထွန်းကားလာသဖြင့် မျက်စေ့အောက်မှ အပျောက်မခံချင်အောင် ဖြစ်ကြ၍ အိမ်တွင်ပင် မိခင်ကြီး၏(ရွှေယုံနှင့် ရွှေကျား သက်ငယ်ရိပ်သွားပုံ) (ပျောင်းကြီး အကြောင်း)(မောင်ပေါက်ကျိုင်းအကြောင်း) စသည်တို့ကို ညစဉ်နားထောင်ရလျက်၊ ရံဖန် ရံခါ ဖခင်ကြီးကလည်း (ညောင်ရမ်း မင်း တရားကြီး)(ပေါက်တောသူမိဖုရားခင်ပြည့် ရုံ) (ဘားမဲ့ဘားတမော့ ဆရာတော်များ) အကြောင်း စသည်ကိုပြောပြတတ်၍၊ဇနက၊ တေမိ၊ မဟောသဓါ၊ စသော ဇာတ်နိပါတ် များကိုလည်း အဘိုးအဘွားများထံမှ ကြား နာခဲ့ရပေရာ၊ဇနကမင်းကြီး( ပင်လယ်ပြင်ကို လက်ပစ်ကူးသော အခဏ်း)နှင့် မဟောသ ဓါသည် အမရာကို(လက်ဦးဆုပ်ပြသောအ ခဏ်း)တို့ကို လွန်စွာသဘောကျ၍ ထပ်ခါ ထပ်ခါပြောခိုင်းသောဟူသည်။

ကလေးတို့ဘာဝ ကစားကြသောအခါ တွင်လည်း သူသည် ဘယ်အခါမျှ နောက် လိုက်ငယ်သား၊ ငယ်ကျွန် တော်များ အဖြစ် ဖြင့်မနေမူ၍၊အကြီးအကဲသာ လုပ်တတ်သ ဖြင့်၊သူ့ကို သားသယ်မိခင်များက(မိုးမင်း) ဟု ပညတ်သစ် ပေးကြ၍ ကစားဘော် က လေးများကပါ နည်းတူပင် သံယောင်လိုက် ခါ ခေါ်ဝေါ်ကြပြန်သဖြင့်(မောင်စံလှပေါ်) ဟူသော အမည်ကောင်းမှ ( မောင်မိုးမင်း ) ဟူသောအမည်သစ်သို့ပြောင်း၍ အများနှုတ် ကြိုးခေါ် တွင်ခဲ့ပေ သည်။

ဤသို့ဖြင့် သတို့သားငယ်သည်၊မိဘများ ၏ပုံပြင်ဝတ္ထုများ၊ဆုံးမစကားများ အကြား တွင် ပျော်ပါးမြူးတူးရင်း ဆယ်နှစ် ဆယ့် တနှစ်သားအရွယ်သို့ရောက်ခဲ့လေသတည်း။

**ကျောင်းအပ်ပညာသင်ကြားစေခြင်း။**

"အဘတပ်ပညာ အလိမ္မာကိုငယ်ခါကလျှင် မသင်စေငြား မိဘများကား သား၏ရန်သူ မှန်မူမချွတ် ဖြစ်သတတ်"ဟူသော ရှေးထုံး စကားကို ထောက်ထား၍ မိဘများသည် သားငယ်နှင့် မခွဲလိုလှသော်လည်း သား၏ နောင်ရေးကို လေးနက်စွာ မြော်တွေးလျက် ကျောင်းသို့ အပ်နှံ၍ ပညာ သင်ကြားဘို့ရာ စိတ်ကူးကြရလေသည်။

မိမိတို့ ကိုးကွယ်ရင်း ဖြစ်သော ပေါက် တောဆရာတော်ကြီးသည် လောကီ လော ကုတ္တရာစွယ်စုံတတ်မြောက်၍ ပညာအသင် အပြ အသွန် အသင် အဆုံး အမလည်း ကောင်းမွန်လှပေရာ အတန်ငယ် ဝေးသော် လည်း သား၏ ပညာရေး ဖူလုံမှုအတွက် မခွဲ ချင် ခွဲချင်နှင့် သွားရောက် အပ်နှံကြပေသည်။

ကျောင်း သို့ ရောက် သော နှစ် ကား ၁၂၄၆-ခုနှစ်ကဆုန်လ သက်တော် ၁၁)နှစ် အရွယ်ဖြစ်၏၊ ကျောင်းရောက်လျှင် ဆရာ တော်ကြီးသည် တဖြည်းဖြည်းဖြောင်းဖြဆုံးမ

လျက် (နမောဗုဒ္ဓါယသိဒ္ဓံ)မှအစ သင်ကြား ပို့ချပေးရာ မကြာမြင့်မီပင် သင်ပုံးကြီး ကုန် ဆုံးသည့်ပြင် အခြား ကျောင်းသား များ၏ ရွတ်ဘတ် ကျက်အံသော အသံကြားရုံမျှနှင့် နောက်ယောင်ခံလိုက်၍ ကျက်မှတ်ရာ မင်္ဂလ သုတ်ပါ ကြေကြေမွန်မွန်ရရှိ၍ ရေးတတ်ဘတ် တတ်လည်းရှိပေသဖြင့် ဆရာတော်ကမင်္ဂလ သုတ်မှ ရှေ့သင်ရိုး ကျမ်းစာများကို, တက် ရောက်သင်ကြား ပေးတော်မူရကား၊ ထိုစဉ် ကပင် (ကျောင်းသားထူးကလေး) အဖြစ် ထင်ရှားခဲ့ပေသည်။

(ဖြစ်မည့်လူငယ်မှုဇာတိပြ) ဟူသည်နှင့် အညီ ကျောင်းသား ဘဝကပင် အဝတ် အစားကို စင်ကြယ်မှ ကြေနပ်၍ သပ်သပ် ရပ်ရပ် ဝတ်စားဆင်ယင်တတ်ခြင်း အနေအ ထိုင်အသွားအလာအပြောအဆိုမှစ၍ ပြေပြ ပြစ်ပြစ် ကျစ်ကျစ် လစ်လစ်ရှိခြင်း စိတ်ရင်း သဘောထား ဖြူစင်ဖြောင့်မတ်ခြင်း စသည် တို့ကြောင့် ကျောင်းရှိ ရှင်ရဟန်း များက လည်း ချစ်ခင်ကြ၍ ကျောင်းသား ကြီးများ ကလည်း-မြှောက်စားလျက် ရွယ်တူကျောင်း သားများကလည်း ဆရာတင်ခါ, ရိုသေလေး စားကြပေ၏၊ ရွယ်တူ ကျောင်းသားချင်း အ ငြင်းအခုံဖြစ်လျှင် မောင်ဖိုးမင်းကလေး ဖြန် ဖြေဆုံးဖြတ်ပေးက ကြည်ကြည်သာသာကြေ နပ်မှုရရှိကြ၍ ခိုက်ရန်ဖြစ်လျှင်ပင် အထက် လူကြီးများထံမရောက်တော့ဘဲ၊မောင်ဖိုးမင်း ၏(ခုံရုံး) မှာပင် ငြိမ်းချမ်းမှု ရကြသောဟူ သည်။

ကျောင်းနှင့် ဆက်သွယ်ရာ အရပ်သူအ ရပ်သားများကလည်း တရပ်တရွာ မှလည်း လာရောက်၍နေရပြန် မိမိတို့ သားသမီးများနှင့် ထည်းချစ်ချစ်ခင်ခင်ရှိပြန်သဖြင့် ပေါက်တော ဝန်းကျင်ရပ်ရွာတို့သည် မောင်ဖိုးမင်း၏ စား အိမ်သောက်အိမ်များသာ ဖြစ်ကြကုန်သည်၊ သူ့ကိုတရွာလုံးက မြတ်နိုးကြ, ယုယချစ်ခင် ကြပေသည်၊ (မေတ္တာနှလုံး သစ္စာသုံး၍ ချစ် ထုံးမပြရစ်စေနှင့်)ဟူသော စကားကဲ့သို့ ချစ်ခင်တတ်ခြင်း ရိုးသား ဖြောင့်မတ်ခြင်း ရှိသဖြင့် သူ့ကိုအားလုံးကပင် ချစ်ခင်မြတ်နိုး နိုင်ကြခြင်း ဖြစ်ပေသည်။

ထိုသို့ အားလုံး၏ မေတ္တာကို ခံယူလျက် ကြိုးကြိုး စားစား ပညာ သင်ကြားလာရာ နမက္ကာရ၊ ပရိတ်ကြီး၊ လောကနီတိ၊ သုခမ္မ လက်ာတော်များနှင့် တေမိ၊ ဇနက္က၊ သုဝဏ္ဏ သာမ၊ နေမိဇာတ်တော်ကြီး လေးစောင်ကုန် ဆုံး၍ စာပေ အချည်အချင်း အတန် ပြည့်စုံ ကြွယ်ဝသဖြင့် ကျောင်းသား ဆရာလေးပင် ဖြစ်လာပေသည်။ မိမိလည်း သင်ကြား၍ မိမိ အောက်, စာရည်နုသော ကျောင်းသားများ အားလည်း ရေးစာ၊ တက်စာတို့ကို ပို့ချ ပေးရသည်၊ ဆရာတော်ကြီး သည်လည်း သူငယ်၏ အရည် အသွား တင့်၍ ကြီးမြင့် ထွန်းကား လတံ့သည်ကို မြော်မြင်မိသည် အလျောက် ကိုယ်တော်တိုင်ပင် စနစ်တကျ ဆုံးမ ယဉ်ကျေး စေလျက် လက်ထပ် ပြသ ပေးတော်မူခဲ့သည်။

**ကျောင်းသားအရွယ် - သီတင်းသယ်။**

ကျောင်း၏စည်းကမ်းသည်။ သီတင်းနေ့တိုင်း ကျောင်းသားများ ရှစ်ပါးသီလ စောင့်ထိမ်းရန် ရှိ သော် လည်း၊ မဟာ နာ ယ က လောင်းလျာ ကျောင်းသားငယ်မှာမူ နေ့စဉ်ပင် ရှစ်ပါးသီလ ဆောက်တည်ကျင့်သုံးခဲ့ပေ၏။ တေမိဇာတ်တော် တက်ရစဉ်။

**အတီတံ နာနုသောစန္တိ၊ နပ္ပဇပ္ပန္တိ နာဂတံ။**
**ပစ္စုပ္ပန္နေန ယာပေန္တိ၊ တေန ဝဏ္ဏော ပသီဒတိ**

ဟူသော တေမိမင်း စကားကို၊ အတန် သဘောကျ၍၊ ၎င်းအတိုင်း ရောင့်ရဲ တင်းတိမ်လျက်၊ တေမိချိုး ချိုးကာ ကျင့်သုံး နေထိုင်ခဲ့ပေသည်။

ယခုအရွယ်တော်ကြီးသည့်တိုင်၊ မိမိရုံဖန်ရုံခါ ဝတ်ဖြည့်သွားရာတွင်ပင်၊ ၎င်းဂါထာကို ရွတ်ဆိုတော်မူလျက်။ ရရသမျှဖြင့် ရောင့်ရဲ တင်းတိမ်နိုင်ဘို့ ဖြစ်သမျှ အကြောင်း-အကောင်းချည်း သဘောထားနိုင်ဘို့၊ ဆုံးမစကား ပြောကြား တတ်ပေသည်။ ထို တေမိဇာတ်တော်၏ သွန်သင်မှုကြောင့်ပင် ယခုလိုငယ်ငယ်ရွယ်ရွယ်နှင့်၊ ညစာမသုံးဘဲ ရှစ်ပါးသီလ စောင့်ထိမ်းလျက် ချီးခြံနိုင်ခဲ့ခြင်း ဖြစ်ဘန်ရာသည်၊

ဇာတ်တော်ကြီးများကုန်ဆုံး၍။ကျောင်းသားငယ်၏ သာသနာတွင် ကျေးဇူးချားအံ့သော အကြောင်းကို မျှော်ပြီးလျှ ၊ ကစ္စည်းသဒ္ဒါကြီးကျမ်းကို ဆက်လက်ချပို့ပေသည် သဒ္ဒါကြီးကို ပါဠိလည်းကျက်၊အနက်လည်း တက်စေလျက်၊သုတ်ပြီး ရုပ်ပြီးမျှ ချပို့တော်မူရာ၊ကျောင်းသားငယ်သည် ဖွံလုံ့လရှိခြင်းကြောင့်၊မငြိုမငြင်လိုက်နိုင်သည်ကို သိတော်မူ၍၊စာစပ်အဋ္ဌကထာဂါယ်နှင့်တကွ၊သူ၏ဥာဏ်အရည်အသွေးကိုငဲ့ကာ၊အတန် စုံလင်အောင် သင်ကြား ချပို့ပေးတော်မူသည်။

**ဘဝဘပါးပြောင်းသွားမိခင် ထိုချိန်တွင်**

ထိုသည့်ကျောင်းသားအရွယ်တွင်ပင်၊မိခင်ကြီး ဒေါ်ညိမ်း သာ သည်၊ ဘဝ တပါး ပြောင်းသွား မျက်နှာလွှဲခဲ့ရာ။ မိမိ၏ ပညာဗဟုသုတအလျောက်၊မိဘကျေးဇူးအထူးကြီးမားကြောင်း သိနားလည်၍၊ "မိဘကျေးဇူးတို့ကို ကုံငအောင် ဆပ်ပေအံ့" ဟူသော ဝမ်းတွင်းစိတ်ဖြင့် ကြိတ်ကာ ကြိုးစားလျက် စာပေသင်ကြားနေပေရာ၊ ဤကဲ့သို့မိခင်ကြီးသည် ယုတ်တရက်.မျက်နှာလွှဲသွားသော အခါ၊မိမိသည်ပင် မိခင်ကြီးနှင့်အတူ သေပွဲ ဝင်ခြင်လောက်အောင် ပူဆွေး ဒုက္ခ ရောက်ခဲ့၏။ (အမိ ကျေးဇူး မဆပ်လိုက်ရလေခြင်း) ဟူသော အခဲမကျေသည့်နှလုံးဖြင့် မိမိ၏ ယခုကဲ့သို့ မတင်မကျ ဖြစ်နေသော ဘဝကိုပင် မကျေမနပ်ဖြစ်ကာ၊ အပြစ်တင် စိတ်ဆိုးမိခဲ့ပေသည်။ (ငါသည် မိဘအား အမြတ်ဆုံးအကောင်းမွန်ဆုံးသော ကျေးဇူး တုံ့ဆပ်မှုကိုပြုပေအံ့)ဟု ခိုင်မြဲစွာ ဆုံးဖြတ်ချက် ချခဲ့ပေသည်။

"ခန္ဓာဂတိ၊ တည်မရှိလည်း၊ငါ့ မိရစေ" ဟူသောနှလုံးကောင်းဖြင့် ကွယ်လွန်လေပြီး

သော မိခင်ကြီးအား၊ မိမိ ပြုလုပ်သမျှသော ကုသိုလ်ကောင်းမှု အတွက် ဘာဂကို အမျှအတမ်းဝေလျက်၊ တရားနှင့်ဖြေကာ စာပေကို ဆက်လက်ကြိုးပမ်းရှာရလေသည်။

ဘခင်ကြီးနှင့်တကွ မိမိ၏ အမကြီး များဆွေမျိုး သားချင်းများကပါ၊ သတို့သားငယ်၏ ပညာသင်ကြားရေး၌ အနှောက်အယှက် မဖြစ်အောင် အားပေး ပျောင်းပျ နှစ်သိမ့်စေကြကုန်၏။

ဆရာတော်ကြီး ကလည်း တပည့်ချစ်အား အစစအရာရာ အားငယ်မှုမရှိအောင် ကြင်ကြင်နာနာ စောင့် ရှောက် တော်မူလျက် ပျောင်းပျတော်မူပေသည်။

ထိုစဉ်ကာစ၍....

ဘဝဩဃာ၊ စကြာရဟတ်၊ သုံးပါးဝဋ်တွင်၊ လူနတ်ဗြဟ္မာ၊ သတ္တဝါကား ကြမ္မာအလျောက်၊ အခါရောက်က၊ မြေအောက်ပုန်းလျှိုး၊ ခွန်အားကိုးလည်း၊ လွတ်ရိုးမမြင်၊ ရေတွင်စုတ်စုတ်၊ နက်ရာ ငုတ် လည်း၊ လွတ် ရပ် မ မြင်၊ ကောင်းကင်ပျံတက်၊ စက်နှယ်ပတ်လည်း၊ မလွတ်နှင်နှင်၊ သေမင်းငင်၍၊ အာ ရှင် စတေ၊ မနေရရာ၊ ဓမ္မတာဖြင့်၊ ခန္ဓာပြိုကွဲ၊ ယွင်းဖေါက်လွဲသည်၊ ကြည့်ဖွဲ့ မြဲမရှောင်စသာတည်း။ဟူသော မရဏာသတိသံဝေဂလင်္ကာကို ဆရာတော်ကြီးထံမှ နူတ်သင်ရရှိခဲ့၍ ယခုအရွယ်တော်တိုင် အကျိုး ခံစားခွင့်ရှိရစ်ခဲ့ပေသည်။

ထိုသို့စိတ်လက်ပြေကြောင်း စာပေဘက်၌သာ စိတ်ကိုထိမ်းကျောင်းလျက် ဖွဲ့ကောင်းကောင်းဖြင့် အားထုတ် သင်ကြား လာခဲ့ရာ သင်္ဂြိုဟ်ကြီးလည်းကုန်၊ သင်္ဂြိုဟ်သည်းကုန်၍ များစွာသောရှင်ငယ်ကျောင်းသားရွယ်တို့၏ ခိုလှုံရာ (စာပေရိပ်မြုံလေး) တမျှ ဖြစ်ခဲ့ပေသတည်း။

## မဇ္ဈိမဒေသကသဘင်ရှင်ပြုပွဲယင်ခြင်း။

ကျောင်းရည်လည်းဝ စာပေလည်းကျအရွယ်လည်း လှပြီဖြစ်သဖြင့် ခမည်းတော်ကြီး ဦးနိုင်သည်၊ သိရိဓမ္မာသောကမင်းကြီးသည် သာသနဒါယာဒ သာသနအမွေခံယူချင်ရှာလွန်း၍ သားတော် သမီးတော်တို့ကိုသာသနဘောင်သို့ သွတ်သွင်း ချီးမြှင့်သောထုံးနှလုံးပြု၍ သာသန အမွေ ခံနိုင်ဘို့ရန် မြတ်စွာဘုရား သာသနာတော်တွင်းသို့သွတ်သွင်း ချီးမြှင့်လိုကြောင်း ပေါက်တော ဆရာတော် ကြီးအား ကြိုတင် လျှောက်ထားလေ၏။

ထိုအခါ ဆရာတော်ကြီးသည် မောင်ရှင်လောင်းအား ပဗ္ဗဇ္ဇာကာ၊ လိင်ဒါကာ်သေခိယ၊ ဓုဋ္ဌသခန္ဓက ဝတ်တို့ကို ရှင်အဖြစ်သို့မရောက်မီ ကျောင်းသားဘဝကပင် အနက်အဓိပ္ပါယ်နှင့်တကွ ကြိုတင်ရရှိစေ၍ သရဏဂုံသီလအောင်သွန်သင်ပြသတော်မူလျက် ရှင်၏ပရိက္ခရာ စိမံပြည့်စုံစေပြီးနောက် ရှင်ပြုပွဲသဘင် ကြီးစွာ ယင်လျက် ကျေးဇူးရှင်ပေါက်တောဆရာတော်ကြီးကို ဥပဇ္ဈာယ်

များသည်၊ ကိုယ်တိုင် စိုက်ပျိုးမှု၌ နား၊လည် ကျွမ်းကျင်၍၊ နောင် အနာဂတ်ရေးအတွက် ကြီးမားသော အထောက် အကူ ဖြစ်စေနိုင်သည်၊ ထို့ကြောင့်ပင်- ပေါက်တော ဆရာတော်ကြီးသည်လည်း တနေ့သ၌ သာမဏေများအား အုန်းတလုံးစီပေး၍ ကိုယ့် ဘွဲ့မည် ဖြင့် အုန်းပင် တ ပင် စီ ကျင်းရူ စိုက်ပျိုး စေတော်မူသည်။

ထိုအခါ ရှင်ရေဝတသည် လည်း မိမိ အမည်ဖြင့်၊ တပင် စိုက် ပျိုးရ၏။ ထူးဆန်းသည်ကား၊ ၎င်းစိုက်သော အုန်း တ လုံး မှ နှစ်ပင်ပူး၍ပေါက်လာရာ၊ ယနေ့တိုင် ပေါက်တော ကျောင်းတိုက်၌ တွေ့ မြင် ကြည့်ရှု နိုင်သေး၏၊ တပင်မှာ ရှင်လျက်ပင်ရှိ၍၊ တပင်မှာမူ မကြာသေးမီကမှ ခါးလယ်မှ တပိုင်း ပြတ်ကာ ကျိုးကျသွားသဖြင့်၊ ၎င်း တ ပိုင်း ပြတ် ငုတ်ကြီးသာ ရှိတော့ကြောင်း။

## မန္တလေးသို့ ပညာသင်ကြွခြင်း

အရှင်သိဂ္ဂဝ ရဟန္တာ အရှင်မြတ်ကြီးသည် မိမိ၏တပည့် ရှင်မောဂ္ဂလိ ပုတ္တတိဿ ကို၊ အရှင်စဏ္ဍ ဝဇ္ဇီ ရဟန္တာ အရှင်မြတ်ကြီးအထံသို့ ပညာသင်ရန် စေလွှတ်တော် မူသကဲ့သို့၎င်း၊ အရှင် ရေဝတ မထေရ် မြတ် သည် မိလိန္ဒမင်း၏ ပြဿနာတို့ကို ဖြေဆို လတံ့သော တပည့်ရှင်နာဂသေနကို၊ အရှင်အဿဂုတ္တ မထေရ်မြတ် အထံသို့ ပညာသင် စေလွှတ် တော် မူသကဲ့သို့၎င်း။ ပေါက် တော ဆရာတော်ကြီးသည်၊ မိမိ၏ သဒ္ဓိဝိဟာရိက တပည့်ရှင်ရေဝတအား သာသနတက္ကသိုလ်ဟု ကျော် စော ထင် ရှား သော ရတနာပုံ မန္တလေး ရွှေမြို့တော်သို့ ၁၂၅၄ ခုနှစ် တွင် ရှေးဦးစွာ ပညာသင် စေလွှတ်တော်မူသည်။

အနောက်ပြင်စကုတိုက်ပြသာဒ်ကျောင်း ဆရာတော်ကြီးထံ ဆည်းကပ်၍ နှစ်ကြိမ် သင်ကြား ပေါက်ရောက်ပြီး ဖြစ် သော သဒ္ဒါ သင်္ဂြိုဟ် ဋီကာကျော် ကျမ်းများနှင့် မာတိကာ ဓာတုကထာ ညွှဝါကျမ်းများကို ထပ်မံ လေ့ကျက်၍၊ နျာသယမိုက်ပဋ္ဌာန်းကျမ်းတို့ ကို၎င်း။ "အဋ္ဌာရသ၊ သိပ္ပအပြား ဆဲ့ရှစ်ပါး တွင်၊ တအောင်အောင်ကို အကြွင်သသူ၊ မရမူကား ထိုသူ သူ့အောက်၊ နေ့ချင်း ရောက်ပျောက်၊ သူ့နောက်ကသာ၊ ရှိတို့ရာလ်မှ့၊ ချမ်းသာရ မည် ခဲ၏တည်း" ဟူသော စကားနှင့် အညီ– တတ်သင့်တတ်ထိုက်သော သန္ဒိဋ္ဌ၊ မကာရန္တ၊ စသော ဗေဒင်လက်ရိုးကျမ်းများကို၎င်း၊ သင် ကြားဆည်းပူးတော်မူခဲ့ပေသည်။

ဒွေးချိုး–လေးချိုး-ရတု ရကန် စသော ကဗျာဗန္ဓ စီကုံးဖွဲ့ဆိုမှုကိုလည်း ငယ်စဉ်က ပင် တတ်မြောက်ခဲ့၍၊ စီးကျ ဝါးကျ သီဆို တတ်ရန် သဘင်သည် ကြီးများထံ ဆည်း ကပ်သင်ယူခဲ့ပေသည်။ ရဟန်းဖြစ်ပြီးနောက် မှ။ ရဟန်းတို့နှင့် မလျောက်ပတ်ဟု ဆုံးဖြတ် တော်မူ၍၊ အားလုံး ဘုရားလှူလိုက်ကြောင်း အမိန့်ရှိဘူးသည်။

ပညာလုံလောက်လို့၊ ခုံမြောက်တဲ့-
ဆရာ။ ။ သမုဒ္ဒကယ် ရစ်သွယ် နှင့်၊
မြစ်ပင်ထယ် ဟိုဘက်တွင်းမှာဘဲ၊ ရှိ
ခြင်းရာလေသန့်နား၊ကြား၏သေချာ၊
တတ် ပညာ ရှာ သူ တို့အ ပေါင်း၊
ထို ရပ် ကယ် ထို မြေသို့၊ ရောက်
အောင်လေ ကြံ ဖန် လို့၊ မသွေလှန်
ထုတ်ခွန်အား၊ သွားကြဘို့ကောင်း။ ။
ဟူသော(မွန်နီတိချိုး)စကားအတိုင်း

ဆရာ၏စလွှတ်ချက်ကို၊ဦးထိပ် ရွက်ပန်ဆင်
လျက်၊ မန္တလေး ရွှေမြို့တော်ကြီးသို့ တက်
ရောက်၍၊ပညာသင်ကြားခဲ့ရာ။စာပေနောက်
သို့မျက်ခြေပျောက်မခံ, လိုက်နိုင်ခြင်းအတွက်
ကိုယ့်ကိုယ်ကို ထိမ်းသိမ်းနိုင်သော ကြံ့ခိုင်
သည့် စိတ်ဓာတ်ရှိကြောင်း ခိုင်မြဲသော သာ
ဓကတရပ်ဖြစ်၏။

မန္တလေးမြို့သည်၊ သာသနာ ထွန်းကား
သောအရပ်ဖြစ်၍၊သင်္ကန်းရောင်တို့ဖြင့်၊အမြဲ
မပြတ် ထွန်း ပြောင် တောက်ပ လျက် ရှိ၏။
ကျောင်းတိုက် ကြီး တတိုက် တတိုက် တွင်
သံဃာ ငါးရာ-တထောင် စသည့်ရှိ၏။ မန္တ
လေးနေရွှေတောင်ရိပ်ကို ခိုမိလျှင်၊အားလုံး
ရွှေရောင်ဖြင့်သာပြီး၏၊အကြီးအငယ်အရွယ်
အားဖြင့်သာခြားသည်။ ဂုဏ်အားဖြင့် သီး
သန့် ထင်ရှားခွင့်မရှိနိုင်ချေ၊အလွန်တရာထင်
ရှားကျော်ဇောသော ပုဂ္ဂိုလ်ဖြစ်မှသာ ရွှေ
မန်း၏စကျ၊ဖြစ်နိုင်ပေသည်။

## ပုဂ္ဂလာဓိဋ္ဌာန်ဆရာ့ထံ နှင့် ဓမ္မာဓိဋ္ဌာန်ဆရာ့ထံ

ကျောင်းတိုက်ကြီးတိုင်း၌ အာစရိယဝါဒ
မိမိတို့အဇ္ဈာသယအားလျော်စွာ, ထုတ်ပြန်
ထားအပ်သော တိုက်တာ စည်း မျဉ်း အသီး
သီးရှိ၏။ ဆရာသမား၏ အပ်စာ သော်ငြား။
မိဘနှင့် ရဟန်း-ဒကာ, ဒကာမတို့၏ အပ်စာ
သော်ငြား ပါရှိခဲ့လျှင်။ သို့မဟုတ်၊ ကျောင်း
တိုက်သစ်ရှိ ပုဂ္ဂိုလ်တပါးပါး၏ ထောက်ခံ
ချက်ရရှိခဲ့လျှင်၊တိုက်တာ စည်မျဉ်း အတိုင်း
လိုက်နာနိုင်ပါက နေထိုင်ခွင့်ရပေ၏၊

တိုက်စီးနာယက ကျောင်းပိုင်ဘုန်းတော်
ကြီးများသည် ဤမျှများပြားသော စာသင်
တပည့်တို့ကိုတဦးတယောက်စီစေ့ငအောင်
အမြဲတစေ ကြပ်မကြည့်ရှုဆုံးမ နေနိုင်သည်
မဟုတ်ရေ၊ မိမိတို့မှာလည်း ကျောင်းကန်
ကိစ္စ၊ တိုက်တာကိစ္စ၊ စာပေ ပို့ချမှု ကိစ္စ
စသည်ဖြင့် မအားလပ်အောင်ရှိတော်မူကြရာ
သိတင်းနေ့များမှာသာ,အနေအထိုင်, အစား
အသောက်, အသွား အလာ စသည်တို့ကို
ညွှန်ပြဆုံးမတော်မူနိုင်ကြပေသည်၊ ထိုသို့ပင်
ဆုံးမသွန်သင်ငြားလည်း ဓမ္မာဓိဋ္ဌာန်အားဖြင့်
ဖြစ်၏၊ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် တပည့်ရင်း
တပည့်ပွား ခွဲခြားမှုမရှိရေ။ နိဂ္ဂဟေတဗ္ဗ
ပဂ္ဂဟေတဗ္ဗ ပုဂ္ဂိုလ်များ ပေါ်ပေါက်လာလျှင်
သာ အကျိုးအပြစ်အလျောက် နှိပ်ကွပ်၍
ချီးမြှောက်တန်ချီးမြှောက်တော်မူကြသည်။

ထိုသို့ ဓမ္မာဓိဋ္ဌာန်စည်းမျဉ်းအောက်တွင် နေရခြင်းကြောင့် နေသားကျလာသောအခါ အတန်ငယ်လွတ်လပ်ခွင့် ရှိသည်ဟုဆိုနိုင်၏၊ အတူတကွနေထိုင်ရသောပုဂ္ဂိုလ်တို့မှာလည်း အမျိုးမျိုးပင်ဖြစ်ရာ (အတုမြင်အတတ်သင်) လိုကလည်း သင်နိုင်ပေသည်၊ သို့ဖြစ်သောကြောင့် မန္တလေးသို့ ငယ်ငယ် ရွယ်ရွယ်က ရောက်သာလျှင် ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် မိမိကိုအစဉ်မပြတ် အကဲခပ် ကြည့်ရှု၍ မိမိ၏ အကျိုးအပြစ်ကိုဖေါ်ပြလျက် နိုးနိုးကမ်ကမ် ဆုံးမတတ်သောဆရာများ လိုအပ်ပေသည်၊ အများအားဖြင့်လည်း, မိမိ၏ဆရာရင်း သို့မဟုတ် မန္တလေးတွင် အနေကြာ၍ ပညာရည် ပြည့်ဝသော ခန်းနေ ရဟန်းတော်များသည် လူငယ်တို့အဖွက်,ထိုသို့ဆုံးမဖေါ်ရပေသော ပုဂ္ဂလာဓိဋ္ဌာန် ဆရာများဖြစ်၏။ ဆရာတော်များကလည်း ထိုသို့သော ရဟန်းတော်များအား တာဝန် ပေးအပ်ထားတတ် ပေသည်၊ ၎င်းတို့မှသာလျှင် စာသင်တပည့်တို့နှင့်အတူတကွ ရောနှောနေထိုင်ရသဖြင့် စာသင်တို့၏ အကြောင်းကို ပိုမိုသိရှိနိုင်ပေသည်။

သို့သော် နေသားအတန် ရင့်လာသော အခါ အတုမြင် အတတ်သင်ဘွယ်တွေများ၏ ထိုအတုမြင်တို့ နောက်လိုက်၍ အနုယ်မကျသေးသော လူငယ် စိတ်သည် သာသနဘောင်၌ ငြီးငွေ့ခြင်းစသည်ဖြင့် ပရိယတ် တပိုင်းတစနှင့် မပျက်စီးတန်ဘဲ ပျက်စီးသွားတတ်ရာ နှမြောဘွယ်ကောင်းလှသည်၊ ထို့ကြောင့်စာသင်ငယ်တို့အတွက် စာသင်တိုက်ကြီးများမှာ ပုဂ္ဂလာဓိဋ္ဌာန်ဆရာ(ဝ၊) ကိုယ်ပိုင်ဆရာလို၏၊ ကလျာဏမိတ္တ အထူးသဖြင့် အရေးကြီးကြောင်း ဤ၌ထွန်းစွာထင်ရှားလှပေသည်။

ထိုသို့မဟုတ်က, တာဝတိံသာနတ်ပြည် ရောက်မှဘဲ ပူပင်သောက အနာရောဂါဘယကင်းကင်းနှင့် စိတ်လက်ချမ်းချမ်းသာသာ တရားအားထုတ်တော့မည်ဟုအားခဲထားကြကုန်သော ယောဂါဝစရ ပုဂ္ဂိုလ် တို့သည် နန္ဒာ ကန်တော်စောင်းမှာ တရား အပေါင်း ခဝါချလျက် လာလာသမျှ အစ္ဆရာအဖွဲ့တို့ကြောင့် ကာမာသဝ အညစ်ပတျာ ချွဲပြီး အသစ်သဒ္ဒါ မလှဲ့နိုင်ဘဲ ဖြစ်ရကုန်သကဲ့သို့ မန္တလေးရောက်မှဘဲ ကြိုးစား မင်းစား စာလုပ် တော့မည်ဟု, အားခဲ၍ လာကြသော ပုဂ္ဂိုလ်တို့မှာလည်း ထိုနည်း ၎င်းပင် ဖြစ်ရာသည်။

တရားသား အတန်ရင့်ကျက်သော နတ်သား-နတ်သမီးတို့သည်သာ စူဠာမဏိစေတီတော်စက်အောက်သို့သွားရောက်ဆည်းကပ်ကြလျက်၎င်း၊ သုဓမ္မာသဘင်ကြီး၌ သိကြားမင်းနှင့် တရားဟောကောင်းသော ဓမ္မကထိကနတ်သားတို့ ဟောပြောသော တရားတော်ကို ကြားနာရခြင်းဖြင့်၎င်း တရားသားအနည်းငယ်တက်နိုင်ခွင့်ရှိ၏၊ သို့အတန်စိတ်ဓါတ်ကြန့်ခိုင်သော စာသင်ငယ်များမှာသာ ပရိယတ် အတွက် မိမိမျှော်မှန်း ချက်နှင့် ပြည့်စုံနိုင်ပေသည်၊

သို့ ပုဂ္ဂလာ မိဿာန်ဆရာ အထူး လိုလား အပ်သော ရွှေမြို့တော်ကြီးတွင် ကိုယ့်ကိုယ်ကို ထိမ်းကျောင်းလျက် ဓမ္မာမိဿာန် ဆရာ အောက်တွင် မိမိရည်မှန်းချက် ပန်းတိုင်သို့ ရောက်အောင် လှမ်းနိုင်သော စာသင်ငယ် ရှင်ရေဝတကို ကြံ့ခိုင်သော စိတ်ဓါတ်နှင့် ပြည့်စုံသည်ဟုဆိုခြင်း၌ လွန်လိမ့်မည်မဟုတ်နိုင်ပေ။ ထိုစိတ်ဓါတ်ကြောင့်ပင် ပရိယတ်စာပေမျှမက သဒ္ဒိဋ္ဌမကာရက္ခစသော ဗေဒင်လက်ရိုး ကျမ်းများကိုလည်း သင်ကြားတတ်မြောက်နိုင်ခဲ့သတည်း။

## ဥပသမ္ပဒါဘိသေက ခံယူတော်မူခြင်း

ဤသို့ မန္တလေးတွင် ပညာ သည်းပူးပြီးနောက်၊ သက် တော် ဆဲ့ ကိုး နှစ် ရွယ် သို့ ရောက်သောအခါ၊ပေါက်တော ဆရာတော်ကြီး၏ ပြန်လာခဲ့ရန်အမိန့်ချမှတ်ချက်ဖြင့် နေရပ်သို့ ပြန်ကြွတော် မူရသည်။ ဆရာတော်သည် မိမိ၏ လက်ရုံးသတွယ် အားကိုးရ၍ အရည်အချင်း ပြည့်ဝ စွယ်စုံရသောတပည့်ငယ်အား(ယောက်ျားဟူသည်, ဤလူ့ပြည်၌ ကျင်လည်သောအား၊ ဘုရားအမွေ ခံထိုက်ပေ၏)ဟူသောစကားနှင့်အညီ တဆင့်ထပ်၍ မြင့်မြတ်သော ဥပသမ္ပဒ အမွေ ခံ ယူစေလိုသည်။

လူ့ ဘဝကို ရရှိ၍ ဘုရားသာသနာ နှင့် ကြုံကြိုက်သောအခါကောင်းကြီးတွင်၊ လက်ပွန်၌ မိရိုးဖလာယုံကြည်သည်းကပ်ကိုးကွယ်မှု ဖြစ်ကောင်းဖြစ်နိုင်သော်လည်း၊ ပရိယတ္တိကျမ်းဂန်တို့ကို သင် ကြား တတ် မြောက် ၍ သိနားလည်လာသောအခါ၊ ကိုယ်ပိုင်ဉာဏ်လန်းပွင့်၍ ကျွမ်းခင့်သော ယုံကြည်ကိုးကွယ်မှုကို ရနိုင်သဖြင့် ထိုသည့် ရှုးရှ ထက် မျက်သော သက်ဝင် ယုံ ကြည် မှုဖြင့်သာ မိမိတပည့်ကို ဘုရား အမွေတော်ထမ်း၍ ရဟန်းအဖြစ်ကို ရယူစေတော်မူလေသည်။

ထို့ကြောင့်ဆရာတော်သည်။ မိမိတပည့်အား ငါ့တပည့် သည် စာပေလည်း တတ်မြောက်ပြည့်စုံပြီးဖြစ်သည့်ပြင်၊ လက်မှုပညာလည်း အိမ်ထောင်ထိမ်းကျောင်းနိုင်လောက်အောင်ရရှိပြီဖြစ်၍ မိမိ၏မိဘဆွေမျိုးများကို မည်သည့် အ ဝတ် ဖြင့် စောင့်ရှောက် လုပ်ကျွေးလိုသည်၊ဤအဝတ်နှင့်ပျံကျေးဇူးဆပ်ဘို့ရည်ရွယ်သည်၊ သို့မဟုတ်က, ဝတ်ကြောင်လဲ၍ပင် ကျေးဇူးဆပ်ရန် ကြံစီသည်ကို တညသောအခါ မိမိအပါးသို့ခေါ်၍ မေးမြန်းစုံစမ်းတော်မူသည်။

မိဘကျေးဇူးဟူသည် အတိုင်းမသိ ကြီးမားများပြားလှသည်။ဤမဟာပထပီမြေကြီးနှင့်နိုင်းစာလျှင် ၎င်းသည်၊ဖိုးရွက်ခန့်မျှ သေးငယ်စွာသည်။ မဟာသမုဒ္ဒရာ ရေ အစု နှင့်နှိုင်းယှဉ်လျှင်လည်း ယင်း ရေအစုသည်၊ တံစက်မိတ်မှကျသော ရေ ပေါက်ငယ်မျှ သေးငယ်လှသည်ဟု မှတ်သားဘူးကြောင်း၊ မိဘနှစ်ပါးကို ပခုံးထက်မှာ အသက် ထက်ဆုံး

၁၁၄၆၉

ထမ်းဆောင်၍၊ယုယသိမ်မွေ့ လုပ်ကျွေးပြုစုသော်လည်း ကျေး ဇူး မ ကြေ နိုင် ကြောင်း အနန္တဂိုဏ်းဝင်ဖြစ်၍ အဆုံး အပိုင်း အခြား မရှိ ကျေးဇူးများလှကြောင်း။ထို့ကြောင့် မိမိသည် မိဘ, ဆွေမျိုး တို့အား ဝဋ် ဆင်းရဲမှ လွတ်မြောက် ကြောင်း ဖြစ် သော တရား စကားဖြင့် ဟောပြ ဆုံးမလျက်။ ဇမ္ဗူ ကျေးဇူး ဆပ်လိုကြောင်း၊သို့မှ အတိဇာတသားဖြစ်၍ မိဘတို့သည် မွေးကျွေးရကျိုး နပ်မည် ဖြစ်ကြောင်း မြတ်စွာဘုရားသည်ပင် ဒီပင်ကရာဘုရား လက်ထက်တော်မှစ၍ ဘဝများစွာ ကျင်လည်လာခဲ့ရာ၊ရဟန်းအဖြစ် (၉) ဘဝ သာရရှိခဲ့ကြောင်းမှတ်သားရဘူးရာ လူကြည်ညို၊-နတ်ကြည်ညို၊ပညာရှိသူတော်ကောင်းတို့ ချီးမွမ်းမြော်နိုးကြသော ရဟန်းအဖြစ်ကို ယူ၍ ကျေးဇူး ဆပ်လိုကြောင်းများကို ပြန်လည် လျှောက်ထားသဖြင့် ဆရာတော်ကြီးသည် တ သက် နှင့် တ ကိုယ် ဤ မျှ ဝမ်းမြောက်ဘူးသောအခါမရှိကြောင်းနှုတ်တော်မြွက်၍ နှစ်နှစ်ကာကာကြီး ချီးမွမ်းတော် မူပေသည်။

သို့ဖြင့် ဆရာတော်သည် ဒါထကာကြီး ဦးနိုင်အား စေခေါ်တော်မူ၍ အကျိုး အကြောင်းအမိန့်ရှိရာ, အနူးအညွတ် ခွင့်လွှတ်ရုံမျှမကဘိမိသည်ပင်မိမိ၏သားကိုချီးမြှောက်၍ သာသနာ့အမွေခံယူလိုကြောင်း လျှောက်ပြန်သဖြင့် ဗုံချီးလူ့ဘောင် ဆောင်သားကျေးဇူး ထူးသားရုပ်ချည် ကြည်သားစေတနာ အံ့သြ လောက်သော အင်္ဂါလက္ခဏာနှင့် ပြည့်စုံသည့်သားအဘကို ချီးကြူးမဆုံး နိုင်အောင်ရှိတော့၏၊ ဆရာတော် ကြီးမှာလည်း မိမိအကြံအစီ ထမြောက် အောင်မြင်၍ တကိုယ်လုံးပီတိ လွှမ်းလျက် ကြက်သီး တဖြန်းဖြန်းထကာ တက်ကြွ ဝမ်းမြောက်တော် မူလှသတည်း။

ထိုသို့အကြောင်းကြောင်း ညီညွတ်စွာဖြင့် ခမ်းနား ကြီးကြယ်သော မင်္ဂလာ ပွဲလမ်းသဘင်ယင်လျက် (၁၂၅၅)ခုနှစ်၊ ကဆုန်လပြည့်နေ့ နံက်{၉}နာရီ မိနစ်(၂၀) အချိန် သက်တော် (၁၉)နှစ် (၃)လ အရွယ်တွင် အဘိဓဇမဟာဂုရု ကျေးဇူးရှင် ညောင်ရမ်းဆရာတော်ဘုရားကြီး အလောင်းလျာ ရှင်ရေဝတသည် ပေါက်တော ဆရာတော်ကြီး အရှင်ဇမ္ဗူဒီပကိုဥပဇ္ဈာယ်ပြု၍ ကာရက သံဃာတော် (၂၀) ကျော်တို့ဖြင့်ပေါက်တောကျောင်းတိုက်-ခဏ္ဍသိမ်တော်၌ အရိယဝံသဥပသမ္ပဒဇာတ် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်သတည်း။

ဥပသမ္ပဒမင်္ဂလာသဘင်ပွဲကြီးယင်ရာတွင် အမြစ် အရင်း မပါဘဲ ဝါးတိုက်ကို အဆစ်အပိုင်းခုတ်ဖြတ်၍ မြေစိုက်သီးမျိုးစုံပဒေသာပြုလုပ်လျက် ရဟန်းသစ်အား လှူဒါန်းပူဇော်ရာ ငှင်းပဒေသာ ဝါးမှ အညွန့် အတက်အလက် ဝေဝေဆာဆာထွက်လာကာ ငှင်း အညွန့်အလက် အတက်တို့သည် ဆယ်နှစ်ကျော်စိမ်းရှင်စွာ တည်နေသောဟူ၏၊ သိမ်၌

သောလူကြီးသူမများ ယခုတိုင်ပေါက်တောတွင်ထင်ရှားရှိပေသေးသည်။

ရဟန်းဖြစ်သစ်စ(ဦးပဉ္စင်းကလေးဦးရေဝတ)သည် ဥပဇ္ဈာယ် ဆရာတော်ကြီးထံ ဒွေမာတိကာကို အနက် အဓိပ္ပါယ် အဆုံးအဖြတ်နှင့်တကွ ကျနစွာ သင်ယူလေသည်။

ရှေးဆရာတော်ကြီးများသည်သာမဏေများအားဝိနည်းပါဠိကို ချပို့ပေးရိုးမရှိ၊နေ့စဉ်အတွေ့အကြုံများသောသိက္ခာပုဒ်များကိုသာ ကျောင်းသား သာမဏေတို့အား နားလည်အောင် သင်ပြဆုံးမထားတတ်ကြ၏၊ဤသို့ဖြင့် ကျောင်းသားငယ် သာမဏေငယ်တို့သည် ဝိနည်းမသင်ရစေကာ လိုက်နာအသုံးပြုသင့်သော နည်းလမ်းစည်းကမ်းကိုနားလည်နေ၍ ရဟန်းတော်များနှင့် ဆရာသမား များအား သင့်ရောက်လွယ်သော အာပတ်မျိုးမှ လွတ်ငြိမ်းစေခဲ့ကြလေသည်။

သို့ဖြစ်သောကြောင့် ဦးပဉ္စင်းသစ်သည် သာမဏေဘဝက ဒွေမာတိကာ သင်ကြားခွင့်မရ၊ လိင်ဒတ် သေခိယ ခန္ဓကဝတ်တို့ကို သာသင်ကြားခဲ့ရရာ ယခုမှ ရဟန်းကျင့်ဝတ်တွေကို စုံစုံလင်လင် သိရှိနားသည် ရသဖြင့် (ရဟန်းကျင့်ဝတ်၊ တပါးတတ်က၊ လူနတ်ဦးခိုက်၊ ပူဇော်ထိုက်၏)ဟူသောလက်၊လေးဖြင့် တပါးမက အများကြီး တတ်နေပြီဖြစ်သော မိမိအတွက် တအားတက်ကာ ဝမ်းအသာကြီး သာနေလေသည်။

ငါသည် မြင့်မြတ်သော လူ့အဖြစ်ကိုလည်းရ၍၊ ဘုရား သာသနာ တော်နှင့် ကြုံကြိုက်၍ ရတနာသုံးပါးအား မိမိကိုယ်ကို အပ်နှင်းလျက် ဆည်းကပ်ကိုးကွယ်ခွင့်လည်းရ၏၊ မြတ်စွာဘုရား၏ သုတ္တန် အဘိဓမ္မာ ဝိနည်းတရားတွေကိုလည်း အနက်အဓိပ္ပါယ်နှင့်တကွ စုံစုံလင်လင် သိကြားနားလည်ရ၏၊ အရဟဒ္ဓဇ၊ ကာသာဝဟု၊ အရိယာတို့၏ အောင်လံတံခွန်ဖြစ်သော ဘုရားအရေတော်ကိုခြုံလျက် မြင့်မြတ်သော ဘုရားသားတော် အဖြစ် ကိုလည်းရ၏၊ မိမိ ကြံရွယ် သည့် အတိုင်း အမွန်မြတ်ဆုံးသောနည်းဖြင့် ကွယ်လွန်ပြီးသော မိခင်ကြီးအား ကျေးဇူးဆပ်ရလေစွဟု မိမိ၏, အရ တော်သော ဘဝကို တွေးလျက် တအားတက်နိုင်ခဲ့ပေသည်။

သို့ဖြင့် လိုလိုလားလား ဒွေမာတိကာကို ကြိုးစားသင်ယူရာ နယုန်သဆန်းတွင် ပါဠိမလုံးပုံ ကုန်ဆုံးပြီးမြောက်၍ နယုန်လကွယ်နေ့တွင် ဗျတ္တိ၊ ပဋိဗလ ဖြစ်သည်အားလျော်စွာ ဥပဇ္ဈာယ် ဆရာတော်ကြီး၏ အမိန့်အတိုင်း သံဃာဥပုသ်ပြုရာ၌ ပါတိမောက်ကို ဝိတ္ထာရုဒ္ဒေသ-အကျယ်အားဖြင့် ပြစွမ်းနိုင်ခဲ့သတည်း။

## အရှင်ဇမ္ဗူဒီပဓဇ, ပေါက်တောဆရာတော်ကြီး၏ အဋ္ဌုပ္ပတ္တိကျဉ်း

ကျေးဇူးရှင် ဆဋ္ဌသံဂါယနာ မဟာနာယက၊ အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီး၏ဥပဇ္ဈာယ်ဆရာရင်း

ဖြစ်သော ပေါက်တောဆရာတော်ဘုရား၏ အမွှာပွတ်ကို သိမှတ်သင့်သည့် အတိုင်း အကျဉ်းမျှ ဖေါ်ပြအပ်ပါကြောင်း။

မိတ္ထိလာမြို့ အရှေ့တောင် ခရီးခုနစ်မိုင်ကွာရှိ ရွှေယင်ဆိုင်း စေတီတော်ကြီး၏ အနီး ပန်းသွင်းရွာကြီးတွင် ခမည်းတော် ဦးပဲကြီး မယ်တော် ဒေါ်မြိုင်းတို့မှ ( ၁၂၁၄ )ခု၊ ဝါခေါင်လဆန်း (၅) ရက်။အင်္ဂါနေ့၊ အရုဏ်တက် ၄ ချက်တီး အချိန်တွင် ဖွားမြင်သည်။ အမည်တော်ကား (မောင်ပို)တွင်သည်။

အသက် ၁၀ နှစ်အရွယ်ဘွင်၊ကွက်ငယ်ရွာ မြောက် ကျောင်းကြီး–ပဌမ စာတော်ရ ဆရာတော်ကြီး ဦးရွှေကြာထံ အပ်နှံ လျက် ပညာ သင်ကြားစေသည်။ ၎င်း ဆရာတော်ကြီး၏တပည့် အရှင်သီရိက သူငယ်တို့ သင်ခဏ်းစာများ ကြပ်မတ် သင်ကြား ပေးသည်။ အရှင်သီရိသည် သနပ်ကန် ရွာ ကျောင်းသို့ ပြောင်းရွှေ့ သီတင်းသုံးသောအခါ၊ နောက်တော် ပါသွားပြီးနောက် (၁၄)နှစ်အရွယ်တွင် ၎င်း ဆ ရာ တော် ကို ဥပဇ္ဈာယ် ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ဘွဲ့မည်ကား ရှင်ဇမ္ဗူဒီပဇ,ဟု မှည့်ခေါ်သည်၊

သာမဏေ ဖြစ်ပြီး နောက် မန္တလေးမြို့ ဒက္ခိဏာရာမတိုက်–ပဌမစာချ ဆရာတော် အရှင် မာလာ ထံတော်၌ သဒ္ဒါ–သင်္ဂဟ-ဋီကာကျော်–အဘိဓမ္မာ ညဝါကျမ်းများကို ၎င်း၊ ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာ မိရာဇဂုရု တံဆိပ်တော်ရ ပဌမ ဒက္ခိဏာရာမဆရာတော်ကြီးထံ၌ နျာသသံပျင်စသော သဒ္ဒါကျမ်းများကို၎င်း၊ ပါရာဇိကဏ်ဂဏ္ဍိသစ်စသည် ပြုစုတော်မူသော အရှင် သုတဗုဒ္ဓိ၏ထံ၌ သဒ္ဒါကြီးစသော ကျမ်းများကို၎င်း၊ လေးမြတ် ကြိုးနှံစွာ လိုက်နာသင်ယူခဲ့လေသည်။

၁၂၃၄ ခုနှစ်- နတ်တော် လပြည့်နေ့၌ ရွှေယင်ဆိုင်း စေတီတော်ကြီး၏ မဟာရံပြင်ဘက် သိမ် ဓမ္မာ သောက မင်း ကြီး၏ ခဏ္ဍသိမ်တော်မြတ်၌ ကုက္ကုဋကုန်း ဆ ရာ တော်ကြီး အရှင်ကာဝိကို ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒမြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်သည် ရဟန်း ပြုပြီးနောက်– မူလဆရာရင်း သနပ်ကန်ရွာဆရာတော်ထံ၌၊ဋွေမာတိကာသင်ယူလျက်။ ဒက္ခိဏာရာမ ဘုရား ကြီး တိုက်သို့ ပြန်လာ၍ သုတ္တန် ဝိနည်း အဘိဓမ္မာ ပါဠိအဋ္ဌကထာ ကျမ်း များ ကို ကုန်စင် နှံ့စပ်အောင်သင်ယူလေသည်။၎င်းပြင်- ခဝိမ်းကန်ကျောက်ခေဝံဆရာတော်အရှင်နန္ဒမါလါ၏ အထံ၌ ၎င်း။ လှိုင်းတက်မြို့ ကန်သာ ငိုဏ်းထောက် ဆရာတော် အရှင်ပညာ ထံ၌၎င်း နေ့ဝါ ညဝါ ကျမ်း များစွာ တို့ကို သင်ယူခဲ့သည်။

ကန်သာ ငိုဏ်းထောက် ဆရာ တော်ထံ ပရိယတ္တိဓမ္မ တို့ကို သင်ယူဆဲ သိက္ခာတော် (၈)ဝါအရ (၁၂၄၂) ခု ဝါဆိုလတွင်။ ဟံသာဝတီ ဆင် ဖြူ ရှင် မင်း တ ရား ကြီး၏ မိဖုရား, ညောင်ရမ်း မင်းတရားကြီး၏ မယ်တော်-ပေါက်တောသူ မိဖုရား၏ ဘိုးဘွား

အသက် အနွယ်ဖြစ်သော ပေါက်တောရွာသူကြီး ဦးသွဲ၊ စစ်တောကန်ရွာ ကျောင်းဒကာ ဦးပုလေး၊ ဖိုး မိုးကြီး ကုန်းရွာ ပြသာဒ်ဒကာ ဦးစိ၊ ကျောင်းဒကာ ဦးပွားတို့ ၏ ပင့်လျှောက်ချက်အရ– ပေါက်တော ရွာကြီး၏ အနောက်ဘက် ၅ ကေခန့်ရှိသော မြေရာ၌ အရံနှင့်တကွ ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းသစ်ကြီး၌ တပည့်ပေါင်း (၄၀) ကျော်နှင့်တကွ စာပေပို့ချ တရားဓမ္မဟောကြား၍ သီတင်းသုံးတော်မူသည်.

(၁၂၄၆)ခုနှစ်တွင် ရှင်ဩဘာသ၊ အရှင်အဂ္ဂိယဝံသ အစရှိသော တပည့်ကြီး များအား ထားခဲ့၍၊ မန္တလေးမြို့ အနောက်ပြင်-ခင်မကန် တိုက်၌ သီတင်းသုံးလျက် ထိုထိ ကျော်ကြား တတ်မြောက်သော ဆရာတော်ကြီး များ ထံ ထပ်မံ၍ ပညာဆည်းပူးတော်မူသည်။

(၁၂၄၇)ခုနှစ်တွင်ပေါက်တောကျောင်းကြီး၌ ပြန်ရောက် သီတင်းသုံး၍ စာပေပို့ချခြင်း၊ တရားဟောခြင်းစသော သာသနာရေးကိစ္စတို့ကို ဆောင်ရွက်တော်မူသည်။ ၁၂၅၁ ခုနှစ်တွင် လှိုင်း တက် သူ ကြီး မင်း ဦးစံရာ ခုံမင်းကြီး ဦးဂန်။ ကျောင်းဒကာ ဦးစာဆို။ ကျောင်း အမ ဒေါ်သော စသော ဒကာ-ဒကာမတို့၏ ပင့်လျှောက်ချက်အရ– လှိုင်းတက်မြို့၊ ဓမ္မကျောင်း၌၊ တပည့်(၃၀)ကျော်နှင့်တကွ (တဝါ) တွင်ရောက် ချီးမြှင့် တော်မူသည်။

(၁၂၄၇) ခု နှစ် တွင် ပေါက် တော ကျောင်းကြီးကို မီးသင့်လောင်ရာ။ မန္တလေးမြို့–မိုးကောင်း ကျောင်း တိုက် အဂ္ဂ မဟာပဏ္ဍိတ ဘွဲ့ တံဆိပ် တော် ရ တပည့်ရင်း ညောင်ရမ်း ဆရာတော်၏ ပင့်လျှောက်ချက်အရ၊ ညောင်ရမ်း ဓမ္မကျောင်း၌ ကေစာရ, သမထဝိပဿနာ, နှစ်ဖြာအလုပ်၊ အားထုတ်တော်မူလျက် (၃) ဝါတိုင်တိုင် နေထိုင်ချီးမြှောက်တော်မူသည်။

(၁၂၈၂)ခုနှစ်–တပေါင်းလဆန်း(၁၀) ရက်နေ့တွင် မီး သင့် လောင် သော ပဌမကျောင်းကြီးနေရာတွင် တိုးတက်ကောင်းမွန်နိုင်ခန့်စွာ ဆောက် လုပ် လှူဒါန်း အပ်သော နှစ်ထပ် ဓမ္မ ကျောင်း ကြီး၌ ဘ ဝ နတ် ထံ ပြောင်းကြွစံသည်တိုင်, သီတင်းသုံး နေထိုင်တော်မူခဲ့ပေသည်။

ဆရာတော်ကြီးသည် သမ္မာ သမ္ဗောဓိ ဆုကို ပန်တော်မူသည်။ သိက္ခာတော်(၃၀)မှ စ၍ ရဟန်းခံ သိမ်သမုတ်မှ တပါးသော အလှူကိစ္စများကို လိုက်ပါတော်မမူဘဲ၊ ဝိနည်းငယ် လေးစောင် နှုတ်ငုံဆောင်၍၊ ဝိနည်း ဝိနယကတ်ကိုသာ တနေ့ (၃)ဝါ ပို့ချတော်မူ၏။ သံဃာ ဥပုသ် အမြဲ ပြု၍ လပြည့်နေ့ တိုင်း ကိုယ်တိုင် ပါတိမောက်ကို ဝိတ္ထာရုဒ္ဒေသအား ဖြင့် ပြု တော် မူ၏။ တိစီ ဝရိက် ဓုတင် ကောသနိက်ဓုတင် ဆောင်တော်မူ၏။ တနေ့ သုံးကြိမ် ဘုရား ဝတ်ပြု တော်မူ၏။ ဘုရားရှေ့တော်၌မီးလေးပွင့် အမြဲပူဇော်တော်မူ၏

ဝိနည်းလေးစောင် – ဓမ္မစကြာ - ပရိဘ်ကြီး နမက္ကာ ရ တို့ကို ည တိုင်း အလှည့် ကျ သရဇ္ဈာယ်တော်မူ၏၊

နေ့တိုင်း ဆွမ်း တခွက် ချက်စနစ်မနည်း ဆွမ်းဘောဇဉ်များကို တင် လှူ တော် မူ၏။ လပြည့်နေ့တိုင်း များပြားစွာသော ခဲဘွယ် ဘောဇဉ်တို့ဖြင့် ဆွမ်းတော်ကြီး ကပ်တော် မူ၏၊အဦးအဖျားခရှိသော ဝတ္ထု ပစ္စည်းများ ကို မြတ်စွာဘုရားအား ရှေးဦးစွာ လှူသော့ ရှိတော်မူ၏။ ပစ္စယ သန္နိဿိတ သိ လ ကို ဖြည့်ကျင့်ရာ၌ အထူး အချိန်အခါ မထားဘဲ ပစ္စည်းလေးပါးကို သုံး ဆောင်တော် မူ ဆဲ ခဏ၌ပင်လျှင် ဆင်ခြင်ခြင်းကိစ္စကို ပြီး ပြည့် စုံတော်မူ၏။

အထူးသဖြင့် ဒုစရိုက်မှ ကျူးလွန်သော ဒကာ-ဒကာမများကို ဥပုသ် စောင့်သုံးခြင်း ဖြင့် ဒါဏ်ပေးဆုံးမတော်မူသည်၊ တလလျှင် လေးကြိမ်၊ သုံးကြိမ်၊ နှစ်ကြိမ်၊ အယုတ်ဆုံး တကြိမ်ဖြစ်စေ မိမိတို့ တတ်နိုင်သမျှ ပဋိ ညာဏ်ခံလျက် ဥပုသ်စောင့်သုံးစေ၍ အိမ်၌ ဘုရားဝတ် အမြဲပြုစေတော်မူသည်။

နှစ်စဉ် တပို့တွဲ လပြည့်နေ့တိုင်း ဆန် တင်းရေ တခဲယ် အောက် မယုတ် သော ထမင်းနှင့် ကြီးစွာပြုလုပ်တော်မူသည်။

ဉာဏ်ပညာလည်း ထူးချွန် ထက်မြက် တော်မူ၏။ ကျောင်းသား (၁၀) နှစ် ရွယ် လောက်တွင် သဒ္ဒါ-သင်္ဂြိုဟ် သင်ယူသော အခါ စာအာဂုံနည်းသဖြင့် ပေတချပ်မျှ ချပို့ ပေးရာ၊စာကိုအနည်းငယ်မျှပြန်သောကြောင့် ရှေ့သို့ခေါ်၍ နှုတ်ငုံ အလွတ်ပြန်နိုင်းသည် တွင် အထစ် အငေါ့ အမှား အယွင်း မရှိ အကုန်အစင် ပြန်နိုင်ကြောင်းကို ဆရာရင်း သနပ်ကန် ဆရာတော်ကြီးက အမိန့် ရှိဘူး သောဟူသတတ်။

အသျှဝါဒ နှီးနှော ဆွေးနွေး ကြရာတွင် သူဘပါးက ပါဠိဝါကျ ရွတ်သမျှကို၊ကြားရုံ မျှနှင့် အာဂုံရမိ၊ အဓိပ္ပါယ်ပါထိုးထွင်းသိ၍ နားလည်အောင် ရှင်းလင်း ပြောဆိုနိုင်သော ကြောင့် ကျမ်းဂန်စကား ပြောကြား ရာတွင် ရှုံးသည်ဟူ၍မရှိဘူးချေဟူ၏။

တပည့်ချင်း ညောင်ရမ်းဆရာတော်သည် ကျောင်းသား ရှင်သာမဏေအဖြစ်ဖြင့် သဒ္ဒါ သင်္ဂြိုဟ်ကိုသင်ယူပြီးလျှင်၊ ဋီကာကျော်ကျမ်း ကို(၃)နှစ်ပတ်လုံးသင်ယူရာ၊ စာစပ် စော ဒနာအတွက် အတက်စသော နည်းနာချုံစွာ သင်ပြခြင်း၊သင်ပြသည့်အတိုင်း တပည့်အား ထပ်မံ ပြောဆိုစေခြင်းအားဖြင့် သေချာကျ နစွာ သင်ကြားပြသပေးတော်မူသောကြောင့် မန္တလေးသို့ ရောက်သောအခါငင်းကျမ်းကို အထူး ထပ်မံမသင်ကြားရတော့ဘဲ ကျမ်းရိုး အသွားအလာ၌ လိမ္မာပြီးဖြစ်သဖြင့်။ နှစ်ဝါ၊ သုံးဝါရကပင် စာချ ဓမ္မာစရိယ ဖြစ်ခဲ့ ခြင်း သည် ငင်းဆရာတော်ကြီး၏ ပညာ ပေးမှု နည်းစနစ် ကောင်းမွန်လှသောကြောင့်ဖြစ်၏။

အထူးခြားဆုံးမှာ ဆရာတော်ကြီးသည်၊ ပျံလွန်တော်မမူမီ (၈) နှစ်လောက်ကစ၍၊ ကျောင်းပေါ်တွင်(ခေါင်းနှင့်တကွ အလေးင်း

စင်)ကို အနီး၌ ဆင်ယင် ထားရှိစေတော်မူလျက် မရဏာသတိကမ္မဋ္ဌာန်း စီးဖြန်း ပွားများတော်မူသောဟူ၏။

ဤသို့အစရှိသောဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ကျေးဇူးရှင် ပေါက်တောဆရာတော်ဘုရားကြီးသည်၊ ၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း (၉) ရက် ကြာသပတေးနေ့ နံက်သက်တော်(၉၆)သိက္ခာတော် (၇၅)ဝါအရတွင် မနုဿခန္ဓာ၊ ငွေနှုံပယ်ခွာ၍၊ထက်ဒေဝါ နတ်နန်းသို့ကြွမြန်းတော်မူရရှာသတည်း။

(ကျေးဇူးရှင် ညောင်ရမ်းဆရာတော်ကြီး ရေးသားပြုစုတော်မူအပ်သော (ပေါက်တောဆရာတော်ကြီး၏ထေရုပ္ပတ္တိ သင်္ခေပကထာ) မှ ထုတ်နှုတ်ဖော်ပြအပ်ပါသည်။)

## ရဟန်းဖြစ်ပြီးတော်မူပြီးနောက် စာပေ သင် ကြား တော် မူ ခြင်း။

ရဟန်းဖြစ်သို့ ရောက်တော် ပြီး နောက် ဤ(၁၂၅၅)ခုနှစ်၊ ဝါဆိုလဆန်း(၆)ရက်နေ့တွင် သာသနာ့တက္ကသိုလ်ဟု ခေါ်ဆိုထိုက်သော မန္တလေးမြို့သို့ ပြန်ထည် ရောက်တော်မူလာ၍၊ အနောက်ပြင် စကုတိုက် ပြာသာဒ်ကျောင်း၌ ဘီတင်း သုံး နေ တော်မူပြီးလျှင် ကျောင်းတော် ဆရာတော်(အရှင်သာသန)၏ အထံတော်၌ ဝိနည်းဘက်ဆိုင်ရာ ကင်္ခါ အဋ္ဌကထာနှင့် ဋီကာများကိုရင်း၊ အဘိဓမ္မာဘက်ဆိုင်ရာ နေ့ဝါအဋ္ဌသာလိနီအဋ္ဌကထာညဝါ ပိဋိလက်ရိုး ယမိုက် အရ ကောက်ကျမ်းများကိုရင်း၊ သဒ္ဒါဘက်ဆိုင်ရာ ဘေဒစိန္တာ ကစ္စာယနသာရဂန္ထာဘရဏစသော သဒ္ဒါကျမ်းငယ်များကိုရင်း၊ စိတ်ရော ကိုယ်ပါ ကိုယ်တိုင်စာဆို၍ ကြိုးနှံစွာ သင်ယူခဲ့လေသည်။

စာ သင် သား သာ မဏေ ငယ် များကိုလည်း သဂြိုဟ် လက်သန်း အဋ္ဌ က ထာ၊ ကစ္စည်း သဒ္ဒါကြီး၊ ပုဒ်စစ်စသော ကျမ်းများကို အဓိပ္ပါယ် အကျယ်တဝင့် ပြောကြား၍ မှတ်သားနည်းယူလောက်အောင် ချပို့ ပေးတော်မူခဲ့သည်။

ရဟန်းအဖြစ်သို့ ရောက် တော်မူ သော ဤ(၁၂၅၅)ခုနှစ်မှစ၍၊ မိမိကိုယ်တိုင်လည်း နေ့ စာတဝါ၊ ည စာတဝါ လိုက်နာ သင်ကြားလျက်၊ စာ သင် သော တု ပျိုယုဇန (ရှမဝ)တို့အားလည်း၊ နေ့စာတဝါ။ ည စာတဝါ အမြဲမပြတ် ပို့ချပေးတော်မူခဲ့၏။

ဤအပြုအမူကပင်၊ ကိုယ် တိုင် ပြည့် စုံဖူလုံစေပြီးမှ၊ သူတပါးအကျိုးကို ဆောင်ရွက်မည်ဟူသော ကိုယ်ကျိုးကို ပဌမထားသည့် အတ္တဟိတအဓိကဟူသောဝါဒမရှိ၊ မိမိ အကျိုးနှင့် တပါတည်း သူတပါး အကျိုးကိုလည်း ပြီးပြည့်စုံစေခြင်းငှာ၊ ဖြည့် ဆွမ်း ချင်သော လိုအင် ဆန္ဒ ရှိကြောင်း လုံလောက်သော အ ထောက် အ ထား တ ရပ် ဖြစ်လေသည်။

ကျမ်းဂန်ရာ၊ လျှမ်းဉာဏ်ဝါ၊ ဘကယ်
မြင်လို့၊ ငယ်ရွယ်စဉ် သင်ကာ မွေ့
သော်ကြောင့်၊ အလေ့မှာ၊ လွန်ယဉ်

ကျေးတဲ့ပြင်၊ ပျံ့မွှေးကြိုင်သင်း။ ။
မျိုးနွယ်ဖြာ၊ ကိုးကွယ်ရာ- ပညာရှင်
မို့၊ ဘ, မိခင်ဂုဏ်ရည်- ဖြိုးတဲ့ပြင်၊
မညှိုးအောင် အာသရေတိုးသည် နှင့်၊
ကြောင်းရျာကို ကောင်းစွာမိုးပါလို့၊
မိုးနှံ့သွလင်း။ ။....ဟူသော ရှေး

ဟောင်း ကဗျာ သေတ္တာ၏ အဆိုကဲ့သို့ ဦးပဉ္စင်းလေး ဦးရေဝတ၏ ဆရာ တလှည့် တပည့်တချ၊ ခပ်တိုင်းငံသော၊ ဂုဏ်ရည်သတင်းသည်၊ ထိုစဉ်ကပင် ကျော်စောခြင်းသို့ ရောက်ခဲ့ပေသည်။

### ယူဝစာပေ

ဆရာတော်သည် ထိုဦးပဉ္စင်းငယ်အရွယ်ကပင် စာပေ ရေးသားရန် ကြိုး စား ဟန် လက္ခဏာရှိ၏။ သို့သော် မိမိ စာ များကို သတင်းစာများတွင် ထည့်ရန် ရည်ရွယ်တော်မူတန်ရာသည်၊ ထိုခေတ်နှောင်းပိုင်း၌ ထုတ်ဝေသော စာစောင်များတွင် ၎င်းကဲ့သို့ သော စာပေမျိုး အရေးအသားမျိုးကို တွေ့မြင်ဖတ်ရှုရပေ၏၊ အကြောင်း အရာ ရိုးသား သော်လည်း (က ) ကိုချည်း အားမကိုးသင့်ဘဲ၊ ဖွဲ့လုံ့လ-ဉာဏ်ပညာဖြင့် မိမိ၏ စီး ပွား ရှမ်းသာရေး အတွက်၊ ထထကြွကြွ လုပ် ကိုင်ကြရန် ရေးသားထားပေရာ၊ သိမှတ်ဖွယ်ဿည်းကောင်း၊ ငယ်ရွယ်စဉ် ရဟန်းငယ် ဘဝက စာပေလည်းဖြစ်ပါသောကြောင့် ဆရာတော်၏ ငယ်ဘဝကို အကဲခပ် နိုင် ကြ ရန် ဆရာတော်၏ လက်ရေးမူ တွေ့ရှိရသည့် အတိုင်း

ထည့်သွင်းဖေါ်ပြ လိုက်ရပေသည်။

### ကံအကြောင်း။

**လေ့ကကြိုး၌ ကံဆိုတာ ဘာကိုခေါ်သလဲ** ကံ ဆိုတာ အဘိဓမ္မာ အလိုအားဖြင့် အမှုကိစ္စကို ပြုလုပ်ကြောင်းဖြစ်သော စေတနာကို ခေါ်တယ်၊ ဝေါဟာရအားဖြင့် အမှုကိစ္စ ပြုလုပ်ခြင်းကြိယာ-ပြုလုပ်အပ်သော အမှုကိစ္စကို ကံခေါ်ပါတယ်။

ကံ၏ **အကျိုးဆိုတာ အဘကိုခေါ်သလဲ**- အဘိဓမ္မာအလိုအားဖြင့် ကံကြောင့် ရအပ်သော ပဋိသန္ဓေ ဝိပါက်စိတ်ကို ကံ၏ မုချ အကျိုးဟု ခေါ်တယ်-ဝေါဟာရ အားဖြင့် ပဝတ္တိအခါ ကုန်သွယ် ရောင်းဝယ် ခြင်းကြောင့် ရအပ်သော ဥစ္စာ ပစ္စည်း စည်းစိမ် ချမ်းသာကို အကျိုးဟုခေါ်တယ်၊ ၎င်းကံအကျိုးနှစ်ပါးသရုပ်ကို သေချာစွာ မှတ်၍ထားပါ၊ ကံသည် အတိတ်ကံ-ပစ္စုပ္ပန်ကံဟူ၍ နှစ်မျိုးနှစ်စားရှိ၏၊ ထိုနှစ်ပါးတွင် ရှေးအတိတ်ဘဝကပြုလုပ်ခဲ့သော ဒါနမှု-သီလမှု-ဘာဝနာမှု-ပညာသင်ကြားမှု စသည်ကို အတိတ်ကံဟုခေါ်ပါသည်၊ ယခုပစ္စုပ္ပန်ဘဝ၌ ပြုလုပ်ဆဲဖြစ်သော ဒါနမှု-သီလမှု-ဘာဝနာမှု-ပညာသင်ကြားမှု-ကုန်သွယ်ရောင်းဝယ်မှု-လယ်ထွန်မှု-အလုပ်လုပ်ကိုင်မှု စသည်ကို ပစ္စုပ္ပန်ကံဟု ခေါ်ပါသည်၊ ရှေးအတိတ်ဘဝက ပြုလုပ်ခဲ့သော ကံပင်ရှိငြားသော်လည်း-ယခုပစ္စုပ္ပန်ဘဝ၌ ပညာသင်မှု-ကုန်သွယ် ရောင်းဝယ်မှု- လယ်ထွန်မှု-အလုပ်

အကိုင် လုပ်မှုကံကို ဝိရိယဖြင့် မပြုလုပ်သည်ရှိသော်-ဥစ္စာစည်းစိမ်ကို မည်သည့်အခါမှမရနိုင်ပါ - မရကြောင်းကို လောက၌ အလွန်ထင်ရှားပါသည်။

လောက၌ပညာသင်ကြားခြင်းစသည်ကို အားထုတ်ခြင်း, ဝိရိယဖြင့် မနေမနား ကြိုးစား၍ပြုလုပ်ခြင်းသည် ကံကိုပြုသည်မည်၏၊ ထိုကံသည်ပင်လျှင် ဥစ္စာ စည်းစိမ် ရခြင်းအကြောင်းမည်၏၊ ပညာ တတ်ခြင်းသည် အကျိုးမည်၏။ ထိုပညာကံကိုအစွဲပြု၍ ဥစ္စာစည်းစိမ်ရခြင်းသည် အကျိုးမည်၏၊ ဥပမာ- လောကပစ္စုပ္ပန်ဘဝ၌ မြို့အုပ်- ဝန်ထောက်- အရေးပိုင်-မင်းကြီး-ဝတ်လုံပညာကို တတ်ခြင်းဟူသော အကြောင်းကံ ရှိသောသူသာလျှင် မြို့အုပ်ဖြစ်နိုင်၏၊ ဝန်ထောက် အရေးပိုင် မင်းကြီး ဝတ်လုံဖြစ်နိုင်၏။ ဥစ္စာစည်းစိမ်ကို ရနိုင်၏။ ယခုပစ္စုပ္ပန်ဘဝ၌ မြို့အုပ်ပညာစသည် မတတ်သော်သူတို့သည် ရှေးအတိတ်ဘဝက ပြုလုပ်ခဲ့ဘူးသောကံ ဘယ်လောက်များပင် ရှိသော်ငြားလည်း မြို့အုပ်စသည် မဖြစ်နိုင် သကဲ့သို့တည်း၊ သို့ဖြစ်၍ ယခုပစ္စုပ္ပန်ဘဝ၌ လုံ့လကြိုးကုတ် အားထုတ်၍ ပြုလုပ်သော အမှုကံ သည်သာလျှင် ဥစ္စာ စည်းစိမ်ကို ရခြင်း၏အကြောင်းရင်းအမှုကံဟု-မုချမှတ်ယူအပ်၏၊

တနည်းကား။ ။ကမ္ဘာ့လောကကြီး၌ အသက်မွေးမှုသည် ကံကိုမှီ၍ အသက်မွေးခြင်း-ဝိရိယလုံ့လကိုမှီ၍ အသက်မွေးခြင်း-ကံလုံ့လဝိရိယ နှစ်ပါးကိုအမှီပြု၍ အသက်မွေးခြင်းဟူ၍ သုံးမျိုးသုံးစားရှိ၏၊ ထိုသုံးမျိုးတို့တွင် နတ်ဗြဟ္မာပြည်၌နတ်ဗြဟ္မာတို့သည် ရှေးအတိတ်ဘဝ၌ပြုလုပ်ခဲ့သော ဒါနစသော ကံသက်သက်ကိုမှီ၍သာလျှင် အသက်မွေးကြကုန်၏၊ ထိုနတ်ဗြဟ္မာဘဝ၌ ဥစ္စာစည်းစိမ်ရခြင်း၏အကြောင်း တစုံတရာ အမှုကိစ္စကံကို မပြုရဟုမှတ်အပ်၏၊

လူ့ပြည်၌အချို့လူတို့သည် အတိတ်ဘဝ၌ပြုလုပ်ခဲ့ဘူးသောကောင်းမှုကံ နည်းပါးသည်ဖြစ်၍ ကျင့်လုပ်ခြင်းစသော လုံ့လဝိရိယကိုသာလျှင် မှီ၍သာလျှင် အသက်မွေးရကုန်၏၊ ဥစ္စာစည်းစိမ် ကြွယ်ဝချမ်းသာခြင်း မရှိဟုမှတ်ယူအပ်၏။

လူ့ပြည်၌ အချို့ သူ တို့သည်။ ရှေးအတိတ်ဘဝ၌ ပြုလုပ်ခဲ့ဘူးသောကောင်းမှုက ယခု ပစ္စုပ္ပန်ဘဝ၌ ကောင်းမှုပြုခြင်း၊ ပညာသင်ကြားခြင်း၊ ကုန်သွယ်ရောင်းဝယ်ခြင်း၊ လယ်ထွန်ခြင်း စသော အမှုကိစ္စကို အားထုတ်ပြုလုပ်ခြင်း၊ လုံ့လဝိရိယရှိခြင်း၊ ယင်းကံ ဝိရိယ နှစ်ပါးကို အမှီပြု၍ အသက်မွေးရကုန်၏၊ ဤသို့ရှေးကံပင် ရှိငြားသော်လည်း မွေးဖွားစဉ်က ဥစ္စာ ပစ္စည်းပညာပါ၍ လာမည်မဟုတ်၊ ပစ္စုပ္ပန်ဘဝ၌ ကုန်သွယ်ရောင်းဝယ်ခြင်းစသော ပြုလုပ်ဆည်းပူးမှု ကံကို လုံ့လဝိရိယဖြင့် ပြုလုပ်မှသာလျှင် ဥစ္စာစည်းစိမ်ချမ်းသာကိုရနိုင်သည်။ လုံ့လ ဝိရိယဖြင့် ကံကိုမပြုလုပ်က ဥစ္စာစည်းစိမ်ကို ဘယ်အ

ခါမှမရနိုင်ဟူ၍ မှုချမှတ်အပ်၏။ဥပမာ ယခု လောကကြီး၌ အတတ် ပညာ ပင် ရှိသော်လည်း ပညာအားလျော်စွာ အမှုကိစ္စကို မပြုလုပ်သောသူ ဥစ္စာစည်းစိမ်ကို မရသကဲ့သို့တည်း၊ ရှေးအတိတ်ကံသည်၊ပစ္စုပ္ပန်ဘဝ၌ လုံ့လဝီရိယကြောင့် ဥစ္စာ ကြွယ်ဝ ပေါများခြင်း၏ အကြောင်းမျှသာဖြစ်သည်။ ထို့ကြောင့် ရှေးအတိတ်ကံကို အလွန် အားမကိုး၍၊ယခု ပစ္စုပ္ပန်ဘဝ၌ မိမိ၏ လုံ့လဝီရိယဖြင့် ကြံပြုမှုကိုသာ အားကိုးကြရမည်။ ထို့ကြောင့် ရှေးဆရာတော်ကြီးတို့သည်(ဉာဏ်ရှိမှ ဟုတ်ရာမြင်သည်၊ ကံရှိမှဥစ္စာတင်သည် ဝီရိယရှိမှ ဥစ္စာရသည်၊ မပျင်းမှသာ ပညာရသည်ဟု စပ်ဆိုတော်မူကြသည်) ထို့ကြောင့် အို-လူအပေါင်းတို့ ကံကိုယုံ၍ ဆူးပုံကို မနင်းရာ၊နင်းလျှင် ဆူးစူး၏။ကံကိုယုံ၍မီးပုံသို့ မဆင်းရာ၊ဆင်းလျှင် မီးလောင်၏ဆိုသကဲ့သို့ ရှေးအတိတ်ကံကို လွန်စွာ အားမကိုးကြပါနှင့်၊ရှေးကံပင်ရှိသော်လည်းယခုပစ္စုပ္ပန်ဘဝ၌ ကုန်သွယ်ခြင်းစသော အမှုကိစ္စကို၊ ဝီရိယဖြင့် မပြုမလုပ်က ဥစ္စာစည်းစိမ်ကို မရနိုင်၊မပျင်းကြနှင့် ထကြကုန်လော-နိုးကြကုန်လော၊ကိုယ်ထိုးမှ ကိုယ်အကျိုးရ,ဆိုဘိသကဲ့သို့ အမျိုးသား အချင်းချင်း ညီညွတ်ကြ၍၊ရောင်းဝယ်မှုစသည်ကို အားထုတ်ကြကုန်လော အားထုတ်မှု ဝီရိယသည်ပင်လျှင် အလုံးစုံသောစည်းစိမ်ချမ်းသာ၏အကြောင်းရင်း မူလဖြစ်၏။ ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌.................

"သမ္မာအာရဒ္ဓံ သဗ္ဗာသံ သမ္ပတ္တီနံ မူလံ
ဟောတီတိ ဒဋ္ဌဗ္ဗံ" ဟု ပြ၏။

အနက်ကား၊သမ္မာအာရဒ္ဓံ၊လောကကြီး၌ အသက်မွေးမှုကို သမ္မာအာဇီဝဖြင့်ကောင်းစွာ အားထုတ်ခြင်း၊ ဝီရိယသည်။ သဗ္ဗာသံ အလုံးစုံကုန်သော၊သမ္ပတ္တီနံ-လောကီလောကုတ္တရာ စည်းစိမ်ချမ်းသာတို့၏၊ မူလံ=မူလအကြောင်းရင်းသည်။ ဟောတိ၊ဖြစ်၏၊ ဣတိ ဤသို့၊ ပဏ္ဍိတေန၊ ပညာ ရှိသည် ဒဋ္ဌဗ္ဗံ မှတ်အပ်၏။ ။

## မိုးကောင်းတိုက်သို့ ရွှေ့ပြောင်း သိတင်းသုံးတော်မူခြင်း။

(၁၂၅၆)ခု၊ ပြာသိုလဆန်း (၈)ရက်နေ့တွင် ဝေယာန်ဘုံကျော် မိုးကောင်းတိုက်သို့ရွှေ့ပြောင်း သိတင်းသုံးခဲ့သည်။ စကုတိုက်၌ ဝမ်းရောဂါ ဖြစ်နေသောကြောင့် တိမ်းရှောင်သော သဘောဖြင့်ဖြစ်၏။ (ကျောင်းကန်ခဏ်း)၌ အကျယ် တွေ့ရလတံ့ ဖြစ်ပေသည်။ သိတင်းသုံးတော်မူရာကျောင်းကား၊ ယခု ဗလဆန်စက်ပိုင် ဦးမြှင်-ဒေါ်ရင်တို့၏ တူမ ဒေါ်စောညွန့် ဆောက်လုပ်လှူဒါန်းအပ်သော စာချ ဆရာတော် ဦးဇောတိက သိတင်းသုံးတော်မူသည့် ဒေဝန်းကျောင်းနေရာဖြစ်၏၊ အမည်ကား-ထိန်ပင်ကျောင်း ဟူ၍ခေါ်သည်၊ကျောင်းပိုင်ဆရာတော်ကား ဒုတိယ စာချဆရာတော် အရှင်ပဏ္ဍိတဖြစ်သည်။

ရှေးကကျောင်းသို့လါရောက်အပ်နှံသေါ
တပည့်သစ်များကို အကြီးအကဲဆရာဟော
များသည် ပညာအရည်အချင်း အကျင့်စာ
ရိတ္တ စသည်ကို သေချာစွာ စုံစမ်း စစ်ဆေး
တော်မူသောဟူ၏၊ ယုတ်စွအဆုံး ပေထုပ်
ခေတ္တထုတ်ရာ စာအုပ်ထုတ်ရာ များမှာပင်
မိမိထုတ်ယူသောစာအုပ်ပေစာ၊ မိမိထုတ်ယူ
သောစာအုပ်တို့၏အမည်နာမများကို ဝိဂြိုဟ်
ဝစနက် ပြုလုပ်နိုင်းတတ်ကြ၍ မှန်ကန် ကြေ
နပ်မှ လိုရာပေထုပ်နှင့် စာအုပ်များကို ထုတ်
ပေးတော်မူတတ်သောဟူ၏။

ဆရာတော်တပါးထံ ဦးပဥ္စင်းငယ်တပါး
သဒ္ဒါကြီး ပေထုပ် ခေတ္တချီးမြှင့်ရန် လျှောက်
ထားရာ (အော်–ဦးပဥ္စင်းကလေးက သဒ္ဒါ
ကြီး ပေထုပ် ယူချင်သကိုး၊ နေပါဦးကွဲ့–
ဘာပြုလို့ သဒ္ဒါခေါ်သလဲ၊ ဘာကြောင့် ကာ
ရက ခေါ်သလဲ စသည်ဖြင့် သဒ္ဒါ ရှစ်စောင်
အမည်နာမများ၏ ယင်းသို့ ခေါ်ဝေါ်ခြင်း
အကြောင်းရင်းဗျုပ္ပတ်ကိုမေးမြန်းတော်မူရာ
ပြေလည်အောင် မဖြေကြားနိုင်သဖြင့်)(အိမ်း
ငါ့လဆီးပါမှဘဲ၊ ဘာလို့ သဒ္ဒါ ခေါ်မှန်းမှ
မသိ၊ မြ ီးစီးလို့မှ၊ အမမှန်း၊ အဖီးမှန်းမသိ
ဘဲ၊ မင့်ပေထုပ် – ထုတ်ပေး– ပေကြေရုံရှိ
တော့မပ)ဟု ထုတ်မပေးဘဲ ဆိုမည်လွှတ်
လိုက်ကြောင်း ဆရာတော်ကြီးများ အမိန့်ရှိ
သည်ကို နာယူရဘူးသည်။

ဤသို့သော ခေတ်ကြီးမှာ ရောက်သစ်စ
ဦးပဥ္စင်းလေးရှင်ရေဝတကိုလည်းကျောင်းပိုင်
ဆရာတော်ဘုရား ဟိုဂိုသည်သည့် ရှင်ရေဝတ
သင်ခဲ့ပြီးသောကျမ်းများမှ တင်း ခေါက် မေး
စမ်းကြည့်သည်၊ မေးတိုင်းဖြတ်ဖြတ်၊ သွက်
လက်စွာကြည်သည့်စွာ၊ ဖြေဆိုနိုင်သဖြင့် ပညာ
အရည်အချင်းအတွက် ကြေနပ်တန်သလောက်
ကြေနပ်ခွင့် ရခဲ့သည်။

စကုတိုက်မှာနေစဉ်ကပင် ဦးပဥ္စင်းငယ်
၏သဘောင်းကိုတစွန်းတစကြားသိပြီးဖြစ်သည့်
ပြင် ပြေပြစ်ဘင့်တယ်သော ရုပ်နိကာယ်ကို
မျက်ဝါး ထင်ထင် ရှုမြင်ရသည်ဖြစ်သဖြင့်
ကြည်ညိုဖိတ်သည်၊ ယိုဒတ် လှိုက်လှိုက်၊
သည်းရှုခိုက်မျှ ရှိသော်လည်း၊ သတိဘန်း
ချုပ်၊ ဉာဏ်ဖြင့်အုပ်၍၊ တွေးလုံး တနယ်
လွှဲကာ၊ ရှေးထုံးမပယ် ရဲသကဲ့သို့ ဖြစ်ရ
သည်။

"အသွင်အပြင်လှ၏၊ မသိမ္ဘာ၊ သာယာ
ချောင်း၏သဘော မဖြောင့်"ဟူသော သူကြီး
သူမတို့စကားကို ကျောင်းပိုင် ဆရာတော်
ဘုရားသည် တဉာဏ်ဆောင်း၍ ပြန်ပြောင်း
သုံးသပ်တော်မူမည်ဖြစ်၏၊ ပညာ အရည်
အချင်း ကိုက် မကိုက် မျက်မှောက်တင်းခေါက်
စမ်းသပ်ပြီးနောက်, အကျင့်စာရိတ္တကိုသိရန်
လိုပေ၏၊ အကျင့်စာရိတ္တကိုကားတင်းခေါက်
၍မဖြစ်၊ အကယ်၍ အကျင့်စာရိတ္တပျက်ပြား
နေသူပင် ဖြစ်စေကာ၊ မင်းအကျင့် စာရိတ္တ
ကောင်းရဲ့ လားသု မေးလျှင် ကောင်းပါ
တယ်၊ အားကြီးကောင်း၊ လွန်ကောင်း၊

အလွန့်အလွန်ကောင်း ဟူ၍သာ ဖြေကြားရာ၏။ မည်သူသည်မိမိအကျင့်စာရိတ္တမကောင်းပါဟု ကြောင်ကြောင် ဖြေဝန့်ပါ မည်နည်း၊ ဤသို့ မေးရိုးမေးစဉ်လည်းမရှိ။

ထို့ကြောင့် ဆရာတော်သည် ရောက်သစ်စ ဦးပဉ္စင်းငယ်၏၊ လုပ်ပုံ၊ ကိုင်ပုံ၊ ပြောဆိုဆက်ဆံပုံ၊ အသွားအလာ၊ အနေအထိုင်မှစ၍ တစေ့တစောင်းကြည့်ရှုအကဲခတ်တော်မူ၏ (ကိုယ်ပြု နှုတ်ပြော၊ သဘောအလား၊ ကျင့်မှုအားနှင့်၊ စကားဆိုက၊ ဇာတိပြ၏)ဟု လူကဲခတ်နည်း ထုံးတမ်းရှိသည့် အတိုင်း အိပ်သွန်ဖါမှောက် စုံစမ်းတော်မူသည်။

"အခင်းလှသူ၊ စာဂတန်သည်"ဟူ၍ရင်း "အသွေးအဆင်းလှ၏၊ အကျင့်ယုတ်သည်" ဟူ၍ရင်း၊ "ရုပကလျာ၊ လှတို့ပါလျက်၊ မှုလပျက်"ဟူ၍ရင်း။ ရုပ်ချောသူတို့အတွက်၊ ပျေးပျက်စေခဲ့သော ရှေးထုံးများက၊ ရဟန်းငယ်ရှင်ရေဝတအား ကျောင်းပိုင်ဆရာတော်၏ နှစ်နှစ်ကာကာ ယုံကြည်စိတ်ချမှုကို မပေးနိုင်ခဲ့ခြင်းသည်ပင်၊ ရဟန်း ငယ် အတွက် ကံကောင်းခြင်းဟူ၍ ဆိုနိုင်သည်။

ရှင်ရေဝတမှာမူ၊ ပင်ကိုယ်သဘောရင်းအတိုင်း၊ ကြည်လင်သော မျက်နှာ၊ သာယာချောင်သောအပြော၊ ရက်ရောသော နှလုံးဖြင့် ကျောင်းရှိ လုပ်ငန်း ဆောင် ဘွယ် များ ကို မိမိတာဝန်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ သေသေ သတ်သတ် စိတ်ရောကိုယ်ပါ လုပ်ကိုင်ဆောင်ရွက်လျက်၊ ဆရာတော် ဆုံးမ ညွှန်ကြားသမျှသော စကား ကိုလည်း လေးလေးစားစား လိုက်နာကာ၊ မိမိ၏ ပရိယတ္တိ စာပေသင်ကြားမှု၊ စာသင်သားများနှင့်လည်း ဖေါ်ရွေစွာ ဆက်ဆံ၍၊ ၎င်းတို့လိုအပ်သော မိမိစွမ်းနိုင်သည့် စာဝါများကိုပို့ချ ပေးမှုတို့ကိုလည်း မလစ်ဟင်း စေဘဲ အစွမ်း အကွက် မထင် အောင် နေထိုင်ခဲ့လေသည်။

သို့ အသဘောဖြူ၊ အရှစင်း၊ ပင် ကိုယ်ရင်း သဘာဝ ကောင်းမွန်လှသည်ကို သိမြင်ရမှ၊ ရဟန်းငယ်အား အားရကြေနပ်တော်မူကာ အတွင်းနေ လက်ရင်း တပည့် အဖြစ်·ဖြင့်’ အသိအမှတ်ပြု၍, ဆွမ်း-သွက်န်းစသော စာသင်သားတို့၌ လိုအပ်သော ပစ္စည်း၊ စာဝါ အချိန်ချင်း တိုက်ဆိုင်နေသဖြင့် မလိုက်နိုင်သော စာဝါများကိုလည်း ကိုယ်တိုင်ပင်ကြည်သာစွာ ချပို့ပေးတော်မူလျက်၊ အရေးတယူ ချီးမြှောက်တော်မူပေ၏။

ရုပ်အားလျော်ကပတ်၊ ဂုဏ်ညီညွှတ်မူ၊ ဆင်းမြတ်နံ့ကျော်၊ ပန်းနှင့်လျော်ဟု၊ ပေါင်းဖေါ်ကြချင်၊ ကျွမ်းဝင်ကြလို၊ ကြည်ညို ကြလင့်ဘုန်းပန်းပွင့်လျက်၊ ချီးမြှင့်လက်ပါး၊ ဦးထိပ်ထား၏…………

ဟူသော ရှင်မဟာရဋ္ဌသာရ၏ စကားသည်၊ ရှင်ရေဝတတို့လို ပသာဒနိယဂုဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့အတွက်၊ အားတက်ဘွယ်ပင် မဟုတ်ပါလော၊ ၎င်း ထိန် ပင်ကျောင်းတိုက်မှာ နေထိုင်၍၊ ချဝါ၊ လိုက်(၂)

ဗိုင်းခြားလျက်။ ထိုထို စာပေ ကျနု သော ဆရာတော်များထံ လိုအပ်သောစာဝါများ ကို လိုက်နာသင်ယူခဲ့သည်မှာ၊ ရဟန်းသိက္ခာ (၁၂)ဝါ ရသည့် တိုင်အောင် ဖြစ်၍၊ ချုပ်ိ တော် မူလာသည်မှာ၊ သက် တော် (၈၀) သိ က္ခာ တော် (၆၀) ရွယ် တိုင် အောင် ဖြစ်သည်။

## မိုးကောင်းတိုက် စာချဆရာတော်များထံ နည်းခံသင်ယူခြင်း

မိမိ လိုက်နာ သင်ယူ သော စာဝါများ တွင် ထိန်ပင်ဆရာတော် အရှင်ပဏ္ဍိတထံ၌၊ စကုတိုက်တွင် နေ့စဉ်က သင်ယူခဲ့ပြီးဖြစ် သော ကစ်ါအဋ္ဌကထာကိုပင် တဖန်ထပ်၍ ဆည်းပူး သင်ကြားပြန်သည်။

စာဟူသည် အလွန် ကျယ် ဝန်း၍ ခက် လည်းခက်ခဲ၊ နက်လည်း နက်နဲသည်။ ရှင်,လူ ပုဂ္ဂိုလ်တို့သည်၊ အမျိုးမျိုးရှိကြ၏။ ။ယင်းသို့ အမျိုးမျိုး ရှိ ကြ သလို၊ လို အင် ဆန္ဒ လည်း တမျိုးစီ၊ တ ခြားစီပင် ကွဲ ပြား စွာ ရှိသည်။ ယင်းသို့ လိုအင်ဆန္ဒ တခြားစီ ကွဲပြားလာရ ခြင်းမှာလည်း မိဘ, ဆရာ သမား စသော မှီခိုရာ အာရုံ၏ အာရမ္မဏ ပစ္စယသတ္တိဖြင့် ပြုပြင်ရျယ်လယ်မှုကြောင့်ပင်ဖြစ်ပေသည်။

မြတ်စွာဘုရား၏ တ ရား တော် သည်။ လိုရင်း အဆိစစ်၍၊ အနှစ် ထုပ် လိုက် လျှင် ဝိ မုတ္တိရသတပါးတည်းသာကျန်၏။သို့သော် လည်း ထိုအမျိုးမျိုးသော ပုဂ္ဂိုလ်တို့အတွက် မလွတ်တမ်း ရည်ရွယ်တော်မူ၍၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ထိ ကျယ်ပွားလာခဲ့ ရပေသည်။

လူသည် အချို ကြိုက်၊ အ ချဉ် ကြိုက်- အ စပ် ကြိုက်၊ အ ငန် ကြိုက် စသည်ဖြင့် တဦးနှင့်တဦး လုံးဝ မတူညီတတ်၊ ကွဲပြား ခြားနားသည်သာများသည်၊ အချဉ်ကြိုက်ပင် တူညီစေကာမူ ချဉ်လွန်းမှကြေနပ်သူ၊ အချဉ် ပျက်ကလေးမှ ခံတွင်း တွေ့သူ စသည် ဖြင့် မတူညီနိုင်ကြ၊ ကွဲပြားခြားနားလာပြန်သည်။

ဤသို့ ကွဲ ပြား ခြား နား၊ အဇ္ဈာသယ လိုအင်များသော သတ္တဝါ အားလုံးအတွက် မလွတ်တန်းရည်မျှော်တော်မူ၍၊ အချိုလိုက အဖြင်ဖြင်၊ အချဉ်လိုကအရပ်ရပ်၊ အစပ်လိုက အတန်တန်၊ အဖန်လိုက အစားစား၊ အခါး လိုက အသွယ်သွယ်၊ နည်းပရိယာယ် လှယ် ပွား၍၊ ကျယ်မွားစွာ ဟောတော်မူခဲ့လေ သတည်း။

ယင်းသို့အာရုံလှယ်ဆဲ့ လိုအင်ကွဲသည့် အနန်နန်ပုဂ္ဂိုလ်တို့မှာလည်း၊ အ ဖြာဖြာ သော နိသျည်း၊ အထွေထွေ သော နည်း တို့ ဖြင့်၊ သူလည်းတဖုံ၊ ကိုယ်လည်းတခန်း၊ ဆန်းရှ တိုင်းဆန်းနေကြပေ၏။

ထို့ကြောင့် ဝိဏ္ဏူတူညီသော တကျမ်း တဖွဲ့ထည်းပင် ဖြစ်စေကာ၊ ဆရာတဦးစီ တ ဦးစီထံမှ တမျိုးစီတမျိုးစီသော အသိဉာဏ် ပွင့်လင်းမှုကို ရယူနိုင်ပေသည်၊ (နမော ဗုဒ္ဓါ

ယသိဒ္ဓံ)ဟူသော စာပိုဒ်ငယ်ကိုပင် ကွဲပြားသော အဓိပ္ပါယ်ကို ရယူနိုင်ပေသည်။ အဓိပ္ပါယ်တမျိုးစီ မယူနိုင်ထားဘိဦးတော့ အစီအစဉ် အပြောအဆို၊ အကြိုအဆီ၊ အယူအဆ၊ အဆုံးအဖြတ်၊ ထုံးနည်း ဥပမာ စသည်ဖြင့် များစွာသော အသိဉာဏ်တိုးတက်မှုကိုပေးနိုင်ပေသည်။

(တကျောင်းတပညာ၊ တရွာတပုဒ်ဆန်း၊ တကျမ်းတဂါထာ) ဟူသော ရှေးဟောင်းစကားသည်၊ ဤသို့ပင်ရည်ရွယ်သည်ဖြစ်တန်ရာသည်။

မကြားစတောင်း၊ ထုံးဟောင်းကြားသိ၊ ကြားပြီးစဉ်စား၊ ကင်္ခါပျောက်ကင်း၊ ဖြောင့်စင်းအယူ၊ ကြည့်ခြင်းဟူသား ငါးဆူမှန်ချက်၊ ကျိုးဆက်မျက်မှောက်၊ လက်ငင်းရောက်၍၊ ဟူသော ဓမ္မသဝန အကျိုးငါးပါးကိုလည်း မြတ်စွာဘုရားသည်၊ ဤရည်ရွယ်ချက်ဖြင့်ပင် ဟောတော်မူသည် ဖြစ်တန်ရာသည်။

သို့ကြောင့် စာဟူသည် အတန်ကျယ်ဝန်း၍ ခက်ခဲနက်နဲလှ၏၊ အပြန်ပြန် အထပ်ထပ်၊ သင်နိုင်– အံနိုင်– မေးနိုင်– ပို့ချနိုင်မှ တော်ရုံတန်ရုံလောက်ရှိလေသည်၊ ထိုသည့် ထုံးတမ်း၊ နိသျည်းအဖုံဖုံ၊ စုံထက်စုံ၍၊ ကုံလုံလောက်ငြ၊ ထိတိုင်းရှုနိုင်ဘို့ရန်၊ ရဟန်းငယ် ရှင်ရေဝတသည် ယခုထိန်ပင် ဆရာတော်ထံမှာ သင်ပြီးသား၊ နည်းရပြီးသား၊ ကျမ်းကိုပင် ထပ်မံဆည်းပူးပြန်ခြင်းဖြစ်၏၊ ထိုသို့ အဖန်ဖန်အထပ်ထပ် ပွတ်တိုက်နိုင်မှုကြောင့် မကြာမီ အချိန် အတွင်း ဓမ္မာစရိယ စာချ တံဆိပ် ခပ်နှိပ်ကော်ရော် ပူဇော်သောက်ပံ့လျက် အချီးအမြှောက် ခံရသည်ကို တွေ့မြင်ကြရတော့အံ့။

မိုးကောင်းတိုက် သီပေါမင်း လက်ထက် ပဌမကျော် ဘွဲ့တံဆိပ်တော်ရ, စာချ ဆရာတော်(အရှင်နန္ဒိယ) အထံတော်၌ ယခင် စကုတိုက်တွင်နေစဉ်က တကြိမ်သင်ယူခဲ့ပြီး ဖြစ်သော အဋ္ဌသာလိနီ အဋ္ဌကထာ၊ ၎င်း၏ အဖွင့်ဖြစ်သောမူလဋီကာ၊ သုဗောဓာလင်္ကာရကျမ်းနှင့် ၎င်းအဖွင့် ဋီကာများကို သင်ယူခဲ့၍ ပဌမ စာချ ဆရာတော် (အရှင်မုနိန္ဒ) အထံတော်မှာ ဝိနည်း(၅)ကျမ်း ပါဠိတော်များ ဝိနည်း အဋ္ဌကထာများကို သာရတ္ထ စသောဝိနည်းဋီကာများနှင့်တကွ ကိုယ်တိုင် စာဆို၍ အာစရိယမုဋ္ဌိ လက်ဆုပ်မိအောင် သင်ယူလျက် ပြီးဆုံးခြင်းသို့ ရောက်ခဲ့သည်။

ဤဆရာတော်(အရှင်မုနိန္ဒ)သည် ရှင်ရေဝတ၏ဝိနည်းပင်မကို မြေတောင်မြှောက်ကာ ရင့်သန်ကြီးထွားစေခဲ့သော ကျေးဇူးကြီးမားသည့် ဆရာတော် တပါးဖြစ်သည်၊ ဆရာတော်သည် စာပေပရိယတ္တိ၌ ထက်သန်ထူးချွန်သော ဉာဏ်အမြင်ရှိတော်မူ၍ စာပေကြည့်ရှုတော်မမူ၊ "စာချ တုံး"ခေါက်ခါမှ ရောက်လာကာ စာချလေ့ ရှိတော်မူသည်၊ ထိုသို့ စာကြည့်–ပေမကြည့် ပို့ချသော်လည်း ပါဠိဆိုလျှင်, နိဿယနှင့်လည်းမချွတ်၊ အဋ္ဌကထာနှင့် လည်းညီညွတ်၊ ဋီကာလာ

အဓိပ္ပါယ်သည်း သွတ်၍၊ အဆုံး အဖြတ် စကားညှပ်တို့ဖြင့် ဝေဝေဆာဆာကြီး ချပို့နိုင်၍ အဋ္ဌကထာဋီကာစသည် ချပို့ရာလည်း ထိုနည်း ၎င်းပင်, ဆိုင်ရာ ဆိုင်ရာ ကျမ်းလာ အဓိပ္ပါယ်တို့ဖြင့် မြှင်မြှင် ဆိုင်ဆိုင်ကြီး ချပို့နိုင်သော ဟူသတတ်၊ ဤမျှ စာပေ တတ်မြောက်ကျွမ်းကျင်၍ ဉာဏ်အမြင် ထက်သန်သော ဆရာတော်တပါးပင် ဖြစ်လင့်ကစား "ထမင်းနပ်ချန် ရေရက်မှန်"ဟူ၏သို့၊ ဘုန်းကံ ကားပါးတော်မူသည်။

## စာချဘုန်းတော်ကြီးများနှင့် မန်းမြို့တော်

မန္တလေးစာချဘုန်းကြီးတို့သဘာဝကား ဤနည်းနှင်နှင်များပေ၏၊ စာတွေမိုးပျံအောင် ဘဝင်ခိုက်အောင် တတ်နေစေကာ၊ စာချဘုန်းကြီးရယ်လို့ဖြင့် သကျသီဟအသင်းကြီး၏ ဆွမ်း ဆန်တော် ဆထောက် အပံ့မှ တပါး၊ မည်သည့် မြို့သူမြို့သား တယောက်ကမှ ချီးမြှောက် သည်ဟူ၍ မရှိသလောက် ရှားသည်၊ "ယောဘုယျဆရာဆိုသည် အပွကာရှိသေးရဲ့လေး"ဟု မှတ်ယူကြရသည်။

မန္တလေးမြို့ကြီးသည် နေရွှေတောင်ကြီးနှင့်တူသည်၊ နေရွှေတောင်ကြီးသည်၊ ကျီးငှက်ဘဲလာလာ၊ ဗျိုင်းငှက်ဘဲလာလာ၊ ဖိုးကွက်ဘဲလာလာ၊ ဥဒေါင်းဘဲလာလာ၊ နှံ့ရုပ်ဘဲလာလာ၊ လင်းတဘဲလာလာ၊ လာလာသမျှ ငှက်အပေါင်းကို အဆင်းအရောင်မခွဲခြားဘဲ၊ ရွှေရောင်ချည့်ဖြစ်စေသကဲ့သို့၊ ဤမန္တလေးမြို့ကြီးသည်လည်း အားလုံးကို ရွှေရောင်ဖြင့်သာပြီးစေသည်၊ ထို့ကြောင့် "စာချသော ဘာသော ညံ့သော ဆင်းရဲသည်သာများသည်။ ဤမန္တလေးမြို့မှာမှဘဲ၊ ဆင်းရဲပင်ပန်းခံကာ၊ ဤကဲ့သို့သော ဆရာတော်များက အဘယ့်ကြောင့် နေထိုင်တော်မူကြသနည်း။

မန္တလေးမြို့ကား၊ မြန်မာ ဧကရာဇ်မင်းတို့ နောက်ဆုံး ထီးနန်း စိုးစံရာဖြစ်၍ မြန်မာမင်းတို့၏ ချီးမြှောက် ထောက်ပံ့မှုဖြင့် သာသနာတော်ကြီး လွန်စွာစည်ကား ကြီးပွားခဲ့သည်၊ (၁၂၁၆)ခုနှစ် ဝါဆို သံဃာစာရင်း ကောက်ယူရာ, သံဃာတော် တသောင်းတထောင်ခြောက်ဆယ့်ခြောက်ပါး (၁၁၀၆၆)ပါး ရှိတော်မူ၏။ အကျဉ်းမှတ်ယူလွယ်အောင်........

(ဥဩတွံသံသာ၊ မန်းမြို့မြတ်သံဃာ)ဟု ရှေးလူကြီးများက မှော်ကွန်း ထိုးထားခဲ့လေသည်၊ ထိုသို့ သာသနာတော်ကြီးကို အားပေးချီးမြှောက်မှုကြောင့် စာတတ်ကျမ်းတတ် ဆရာတော် လေးများ ဆရာတော် ကြီးများသည်၊ (ထင်ပေါ်စင်တော်ကကောက်) ဟူသောအတိုင်း ဤမန္တလေးမှာသာ ရပေါင်းသိတင်းသုံးနေတော်မူကြ၍ သာသနာ့ တက္ကသိုလ်ဟူ၍ပင် ထင်ရှားခဲ့သည်။ ထင်ရှားသည့်အတိုင်းလည်း သာသနာတော်ဘက်မှာပေ လောကီရေး ဘက်မှာရော ပညာတတ်တွေ ပြည့်စုံလှသည်၊ သာသနာရေး ဘက်တွင်ဆိုလျှင် ပညာသမား သုတေသီများတို့အတွက်

နတ်တို့ဖန်ထားသော ရေကန်ကြီးသဘွယ် ဖြစ်ရျှသည်၊ ပညာစွယ်ပုံ ခံမြောက်သော ထိုထိုဆရာတော်များထံ လိုအပ်သောပညာရပ်များကို တနေ့ရာထည်းဖြင့် ဆည်းပူးရယူနိုင်ပေသည်။

ထိုသို့ ပညာရေး ဖူလုံမှုအတွက် သာသနာရေးကို သူမတူတန် အားပေး ပြုစုသော ဤပြည်ထောင်စု သမ္မတခေတ် တိုင်အောင် ပြည်ထောင်စုတဝှန်းလုံးမှ သုတေသီ ပညာသမားတို့ ဝင်သာမစဲ တသဲသဲပင် ဖြစ်ခဲ့ရသည်၊ မိမိတို့ပင်ပန်း ဆင်းရဲခံကာ နှစ်ရှည်လများဆည်းပူးလာခဲ့ရသော ပညာများကို ကိုယ်တိုင်လည်းခံစားခွင့်မရှိ၊သူတပါးလည်း ခံစားခွင့်မရှိဘဲ၊မည်သူသည် ဇာတ်မြှုတ်ချင်ပေလိမ့်မည်နည်း၊ ကိုယ့်အတွက်လဲ အကျိုးခံစားရ၊ သူတပါးလဲအကျိုးခံစားရ၍ နှစ်ဦးနှစ်ဘက်လုံး အကျိုးခံစားခွင့်ရှိမှု အတိုင်းထက်အလွန်ဖြစ်၍ ဆိုဘွယ်ရာမရှိ။

မိမိမခံစားရရှိစေ သူတပါးကို ဖြန့်ဖြူးဝေ၍ သူတပါးတို့ မိမိနည်းတူ တတ်မြောက်ကျွမ်းကျင်လာသည်ကိုတွေ့မြင်ရလျှင်, ဆင်းရဲခံရကျိုး–ပင်ပန်းရကျိုးနပ်နိုင်ရာသည် ဖြစ်၍ ကိုယ်တိုင်၏အတတ်ပညာကို စေတနာရှိရှိဖြင့် ဖြန့်ချိဝေ၄လို၊ ပညာပေးလို၊ ကိုယ့်ပညာကို အသုံးကျစေ လိုလှသောကြောင့် ဆင်းရဲခံနေကြသည်ဆိုလျှင် မှန်ကန်ပေလိမ့်မည်၊ ဆရာတော်များအတွက် မျှော်လင့်ချက်ကတော့ နေရာကျောင်းကုတ်၊ စားရာသပိတ်၊ အိပ်ရာဖျာကြမ်း၊ ထိုင်ရာသင်္ကန်းဖြင့် ချမ်းမြေ့သက်သာတော် မမူလှချေ၊ သို့သော် မိမိတို့ တတ်ကျွမ်းသော ပညာကို စေတနာရေစီးကမ်းပြိုနှင့်ဖြန့်ဖြူးဝေ၄ပေးရသည်ကိုသာလျှင် တကဲ့ သုခ ရိပ်ငြိမ်ဟု သဘောဖိုက်တော်မူကာ၊ အရသာ ခံစားတော်မူကြ ရှာလေသည်၊ အံ့သြဘွယ် ကောင်း၍ ကြီးမား လှ သော စေတနာရှင်ကြီးတွေပါတကား။

ဤကဲ့သို့ပညာပေးပုဂ္ဂိုလ်တို့တွင်(အရှင်မုနိန္ဒ)ဆရာတော်သည်း တပါး အဝင်အပါဖြစ်၏၊ ထို့ကြောင့်ပင် အစား အသောက် မဝတဝ၊ အဝတ်အစား မသှတပ၊ အနေအထိုင်မကျနနှင့် ဒုက္ခကိုလစ်လျူထားကာ၊ ခပ်မားမား နေနိုင်တော်မူခြင်းဖြစ်သည်။

သို့သော်လည်း တပည့်ရှင်ရေဝတသည် မိမိဆွမ်းခံရာမှ ရရှိသော ရဦးချဖျားကောင်းနိုးရာရာ ဆွမ်း ဟင်း ဘောဇဉ်များကို မိမိမိုးကောင်းတိုက် ရောက်ပြီးသော နှစ်လည့်လောက်ဆိမ့်စ၍ နေ့စဉ်ပို့သ လှူဒါန်းတော်မူသဖြင့် ဝမ်းရေးတာဝန် အတန်ကြောင့်ကြငြိမ်းတော်မူနိုင်ပေသည်။

## ဘုန်းကံပြည့်ဝ ရှင်ရေဝတ

ရဟန်းငယ် ရှင်ရေဝတသည်၊ မန္တလေးမှာ စာသင်သားဘဝနှင့်နေစဉ်- အတန်ပင်လာဘ်သပ်ပကာ ပေါများပြည့်စုံ၍၊ ဆွမ်းခံကြွတော်မူရာ၊သပိတ်နှင့် မနိုင်သောကြောင့်

ကျောင်းသားငယ်တယောက်၊ နောက်တော်က ဗျပ် ဆိုင်း နှင့် ပင် လိုက်ရ သော ဟူ၏၊ ဝါတွင်း သီတင်းနေ့တိုင်း ပင့်လျှောက် ထားအပ်သော အိမ်တော်ရာ ဘုရားဇရပ်များသို့လည်း ကြွရောက်ကာ၊ တရားချီး မြှောက်တော်မူရသေးသည်။ သူ၏ စာသင်သား ဘဝကတော့ ဝမ်း ပါး လောက် ပါ ပေ သည် တကား၊....။

မန္တလေးမြို့ကား (ဥဩတွံသံသာ၊ မန်းမြို့မြတ်သံဃာ) ဟူသော မင်းတုန်းခေတ် မှိုလုနီးပါး သံဃာတော် များ လှ သော ကြောင့် စာသင်သားသံဃာတော်များ တဝမ်းတခါး ဖူလုံ မျှတဖို့ ဆွမ်းဟင်း တာဝန် က လည်း မလွယ်ကူလှ၊ အတန် ငြိုငြင် ပင်ပန်း ကြရသည်။

နေ့စဉ်ဝတ်၊ သီတင်းစဉ်ဝတ် စသည်ဖြင့် နိဗဒ္ဓဝတ်ထား၍၊ ဆွမ်းလောင်း လှူဒါန်း ကြသည်ကား၊ အိမ်တိုင်းစေ့လောက် နီးပါးပင် ဖြစ်ပေသည်။ သို့သော်သံဃာတော် ဦးရေက မဘန်တဆ များနေ၍သာ ခက်ခဲခြင်းဖြစ်၏။

ပိဏ္ဍပါတ်ဆွမ်း ဝတ်လှည့်ရာတွင်၊ သာမဏေ ငယ် များ၊ သက်ကြီး ရွယ်ရင့် အိုမင်းသော ရဟန်းကြီးများအတွက်၊ ဆွမ်း၊ ဟင်း- တဝမ်း တခါး ဖူလုံသည် ထက်ပင် ပိုလွန်၍ ပြည့်စုံကြပေ၏ ထိုသို့သော ပုဂ္ဂိုလ် များကိုတော့ ရက်ရောစွာပင် လောင်းလှူတတ်ကြပေသည်။

အရွယ်ရောက်ရှိ၍ စာ ပေ ပ ရိ ယတ္တိ အားထုတ်ဆဲ ရှင်ရွယ်၊ ရဟန်းရွယ်အလယ်အလတ်တို့မှာကား၊ အတန်ပင် ပင်ပန်းဆင်းရဲ၏၊ စာကျက်နိုင် ပြန်နိုင်ဖို့ သင်ကြား အားထုတ်နိုင်ဖို့အတွက်၊ မန္တလေးကိုချည်း အားမကိုးနိုင်ကြ၊ သို့မဟုတ်-မန္တလေးကို အားမကိုးကြ၊ နောက်ပိုင်း ကိုယ့် မိဘရပ်ဌာန်မှ စားနပ် ရိက္ခာ ဆောင်ယူလာကြ၍သော်၎င်း၊ မှာယူပင်ပို့စေခြင်းဖြင့်သော်၎င်း။ အသိုက်အလျှောက် ဝမ်းရေး ဖြည့်တင်းလျှက်။ စာပေလွှခင်းကာ စာသဘင် ကျင်းတော်မူကြ၏ သူတို့လိုအရွယ်လတ်တို့အတွက်၊ ဆွမ်းတာဝန် အငြိုငြင်ဆုံးဖြစ်၏၊ သို့သော်-ချွင်းချက်တော့ရှိပါသေး၏။

အနေ ကြာ၍ မျက် မှန်း တန်း မိ သော ပုဂ္ဂိုလ်များနှင့် ပသာဒနိယဂုဏ်ရှင် ပုဂ္ဂိုလ် အရွယ်အလတ်များမှာမူ- လောင်း သူလည်း မရှား၊ လှူသူလည်း များလှပေ၏။ (ကံစမ်းချင်မန်း၊ ဥာဏ်စမ်းချင်ဆန်း) ဟူသည် အရွယ်ငယ်-အရွယ်ကြီးတို့ကိုမဆိုလို၊ အရွယ်လတ်ကိုပင်ဆိုလိုသလောဟု တွေးထင်မိပေသည်။

ပသာဒ နိယဂုဏ်ဆောင် - ရဟန်းရွယ် ရှင်ရေဝတမှာ ကိုယ်တိုင် အတွက် ပြည့်စုံတွင်မျှမက၊ ဆရာသမားကိုလဲ နေ့စဉ် ဝတ်ပြုနိုင်၊ သီတင်းသုံး ဘော်များကိုလည်း ပေးကမ်းဖြန့်ချိနိုင်နှင့်၊ မန်းကနက်မှာ၊ စမ်းတက် နေလိုက်ရသေးသည်။

ဆရာတော် အရှင်မုနိန္ဒသည်။ လူဖြောင့် စိတ်တို ပုဂ္ဂိုလ် မှန်ကြီး ဖြစ်သည်။ မဟုတ် ရှင်းရှင်း၊ ဟုတ်, ဘွင်းဘွင်း - ဒိုးဒိုးဒေါက် ဒေါက်ပြောဆိုပြုလုပ် တတ် ၍ အခအေခ အ မြည့်လွတ်သော တပည့် မရှိသလောက်ပင် ဖြစ်သည်ဆို၏။

ရှင်ရေဝတတပါး ကိုဖြင့်၊ ဒေါသရှင် သည် မီး ရေ တွေ့သကဲ့သို့။ ဒေါသငွေ့မ သန်းဘဲ၊ငြိမ်းချမ်းခွင့်ပေးတော်မူသည်၊(မိဘ ကို နိုင်လိုလျှင် နားသွင်း-၊ ဆရာကို နိုင်လို လျှင်ဝပ်စင်း )။ "ဟူသော ရှေးဟောင်းစ ကားကို ရှင်ရေဝတက လက်တွေ့ကျင့်သုံးခဲ့ သည် မဟုတ်ပါလော။

စာချဆရာတော် (အရှင်မုနိန္ဒ)သည်မန္တ လေးမြို့သား ဇာတိဖြစ်၍ အနောက်ပြင်ပွဲ ကုန်း ရပ်တွင်၊ ခမည်းတော် ဦးဝင်း၊ မယ် တော်ဒေါ်ပိုတို့မှ(၁၂၂၂) ခုနှစ်တွင်ဖွားမြင် ၍၊ ငယ်မည် မောင်မောင်ကြီး တွင်သည်၊ (၁၂၄၂) ခုနှစ်၊ တံခူးလဆန်း (၅) ရက် တနင်္ဂနွေ နေ့ တွင်၊ မကုဋာရာမ တိုက် စံကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍၊ ရဟန်းအဖြစ်သို့ရောက်သည်။(၁၂၆၀)ပြည့် နှစ်၊စတင်တည်ထောင်သော ပရိယတ္တိသာ သနဟိတအသင်းကြီး၏၊ မူလဩဝါဒါစရိယ ဆရာတော်တပါးဖြစ်၍၊ (၁၂၇၀) ပြည့်နှစ် တွင်မှ၊ စစ်ကိုင်းတောင်ရိုးသို့ကြွရောက်ကာ၊ အရည္ဉဝါသီခိုမြို့ သတင်းသုံး တော်မူ သ တည်း။ ။

## မိုးကောင်းဆရာတော်ကြီးထံ နည်းခံသင်ယူခြင်း

ထိုအချိန်တွင် မိုးကောင်း တိုက်ကြီး ၌ နာဂိန္ဒာဘိကဝိဓဇမဟာ ဓမ္မ ရာဇာဓိရာဇ ဂုရု၊တံဆိပ်တော်(၂)ထပ်ရ၊ မဟာဝေယာန် ဘုံကျော် ရွှေကျောင်းကြီး၌၊ သီတင်းသုံးနေ တော်မူသော ဆရာတော်ကြီးအရှင် နာဂိန္ဒ သည် နာယကအဖြစ်ဖြင့် အုပ်ချုပ်တော်မူ လျက်ရှိသည်။

ထိုဆရာတော်ကြီးသည်၊ တကျိပ်နှစ်ပါး သာသနာပြု၊ မူလနာယကတပါး ဖြစ်သည့် ပြင်၊ တောင်တော် သာသနာပိုင်ဆရာတော် လွန်ပြီးနောက်၊ တကျိပ်နှစ်ပါး ဂိုဏ်းကြီး၏ ဦးစီး နာယကအဖြစ်သို့ ရောက်၍၊ သာသ နာရေး ကိစ္စတို့ကို ခွဲခန့်ဆောင်ရွက်တော်မူ သည်၊ သီလဂုဏ် သမာဓိဂုဏ်တို့ဖြင့် တင့် တယ်ခြင်းရှိ၍၊ လောကီလောကုတ္တရာ စွယ် စုံတတ်မြောက်သော ပါမောက္ခကြီး လည်း ဖြစ်တော်မူသည်၊ အထူးသဖြင့် အဘိဓမ္မာ ဘက်ဆိုင်ရာ၌၊ သူမတူတန်အောင် ထူးချွန် တော်မူသည်။

၄င်း ဆရာတော်ကြီးထံ၊ အဋ္ဌသာလိနီ အဋ္ဌကထာ၊သမ္မောဟ ဝိနောဒနီပဥ္စပကြိုဏ် အဋ္ဌကထာများနှင့်၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး များကိုရင်း၊ ယမိုက်၊ ပဋ္ဌာန်း၊ညွှဝါကျမ်းကြီး များကိုရင်း လိုက်နာသင်ယူခဲ့သည်၊

ရဟန်းသိက္ခာ (၄)ဝါ ရပြီးသောအခါ ၎င်းဆရာတော်ကြီးထံ ညဝါ သင်ယူခြင်းလည်း နှစ်ခေါက်ပေါက်သည်၊ ဝိနည်း (၅)ကျမ်း ပါဠိတော်များချပို့၍လည်း(၆)ခေါက်ပေါက်သည်၊ တကျိပ်နှစ်ပါး သာသနာပြုဆရာတော်ကြီးများ၏ သိတင်းစဉ် အစည်းအဝေး တိုင်း၌လည်း အကျိုးဆောင် စာချအဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည်၊ ကျောင်းပိုင်ပုဂ္ဂိုလ်အဖြစ်ကိုလည်းရသည်။

(၁၂၅၉)ခုနှစ်၊ဝါဆိုပြီးသောအခါ နံက်(၉)နာရီအချိန် ပါရာဇိကဏ်အဋ္ဌကထာနှင့် သာရတ္ထဒီပနီဋီကာ။ နေ့ (၁၂)နာရီ အချိန် သဒ္ဒါကြီးနှင့် နျာသ, ညဉ့်၌ ပုဒ်စစ်ကျမ်း။ ပဋ္ဌာန်းအရကောက်ကျမ်းများကို ချပို့တော်မူရာ စာလိုက် သံဃာတော် (၁၀၀)ကျော်ရှိသောဟူသည်။

ကျောင်းပိုင်စာချပုဂ္ဂိုလ်အဖြစ်သို့ရောက်၍ ပရိသတ်များစွာ ရှိသော်လည်း စာပေသင်ကြားမှုကို ရပ်စဲတော်မမူဘဲ၊ ညနေ(၃)နာရီစာဝါချိန်ကို မိမိအတွက် သတ်မှတ်၍ ဝေးနီး ဝန်းကျင် ထိုထို ကျောင်းတိုက်တို့၌ သိတင်းသုံး၍ စာပေပို့ချတော်မူလေ့ရှိသော ထိုထို ဆရာတော်များထံ ရဟန်း သိက္ခာ (၁၂)ဝါရသည့်တိုင်အောင် အမြဲတန်းလိုက်နာ သင်ယူခဲ့သည်၊ ကိုယ်ကျိုး လည်းလုံ၊ သူကျိုးလည်းစုံစေသော ရွှေဘုံစံဆရာတော်လေးပါပေတည်း။

မနက် လေးမြှု၌ ပရိယတ္တိစာပေပို့ချချိန်ကို တနေ့အတွက် (၃)ပိုင်း သတ်မှတ် ထား၍၊ နံက်(၉)နာရီ, နေ့ (၁၂) နာရီနှင့် ညနေ(၃) နာရီ အချိန်တို့ဖြစ်၍၊ ဝါဆိုသပြည့်ကျော် (၉)ရက်နေ့၌ အများအားဖြင့် စာဝါများ စတင်ပို့ချလေသည်။

ဝါမဆိုမီ ဆဲ့ငါးရက်ဟန်သည် တာသတန်သည်က ကြိုတင်၍ အများမြင်နိုင်သော ကျောင်းတိုက်ပေါက်ဝ ဘုန်းကြီးများ၏ဝစ္စကုဋိနှင့် အခြား သတ်မှတ်ထားသောနေရာများတွင် (မည်သည့် ကျောင်းတိုက်၊ မည်သည့်ဆရာတော်သည်၊ မည်သည့်အချိန်၌ မည်သည့်စာဝါကို ပို့ချပါလိမ့်မည်) ဟု သက်ဆိုင်ရာပုဂ္ဂိုလ်များက စာဝါကြော်ငြာ ကပ်ထားတတ်ကြလေသည်။

ထိုစာဝါစာရင်းကို ကိုယ်တိုင် တွေ့ရှိရ၍ သော်၎င်း၊ တွေ့မြင်ရသော ပုဂ္ဂိုလ် များ က တဆင့်ပေါက်သည်ချ၍သော်၎င်း၊မိမိတို့နှင့် သင့်တော်သောစာဝါကို၊မိမိတို့ နှစ်သက်ရာ ဆရာတော်များထံ လိုက်နာသင်ကြားတော်မူနိုင်ကြလေသည်။

နီးလျှင်နီးသလို ဝေးလျှင် လျှောက်တော်မူကြလျက်။ ဝေး လျှင် လည်း ဝေးသည့် အလျောက်၊ ယာဉ်ရထားစသည်ဖြင့်။ အချိန်မှီ ကြွရောက်သင်ကြားကြရသည်။

နာမည်ရပြီး အချို့ဆရာတော်များကား စာကပ်တော်မူလေ့မရှိ၊ စာ သင် သားခြင်း

သတင်းနာ၍ လိုက်နာသင်ယူကြရ၏။ စာဝါ ပျေးဆွဲသော ဆ ရာ တော် များ ဖြစ်တန်ရာ သည်။ညဝါများအတွက်မူ၊ဘုရားဝတ်တက် ပြီးအချိန်လောက်တွင် အများအားဖြင့် ပို့ချ တော်မူကြ၏။သို့သော် ညဝါချည့်သက်သက် သီးသန့် ပို့ချတော်မူသော ဆရာတော်များ ကမူ–ညနေ(၄)နာရီခွဲ (၅) နာရီ လောက် တွင် ညဝါချိန် သတ်မှတ် ပို့ချတော် မူရေ သည်။

ရှေးယခင် အနောက်ပြင် ရ တ နာ မဋ္ဌု တုပ်လှမ်းတိုက်၊ထွန်းကားစဉ်က၊အရှေ့ပြင် တိုက်တော်မှန်ကျောင်း၊ ခင်မကန် စသော ကျောင်းတိုက်များမှ စာ သင် သား ရ ဟန်း တော်များသည်၊ တုပ် လှမ်း တိုက် သို့ ကြွ ရောက်၍ ညဝါလိုက်တော်မူကြသည်။

နံနက်စောစော မိမိတို့ ကျောင်းတိုက်မှ ဆွမ်းခံအနောက်ပြင်သို့ ရှေးရှုထွက်ခဲ့ကြပြီး၊ ဆွမ်းပန်းမျှတလောက်သောအခါ တုပ်လှမ်း တိုက်သို့ဝင်၍ ဆွမ်းဘုဉ်းပေး နေ့သန့်စဉ် တော်မူကြသည်၊ ၎င်းမှာပင်, နေ့တချိန်လုံး မာတိကာ၊ဓါတုကထာ၊ယမိုက်ပဋ္ဌာန်းစသော ညဝါကျမ်းများကို ဆည်းကပ် သင်ကြား၍ စာဝါပြီးစီးသော ညနေအချိန် သပိတ်ကိုယ် စီလွယ်ကာ မိမိနေရင်း အရှေ့ပြင် ကျောင်း တိုက်များသို့ ပြန်ကြွတော် မူကြရ၏၊ ဤသို့ နေ့စဉ်နှင့်အမျှ ကြွရောက် သင်ကြားခဲ့သော ဟူသည်။

မန္တလေးမြို့အရှေ့ဖျားနှင့်အနောက်ဖျား တနေ့တရက်လည်း မဟုတ် တနှစ်ပတ်လုံး ဤမျှလောက် ဝေးလံသော ခရီးကို နေ့စဉ် ကြွရောက် တော်မူလျက် ဤမျှ အပင်ပန်း အဆင်းရဲခံ၍စာပေသင်ကြားလါကြသည်မှာ မည်မျှပရိယတ္တိ စိတ်အား ထက်သန်တော်မူ ကြသည်ကို ခန့်မှန်းသိမြင်နိုင်ပေသည်၊ ဤသို့ ပင်ဆရာတော်များ၏.အလယ်ခေတ်၊ ယခု နောက်ပိုင်းခေတ်၊ စာသင်သားတို့မှာလည်း အဝေးတသီး၊ အနီးတသွယ်၊ ကိုယ့်ဂယ် ကုံင၊ ရွယ်တိုင်းရအောင်၊ ကြွရောက် သင် ကြားကြရလေသည်။

ထိုဆိုခဲ့ပြီးသော စာဝါ (၃)ချိန် အနက် နံက် နေ့လည်(၂)ချိန်နှင့် ညစာဝါတချိန်လုံး ပရယတ်တအတွက်သတ်မှတ်၍ ညနေ(၃)နာရီ အချိန်ကိုသာ မိမိအတွက် ပိုင်းခြားကာ ပညာအပေးအယူပြုခဲ့သည်၊ယခင်က(၇ ၅) ရာခိုင်နှုန်း မိမိအတွက် ဦးစား ပေးကာ ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ အတ္တ ဟိတအတွက် (၂၅)ရာခိုင်နှုန်းမျှထား၍ ပရ ဟိတကိုသာ ပိုမိုဆောင်ရွက်ခဲ့သည်ဟု ဆိုလို ပေသည်။

## မိုးကောင်းတိုက်သနိုင်းကျဉ်း

ဤခွဲ စကား အလျဉ်းသင့်၍၊ မိုးကောင်း ကျောင်းတိုက်ကြီးနှင့်သာသနာပြုမိုးကောင်း ဆရာတော်ကြီးတို့၏ အကြောင်းခြင်းတကို သိမှတ် သင့် သည် ဟု ထင် မြင် မိ ပါသော

ကြောင့် စိုးစဉ်းမျှ ဖေါ်ပြအပ်သည် ဖြစ်ပါကြောင်း။

(၁၂၁၁)ခုနှစ်တွင် ပုဂံမင်း၏ မြောက်နန်းမတော်(သီရိရတနာ စန္ဒာမဟေ) ဘွဲ့ခံမင်းတော်ရှိသော မိုးကောင်းမြို့စား မိဖုရားကြီးက "မဟာလောကရံသီ"ဒိမ်တော်ရာ ဘုရား အနောက် ဘက် ရှိ မြေနေရာတွင် ဘုံ (၅) ဆင့်စမြင်ခံ ပြာသာဒ် စနုအနောက် ဆောင်ပါရှိသော တိုင်ပေါင်း(၁၀၄၂)တိုင်ရှိ ရွှေပိန်းချ ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီး၍ (မဟာဝေယန်ဘုံကျော်) ကမ္ပည်းသပြီးလျှင်။ ပုသိမ်ဆရာတော်(အရှင် သဒ္ဓမ္မရံသီ)ကိုတင်ဘော်မှုသည်။ ကျောင်း အလှူခံပြီးနောက်၊ ၁၂၁၆ ခုနှစ်တွင် {သဒ္ဓမ္မရံသီ အရိယ ပရမ မဟာ ဓမ္မရာဇာဂုရု} တံဆိပ်တော်ရသည်။ဘုရင် လှူဒါန်းသော ကျောင်းများမှ ရွှေပိန်းချရသည်ဖြစ်ရာ၊ ညအခါဆောင်ကူးစဉ် တံခါး ဖွင့်မပေး ရှိသဖြင့်၊ အပြင်မှ တံခါးခွက်ကို လက်ဝါးဖြင့်ပုပ်ကာ "ဒိမ်းဖူ ဒိမ်းဖူ"ဟုပြောမှ ဖွင့်ပေး၍၊ ၎င်း ကျောင်းကြီးကို ရွှေပိမ်းချ၍ လှူရကြောင်း- ပြောရိုးပြောစဉ်ရှိသည်။

မိုးကောင်းမြို့စား မိဖုရား ခေါင်ကြီး က ဆောက်လုပ်လှူဒါန်းသည်ကို စွဲ၍။ မိုးကောင်းတိုက်ဟု ထင်ရှားသည်။ ပုသိမ် ဆရာတော် သီတင်း သုံး တော်မူ သော ကြောင့် ပုသိမ်တိုက် ဟူ၍လည်း ခေါ်ဝေါ်ကြ၏။ ၎င်းမိုးကောင်း မိဖုရားကြီး သည် အကောက်ဝန်



သို့ဖြစ်၍၊ မိုး ကောင်း ဝေယန် ဘုံကျော် ရွှေကျောင်းကြီးမှ ကျန်သော သစ် တို့ ဖြင့် ခမည်းဘော်အကောက်ဝန်က အကောက်ဝန်တိုက်ကို ဆောက်လုပ်သော ဟူသတတ်။

ပဉ္စမ သံဂါယနာတင် မင်းတုန်းမင်း တရားကြီး လက်ထက်၊ ၎င်း ဆရာတော် လွန်တော်မူပြီးနောက်၊ ဦးချို ဦးပေါက်တို့သည် ဆက်ခံအုပ်ချုပ်ကြသည်။ ယင်းနောက်-ကင်းဝန်မင်းကြီးကျောင်းတိုက်၊ အရှင် ဓမ္မရံသီ၊ အရှင်ပညာသာမိ၊အရှင်သဒ္ဓမ္မ၊အရှင် ဇဝန ထေရ် ၄ ပါးတို့၊၎င်းနောက် ရွှေကျင်သာသနာပိုင် ဆရာ တော် ကြီးကို လွှဲအပ်အုပ်ချုပ်စေတော်မူသည်။

၎င်းနောက် – သီပေါမင်း လက် ထက်တောင်တော် သာသနာပိုင် ဆရာတော်ကြီးကိုအပ်နှံ၍၊ယင်းဆရာတော်ကြီးက တောင်ပြင်–အောင်မြေ ရွှေဘုံ တိုက်၌ စာပေပို့ချ သီတင်းသုံး နေထိုင်တော်မူသော ' နာဂိန္ဒာဘိကာဝိဓဇမဟာဓမ္မရာဇဂုရု' တံဆိပ်တော်ရ တပည့်ကြီး အရှင် နာဂိန္ဒကို တာ ထားအုပ်ချုပ်စေတော်မူသည်။

## မိုးကောင်းမဟာဝေယန်ဘုံကျောင်း ဆရာတော်၏ မဟာထေရုပ္ပတ္တိကျဉ်း

၁၁၉၅–ခု ပြာသိုလဆန်း ၁၀–ရက် စနေနေ့ ဗန်ကိုမြို့၊ ဗြဟ္မဒတ်ရွာတွင် ဖွားမြင်တော်မူ၍ ငယ်မည် (မောင်သစ်ကြီး) တွင်သည်။

၁၂၁၄-ခု တပေါင်းလဆန်း ၁၁-ရက်နေ့တွင် ဖြူဟွဒဘ်ရွာ၌ လယ်ကောင်းကြီး ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ အခုံသံဃာ (၂၀) တို့ဖြင့် ပဌမ ဥပသမ္ပဒ မင်္ဂလာ။ ၁၂၁၅-ခုနှစ်တွင် အမရပူရမြို့သိင်္ပ နီတိုက် ခဏ္ဍသိမ်တော်၌ (မေဓါဘိဝံသ သိရိသဒ္ဓမ္မ ဓဇမဟာဓမ္မရာဇာဓိရာဇဂုရု) တံဆိပ်တော်ရ ပြည်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ တံဆိပ်တော်ရ ဆရာတော်(၅၀)ကျော် တို့ဖြင့် ဒုတိယဥပသမ္ပဒမင်္ဂလာ ခံယူတော်မူသည်။

ပြည်ဆရာတော် ရင်းပြည်တိုက် မှော်ဘီ ဆရာတော် အရှင်ဘေဇ၊ တောင်တော် သာသနာပိုင် ဆရာတော်၊ အောင်မြေရွှေဘုံ ဆရာတော်၊ မောင်းထောင် ဆရာတော် စသည်တို့ထံ၌ နေ့ဝါ ညဝါ ပရိယတ္တိဓမ္မ လေ့ကျက်ဆည်းပူးတော်မူ၍၊ နာဂိန္ဒာဘိက ဝံဓဇမဟာဓမ္မရာဇဂုရုပဌမတံဆိပ်၊ နာဂိန္ဒာ ဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဒုတိယ တံဆိပ်တော်တို့ကိုလည်း ရရှိတော်မူသည်။

ဖော်ပြခဲ့ပြီးအတိုင်း ၁၂၄၀-ပြည့်နှစ် မင်းအဖြစ်သို့ရောက်သော သီပေါမင်းလက်ထက်{မာလာလင်္ကာရ သိရိပဝရသဒ္ဓမ္မဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာ ဓိရာဇဂုရု} တံဆိပ်တော်ရ တောင်တော် သာသနာပိုင် ဆရာတော်ကြီး၏ လွှဲအပ်တော်မူချက်ဖြင့် မိုးကောင်းတိုက်ကြီးကိုအုပ်ချုပ်လျက်၊ သာသနာ့ဘါဝနိတ္တို့ကိုအားသွန်ကြိုးပမ်းထမ်းဆောင် တော်မူခဲ့၏။ တကျိပ်နှစ်ပါး သာသနာပြု ဂိုဏ်းကြီး၏ လက်ရွေး မဟာနာယကလည်း ဖြစ်ပေသည်၊၁၂၄၈-ခုနှစ်တွင် **အဘိဓမ္မတ္ထ သင်္ဂဟာမခုကျမ်း**ကို ရေးသား ပြုစုတော်မူသည်၊ ၁၂၆၄-ခု မန္တလေး ဇေယျဝတီတိုက် တွင် ပုံနှိပ်ပြီးဖြစ်၏၊ သို့-သာသနာ့အကျိုးကို သည်ပိုးရွက်ဆောင်တော်မူချင်း (၁၂၇၁)ခု နှစ် သက်တော်(၇၆)သိက္ခာတော် (၅၇)ဝါ အရောက်တွင် ဘဝနတ်ထံလွန်တော်မူသည် ဆရာတော်ကြီးမှ ဖြန့်ပွားထွန်းကားခဲ့သော တပည့်ပေါင်း များစွာတို့တွင် ယခု မျက်မှောက်ထင်ရှား ကျော်စောခဲ့သော မိမိသိ မှိသည့်ဆရာတော်များမှာ........

(က) ကျေးဖူးရှင် ညောင်ရမ်း ဆရာ တော်ကြီး။

(ခ) မန္တလေးမြို့ မစိုးရိမ် ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)။

(ဂ) မန္တလေးမြို့ ဆင်တဲ ဆရာတော် အရှင်ဇလ္လိယ(အဂ္ဂမဟာပဏ္ဍိတ)

(ဃ) ရန်ကုန်မြို့ ဘုရားဖြူ ဆရာတော် အရှင်ရာဇိန္ဒ(အဂ္ဂမဟာပဏ္ဍိတ)

(င) ပခုက္ကူမြို့မဟာဝိဇယာရာမတိုက် ဆရာ တော်ကြီး ( အဂ္ဂ မဟာ ပဏ္ဍိတ)။

(စ) ပုသိမ်မြို့ ကြေးနီကန် ဆရာတော် ( အဘိဓမ္မတ္ထ သင်္ဂဟ စောဒနာ သောဓနာဒီပက-စသည်ကျမ်းပြု)

(ဆ) အပျော်တော် ဆရာတော် အရှင် အာစရ(ဟိတောပဒေသဘာသာ ပြန်စသည်ကျမ်းပြု)။

(၆) ရေနံချောင်းမြို့ ရွှေစေတီ ပါဠိ တက္ကသိုလ် ကျောင်းတိုက် ဆရာ တော် အရှင် ဇဿိက စသည်တို့ ဖြစ်၏၊ မိမိတို့မသိမမှီသေါတပည့် များကား များပြားလှပွာသတည်း။

## အခြားစာ လိုက်သင်ကြားခဲ့သော ဆရာတော်များ

ထိန်ပင်ကျောင်း ဘုန်းကြီးလေး အရှင် ရေဝတသည်။ ရဟန်း သိက္ခာ ၁၂ ဝါတိုင် လိုက်ခဲ့သည်ကိုဆိုခဲ့ပြီ၊ ၎င်းစာ လိုက်ခဲ့သော ဆရာတော်များကား၊ တကဲ့ပရိယတ္တိ ဝိသာ ရဒဂန္ထန္တရ ဗဟုဿုတ ကျော်စောထင်ရှား လှသောအရှင်သူမြတ်ကြီးများသာ ဖြစ်၏။

အနောက်ပြင် ခင်မကန်တိုက် မကုဋာ ရာမ ဆရာ တော် ကြီး အရှင်ခန္တီ ထံတွင် ဒီဃနိကာယ် ပါဠိအဋ္ဌကထာကျမ်းများကို သင်ယူ၍၊ အပြီး အဆုံးသို့ ရောက်ခဲ့၏။ ၎င်း ဆရာတော် ကြီးကား သုတ္တန်ဘက် ဆိုင်ရာ ကျမ်းဂန်တို့ကိုမြေတောင်မြောက်ပေးခဲ့သော ရဋ္ဌဂုရု ဗိသုကာကြီး တပါးပင်ဖြစ်၏။

(၎င်း ဆရာတော်ကြီးကား၊ ၁၁၉၈ ခု ဖွား၊ ၁၂၂၃ ခု ရဟန်းဖြစ်၊ ၁၂၇၉ ခုနှစ် ဘဝနတ်ဌာန်စံလွန်တော်မူသည်။)

၎င်းတိုက် ထိန်ပင် ကျောင်း ဆရာတော် (အရှင်သူရိယ) ထံမှလည်း သဒ္ဒါ သင်္ဂြိုဟ် ကျမ်းဂန်များကို တဖန်ထပ်၍သည်းပူးတော် မူ၏။

သဒ္ဒါ ကျမ်း သ င်္ဂြိုဟ် များ ကို ကျောင်း သားအရွယ်က တကြိမ်၊ သာမဏေအရွယ် က တကြိမ်။ ကျောင်းတော် ဆရာတော်ထံ တကြိမ်အားဖြင့် ၃ ကြိမ်တိုင်တိုင်သင်ကြား ပြီးဆုံးခဲ့ပြီး ကိုယ် တိုင် ပင် လည်း ချပို့၍ (၂ ကြိမ် – ၃ ကြိမ်) ထက်မနည်း ရှိခဲ့ပြီ။သို့ ကြောင့် (စာသင် သုံးနှစ်–အခြေ ဖြစ်)တန် ပြီဖြစ်၏၊ မိမိကိုယ်တိုင် အဋ္ဌကထာ ဋီကာ များကို ချပို့နေပြီဖြစ်လျက်။ ၎င်းဆရာတော် ထံ၌ သဒ္ဒါ သင်္ဂြိုဟ်ထပ်မံ၍ သည်းပူးတော် မူခြင်းမှာ ဆရာတော် (အရှင်သူရိယ၏) စာ ပေ အစချအပို့ကောင်းကြောင်းကို သာဓက ပြနေလေသည်။ စာပေ ပရိယတ္တိ သင်ကြား မှုဖြင့် မဝမအိနိုင်၊ မပုန်းနိုင်၊ မရှောင့်ရဲနိုင် သော အာသာရှင်တပါး ဖြစ်ပေသည်။

(၎င်းဆရာတော်ကြီးကား၊ရွှေဘိုဆိတ်ခွန် ဇာတိ၊၁၁၉၆ ခုဖွား၊ ၁၂၁၆ ခု၊ရဟန်းဖြစ် သည်။၁၂၇၂ ခု၊လွန်သည်)

ရတနာပုဂံတိုက်ဆရာတော်ကြီး(အရှင် ဉာဏာလင်္ကာရ)အထံတော်၌ ပါရာဇိကဏ်အ ဋ္ဌကထာကို ထပ်မံ သင်ကြားသည်။၎င်းဆရာ တော်ကြီးကား၊ရတနာ ပုဂံတိုက်ကို မူလ တည် ထောင် ရင်း ဆ ရာ တော် ဖြစ်သော ကြောင့် ပုဂံ ဆရာတော်ဟူ၍၎င်း၊စစ်ကိုင်း တောင် သိ တာ မုခ ချောင် ကို စတင်တည် ထောင်သောကြောင့် သီတာမုခ ဆရာတော် ဟူ၍၎င်း ကျော်ကြား တော် မူ၏။ သင်္ဂဇာ ဆရာတော် ပဋ္ဌမ မြတောင် ဆရာတော်ကြီး များအနွယ်ဖြစ်တော်မူသည်။

ရှမ်းသာကြီး တောင်တိုက် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ၊ ရှမ်းသာကြီး ဆရာတော်(အရှင်ပဏ္ဍဝ)၏အထံမှာလည်း မူလဋီကာ(ဋ္ဌါရကဘာ)နှင့် မဏိဒီပဋီကာ တို့ကို သင်ကြားဆည်းပူးတော်မူခဲ့၏။

ဤဆရာတော်ကြီးကား၊ ဒီပဲယင်းမြို့နယ် ပေါင်းတောင်ကျေးရွာဇာတိခံသည်းတော်ကား မင်းတေဇရဲသူ ဘွဲ့ခံစာရေးတော်ကြီး။ မယ်တော်ကား ဒေါ်ချက်ဖြူဖြစ်သည်။ ၁၂၁၄ ခု ဝါဆိုလဆုတ် ၇ ရက်၊ ကြာသပတေးနေ့ဖွား။ ၁၂၃၀ ပြည့်၊ ဝါဆိုလဆန်း ၁၅ ရက်နေ့ နံနက် ၁၀ နာရီ အချိန်၊ ပံ ကျောင်း ဆရာတော်ကြီးကို ဥပဇ္ဈာယ် ပြု၍၊ သုဓမ္မာ သိမ်တော်တွင် ရဟန်းဖြစ်သည်။

၎င်းပြင် ဟောင်ပြင်မိုးထားတိုက် သုဇာတာဘိသိရိဓဇအဓိပတိပဝရမဟာ၊ ဓမ္မရာဇာဓိရာဇဂုရု၊ ဘွဲ့တံဆိပ်တော်ရ၊ မိုးထား သာသနာပိုင်ကျီဝန်ဆရာတော်ဘုရားကြီး၏ အထံတော်၌၎င်း၊ ဒက္ခိဏာရာမ ဘုရားကြီး တိုက်၊ တိုက်အုပ်ဆရာတော်ကြီး(အရှင်အာစရာဘိဝံသ,ဆရာတော်ဦးချန်တို့၏ထံ၌၎င်း၊ ရွှေရေးဆောင်တိုက် ပဏ္ဍိတဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ် တော်ရ၊ မိုင်းခိုင်း ဆရာတော်ကြီး အထံတော်၌၎င်း၊ ဝိနည်းဘက်ဆိုင်ရာ အဋ္ဌကထာများ၊ အဘိဓမ္မာဘက်ဆိုင်ရာ အဋ္ဌကထာများကို လေးလေးစားစား လိုက်နာဆည်းပူး ခဲ့လေသည်။

ထိုကဲ့သို့ဝေးသည်နီးသည်မဟူ၊ တကယ် စာပေ ကျနသော ဆရာတော် ကြီးများထံ မှောက် ကိုယ်တိုင်ရောက်လျက် ထောက် ထောက်ခံခံ, လိုက်နာသင်ယူခဲ့သောကြောင့် ပင် ၎င်း၏ အနာဂတ် ရေးသည်၊ တွေးလိုက် တိုင်းဝမ်းမြူးဘွယ်ရာဖြစ်သည်။

ထိုထိုဆရာတော်ကြီးများ၏ ကိုယ်တိုင် အဆက်ဆက် ဆင်ယင် သုံးစွဲ တော်မူလာ ကြသော ပစ္စည်းဘဏ္ဍာတို့ကို,တစုတပေါင်း တည်း သိမ်း သိမ်းဆည်း ထားရာ ရတနာ သိုက်ကြီးသဘွယ်၊ ပညာအသိအနှစ်တို့ဖြင့် ဖြည့်ကြွယ် လှသောကြောင့်လည်း ရတနာ (၇)ပါးတို့၏ အထူးထူးသော အရောင် တို့ဖြင့် ကွန့်မြူးလိုကုန်သော နတ်တို့သည် စိတြကူဋတောင်သို့ ကပ်ရောက် ကြကုန်ဘိ သကဲ့သို့ အထူးထူးသော ပညာရောင်တို့ဖြင့် တောက်ပြောင် ကွန့်မြူးလိုကုန်သော သုတေ သီတို့၏ ချဉ်းကပ်ရာ ဖြစ်ခဲ့ပေသည်။

ဤကဲ့သို့ ဆည်းပူး အပ်သော အတတ် ပညာ တို့နှင့် ပြည့်စုံခြင်း ကြောင့်လည်း ကောင်းကျိုးဖြိုးထွား၊ကြီးပွားတိုးတက်လာ သည်၏ အဖြစ်ကို ဆင်ခြင် မျှော်မှန်း နိုင်ပေ သတည်း။

### ကျေးဇူးရှင်

# ညောင်ရမ်းဆရာတော်ဘုရားကြီး

## စံလွန်တော်မမူမီ တလအတွင်းက အမိန့်ရှိချက်ကြောင့် မန္တလေး၌ကျန်ရစ်ခဲ့သော တပည့်များ၏ တောင့်တပုံပြ

# အာသီသဂါထာများ

**၁။ ဖဂ္ဂုနမာသဇုဏှာယံ၊ အာဂမိသာဒိ သောအဟံ။**
**ဒိဝံ ဘော ဝစနံ သုတွာ၊ ပသာဒိအာဂတိနုဘံ၊ ။**

ဖဂ္ဂုနမာသဇုဏှာယံ၊ သဲပုံစေတီ မွေ့သရိကို၊ လီလီဖူးမြင် ရှိဦးတင်၍၊ ထူးပင် သျှုဒါန်း တပေါင်းသွန်း၌။ ဝါ၊ ရဂုံမြှင့်တွင်း ထုံကြိုင်သင်းသည့်၊ ပင်မင်းရွှေဖီ ဗိရရီတို့၊ ဝတ်ရည်ကြည်သန်း ခါသွန်း၌။ ဝါ၊ သဲငွေစေတီ၊ မွေ့သရိအား။ ရွှေဖီပန်းမြဘ်၊ လန်း ဆပ်ဆပ်ကို မှန်းကပ်သျှုဒါန်း၊ ခါနွေဆန်း၌ သောအဟံ၊ ဗုဒ္ဓမွေ့နှစ် နှောင်တခေတ်၌ တည့်ရစ်စေချော် ငါဆရာတော်သည်။ အာဂမိသာဒိ၊ ချိန်ခါသင့်မသင့်, ဥာဏ်ဖြင့်ချင့်၍ အခွင့်ကိုရှာ ပြန်လာခဲ့ပါအံ့။ ဒိဝံ၊ ဤသို့။ ဘော၊ သံယာ့ဥသျှောင် အခေါင်ထိပ်ထား အရှင်ဆရာတော်ဘုရား၏။ ဝစနံ၊ ရွှေနှုတ်တော်ထွက် လှန်လေးနက်သည့် မိန့်မြွက် ခွန်းဟ စကားစကို။ သုတွာ၊ တဆင့်စကား တဆင့်နားဖြင့် နာကြားရပါသောကြောင့်၊ အဟံ၊ ပညာနို့ဆာ စို့ချင်ရှာ၍ အာအာဒုက္ခဲ ငိုမစဲဘဲ အမြဲ မည်အော် တပည့်တော် သည်။ ဝါ၊ ပညာနို့မှာ၊ ခွါတခွါမို့၊ လာ့သာပါယော့၊ အားအင်ပြော့၍၊ တမော့မော့ မျှော်၊ တပည့်တော်သည်။ အာဂမိနုဘံ၊ ဗျာန်သမာပတ် စက်ရဟတ်ကို မဂိတတ် လာထင် ထက်ကောင်းကင်သို့။ ဝါ၊ ရေပြင်-မြေပြင် ခြေမတင်ဘဲ ထေရ်ရှင်လာလတ်

ဝဟင်ရပ်သို့။ ဝဿာမိ၊ ရွှေလည်ယိမ်းယိုင် ထိမ်းမနိုင်ဘဲ ငေးမှိုင်ရှော်ရမ်း ခေါ်ဝေါ်ဟမ်းလျက် မျှော်မှန်းရှုစားမိပါဘုရား။ ။

၂။ နန္ဒ ဟေမန္တဝိမှန္တံ၊ ဖုလ္လိတံ ပိကကူဇိတံ။
ပန္နပဏ္ဏံ သပလ္လဝံ၊ ပဗ္ဗောဂ ကေန နံ အာဂတော။ ။

ဟေမန္တ ဝိမှန္တ၊ ဆောင်းရဲ့အကုန်, နွေရဲ့အစ, အကူးအပြောင်းမျှသည့် အကောင်းဆုံးကာလ လည်းဖြစ်ပေထသော၊ ဖုလ္လိတံ၊ သင်းပျံ့ပျံ့ကြိုင့်ကြိုင်၊ ပန်းဆိုင်ခိုင်တို့ မြိုင့်မြိုင်, တင့်တင့်၊ ဖွင့်ရှရှင့်ဖြင့်၊ အဆင့်ဆင့်ပွင့်၍ နေပေထသော၊ ပိကကူဇိတံ ဥဩ-မ,ဖို့,သံချိုချိုနဲ့၊ လူလိုနှိုးနှော(ဥဩဥဩ)လို့ တွန်ကြူရာအခါလည်း ဖြစ်ပေထသော၊ ပန္နပဏ္ဏံ၊ မတိ, တတိ၊ လေပြေမိက၊ ငုံ့ဘိဝါကြွန်၊ ရိုးညွှာတန်မှ၊ ပက်လံ ပြန့်ကျဲ၊ တွဲလဲလဲနဲ့၊ ဘယ်ပဲ ကျဆဲသော အရွက်လည်းရှိပေထသော၊ (ဝါ) ထေထိမခံ၊ နေ၏ ဒါဏ်ကြောင့်၊ ရှိကျန်ချိန့် အားအင်ခွေ၍ ဝင်းလဲ့ပျော့ပျော့ ကြွေကျတော့မည့် အရွက်လည်း ရှိပေထသော၊ မာသံ၊ တပေါင်းလဝယ် မန်းပြန်မယ်ဟု၊ ဤနယ်ရွှေနတ် ကြာကမုခ်က, ဝေါ်ထုတ်တောင်းတ, ( ဆရာတော်အမိန့်ရှိဘဲ ) တပေါင်းလသို့။ ပဗ္ဗောဂနန္ဒ၊စက္ကန့်, မိနစ် ရက်,လ ဖြစ်၍ တထစ်ဆင့်ခုန် အသင့်ရောက်ခဲ့တုံပြီ မဟုတ်ပါလားဘုရား.... အထ၊ ထိုသို့ တွက်စစ်ရောက်ခဲ့ပြီဖြစ်ပါလျက်။ ကေန၊ မည်သို့မည်ဝါ–မည်သို့သော အကြောင်းကြောင့်၊ န အာဂတော၊ မန်းသူ- မန်းသား တပည့်များကို သနား မညှာ မကြွသာဘဲ နေပါသလဲဘုရား။ ။

၃။ ဇဝံ အာသိသမာနဿ၊ ဘိဿဿ အနုကမ္ပနံ။
ဥပါဒါယ ပုနာ ဂန္တ၊ တေန သောကာ ပမောစယ။

ဇဝံ၊ ဤဆိုအပ်ခဲ့သည့်အတိုင်း၊ အာသိသမာနဿ၊ စိတ်ပြေ လက်ပျောက်-- ဘယ်ပုံပျောက်လည်း၊ တအောက် မေ့မေ့၊ တငွေ့ငွေ့နဲ့၊ မြေ့မြေ့ ကြွမ်းမှူ၊ ပမ်းလျှလျှနှင့်၊ တဘမ်းတ,ဘ၊ တမ်းတ ၍နေသော၊ ဘိဿဿ၊ အမိမဲ့ သား၊ ရေနည်းငါးသို့၊ အားထားရာကင်း၊ တပည့်ရင်းအား၊ အနုမွန်၊ လိုရာဘက်က၊ အချက်ပြ၍ မြှက်ဟ, ချီးမြှောက်၊ အစဉ် သနားစောင့်ရှောက်ခြင်းကို။ ဥပဒါယ၊မဏ္ဍိုင်ဗဟိုရ်၊ ရွှေမြင်းမိုရ်သို့၊ထည်ကိုယ်တခု အစွဲပြု၍၊ ပုနာဂန္တ၊ ညွှန်သည်ပိပိ၊ ဒဂုန်ဆိမ့်၊ ညာပြည်ရွှေမန်း၊ ဆန်တက်လှမ်း၍၊ ပြန် မြန်းတော် မူခဲ့ပါလော့။ တေန၊ ထိုးဟန်' နန်းဟန်

ကြွငှန်းဆန်တဲ့၊ မန်းဌာန်ပင်ရင်း၊ ထိုပြန်ကြွတော်မူလာခြင်းဖြင့်၊ မံ၊ မသွက်မသက် မထက်မျက်၍၊ ဘက်ဘက်မှာလို၊ တပည့်တော်ကို၊ သေးကာ၊ ရင်တွင်းဟိုယောင့် အသဲညှောင့်၍၊ အောင့်တောင့် နွေးတေး၊ ၄ အ ဆွေးမှ၊ ပမောစယ၊ အနန္တဂုဏ် ကျေးဇူးဟုန်ကို၊ တတုမြူးကွန့်၊ တတွန့် တွန့်၍၊ တလွန့် ဖြန့်ဝေ လွတ်စေ ကျွတ်စေ တော်မူလိုက်ပါ၊ နေ့နေ့နေ့အစွမ်းကဲ့သို့၊ သရေ့ သရေ အသနချွမ်းပါတဲ့၊ မထေရ်၊ မထေရ်- မထေရ် ညောင်ရမ်းဆရာတော်ကြီးဘုရား။ ။

၄။ သံဃာဓောတိပ္ပရိဗ္ဗာရီ၊ ထေရစန္ဒော ပသာဘယ်၊
သံဂီတိဂဂန် ဤဒီ၊ သောဝိ ရာဟုမုခ် ဂမီ။ ။

သံဃာဓောတိပ္ပရိဗ္ဗာရီ၊ မိုးစွန်တမှတ် ထွဲသည်ဘဲ၍၊ တုလှုပ်ခန့်ထယ် သံဃာ့ ကြယ်ဖြင့် အံ့ဘွယ်တနန်း ခြွေရံဝန်းလျက် ရှိပေသော။ ယော ထေရစန္ဒော၊ မသာလဲဘ သာလဲတ,သည်၊ သံဃာ့တန်းဆာ ညောင်ရမ်းဆရာတော် တည်းဟူသော လ, စန်း ရတနာကြီးသည်။ သံဂီတိဂဂန်၊ ကမ္ဘာတပိုက် ပဲ့တင်ရိုက်အောင် သိုက်မြိုက်ဆင်ယင် သံဂါယနာတင် တည်းဟူသော ကောင်းကင်ကို။ ပသောဘယ်ႋ ငွေရောင်ခြည်လွှင့် တမင့်မင့်နှင့် ဝင့်ဝင့်ဝါဝါ အဘင့်ကြီး တင့်စေပါပြီတကား။ ဤဒီ-ဤသို့ သဘောရှိသော။ သောပိထေရစန္ဒော၊ သံဃာ့ဦးခိုင် မဏ္ဍိုင်မိပတိ၊ တုပရှိခေါင်ဖျား ညောင် ရမ်းဆရာတော် ဘုရားတည်းဟူသော လ,ရထားကြီးသော်မှလည်း။ ရာဟုမုခံ၊ အိုင်နန် ခြွေမှ အင်အားပုသည့် ရာဟုထံရင်း သူ့ခံတွင်းသို့။ ဂမီ၊ နေလိုသေးကြောင်း ရေးသိုတောင်းလည်း အကြောင်းမပြန် လက်မခံသဖြင့် သက်နှံအပ်နှင်း၊ ဩဝိ-ကျဆင်း ရောက်ရချေပေါ့တကား။ ။

**ဓရှင်သဥ္ဇနံ၊**

ညောင်ရမ်းဆရာတော်ကျောင်း—မန္တလေး။

ထသာ မယံ နယံ ဂဏှံ၊ သဏှံ သမ္မာ ဝိနာယကံ။
ခမ္ဘဋ္ဌေ ဝိနယဉ္စ၊ ရက္ခေယျာမ သုပေသလာ။ ။
ကမေဝ တဿ အဏ္ဍာယ၊အဏ္ဍဝတိ သဘာသတိ။
သာသနံ မဏ္ဍိကာနဉ္စ၊ သာသနဿ စ ဝုဍ္ဎိယာ။ ။

တဿ၊ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ပွဲကြီးယင်၌ ထိပ်တင်နာယက သံဃာဥဩျာင်၊ နတ်ဘောင်ကြွမြန်း၊ ထိုကျေးဇူးရှင် ညောင်ရမ်းဆရာတော်ဘုရား၏။သဏှံ၊ မြေအောက်တည်နေ မြက်သစ်ရေသို့ ခွဲဝေပြက်ပြက် သိကွယ်ဖွက်သဖြင့် ညံ့သက်ပြ ကတော့ လွန်သိမ်မွေ့သော။ ဝိနာယကံ၊ နိဗ္ဗာန်သောင်နန်း တဘက်ကမ်းသို့ ဖြောင့်တန်းတိမ်းတိမ်းတိမ်း၊ ဆောင်ပေတတ်သော။ နယံ၊ ဘုရားဝါရင် နှစ်ဆီထုတ်၍ ဝေဝုစ်မလှယ် နည်းသွယ်သွယ်ကို။ သမ္မာ၊ ဆရာ့အညွန်း သွေမယွန်းအောင် ဦးစွန်းထိပ်ထက် မယ်န၊ နှက်သို့ နှစ်သက်ကြည်သာ ကောင်းလှန်စွာ။ ဂဏှံ–ဂဏှန္တော၊ ကမ္ဘာချက်မည် ကြွေးကြော်သည်တွင် ကိုယ်စိပြဟ္မ စရိယာကို ကျင့်ကြသောတူ လိုက်နာယူလျက်၊ သုပေသလာ၊ စာမရိသေးလျှင်၊ တမြင့်မြီးဆံ၊ ကျွတ်မည့်ရန်ကြောင့်၊သက်နှံသမှု၊ ရဲစွာပြုသို့၊ စတုပါရိ၊ သုဒ္ဓိလေးတန်၊ သီလဝန်ကို၊ လွန်စွာလေးမြတ် စောင့်ရှောက် တတ်ကုန်သော။ မယံ၊ ဆဋ္ဌထိပ်တင်၊ ကျေးဇူးရှင်၏၊ သွန်သင်နှုတ်နက်၊ ဦးထိပ်ရွက်လျက်၊ အားဘက်ကျင့်ကြံ၊ ဥာဏ်ရည်ကြွားကြွား၊ ငါတို့အများသည်၊ ခမ္ဘဋ္ဌေ၊ သုတ္တန် အဘိဓမ္မာ၊ နှစ်ဖြာပိုင်းဖြတ်၊ ဓမ္မမြတ်ကိုငင်း။ ဝိနယဉ္စ၊ ကိုယ် နှုတ် နှစ်အင်၊ အာပြစ်မြဲတိုင်း၊ ရှောင်ကြည့်လိုက်နာ၊နည်းနှစ်ဖြာဖြင့်၊အာဏာနှုန်းပြ၊အဆုံးအမ ဖြစ်သော ဝိနယကိုငင်း။ ရက္ခေယျာမ၊ ၅-ထောင်ရှည်မြဲ၊ စံတင်လေအောင်၊ စောင့်ရှောက်ကြပါကုန်စို့ဘုရား။

တမေဝ၊ ထိုသို့စွမ်းဆောက် စောင့်ရှောက်ခြင်းသည်ပင်လျှင်။ တဿ၊ ထိုကျေးဇူးရှင်ဆရာတော်ကြီး၏။အဏ္ဍာယ၊ကြောင်းရင်းသုံးချက် လွန်လေးနက်လျှင် ဆင့်တက်ပြည့်ဖြိုး ပြီးမြောက်ခြင်းအကျိုးငှါ။ အဏ္ဍဝတိ၊ နာယကကြီး ကျော်ဇွဲချီးလျက် အားသုံးခွန်ထုတ် ပြုလုပ်အပ်သော အကျိုးရှိသော သဘာ၊ သဘင်တော်မြတ် အထိမ်းအမှတ်သည်။ သတိ၊ ကမ္ဘာခန်းအောင် ဥဒါန်းထင်ရှားဖြစ်ရာ၏။သာသနံ မဏ္ဍိကာနဉ္စ သာသနာဖြိုးထွား ကြီးပွားရန်အလိုရှိသော သူတို့၏ငှင်း။ သာသနဿစ၊ အဏ္ဍဂမ္ဘ ရသဝိမုတ်သုံးပါးချုပ်သည့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ငှင်း။ ဝုဍ္ဎိယာ၊ ရှည်လှန်သောင်းဝက် တိုးတက်ထွန်းကား ကြီးပွားခြင်းငှါ။ (ဟောတိ)ဝင်ဇစ်မသွေ ဖြစ်ရပေသတည်း။

အရှင်အရိယဝံသ (ပါကာစွတန်)

# ဒုတိယပိုင်း။

## ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ မူလစာချအဖြစ်ကိုးကွယ်ခံရခြင်း။

၁၂၆၁ ခုနှစ်၊ နယုန်လပြည့်နေ့ သက်တော် (၂၆)နှစ်၊ သိက္ခါတော် (၆)ဝါအရတွင်၊ ပရိယတ္တိ သာသနဟိတ အသင်းကြီး၏ မူလ စာချ အဖြစ် ချီးမြှောက် ကိုးကွယ်ခြင်းခံရသည်။

၎င်း အသင်း ကြီး ကား၊ ဓမ္မာ စရိယ ဘွဲ့ကြီး ဟူ၍ပင်ခေါ် လောက်၏၊ ဓမ္မာ စရိယ ဟူသောဘွဲ့ထူးကို၊ ပဌမဆုံးတည်ထွင်၍၊ ချီး မြှောက် လှူ ဒါန်း ခဲ့ သော သာသနာ့ ရှေ့ဆောင်၊ သာသနာ့ ကျက်သရေဆောင်အသင်းကြီးဖြစ်ပေသည်။

သိပေါမင်းပါတော်မူပြီးနောက် (၁၂)နှစ်(၁၃)နှစ်ကြာ၊ ခေတ်ပျက်၊ အခါပျက် နိုင်ငံမငြိမ်မသက်ဖြစ်နေသဖြင့်၊ သာသနာတော် လျော့ကျ ဆုတ်ယုတ်လာသည်ကို၊ မျက်ဝါးထင်ထင် တွေ့မြင်ရသော၊သာသနာ့ဒါယကာ၊ သာသနာ့နုဂ္ဂဟ၊ သူတော်ကောင်းကြီးများက ဦးစီးဦးကိုင်ပြုလုပ်၍ သာသနာ့စောင့် ဆရာတော် ကြီးများ နှင့် တိုင်ပင် ညီညွတ်ပြီးလျှင် (၁၂၆၀) ပြည့်နှစ်၊ ဝါဆိုလတွင် ၎င်းအသင်း ကြီးကို စတင်တည်ထောင်သည်။

အသင်း၏ အဓိက ရည်ရွယ် ချက်မှာ သာသနာ့စောင့် သူရဲကောင်းများ ထွန်းကား ပေါ်ပေါက် ရေး နှင့်၊ ၎င်းတို့ အား ချီးမြှောက်ထောက်ပံ့ရေးပင်ဖြစ်၏။



သာ သ နာ စောင့် သူ ရဲ ကောင်း များ ဟူသည်၊ မူလစာချနှင့်သီးခြားစာချ ဓမ္မာ စရိယာ ဆရာ တော် များကို ဆိုလိုသည်။ ၎င်းတို့ကရှေ့တန်းမှနေ၍ရွတ်ရွတ်ချွန်ချွန် စာပေပရိယတ်ကို ပို့ချပေးတော်မူကြမှ သာလျှင် ပရိယတ္တိ ပြည့် ထောင် စု ကြီး တည်တန့်ခိုင်မြဲ၍ ပဋိပတ္တိ စား,ဝတ်,နေ, ပြဿနာကို လွယ်ကူစွာ ဖြေရှင်း နိုင်ပြီး လျှင်၊ ပဋိဝေဓ ငြိမ်းချမ်းသာယာမှုကိုရရှိ နိုင်ပေလိမ့်မည်။ ဤကဲ့သို့ ပွါးစီး လတံ့ သောအကျိုးကိုမျှော်၍၊ ဤအသင်းကြီးကို တည်ထောင်ထောက်ပံ့ကြပေသည်။

မူလစာချဟူသည်၊ ငွေကြိုးသတ်မှတ် သည့်မန္တလေးမြို့နယ်အတွင်း သီတင်းသုံး နေထိုင်၍ သုံးနှစ်အောက်မနည်း၊ စာပေ မပြတ်ပို့ချလျက် စာလိုက်သံဃာ(၂၅) ပါးအောက်မနည်းရှိသော စာချဘုန်းကြီး များကို အသင်းကြီးက ပရိယတ္တိသာသန ဟိတ မူလ ဓမ္မာ စရိယ (ပ၊ သ၊ အ၊ က) ဘွဲ့ပုံလက်မှတ်ကပ်၍(၁၂၆၀)ပြည့်နှစ်က စ၍ ယခုတိုင် ဆန်၊ ဆီ၊ ဆား၊ ငြုပ်၊ ကြက်သွန်စသည်တို့ကို လစဉ်ထောက်ပံ့ လှူဒါန်း ခဲ့ပေ သည်။ ဤ ကဲ့ သို့ အရည် အ ချင်း နှင့် ပြည့် စုံသော အသင်း ကြီး၏ အကိုးကွယ်ခံဆရာတော်များကို မူလစာ ချ ဆရာတော်ဟုခေါ် ဆိုသည်။

အ သ င်း တ ည် ပြီး နောက်( ၅ )နှစ် အတောအတွင်း စာမေးပွဲမကျင်းပဖြစ်ခဲ့

သေး၊ ၎င်းမူလစာချဆရာတော်များကိုသာ ထောက်ပံ့ကိုးကွယ်လျက် သာသနာပြုစု ခဲ့ကြသည်။

ထိုမူလစာချဆရာတော်တို့တွင်ရဟန်း သိက္ခာ( ၆ )ဝါမျှရသေး၍ အငယ်ဆုံးဖြစ် သည့်ပြင် အသင်းတည်ထောင်ပြီးနောက် ဒုတိယနှစ်တွင် ဓမ္မာစရိယအဖြစ် အကိုး ကွယ်ခံရသောကြောင့် လက်မွန်မူလစာချ ဆရာတော်တပါးလည်းဖြစ်လေသည်။

၎င်း ဆရာ တော်တို့၏ တပည့် ရဟန်း များထည်းမှ၊ ထူးချွန်သောပုဂ္ဂိုလ်ငယ်များ ကို အတိအကျ သိရှိ ထောက်ပံ့ နိုင်ရန် (၁၂၆၅)နှစ် နယုန်လတွင်မှ ပရိယတ္တိ သာသနဟိတအသင်း သက္ကျသိဟစာမေး ပွဲသဘင်ကြီးကို စတင်ကျင်းပလေသည်။ သက္ကျသိဟဘုရားမဟာရံတံတိုင်း အတွင်း အသင်းဇရပ်ကြီး၌ နှစ်စဉ်နှစ်တိုင်းကျင်းပ သည်ကိုစွဲ၍ အသင်းနာမည်ရင်း မပေါ် လွင်ဘဲ(သက္ကျသိဟစာမေးပွဲ)ဟုထင်ရှား လေသည်။

၎င်းစာမေးပွဲမှာ သီးခြားစာသင်တန်း သီးခြား စာချတန်း ဟူ၍ ၂-တန်းခွဲခြား ထားပြီးလျှင် သီးခြား စာချတန်း အောင် ပုဂ္ဂိုလ် တို့အား (....အဘိဝံသပရိယတ္တိ သာသနဟိတ ဓမ္မာ စရိယ)ပဒ္ဒွ တံဆိပ် တော်ဆက်ကပ်လှူဒါန်း၍ ( ၊သ၊အ၊က) အဖြစ်အသိအမှတ်ပြုကာ မန္တလေးမြို့တွင် သိတင်းသုံးသမျှ ကာလ ပတ်လုံး လစဉ် ဆွမ်းဆန်တော် ထောက်ပံ့ လှူဒါန်း ကိုး ကွယ်သည်။ သီးခြားစာသင်တန်းအောင် ရဟန်းတော်များအားလည်း၊ (ပ၊သ၊အ၊ခ) အဖြစ်အသိအမှတ်ပြုကာ၊ ၅-နှစ်ပတ်လုံး ကိုးကွယ်သည်။

သီးခြား စာသင်တန်း နှုတ်ထောက် အာဂုံနှင့် သဘော ရေးဖြေ ၂-ပိုင်းလုံး အတွက် ပြဋ္ဌာန်းထားသောကျမ်းစာများ မှာ (၁) ဓမ္မာတိကာ (၂) သဒ္ဒါကြီးပုဒ် စစ်စုံ (၃) ဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဆန်း၊အဘိဓါန်၊ (၄) သင်္ဂြိုဟ် (၅) မာတိ ကာ၊ ဓါတုကထာ၊ ယမိုက်အောက် ငါး ကျမ်းတို့ဖြစ်၍ နှုတ်ထောက်အာဂုံ စမ်း သပ် အောင် မြင် ပြီး ပုဂ္ဂိုလ် တို့ အား သဘော ရေးဖြေ ငါးရက် ဖြေဆို ရ၏။ (၂၇) နှစ်မကျော်လွန်သေးသော ရဟန်း တော်များသာ ဖြေဆိုခွင့်ပြုလေသည်။

သီးခြား စာချ တန်း၌ ဓမ္မသင်္ဂဏီ၊ သီလက္ခန်၊ ပါရာဇိကဏ်အဋ္ဌကထာကျမ်း ကြီးများကို၊ ရက်ခြား(၃)ရက်ဖြေဆိုရ၍၊ စာသင်တန်း အောင်ပြီးနောက်၊ ငါးနှစ် ဖြေဆိုခွင့်ရလေသည်။ စာသင်တန်း စာ ချတန်း ၂-တန်းလုံး၌ သက်ဆိုင်ရာကျမ်း တို့မှ၊ အဓိပ္ပါယ်၊ အဆုံးအဖြတ်ခက်ရာခက် ဆစ်တို့ကို အကြွင်းမဲ့မေးမြန်းနိုင်ပြီး၊ စာ ချတန်း ၌လည်း၊ ယောဇနာနည်း-သမ္ဗန် နည်း,အမျိုးမျိုး၊ အကျိုး အကြောင်း စပ်

ယှက်လျှက်, အတက် အထွက်နည်းအဝဝ၊ ဝါကျခွဲဝေဆုံးဖြတ်ပုံအရပ်ရပ်၊ ဓါတ်ရ, ပစ္စည်းရ, အာဘောဂသံဉာဏ်နာ, နည်းဥပစာ အခန်းခန်း၊ ပဋ္ဌာန်းနည်း, ဆန်းနည်း, အလင်္ကာ နည်း, နေတ္တိ နည်း, နိသျည်းစုံ၊ ကုံလုံအောင် မေးမြန်း လေသည်။

မန္တလေးမြို့၊ လေးပြင် လေးရပ်ရှိ ထင်ရှားသော ဆရာတော်များကို ပုစ္ဆာထုတ်ဆင် အမှတ် ချပေး စေ၍ တိမ်ယောင်နှင့် နက်သော မေးခွန်းများ၊ နက်ယောင်နှင့်နက်သော မေးခွန်းများကိုသာ ထုတ်ဆင် မေးမြန်းခြင်းများသောကြောင့်၊ ပုစ္ဆာက၏ ထောင်ညွှတ်မှ ရှောင်လွတ်နိုင်သော စာသင်သား နည်းပါးလှသည်၊ ဦးပေါ်ဦးလျှောက်ထားသကဲ့သို့ (ကြက်ဖကြီးနိုင်)နိုင်ခဲ့ရသည်ကများ၏။ ။

သို့ခက်ခဲသောပြဿနာတို့ဖြင့် အရသ်အချင်းကို ပြောင်လက်စေခြင်း၊ လှူဒါန်းထောက်ပံ့မှုများပြားခြင်း၊ အသင်းလူကြီးများ၏ ကိုယ်ကျိုး ကိုယ့်စီးပွါး အပျက်အကွက်ခံ၍မဆုတ်မနစ် တည်တန့်ဖြောင့်မတ်စွာ အားထုတ် ဆောင်ရွက်ခြင်း စသော အကြောင်း တို့ကြောင့်၊ စာမေးပွဲသမိုင်း၏ခေါ့ဆုံးတန်း၌ မားမားမတ်မတ်ကြန့်ကြန့်ခိုင်ခိုင် တိုးတက်ကြီးပွါး၊ ထင်ရှားဆဲပင်ဖြစ်သည်။

ဤစာမေးပွဲကြီး၏ စည်းမျဉ်း ဥပဒေများကို၊ မူလ ရေးဆွဲတော်မူခဲ့သည့်ပြင် နောက်ထပ်လည်း၊ (၂) ကြိမ် ပြင်ဆင်ပေးတော်မူခဲ့လေသည်။

မူလ စာချဖြစ်တော်မူသည်ကစ၍ စာမေးပွဲကျင်းပတိုင်း နှစ်စဉ် နှစ်တိုင်းပင် မေးခွန်းပုစ္ဆာများကိုလည်း ထုတ်ဆင်ချီးမြှင့်တော် မူခဲ့လေသည်။ ဆရာတော်ထံ ဆည်းကပ်ခိုလှုံသော တပည့်ပရိသတ်များစွာတို့တွင်၊ သကျသီဟ စာမေးပွဲအတွက် ရောက်ရှိ လာသော၊ တပည့်တို့ သည်လည်း အတန်ပင် များ၏၊ စာမေးပွဲအတွက် နည်းပေးရာတွင် အပိုအလိုမရှိ တိကျလှသည်။

တပည့်များအား လက်ထောက်စာချကြီး၊ ငယ် များချပို့ခြင်းဖြင့်၊ ပြည့်စုံလုံလောက်ပြီဟု ယခုပံ့လွန်တော်မမူမီအချိန်အထိ၊ စိတ်ချကာ မျက်နှာလွှဲသည် မရှိ၊ ယုတ်စွ အဆုံး၊ကိုယ်တိုင် လေ့ကျင့်ခန်းမျှပင် ပြုလုပ် ပေးရမှ အားရ ကြေနပ်တော်မူသည်။

စာချတန်း ကျမ်းအစ ပ်ဝ်အ ဝက်လောက် အောင်မြင်ပြီး၍၊ အဋ္ဌကထာ ဋီကာ၊ သွားလာပုံ စည်းကမ်း နည်းလမ်း သိမြင်သောကြောင့်၊ စာမလိုက်ဘဲ ကိုယ်တိုင်ကြည့်ကြံအားထုတ်နေသောစာလိုက်ဖင့်နွဲ့သည့် တပည့်များကိုလည်း....

"ပညာရှိထံ နည်းမခံ ဂုဏ်မာန် တကြွားကြွား၊ မလုပ်ကြနှင့် ဆရာကြီးတို့ခဲ့

စာဆိုတာ၊ ဆရာနည်းရမှဖြစ်တာ'' ဟု အဍ္ဍမိုဆရာတော်ကြီး လက်ာ ရွတ် လျှက် ပြောဆိုဆုံးမတတ်ပေသည်။

စာသမားဆိုလျှင်သိသာစွာမျက်နှာသာ ပေး၍ချီးမြှောက်၏။စာသမားသည်ဆရာ တော်နှင့် အ လွမ်း အ သင့် ဆုံး ဖြစ် ၏။ ကျောင်းဝတ္တရား ပျက်ကွက်လစ်ဟင်းစေ ကာမူ၊ စာသမားအတွက်ချွင်းချက်ဖြစ်၏၊ "စာသမားကို ပူဇော်ချီးမြှောက် ရခြင်း သည်၊ ဓမ္မစေတီကို ပူဇော်ချီးမြှောက် ရ သည်မည်၏''ဟု၊မကြာခဏအမိန့်ရှိတော် မူသည်။

စာသင်တပည့်တို့ကိုမကြာမကြာခေါ်၍ ဆွမ်းကျွေးခြင်း လဘက်ရည် တိုက်ခြင်း ပြုကာ၊ စာကြိုးစားဘို့၊ ဘုရားမကြိုက် သောအလုပ် မလုပ်ဘို့၊ ဆုံးမဩဝါဒပေး လျက်အားပေးမြှောက်စားတော်မူသည်။

စာသမားကြည်ညိုသော ပုဂ္ဂိုလ် တို့ တွင် ဆရာတော်သည်(တန်းခွန်ဗိုက်)ဖြစ် လိမ့်မည်ထင်၏။ စာသင်သားမွေးမြူသော ဆရာတော်ကြီးများအမိန့်ရှိသည်ကိုကြား နာရဘူးသည်"စာအံလို့ စာကျက်လို့ဖြင့် ဘယ်လောက်ပင်ဆူညံနေစေ သည်အသံ တွေကြားရမှဘဲ ကိမ်းစက်လို့ ပျော်၏။ ယင်းသို့ စာအံသံစာကျက်သံများ မကြား ရလျှင် ကိမ်းစက်၍ မပျော်တော့ ''သော ဟူ၏။

သက်တော်ထင်ရှား ဘုရားသခင်လက် ထက် တောအုပ်တချို့၊ ဝါတွင်း သုံးလ ပတ်လုံး တရားအားထုတ်တော် မူသော ရဟန်းတော်တို့သည်။ ဗျက်သံတို့ဖြင့် ဆူ ညံနေသောကြောင့် သမာဓိမရနိုင်ကြ။ တရားထူးမရကြမူ၍၊ ဘိတင်းဝါလကျွတ် သောအခါ ဘုရားသခင်ထံ ဖူးမြော် ကြွ ရောက်ကုန်သည်။

ဘုရားသခင်သည် မေးမြန်းတော်မူမြဲ အတိုင်း ဥတုသပ္ပါယ ဖြစ်မဖြစ်၊ အစာ အာဟာရမျှမျှတတရှိမရှိ တရားထူးရမရ စသည်ဖြင့် မေးမြန်းတော်မူရာ ဥတုသပ္ပါ ယဖြစ်၍၊ အစာ အာဟာရ မျှတသော် လည်း ဗျက်သံတို့ဖြင့် ဆူညံ နေသော ကြောင့် တရားထူး မရ နိုင်ကြောင်း လျှောက်ထားရာ ဗျက်တွေ မလာအောင် တည သုံးကြိမ် (ဟယ်ဗျက်တွေ နင်တို့ အတောင်တွေကို ပေးပါ)ဟု တောင်းစေ ခြင်းဖြင့် ဗျက်မလာသော နည်းလမ်းပေး လိုက်၍၊ ရဟန်းတော်များ၊ နေရင်းတော အုပ်သို့ ရောက်ရှိ၊ ဘုရားသခင်ပေးလိုက် သော နည်းအတိုင်း ကျင့်သုံးနေထိုင်ကြရာ လေး-ငါး ရက်မျှကြာသောအခါ ဗျက်တို့ သည် တကောင်မှမကျန်လောက်အောင်၊ စွန့်ထွက်ပြေးကြကုန်သည်။

ဆူဆူညံညံ ဗျက်သံကြားနေကြရဟန်း တော်တို့သည်၊ ဘာသံမျှမကြားရ တိတ် ဆိတ်ငြိမ်သက်သွားပြန်သောအခါ၊ တိတ်

ဆိတ်လွန်း သဖြင့် သမာဓိမရနိုင်ကြ၍။ ဝါတွင်း သုံးလပတ်လုံး တရားအားထုတ်ကြသော်လည်း တရားထူးမရနိုင်ကြချေ။

ရှေးနည်းအတိုင်း ဘုရား ထံ မှောက်ရောက်ကြ၍၊ ပေးလိုက်သော နည်းလမ်းအတိုင်း ကျင့်သုံးနေထိုင်ကြရာ ၄ ကဲ တို့ ထွက်ပြေးကြ၍ ၎င်းတို့အသံမှ တိတ်ဆိတ်ငြိမ်သက်ပြန်သောအခါ၊ တိတ်ဆိတ်ငြိမ်သက်လွန်း သဖြင့် သမာဓိ မရဖြစ်ကာ၊ တရားထူးမရနိုင်ဖြစ် ကြ ရ ပြန် ကြောင်း လျှောက်ထားမှ မေတ္တာသုတ်ကို သင်ပေး၍၊ မေတ္တာပွားလျှက် တရားအားထုတ်ကြသည်တွင်မှ တရားထူး ရကြသော ဟူသည်။စာသင်သားမွေးသော ဆရာတော်ကြီး များ မှာလည်း ဤနည်းနှင်နှင်ဖြစ်၍၊ စာအံသံ စာ ကျက် သံ၊ စာပြန်သံ တို့ကို ကြားရမှ၊ ပျော်ရွှင် ငြိမ်းချမ်းမှု ရနိုင်ကြသည်။

ကျေးဇူးရှင် ဆ ရာ တော် ကြီး သည်လည်း၊ထိုနည်း၎င်းပင်ဖြစ်သည်၊ ထိုထက်ကဲသော အချက်တခုရှိသည်။ ဆရာတော်နှင့် စာသင်တပည့်တို့သည်၊နေ့အချိန်တွင် သုဝဏ္ဏဝတီ ကျောင်းကြီးအောက်ထပ်၌၊ တထပ်ထည်းပင်နေကြရ၏၊ ဆရာတော်သည်၊ ဆင်ဝင်ခန်းတွင် သီးတင်းသုံး၍ စာသင်သားများက အ ခြ ား ကျော င်း ဆောင် မ ကြီး တွင်၊ ခန်း ခင်း၍ဖွဲ့၍နေကြသည်။

နယ်ပေါင်းစုံမှ လာရောက်နေထိုင် ကြသော မိပေါင်းစုံသားများ ဖြစ်ကြသည် အားလျော်စွာ၊ စာဝါအားလပ်ချိန်၊ ခေတ္တအနားယူချိန်များတွင်၊ ရံဖန်ရံခါ စာအကြောင်းမှ တပါးသော ထွေရာလေးပါး စပ်မိစပ်ရာ နှီးနှောပြောဟောနေကြသည်မှာ နားမချမ်းသာနိုင်ရှိမည်ထင်၏၊ သို့သော် ဆရာတော်ကား မိမိအခန်းထဲမှ တုပ်တုပ်မျှမလှုပ်။

အလုပ်မပျက် အကိုင်မပျက် မကြားကြီးကြွ ပြု၍၊သည်းခံနေတော်မူသည်ကများပေသည်၊စာဝါ လျှောက်တောင်းလျှင်လည်း မအားဟူ၍ ငြင်းဆိုဘူးသည်မရှိ၊ စာသင်သားစိတ်ဆင်းရဲမှုဘယ်အခါမှ မဖြစ်စေ၊မိမိ၏မအားလပ်သောအချိန်များမှ ရတတ်သမျှသော အချိန်ကလေး များကို စာဝါပို့ချပေးသည်။ နှ လုံး ကောင်း မှ အပေါင်းပျော်သည်ဟုစကားရှိခဲ့ပေသည် တခု့။စာမေးပွဲကို အထူးဝါသနာပါ၏။ အစိုးရ စေတီယင်္ဂဏ၊ သကျသီဟ၊ စသည်ဖြင့် မိမိတို့ဆန္ဒအားလျော်စွာ ဖြေလိုရာ ဖြေနိုင်အောင် စာချဘုန်းကြီးများနှင့် တိုင်ပင်၍ ကြပ်မတ်စီစဉ်ပေး၏။ တပည့်တို့လိုအပ်သောစာဝါကို မေးမြန်း စုံစမ်း၍၊ တပည့်ကြိုက်စာဝါတို့သာဖြစ်စေ၏။ ဆိုင်ရာစာမေးပွဲအတွက် အာဂုံပြည့်စုံပြီး ဖြစ်လျက်၊ တကျမ်းကန်သည်၊ နှစ်ကျမ်းကန်သည် အနည်းအကျဉ်းမျှ အခိုပ်ယွယ်မပြည့်စုံ၍၊ အရောက်နှောင်းသော စာသင်သားများအတွက်၊ အထူးစာဝါစီစဉ်ပေး၏။ သင်အံ့လေ့ကျက်အားထုတ်သော ပုဂ္ဂိုလ်ရှိလျှင် ချပို့ရန်တာဝန်ကား တော့ ပြည့်စုံစေ

သည်သာများ၏သင်္ချသိဟစာမေးပွဲသည် ခက်ခဲ၍ ၎င်းအတွက်အထူးစီစဉ်၏။

သင်္ချသိဟစာမေးပွဲကားခက်ခဲ၍ ရည်းစိန်စသေးသူသလောက်၊ ဆရာတော်က လည်း တပည့်များအား၊ သင်ကြားပြသ နည်းပဒေသပေးရန် ကျနုံလှ၏၊ သင်္ချသိဟ အသင်းကမိမိတို့စာမေးပွဲဝင်နွှဲဖြေဆိုမည့် သာသနာတော်စောင့်သူရဲကောင်း များသည်....

၁ သက်ဝင်ယုံကြည်သော သဒ္ဓါ ရှိခြင်း။

(၂) အာရုံ၌ရှုးစိုက်စွဲမြဲသောသတိရှိ ခြင်း။

(၃) လုံ့လ ပြင်းထံ ဇွဲသန် သော ဝီရိယရှိခြင်း။

(၄) ကိုယ်နှုတ်စိတ်မှုတို့၌ တည်ငြိမ် သော သမာဓိရှိခြင်း။

(၅) သဘာဝအမျိုးမျိုး၌ ပေါက် ထွင်း ထိုးသုံ ထက်မျက် ရှုးရှလှ သော ပင်ကိုယ်ဉာဏ်ရှိခြင်း။

(၆) မဖြစ်မနေ သေလိုသေဟူသော တိဗ္ဗဆန္ဒရှိခြင်း။

(၇) သူတော်ကောင်းတို့၏ လက္ခ ဏာ အပြည့်အစုံရှိခြင်း။

ဤကဲ့သို့သော အခြေခံအင်္ဂါနှင့်ပြည့်စုံ ၍၊ စာမေးပွဲအောင်မြင်သော ပုဂ္ဂိုလ်များ ကိုသာလျှင် တံရားသဖြင့် ပန့်ည်းလေးပါး ကို ထောက်ပံ့လှူဒါန်းရန်ဖြစ်လေသည်။

ဆရာတော်ကလည်း သူ၏ စာမေးပွဲ ဝင်တပည့်တို့အတွက်....

(၁) အသင်း၏ သတ်မှတ်ထားသော အရွယ် အင်္ဂါတို့နှင့် ရှေးဦးစွာ ပြည့်စုံစေခြင်း။

(၂) ပြဋ္ဌာန်းထားသောကျမ်းစာများ ကို အာဂုံနှုတ်တက် ကြေပွန်စွာ ရရှိစေ၍၊ ၎င်းကျမ်းတို့၏အနက် အဓိပ္ပါယ်တို့ကိုအခြံအရံပရိဝါရ ကျမ်း လာ အဓိပ္ပါယ် နှင့် တ ကွ နားလည်ထားစေခြင်း။

(၃) ထိုထို ကျော်ကြား သော ဆရာ သမားများထံ နည်းခံသင်ယူစေ ခြင်း။

(၄) ကျောင်း လေ့ ကျင့် ခဏ်း သီး တင်းစဉ် လေ့ကျင့်ပေး၍၊ တိုး တက် မှု ရှိ,မရှိ စစ် ဆေး တော် မူခြင်း။

(၅) သဘော ပေါက်ရုံ ကြည့်မှတ် သင့်သော စကားရပ်၊ အလွတ် ကျက်မှတ်သင့်သော စကားရပ် များကိုလေးနက်စွာပိုင်းခြားညွှန် ပြ၍ကြည့်မှတ်စေ၊အလွတ်ရစေ တော်မူခြင်း။

(၆) ဖြေပုံဖြေနည်းကို၊ မျဉ်းသားမျဉ်း ပိတ် နည်း မကျန်၊ အောက် ခြေ သိမ်းမှစ၍ လက်ထပ် သွန်သင် တော်မူခြင်း။

(၇) စာ မေးပွဲ ဝင် တ ပည့်တို့အား ကျောင်း ဗာဟိရကိစ္စလွတ်ငြိမ်း စေ၍၊စာချည်းသက်သက်ဖြောင့် ဖြောင့် မတ်မတ် ကြိုး စား နိုင် အောင်စီမံဖန်တီးပေးခြင်း။

၍ကဲ့သို့ လိုအပ်သော အရည်အချင်း တို့ကို ဖူလုံ စေပြီး လျှင် စိတ်ချ ကြေနပ် ရ လောက်မှ စာမေးပွဲ သွင်း တော် မူသည်။ သို့လျှင် ဆရာတော်၏ နည်း ပေး ကောင်း ခြင်း တပည့်တို့၏လိုက်နာ ကြိုးပမ်းမှုရှိ ခြင်း ကြောင့်၊ သ ကျ သီဟ သမိုင်း တွင် တချိန်က အထွတ်အထိပ်သို့ တက်ရောက် ခဲ့ပေသည်။

စာဝါချိန်ကို အထူးဂရုပြု၏၊ မည်သည့် ကိစ္စမျိုးဖြစ်စေ၊ စာဝါဖျက်၍၊ ကြွရောက် ရိုး, စကား လက်ဆုံပြောဆိုရိုး ထုံးစံမရှိ၊ စာဝါကို လွန်စွာကြောင့်ကြပြုတော်မူ၏။

စာမေးပွဲ ဝါသနာပါသည်ကားဟုတ် ပေ၏၊ သို့သော် စာမေးပွဲ သက်သက် တဘက်သတ် လုပ် နေ ပြန် လျှင်လည်း တမျောင့်၊(ဆရာကြီးတို့ရဲ့,,စာမေးပွဲသက် သက်လုပ်လို့ ကုသိုလ်လည်း မရ သေ လျှင်လည်းအပါယ်သွား၊ အလဂဒ္ဒူဖြစ်နေ တော့မပ၊ စာမေးပွဲအောင်ရုံမျှ သဘော မထားဘဲ စာပေတတ်မြောက်၍ ပဋိပတ် ကျင့်ကြံအားထုတ်နိုင်အောင်လဲ ကြိုးစား ရမယ်၊ သို့မဟုတ် ကစာတတ်ကြွူးမြူး ရောက်ရုံရှိတော့မပ)ဟု ဆိုလိုက်ပြန်၏။

အမှန်ကတော့ အလဂဒ္ဒူ သက်သက် သင်ခြင်းကိုမနှစ်လို၊ စာမေးပွဲ ခေတ်စား နေသဖြင့် စာသင် သားတို့ ကြိုးစားချင် စိတ် ရှိအောင် စာမေးပွဲကို အားပေးရ သော်လည်း၊ စာမေးပွဲ ကျမ်းစာ မျှဖြင့် မတင်းတိမ်စေလို၊ ဘုရားဟော နိကာယ် ကျမ်းအိုင်ကြီးတွေကို သင်ကြားလေ့လာ လျက်၊ ပရိယတ်ကိုထက်ဝန်းကျင်မှ ဖူလုံ စေ၍၊ ပဋိပတ်ကို အားထုတ် စေလိုရင်း ဆန္ဒ ရှိသည်၊ ထိုကြောင့်ပင် စာအခြေရှိ ပြီး၊ စာချတန်းအောင်ပြီး၊ တပည့်ကြီးများ ကို၊ ကိုယ်တော်တိုင်သီးသန့်စာဝါထား၍၊ စာမေးပွဲနှင့် မဆိုင်သော ကျမ်းကြီးများကို ကြိုးကြားချပို့ပေးတော်မူသည်။

ပရိယတ် သင်နည်းသည် (၃)မျိုးရှိ ပေ၏၊ လာဘ်သပ်ပကာနှင့် ဂုဏ်ပကာ သန မြှော်ကိုးပြီး သင် ကြား သော....

"အလင်္ကာ ပမာ-မြွေမြီးဆွဲ သင်နည်း၊" မိဘ၏အမွေအနှစ် မပျောက်မပျက်အောင် သားသမီးများသည် ဆက်ခံစောင့်ရှောက် ကြသကဲ့သို့၊ ဘုရားသခင်၏ တရား အမွေ အနှစ် မပျောက် မပျက်အောင် စောင့် ရှောက်တော်မူသောသဘောဖြင့် ရဟန္တာ သာဝကတို့၏သင်နည်းသည်"မွေဘဏ္ဍာ ဂါရိက-တရား ဘဏ္ဍာစိုး သင်နည်း၊" လက်သပ်ပကာကိုမငဲ့ ပရိယတ်သင်ကြား တတ်မြောက်၍ ဝဋ်ဆင်းရဲမှထွက်မြောက် ကြောင်းဖြစ်သော ပဋိပတ်ကို ကျင့်ရပေ တော့အံ့ဟု နှလုံးကောင်းသွင်း၍ တပည့် သာဝကတို့၏သင်ခြင်းသည်"နိဿရဏတ္ထ ထွက်မြောက်ကြောင်း သင်နည်း" ဟူ၍ ဖြစ်၏။

စာမေးပွဲ အောင်ဖို့ သက်သက် သင် ခြင်းကတော့ အလင်္ကာ မြွေမြီးဆွဲ သင် နည်းမှန်ပါသည်၊သို့သော် ကာယဒုစရိုက် ဝစီဒုစရိုက် တို့ကို ငယ်စဉ် တောင်ကျေး ကလေးဘဝမှစ၍ အသက်မွေးမှု ပြုလုပ် လာစေ ကာမူ၊ သတိ တရားရ၍ ရှောင် ကြဉ်သောအခိုက်၌ပင် သမ္မာအာဇီဝ ဖြစ် သကဲ့သို့၊ မြွေမြီးဆွဲသင်နည်းဘဲ သင်ခဲ့စေ ကာ၊ သတိတရားရ၍ ပြုပြင်ခဲ့လျှင်၊နိဿရ ဏတ္ထ-ထွက် မြောက်ကြောင်း နည်းလမ်း မဖြစ်နိုင်ပြီလော၊ ဤသို့ပင်သဘောသက်မိ ပေသည်။

လိုရင်းမှာမူ "ခွေးကိုက် လို့ ပင် ရရ၊ ဒုတ်ရိုက်လို့ပင်ရရ"စါတတ်မှုလိုရင်းဖြစ် ၏။ စာတတ်မြောက် သော အခါ၊ နိဿရဏတ္ထအတွက် ဖြစ်စေနိုင်သည်ဟု ပင်ထင်ပေသည်။ သို့သော် ဆရာတော် ကြီးကမူ "သားရတနာ ငွေအိုးထမ်းလာ သည်ကိုမြင်လိုပါသည်"ဟူသော ဒုက္ကူလ စကားကဲ့သို့၊ အနှောင့်လွတ်အသွားလွတ် အကျိုးပြည့်ဝစေချင်ရှာပုံရသည်။

ဆရာတော်စက်အောက်နေကြရသည် မှာ၊ တအုတ်ဆင်း၊ ညီရင်းအကို၊ နောင် ရင်းနှမတို့ကဲ့သို့၊ စားအတူ၊ သွားအတူ လုပ်အတူ၊ ကိုင်အတူ၊ အားလုံးညီညီညွတ် ညွတ်တပျော်တပါးကြီးဖြစ်၏၊ ဤအရိပ် ဝါသအောက် ရောက်လျှင်၊' မခွဲချင် မခွာ ချင်ဘဲသံယောဇဉ်တွယ်လာ၏။

မန္တလေးကနက်မှာ၊ ဝမ်းရေးအတွက် ကြောင့်၊ ချမ်း အေးဖို့ ခက်သော်လည်း၊ ဤဆရာတော်အရိပ်အောက်မှာ၊ ငတ်အတူ ပြတ်အတူ၊ကြည်ဖြူပျော်ပါးစွာ၊စေတသိ ကသုခရှိရှိနေထိုင်နိုင်ကြသဖြင့်၊ကာယိက ဒုက္ခဒဏ်ကို တွန်းလှန် မေ့ပျောက်နိုင်ကြ ပေ၏၊ တယောက်အတွက်အခက်အခဲတွေ့ လျှင်၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေး၏။

ကိုယ်မသိလျှင်သူ့ကိုမေးနိုင်၏၊သူမသိ လျှင်ကိုယ့်ကိုမေးနိုင်၏၊ အချင်းချင်းဆွေး နွေးမေးမြန်းလျက်၊ တက်လမ်းကို ရှာရှ လုပ် ဆောင် သွား ကြပေ၏၊"ဆင်းရဲလေ လေ၊သံဝေရရ"ဖြင့် ဘဝတူချင်းချင်းရိုင်း

ပင်းညီညာလျှက်၊ သိုက်ဝန်းဖွဲ့ကာနေကြရသည်မှာ၊ အမေမေ့-အဖေမေ့၊ မှုဖြစ်တော့သည်။

လက်ထောက် စာချတုန်းကြီး များကလည်း၊ ဆရာနှင့်တပည့်ရယ်လို့၊ ခွဲချမ်းခွဲချမ်းမရှိ၊ စိတ်ဝမ်းကွဲပြားမှုမရှိ၊ ညီရင်းမခြား၊ တမိသားကဲ့သို့၊ ငွင်အားဖျော့ဆက်ဆံကြ၏၊ ဆရာနှင့်တပည့်တို့၊ ရောနှောယှက်တင်ကြည်လင်လှစွာ၏။

ချွေမနီးမျိုးမနီး၊ ခရီးကွာဝေး၊ပညာရေးကြောင့်သာ၊ ထွက်ခွါ ခဲ့ကြရသဖြင့် ပုထုဇဉ်တို့စိတ်၊ လွမ်းရိပ်၊ ဆွေးရိပ် ကလေးများဖြင့် မအေးတအေး ရှိခဲ့ကြသော်လည်း၊ ဤ အရိပ် အောက် ရောက် လျှင်နောက် ဆံ မတင်း တော့၊ စား,တသိုက်တဝန်း၊ သွား,တသိုက်တစန်း၊ လုပ်တသိုက်တဝန်းဖြင့်၊ သာယာ ငွေ့ကျွန်းကြီးပင်ဖြစ်တော့သည်။

ဓာတ်တူ ရာသ ဘော တူ ရာ ပုဂ္ဂိုလ်အချင်းချင်းပေါင်းဖွဲ့၍၊ သေးတဲ့ ငြိုးညှိ၊ စာအံကြ- စာကျက်ကြသော အသံတို့မှာလည်း ပွဲတင်ထပ်မျှရှိ၏၊ စာမေးပွဲနည်းလျှင် သာလွန် ဆူညံ လှ၏၊ သူ့ထက်ငါ ဇွတ်ရောကိုယ်ပါ, ကျက်ကြ ပြန်ကြ အံကြသောအသံတို့မှာ၊ သန်းခေါင် သန်းလွဲမျှတိုင်၏။

စာမေးပွဲအချိန်သည် စာသင်သားတို့အတွက်၊ အပျော်ဆုံးအချိန်ဖြစ်သည်၊ ဆရာတော်၏ မျက်နှာ သာ အရဆုံးနှင့် အခွင့်အရေး အပေးဆုံးအချိန်ဖြစ်သည်။ သကျသိဟသမားဆိုလျှင် စာမေးပွဲမတိုင်မှီကြို တင်၍၊ ဆွမ်းခံမထွက်စေဘဲ၊ ဆွမ်းကျွေးထား၏၊ အစားအသောက်အတွက် တာဝန်မဲ့ စိမ်ပေးသည်၊ ကုန်ကုန်ပြောရလျှင် စားသောပန်းကန်ပြားပင်မဆေးရ၊ လက်ဆေးစား၊ လက်သုတ်ပြန်ရုံပင်ဖြစ်သည်၊ ဆွမ်းဟင်းပြည့်စုံမပြည့်စုံ၊ လိုလိုလောက်လောက်ရှိမရှိ၊ အညံ့အကောင်းစသည်ကို၊ ကိုယ်တိုင်ကြပ်မကြည့်ရှု၏၊ “မင်းတို့ နက်ဖြန်ဘာများစားချင်ကြသလဲကွဲ့” ဟု၊ စာသင်သားတို့ ဇွတ်ကြိုက်မေးကာ၊ လိုက်လျောလျော ပြုတော်မူသည်။ ငြိမ်းငြိမ်းစားပြီး၊ ကြောင့်ကြမဲ့စာလုပ်နိုင်၏။

မရှင်း လင်းသော အချက် အလက် မကြေနပ်သောအချက်အလက်များရှိလျှင် ဘယ်စာချတုန်းကြီးကိုမဆို တက်ရောက်မေးမြန်းနိုင်၏၊ ဆရာတော်သို့ပင်စာဒက်တက်နိုင်၏၊သည်အချိန်သည်ချမ်းကောင်းဖြစ်၏။ စာချတုန်းကြီးများ၏ နယပဒေသ ဆရာတော် ၏ ဟဒ္ဒယ မြှ ထိထိ ကျကျရနိုင်သည်၊ တိုက်ပွဲနှင့် ရင်ဆိုင်ရအံ့ဆဲဆဲ အချိန်တွင်၊ဂ၊ ဃ၊ ဏ၊ န၊ ကြီးသွန်ကြားရမည့်ကို၊ ငယ်ရာမှ ကြီးလာကြသဖြင့်၊ ၎င်းတို့ သိပြီးဖြစ်သည့် အတိုင်း ပိုင်ပိုင်နိုင်နိုင် ညွှန်ပြတော်မူကြ၏၊ “ဤသို့ဖြစ်တန်ရာသည်” ဟူသော သံသယဝါးချန် သံသယမသုံးကြတော့ချေ။

ခါတိုင်းလည်း ဤသို့ပင် မေးလျှောက်နိုင်ပါ၏။ သို့သော် ဤ အ ချိန် လောက် အခွင့်အလမ်းမသာ၊တာဝန်ကိုယ်စီနှင့်ဖြစ်၍ ဘုရားနှုးမလည်ရာ အလိုက်မသိရာ ရောက်မည် စိုးရသည်။ အား လပ် သော ဆွမ်းစားချိန်။ လဘက်ရည် သောက်ချိန်၊ ရေချိုးချိန်တို့၌ နှုံးနှော၊မေးမြန်း နိုင်ပါ၏။ သို့သော်"ဖြစ်တန်ရာသည်"ဟူသော သံသယတန်းလန်းနှင့်သာ မှတ် ခဲ့ ရ သည်။ ဤအချိန်ကား ဤအဖြစ်တို့မှလည်း ခွင့်လွှတ်၏။ ပြေပြေလည်လည် ပတ်ပတ် နပ်နပ်ကြီး ဖြေဆို ရှင်းလင်းပေးကြသည်။

စာဖြေသွားလည်း တသိုက်တာန်းပင် ဖြစ်၏။ စာဖြေမသွားမီ ဆရာတော့်ထံ ဖူးမြှော်ကံတော့ရောက်ကြ၏။ ထို အ ခါ စာမေးပွဲကို တဖုန်းနှင့်ညီစွာဖြေဘို့ ဇာရေး စောင့်စည်းဘို့နှင့်မရှင်းလင်းသောအချက်များကို၊ စာဖြေခွင်ကမထွက်မီ ရှေ့နောက်သေချာချင့်ချိန်ကြ၍၊ အမှန်ရအောင် ကြိုးစားဖြေဆိုခဲ့ကြဘို့ ဩဝါဒပေးတော်မူပြီး, အောင်ဆု နှင်းတော်မူမြဲဖြစ်သည်၊ ဆရာတော်၏ အောင်ဆုနှင်းသံသည်၊ စစ်တုရိယာ-သံဘွဲ့သို့၊ တပည့်များကို တဟုန်ထည်း တက်ကြွအောင် နိုးဆွပေးတော်မူလိုက်သည်၊ ဝိုးရွံ့စိတ် တုန်လှုပ်စိတ် တို့သည်၊ တခဏချင်းစင်ထွက် ပျောက်ပျက်ကုန်သည်။

မအောင်လဲပျော်ပျော်၊ အောင်လဲပျော်ပျော် ပင်ဖြစ်ကြ၏။ အခန့်မသင့်၍ ကျရှုံးသောသူများအားလည်း၊ စိတ်အား မငယ်ရအောင် ဝိုင်းဝန်းအားပေးကြ၏။ ဆရာတော်ကိုယ်တိုင်ကလည်း အားပေးဖြောင့်ဖြတော်မူ၏။ သို့ကြောင့်ပင် စာမေးပွဲ ကျရှုံးသောသူသည် စာမေးပွဲ ကျပြီးနောက် စိတ်မပျက်နိုင်ဘဲ၊ ရှေးကထက်တိုးတက်၍ လုံးလဇွဲထားကာ၊ စာ ကျက် သည် သာ များလေသည်။

စာမအံသောသူ၊ သို့မဟုတ် စာကျက်ပျင်းသောသူတို့ကိုလည်း ဆ ရာ တော် သည်၊ တဘက် တ လမ်း က အသုံးချ၏။ သူ့အား ကျောင်း၏ ဗာဟိယာကိစ္စတို့ကို ဆောင်ရွက်စေတော်မူသည်။ အ လုပ် မ လုပ်ဘဲ ဆပ်ကော့-လပ်ကော့နှင့် ဘော်ကျော့နေသူကိုသာလျှင် ဆရာတော် မျက်မှေးရှုး၏။စာဘဲဖြစ်ဖြစ်၊ အခြားလက်လုပ်ဘဲဖြစ်ဖြစ်၊ တခုခုလုပ်ကိုင်နေသူအတွက် ဆရာတော်သည် ချွင်းချက်ထား၏။

အခိုင်းအစေလည်း စေ့စပ်၏။ လူပေါင်း (၁၀၀) ရှိစေ၊ တရာလုံး အလုပ်ကိုယ်စီရှိအောင် စေ့စပ်စွာခိုင်းစေတော်မူတတ်၏။ ကိုယ်တော်တိုင်လည်း စေ့စပ်သေချာစွာပြုလုပ်၏။ လို ရင်း ဆန္ဒတော် က တော့ ပရိယတ္တိပင်မကို မြေတောင်မြှောက်ပေးဘို့ပင်ဖြစ်လေသည်။

သကျသီဟအသင်းကြီးကိုသာ၊ ဓမ္မာစရိယာတခင်ဟု၊ ကင်ပွန်းတပ်သင့်သည့်မ

ဟုတ်သေး၊ ဆရာတော်ကြီးကိုလည်းထင်တျှပင်ခေါ်ဆိုသင့်ပေ၏။ ယခု အမြို့မြို့ အနယ်နယ်၌၊ ဝိုက်စီးနာယက ပြုလုပ်၍၊ သာသနာ့တာဝန် အား သွန် ကြိုး ပမ်း ထမ်းရွက်တော်မူနေကြသော ဓမ္မာစရိယ များစွာတို့တွင်၊ ဆရာတော် တပည့်တွေ များစွာဖြစ်သတည်း။

## သာသနာပြုတံဆိပ်တော် ဆက်ကပ်လှူဒါန်းခံရခြင်း။

ယင်းသည့် စာချ ဆရာတော်အဖြစ် သင်္ချာသိပ္ပာအသင်း၏၊ အကိုးကွယ် ခံရသော ၁၂၆၁-ခုနှစ်မှာပင်တကျိပ်နှစ်ပါး သာသနာပြုဂိုဏ်းကြီးက ( ရေဝတာဘိပဏ္ဍိတဓမ္မာစရိယဝရသာသနကရ ) ဟူသောဘွဲ့တံဆိပ်တော်အပ်နှင်းဆက်ကပ်၍ သာသနာပြုဆရာတော်တပါးအဖြစ် သွတ်သွင်း၊ ခန့် ထား တော် မူ လေ သည်။ ရဟန်းသိက္ခာ -( ၂ )- ဝါရစ က ပင် ၎င်းဆရာတော်ကြီးများ၏၊ သိတင်းစဉ် အစဉ်းအဝေးတိုင်း အကျိုးဆောင် စာချီ တဦးအဖြစ်ဆောင်ရွက်ခဲ့၍ သာသနာရေး ကိစ္စ တို့ကို အားတက်သရော ကူညီအား ထုတ်ခဲ့ခြင်း စသော အကြောင်း တို့ဖြင့် တကျိပ် ၂-ပါး သာသနာပြု ဂိုဏ်းကြီး အား များစွာ ကျေးဇူးပြုခဲ့၏၊ ထို့ကြောင့် ပင် ယခု( ၁၂၆၁ )ခုနှစ်တွင် ပေါ်ပြူပါဘွဲ့ တံဆိပ်ကိုဆက်ကပ် လှူဒါန်းခဲ့ပေသည်။

သာသနာပြု ဆရာတော်ဘုရားကြီးများ နှင့်အတူတကွ သာသနာရေး ကိစ္စတို့ကို ဆောင်ရွက် နေရ သဖြင့် ဆရာတော်ကြီး များ၏ လုပ်ထုံး ကိုင်နည်း၊ ကျင့်သုံးပုံ ကျင့်သုံးနည်းတို့ကို လှလှကြီး ရထားလေ သောကြောင့်၊ငယ်သော်လည်း ကိုယ်တိုင် ပင် သာသနာရေးကိစ္စတို့ကို စီမံဆောင် ရွက်တတ် စစ်ဆေးဆုံးဖြတ်တတ်နေသဖြင့် အချို့အမှုအခင်း များမှာ ဆရာတော်ကြီး များ၏ မျက်နှာလွှဲပင်ရသောဟူ၏။

ထိုသို့ ပညာတတ် အလုပ်တတ် ဖြစ် သောကြောင့် ငယ်နု လှသော စာချဘုန်း ကြီးလေး ဦးရေဝတကို လစ်လပ်လျက်ရှိ သော မြို့ပြင်ကြီး ဆရာတော်၏ နေရာ၌ (တကျိပ်နှစ်ပါး သာသနာပြုဆရာတော်) အဖြစ် သွတ်သွင်း ခန့်အပ်ခြင်းကို ခံယူရ ခြင်းဖြစ်လေသည်။

ဤဓမ္မာစရိယဘွဲ့တံဆိပ်နှင့် သာသနာပြု ဘွဲ့တံဆိပ်တို့ကို၊ အပ်နှင်း ခံရသည်မှ စ၍ စာချဘုန်းကြီးလေး ဦးရေဝတသည်၊ ဆရာတော်ဦးရေဝတ,ဟု ကျော်စောလာ ခဲ့သည်။ ဇာတိ ဌာနကို စွဲ၍ ညောင်ရမ်း ဆရာတော်ဟူ၍လည်းထင်ရှားခဲ့သည်။

## ကျမ်းဂန်ပြုစုတော်မူခြင်း။

မိုး ကောင်း တိုက် သူ ဌေး ကျောင်း သိက္ခာတော် (၂၀) ကျော်ရှိ ဘုန်းတော် ကြီးဦးကုဏ္ဍလက....

(က) ရဟန်းတော်များမှာ မိမိကိုယ်ကို မိမိမီးရှို့၍ မြတ်စွာဘုရားအား ပူဇော်ထိုက်,မပူဇော်ထိုက်။

(ခ) ကျင့်လမ်းဟုတ်,မဟုတ်။

(ဂ) ပြုသင့်, မပြုသင့်၊ အာပတ်သင့်, မသင့်။

(ဃ) ဤသို့ပြုလုပ်ပူဇော်ဒါန်း၍ သေလွန်သော် ဒုဂ္ဂတိ၊ သို့မဟုတ်သုဂတိ သို့လားမည်။ ကုသိုလ်ရ,မရ။

(င) မိမိ ကိုယ်ကို မိမိ သတ်ရာ ပါဏာတိပါတကံထိုက်, မထိုက်- သိလိုကြောင်း လျှောက်ထား၍ (၁၂၆၁) ခုနှစ် သိက္ခာ(၁၃) ဝါအရောက်တွင် ၎င်းပြဿနာတို့ကို အကျယ်တဝင့် ဖြေကြားရာ ဖြစ်သော "ဇီဝိတ ပရိစ္စာဂါဒိ ဝိနိစ္ဆယ ကျမ်း"ကို ပြုသည်။

၎င်းနှစ် မှာပင် ပျဉ်းမနား ဦးပဏ္ဍိတက တောင်းပန်လျှောက်ထားသောကြောင့် (ဂေါတြဘု အဆုံးအဖြတ်)ကို ရေးသားတော်မူသည်၊ ၎င်းဖြတ်ထုံးကို ဇီဝိတပရိစ္စာဂါဒိဝိနိစ္ဆယကျမ်း၏ နောက်ဆက်တွဲ ပြုလျက် မန္တလေးမြို့ မိုဟာမေဒင်ပုံနှိပ်တိုက်မှာ ရိုက်နှိပ်ပြီးဖြစ်သည်။

ဤကဲ့သို့ အဘိယာစက ပုဂ္ဂိုလ်များ၏၊ တောင်းပန်ခြင်းကို အရင်း ထား၍ ပရိယတ္တိစာပေပို့ချခြင်းဟူသော ဂန္ထဓုရ သာသနာ့ဝန်ကို,အားသွန်ကြိုးပမ်း, ထမ်းဆောင်တော် မူရင်း၊ အားလပ်ခိုက် ကြိုးကြား ကြိုးကြား ရေးသား ပြုစုတော်မူခဲ့သော ကျမ်းတို့ကား များပြား လှ၏၊ ကျမ်းဂန် အရေးအသား၌ ကျမ်းသွားကျကျ ရေးသားတော် မူ၏၊ သူတပါးအားလည်း(လို့၊တဲ့၊တယ်)စသော အရပ်သုံး စကားနှင့်၊ ဗာသုံးစကား ရော၍မရေးရန် အထူးသဖြင့် သတိပေးတော် မူသည်။ အခြားနေရာများ၌ ခေတ်၏ ရှေ့ပြေးနေသလောက်၊ စာပေ အရေးအသား၌ကား (အရိုးအရွက်မဖုံးနိုင်) ဟူသော ထုံးကို လက်သုံးပြုလေရော့သလားမသိ၊ ရာဇဝင် ကြောင်းများကဲ့သို့ ရိုးရိုးကြီးပင်ရေး၏။

ရေးသားတော် မူသော စာများမှာလည်း အများ အားဖြင့် အဆုံး အဖြတ် ဝိနိစ္ဆယ များ သာ ဖြစ်ရာ၊ ထို့ကြောင့် ပင် ယင်းသို့ ရိုးရိုး-ခန့်ခန့်ရေးချေသလော ဟု တွေးတောဘွယ်ဖြစ်၏၊ ဤကျမ်းသည် ပဌမဆုံးပြုစုသော ကျမ်းဖြစ်၏၊ ဤထက် စောသော အပိုင်းက စာပေ သင်ကြားပို့ချခြင်း၊ သာသနာပြု ဆရာတော် တပါး အဖြစ်ဖြင့်၊ သာသနာရေး ကိစ္စ တို့ကို ဆောင်ရွက်ခြင်း စသည် ဖြင့်သာ ပညာ သိမ်းမွေ့ ခဲ့ပေသည်၊ သာသနာပြု ဆရာ တော်ကြီးများ၏ သိတင်းစဉ် သာသနာ့

အစည်း အဝေးတိုင်း၊ အဆုံးအဖြတ် ရေးခြင်း၊ ရံခါ ကိုယ်တိုင် ဆုံးဖြတ်ရခြင်း စသည်တို့ကြောင့်ပင် ဝိနည်းဉာဏ် ရင့်သန်၍၊ ဝိနည်း သွားရေးသားရိုး စွဲလာခဲ့သလော မဆိုနိုင်၊ ယခုရေးသော ကျမ်းလည်း၊ဝိနည်း ကျမ်းပင်ဖြစ်ရာ၊ ခပ်ရိုးရိုးပင်ဖြစ်၏။

မိမိသည် ဆရာတော်၏စာပေကို ဝေဖန်နေသည်မဟုတ်ပေ၊ ဝေဖန်စွမ်းသည်းမရှိသေး၊ ဆရာတော်၏စာရေးဟန်ကိုသာ ကြည့်ရှု ထင်မြင်ချက် ပေးရုံမျှ ဖြစ်၏၊ သို့သော် ရဲရဲတင်းတင်းကြေကြေမဟုတ် သံသယနှင့်သာဖြစ်၏၊ ဆရာတော်၏ စာပေသည် ပါဠိ ပိဋကတ်နှင့် ဆက်သွယ်သော ပါဠိသက်သက်၊ မြန်မာပြန်နိဿယနှင့် ဝိနည်း ယကျမ်းဂိုဏ်သာ များပေရာ အဆန်းကြံ၍လည်း၊ နည်းသမ်းမှန်လိမ့်မည်မထင်ပေ၊ စာပေဝေဘန် ရေးမှာ ပညာရှိတို့၏ တာဝန်သာ ဖြစ်ရာ၊ မိမိသည် မဝံ့ပါချေ၊ နောက်ပိုင်းတွင် ဩဘာစာ၊ မော်ကွန်း၊ သံပိုင်း၊ ရတု၊ စသည်ကိုလည်းရေးသည်ကိုတွေ့ရ၏၊ ဆရာတော်၏ကြီးမားသော ဇွဲ, လုံ့ လ တော်ကြောင့် နောက် လူတို့ အတွက် ကျန်ရစ်ခဲ့သော ကျမ်းစာအမွေကား များလှပေ၏။

လက်ရေး လက်သား လည်း ဖွေးစာလုံးရိုင် လက်ရေးသေဖြစ်၍၊ အ တန် ပင် ကောင်းမွန်၏။ ခေတ်ဆန်သော လက်ရေးကို ဆရာတော်မကြိုက်၊ စာတလုံး ဘုရားတဆူသဘောထားကာ ဝိဝိသသ သေသေသပ်သပ်နှင့် ခန့်ခန့်ညားညား ရေးမှကြိုက်၏၊ ဆရာတော်၏လက်ရေးကား ပစ်တိုင်းထောင်သဘွယ်ဖြစ်၏၊ ဘယ်လိုဘဲရေးရေး တချိုးတစားတည်းပင်ဖြစ်၏။

## ရာဇဂုရု ဘွဲ့တံဆိပ်တော် အလှူခံရခြင်း။

ရတနာဂီရိ၌ သီပေါမင်း တရားသည် ၁၂၇၄-ခုနှစ်၌၊ သိမ်းတော်များကိုနားထွင်း မင်္ဂလာပြုလုပ်တော်မူသည်၊ ထို အ ခါ မြန်မာနိုင်ငံမှ တကျိပ်နှစ်ပါး သာသနာပြု ဆရာတော်ကြီးများကိုပင့်လျှောက်၍၊ ရေဝတာဘိလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရသော်ခဲ့ဆရာတော်၊အာစရာဘိ ဝံသမဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ် တော် ရ မိုးကောင်းဆရာတော် စသော၊ ဆရာတော်ကြီးများတို့ ကြွရောက်တော်မူရသည်ဖြင်းဆရာတော်ကြီးများ၏ သာသနာရေးနှင့်စပ်လျဉ်းသော၊ အကျိုးအကြောင်းကိုအမိန့်ရှိ၍၊ တကျိပ် နှစ်ပါး သာသနာပြု ဆရာတော် ဘပါးဖြစ်သော ညောင်ရမ်းဆရာတော်ကို၊ "ရေဝတာဘိ ပဏ္ဍိတာဓဇ သာသနဝံသ မဟာဓမ္မ ရာဇဂုရု" တံဆိပ်တော်ကို၊ ဆက် ကပ် တော်မူသည်။

၁။ စံနန်းနေပြည်။ ကိုယ့်ထီးစည်နှင့်
နေ ခြည် ရောင် ငွန်း၊ တက်သစ်
ထွန်းသို့၊ ၀ံ့ဝန်းသိုက်မြိုက်၊ ဘ
ရာရိုက်ကို၊. သိမ်း ပိုက် ဆက် ခံ၊
ကိုယ့်မျိုးသန်အောင်၊ ယံကြံလို့
လာ၊ကြိုးပမ်းစွင်၊ညှိုးလျှမျိုးရှိန်
သမိုင်းသိန်ဘို၊ ပုဏ္ဏမိန်စန်း။ ရာ
ဟုဖမ်းသို့၊ ထီးနန်းပြည်လုံး၊ သူ့
လက်ဆုံး၍၊ အရှုံးမတင့်၊ ဘုန်း
မပွင့်အောင်၊ ရှည် မြင့် သူ့ ထံ၊
လှန်သွားဟန်လျှင်၊ တရံတခေါက်
ပြန့်မရောက်နိုင်၊ အထောက်ဝေး
လံ၊ တတိုင်းသံလျှက်၊ ဘုန်းကံကြီ
လျှော၊ ရှင်တို့စောလျှင်၊ သေမျော
လုနီး၊ ရွက်အုပ်သီးဖြင့်၊ စည်ထီး
ကွာဝေး၊ စံနေဆွေးသည်၊ ဟို
ရှေးရှင်တို့ငယ်စဉ်ဘုရား။

၂။ ကြံဆန်းထွေလီ။ နောက်ကြောင်း
ချီလျှက်၊ ရွှေညီဒန်းလျှား၊ ခုနှယ်
များကို၊ တိုင်း ကား ပြည် ခင်း
မြို့ရွာလင်းဘို၊ မင်းလည်းမင်းတန်
ဝန် လည် ဝန် လိုက်၊ မှူး မတ်
ထိုက်လျှင်၊ ကိုယ့် ရိုက် လျော်
အောင်၊ မှာန်ဆောင်လျှက်၊ များ
ပြောင်ရှင်လူ၊ တိုင်းနေသူလည်း၊
ကြည်ဖြူငြင်ပြုံး၊ကြာရေ အုံးသို့၊
လက်ရုံးနှလုံး၊ စွမ်း အင် သုံး ၍၊
ပြည်လုံး သာအောင်၊ စီးပွား
ဆောင်လျှက်၊ မြင်ယောင်လတ်
လော၊ လွမ်းတို့မောစွ၊ရှင်စောတို့
မင်း၊ သူ့လက်တွင်းက၊ နှောင်
သွင်း ၄က် ပုံ၊ စိတ်ဝမ်းကြုံ၍၊
အာရုံတွေပြား၊ ဝိတက်များလျှက်
စွမ်းအားလျှလု၊ တတ်နိုင်မှုလျှင်၊
နားသမင်လာ၊ ကိုယ့်သည်းချာ
ကို၊ရိုးရာမခွေး၊သဘင်ပေးသည်။
မျိုးသေးတင်တို့ငယ်လျှင်ဘုရား။

၃။ ရံသန်းရွှေညီ။ မွမ်း မှု စည် လိမ့်၊
ကိုယ့်ဆင်မှာများ၊ ဖြစ်ခဲ့ပြီးလျှင်
ရှင်အားရှင်နည်း၊ လူ လည်း လူ
လျောက်၊ ရွှေချယ်ကောက်လျှက်
ချီးမြှောက်ဘွဲ့မည်၊ ရေးကိုယ်စီဖြင့်
ချင်းရည်နို့မြင့်၊ ထိမ်းမှတ်တင့်
လိမ့်၊ မင်းသင့်စိုးတန်၊ ဂုဏ်မျိုး
လွန်အောင်၊ မြတ်မွန်ပဏ္ဏာ၊ ရှင်
ဘုန်းရှိအား၊ ကို ယ် ထိ လ က်
ရောက်၊ ပွဲထံမြှောက်ဘယ်၊ နှစ်
ယောက်မတန်၊ ဘဲ့ထူး ဩန် ကို၊
ရှိပ်နည်တ်ခ၊ ဆက်လှူသလျှက်
လှလှကြီးနော်၊ မပူဇော်ရ။ ဖြစ်
ပြန်ရခဲ့၊ ဘဝဆက်တိုင်း၊ သူ့စက်
ရှိုင်းလျှက်၊ သ မိုင်း ဖျင်း သိန်၊
သတင်းမှိန်သည့်၊ ဂုဏ်သိန်ညစ်
ထေး၊ အဖြစ်ဝေးသည်၊ ကို ယ်
လှေးစင်လို့ကြွယ်ချင်ဘုရား....ဆ
ရာတော်အား တံဆိပ်တော်ဆ က်
ကပ်ရစဉ်က၊ သီပေါမင်းတရား
သည် ဤသို့ချောက်ထားချင်ရှာ

လိမ့်မည်လောဟု၊တွေးထင်ဘွယ် ရှိသတည်း။

## ပါ့(စ်)လက်မှတ်ဆက်ကပ်လှူဒါန်း ခံရခြင်း။

(၁၂၇၅)ခုနှစ်မှစ၍၊ ဒုတိယ စစ်ကြီး ဖြစ်သည့် တိုင်အောင်၊ မီးရထား၊ မီးသင်္ဘော၊ ပဌမတန်း၊ ဒုတိယတန်း၊ စီးရန် ပါ့(စ်)လက်မှတ် ဆက်ကပ် လှူဒါန်းခြင်း ခံခဲ့ရလေသည်။

## သံဃသာမဂ္ဂီအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခြင်း။

(၁၂၈၃)ခုနှစ်တွင်၊ မဟာသံဃသာမဂ္ဂီ အဖွဲ့ချုပ်ကြီး၏ပဌမဆုံး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။

နောက်မှ တနိုင်ငံလုံး သံဃာထုကြီးကို ဆွဲဆောင်စည်းရုံး၍၊တလုံးတစည်းထည်း ညီညွတ်ရေးဗိမာန်ကြီး တည်ဆောက်နိုင်ရန်၊ တကျိပ်နှစ်ပါး သာသနာပြု ကျေးဇူးရှင် ဘေးမဲ့ ဆရာတော်ကြီးကို လွှဲအပ်၍၊ မိမိမှာ အကျိုး ဆောင် ချုပ် အဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့သည်။

အမျိုးသား ပဌမပြန် စာမေးပွဲကြီး၌လည်း ရှေးဦးစွာ ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်တော်မူ၍ သာသနာရေး-ပညာရေး တို့ကို အားပေးပြုစုတော်မူလာခဲ့သည်။

## မအူပင်မှာတဝါကြာ

(၁၂၀၀) ခုနှစ်တွင်၊ ဒကာ ဒကာမများ၏ ပင့်လျှောက်ချက် အရ၊ မအူပင်မြို့ "ယခု မအူပင် ဆရာတော်ကြီး အရှင်အာစိဏ္ဏာဘိဝံသ ကျောင်းတိုက်၌" ရှိလယ်ကျောင်း တိုက်၌၊ဝါကပ်တော်မူ၍ စာပေပို့ချခြင်း၊ တရားဓမ္မ ဟောပြော ပြသခြင်း စသော သာသနာရေး ကိစ္စတို့ကို အားသွန် ထမ်းဆောင်တော်မူခဲ့သည်။

## တကျိပ်နှစ်ပါးသံဃမဟာနာယက

(၁၂၉၄)ခုနှစ်မှစ၍၊ မူလတကျိပ်နှစ်ပါး သာသနာပြုဂိုဏ်းကြီး၏ အကြီးအမှူး ဦးစီးဥက္ကဋ္ဌ သံဃမဟာနာယကအဖြစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရ၍၊ ဂိုဏ်း အုပ်ဂိုဏ်းထောက် ခန့်ထားခြင်း၊ ဝါဆို ဝါကပ် အမိန့်ဆင့်စာများ ထုတ်ဝေခြင်း စသော သာသနာတော်ကြီး, ပွါးစီးဘွ ပွါးစီးကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းတာဝန်တို့ကို ထမ်းဆောင်တော်မူခဲ့လေသည်။

၎င်း တကျိပ်နှစ်ပါး ဂိုဏ်း-စတင်ဖြစ်ပေါ် လာပုံကို စိုးစဉ်းဖေါ် ပြခြင်း၌ သင့်ပေ၏၊ ၎င်းဂိုဏ်းမှာ သုဓမ္မာမှမြစ်များခံ၍ စီးဆင်းလာ၏။

## မူလတကျိပ်နှစ်ပါး သာသနာပြု ဂိုဏ်းကြီးဖြစ်ပေါ်လာခြင်း အကြောင်း။

မြန်မာသက္ကရာဇ် ( ၁၂၄၀ )ပြည့်နှစ် သီတင်းကျွတ်လဆန်း( ၇ )ရက်နေ့တွင် ရတနာပုံမြို့နန်း သိမ်းမြန်းဆက်ခံ၊ စိုးစံတော်မူသော မန္တလေးရတနာပုံ ဒုတိယ နန်းစံ မင်းခေါင်အောင်စေတီတော် ဒါယကာ၊ သီပေါမင်းတရားသည်....

အစောဘာသတ် စသော ရှေးရှေးသော မင်းကောင်း မင်းမြတ် တို့သည် အရှင်မဟာကဿပ စသော ရဟန္တာ အရှင်မြတ်ကြီးတို့အား သာသနာတော်ကို အုပ်ချုပ်ပြုစုစေသကဲ့သို့ရှင်း. ..

သက္ကရာဇ်(၁၁၁၄)ခုနှစ်၊ရတနာသိင်္ဂ ကုန်းဘောင်ရွှေပြည်တော်ကို ပဌမတည် ထောင်ဖန်ဆင်းတော်မူသော၊ အလောင်းမင်းတရားကြီးသည်၊ မဟာအတုလ-ယသ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု- အတုလဆရာတော်ကြီးကိုသာသနာပိုင်အပ်နှင်း၍....

( ၁၁၂၂ )ခုနှစ်၊ နန်းတက်သော၊ နောင်တော်ကြီးခေါ် သာ:ဘော်စစ်ကိုင်း မင်းသည်၊ ဉာဏလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု- မကာရလောပ၊ တောင်တွင်း ဆရာတော်ကို....

( ၁၁၂၅ )ခုနှစ်၊ နန်းတက်သောညီတော်“ မြေဒူးမင်း ”ခေါ် ဆင်ဖြူရှင်မင်းတရားသည်၊ ဇမ္ဗူဒီပအနန္တဓဇမဟာ ဓမ္မရာဇာဓိ ရာဇဂုရု- အရှင် ဇမ္ဗူဒီပ ဆရာတော်ကို.... .

( ၁၁၃၈ )ခုနှစ်၊ နန်းတက်သော၊ သားတော်စဉ့်ကူးမင်းသည်၊ နရိန္ဒာဘိဓဇ မဟာဓမ္မရာဇဂုရု- စလင်းဆရာတော်ကို-

( ၁၁၄၃ )ခုနှစ်၊ နန်းတက်သော အလောင်းမင်းတရားကြီး၏သားတော် “ဗဒုံ”မင်းခေါ် ဘိုးတော်ဘုရားသည်၊ ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိ ရာဇဂုရု- စလင်းဆရာတော်ကို....

( ၁၁၈၉ )ခုနှစ်၊ နန်းတက်သော ညီတော် ရွှေဘိုမင်းသည်၊ သူရိယာဘိဝံသ သိရိပဝရာ လင်္ကာ ရဓမ္မ သေ နာ ပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု-သံအင်းဆရာတော်ကို....

(၁၂၀၇)ခုနှစ်၊ နန်းတက်သောရွှေဘိုမင်း၏သားတော်ပုဂံမင်းသည်၊ပညာဇောတာဘိဝံသ သိရိပဝရဝိဇယာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇာဂုရု- ဒုတိယဗားကရာဆရာတော်ကို....

( ၁၂၁၄ )ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်သောဘခမည်းတော်မင်းတုန်းမင်း

တရားကြီးသည်၊ ဥယျာဉ်မှူး ဘိဝံသသိရိပဝရ လင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု- ဒုတိယ မောင်းထောင်ဆရာတော်ကို သာသနာပိုင်အပ်နှင်းတော်မူ၍၊ သာသနာတော်ကို ပြုစုစေတော်မူကုန်သကဲ့သို့....

၁၂၄၃-ခုနှစ်တွင်၊ မာလာလင်္ကာရသိရိပဝရ သဒ္ဓမ္မဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု- တောင်တော်ဆရာတော်ဘုရားကြီးကို၊ သံ ဃ ရာ ဇာ၊ သာသနာပိုင် ခန့်အပ်လျှုဒါန်းတော်မူ၍။ သာသနာတော်ကို၊ အုပ်ချုပ်ပြုစုစေတော်မူလေသည်။

သက်တော် (၇၉) နှစ်ရောက်သောအခါ၊ ၁၂၅၆-ခု၊ နတ် တော် လ ဆန်း ၈-ရက်နေ့တွင်၊ ဆရာတော်ကြီးများ အစုံအညီစည်းဝေးပြီးလျှင်'ငါမရှိသည့်နောက်သာသနာတော်ဆုတ်ယုတ်ပျက်စီးခြင်းမရှိရအောင်၊ ယခု ငါအသက်ရှိစဉ်ကစ၍၊ သာသနာတော်ကို ငါ့ နည်း တူ' စောင့်ရှောက်ပြုစုရန် ငါလွှဲအပ်တော်မူမည်'ဟု မိန့်တော်မူ၍၊ သာသနာတော်၏ တာဝန်အ ရပ် ရပ် ကို၊ ရွက်ဆောင်တော်မူရန်၊ အမိန့်ပြန်တမ်းရေးသားလျက်၊ လွှဲ အပ်ဆောင်ရွက်စေတော်မူသည်။



**မူလခန့်အပ်ခြင်းခံယူရသော သာသနာပြုဆရာတော်များကား**

၁။ စာချွန်တော်ရ မြို့ပြင်ကြီး ဆရာတော်။

၂။ နာဂိန္ဒာဘိ ဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ် တော် ရ မိုးကောင်းဆရာတော်။

၃။ ဂုဏာလင်္ကာရဓဇ ( ဝိဘင်္ဂခရ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော် ရ အ ကော က် ဝန် မင်းကျောင်းဆရာတော်။

၁၁၉၇-ခု၊ တပို့တွဲလဆန်း(၁ ရက်၊ တနင်းလာနေ့၊ စစ်ကိုင်းမြို့နယ် တောင်ရင်းရွာတွင် ခမည်းတော် ဦး ရောက် မယ်တော် ဒေါ်မယ်ဝတို့မှ ဖွား မြင် ၍၊ ၁၂၁၇-ခု၊ ဒုတိယဝါဆိုလဆန်း (၁၁) ရက်၊အင်္ဂါနေ့ (၂) ချက်တီး ကျော်အချိန်၌ အမရပူရမြို့သရက်တောကျောင်းသိမ်၌ ပုခန်းဆရာတော်ကိုဥပဇ္ဈာယ်ပြု၍၊ရဟန်းအဖြစ်သို့ရောက်သည်၊ ၁၂၇၅-ခု၊ သီတင်းကျွတ်လဆုတ်(၃)ရက်နေ့ ညဉ့်(၇) နာအချိန် သက်တော် (၈၀) သိက္ခာတော် (၆၀) ဝါအရတွင် ပျံလွန်တော်မူသည်။

၄။ ဥာဏဝံသ ဓဇမဟာ ဓမ္မ ရာဇာဓိရာဇဂုရု-ချတံဆိပ်တော် ရ ငွေပြည်ဆရာတော်။

၅။ သုမနာစာရာဘိ ဓေမဟာ ဓမ္မရာဇာဓိရာဇဂုရု- တံဆိပ် တော်ရ အလွှကပ္ပတိုက်မြို့သာဆရာတော်

၁၂၀၁-ခု တပေါင်းလဆန်း(၄)ရက် သောကြာနေ့ ရွှေတိုတောင် လက် မင်းကြီးရွာတွင်၊ သညာမွှာန ိုက်ကျောင်း ဒါယကာ ခမည်းတော်( ) မယ်တော် ဒေါ်ထားိမှ ဖွားမြင်သည်၊ ၁၂၂၁-ခုနှစ်တွင် မင်းကြီးရွာ တောင်ကျောင်း၊ ခဏ္ဍသိမ်၌ မဟာဗိုလ် ဆရာတော်ကြီးကို ဉပဇ္ဈာယ်မောက်ကျိုးဆရာတော်မြင်တော်ကုန်း ဆရာတော်တို့ကို ကာရကပြု၍၊ ရဟန်းအဖြစ်သို့ ရောက်သည်။

၆။ ပညာသာမိ သိရိဓဇ မဟာဓမ္မရာဇ ဂုရုတံ ဆိပ် တော် ရ ပေါင်းတောင်ကူးဆရာတော်။

၇။ ကဝိန္ဒာလင်္ကာရာဘိ ဓဇမဟာ ဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ မောက်ကျိုးဆရာတော်။

၈။ ဥာဏာဘိ ဓဇသိရိပဝရ မဟာ ဓမ္မရာဇာ ဓိရာဇဂုရုတံဆိပ်တော် ရ ကိုင်ထားိုက်အုပ်ဆရာတော်။

၁၂၀၄-ခု ပြာသိုလဆုတ် ၂-ရက် အင်္ဂါနေ့တွင် ဖွါးမြင်၍၊ ၁၂၂၃-ခုနှစ် ရဟန်းအဖြစ် ရောက်သည်၊ ဉာဏာဘိဓဇသိရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု-ပဌမတံဆိပ်၊ ဉာဏာလင်္ကာရာဘိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဒုတိယ တံဆိပ်၊ တံဆိပ်တော် ၂-ထပ်ရသည်၊ ၁၂၇၄-ခု နတ်တော် လဆန်း ၁၅-ရက် သက်တော် (၇၀) သိက္ခာတော် (၅၁)ဝါ အရတွင် လွန်တော်မူသည်။)

၉။ ရေဝတာ လင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု၊ တံဆိပ် တော်ရ ဘေးမွဲဆရာတော်။

၁၀။ နန္ဒမေဓာသာဘိ ကဝိဓဇသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု၊တံဆိပ်တော်ရ လင်္ကာရာမ ဆရာတော်။

၁၂၀၉-ခု နယုန် လဆန်း ၅-ရက် စနေနေ့၊ ဒိပဲယင်းမြို့နယ်၊လင်းပြူ ရွာတွင် ဖွါးမြင်သည်၊ ၁၂၂၈-ခု ဒုတိယ ဝါဆို လဆန်း ၁-ရက် နေ့၌ မြို့ပြင်ကြီး ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍၊ ဒိပဲယင်းမြို့ သိမ်ကျောင်း ခဏ္ဍသိမ်၌ ရဟန်း ဖြစ်သည်၊ ၁၂၇၂-ခုနှစ် ပြာသို လဆန်း ၄-ရက်နေ့ နံက် ၆-နာရီအချိန်လွန်သည်။

၁၁။ အရှင်မုနိန္ဒ-အရှေ့ တိုက်တော် ဆရာတော်။

၁၂။ အရှင်နန္ဒိ- ဆင်ပြူကျွန်း ဆရာတော်။

၁၃။ အရှင် ကလျာဏ—မေဓာဝတီ တောင်သမန်တိုက် သာသနာပြု ဆရာတော်။

၁၂၁၄-ခု ပြာသိုလဆန်း ၁၄-ရက် တနင်းလာ နေ့တွင်၊ အလုံမြို့ အရှေ့ဘက်တိုက်၊ ဆံရစ်ရွာ ဦးလှိုင် ဒေါ်နုတို့မှ ဖွါးမြင်၍၊ ၁၂၃၃-ခု တပေါင်းလဆုတ် (၃) ရက်နေ့ ဆံရစ်ကျောင်း၌ ရဟန်း အဖြစ်သို့ရောက်သည်၊ ၁၂၉၂-ခု တန်ဆောင်းမုန်းလတွင်လွန်သည်။

၁၄။ အရှင်နန္ဒိယ— မိုးကောင်းတိုက် ပဋ္ဌမကျော်ဆရာတော်။

ဖေါ်ပြပါ တကျိပ် လေး ပါး သော ဆရာတော်များသည် သာသနာပြု လွှဲအပ်ခံရတော်မူသည့် အားလျော်စွာ၊ တောင်တော် သာသနာပိုင်ဆရာတော်ကြီး ထင်ရှားရှိစဉ်ကစ၍၊ သာသနာ တော်ကို ပြုစု စောင့်ရှောက်တော်မူလာကြသည်။

သို့ မူလ-က တကျိပ်လေးပါးရှိသော်လည်း၊ လက်ာရာမဆရာတော် နုတ်ထွက်၍၊ အရှေ့တိုက်တော် ဆရာတော် ပျံလွန်တော်မူသဖြင့် (၁၂)ပါးသာ ကျန်ရှိသောကြောင့်၊ ယင်းကျန်ရှိသော တကျိပ်နှစ်ပါး ဆရာတော်ကြီး များကို စွဲ၍၊ "မူလ တကျိပ်နှစ်ပါးဂိုဏ်း" ဟု ထင်ရှားစွာဖြစ်သတည်း။

**တကျိပ်နှစ်ပါး သာသနာပြုဆရာတော်များ သာသနာတော်ကို အဆက်ဆက် ချီးမြှောက်ပြုစုတော်မူခြင်း။**

ကျေးဇူးရှင် တောင်တော်သာသနာပိုင် ဆရာတော် ဘဝ နတ်ထံ စံလွန်တော်မူပြီးနောက်....

(၁) မိုးကောင်း ဆရာတော် ကြီးကို သံဃာ ဦးကိုင် မဟာ နာယက တင်မြှောက်၍ သာသနာတော်ကို ပြုစု စောင့်ရှောက်တော် မူကြသည်။ ၎င်းနောက်....

(၂) အ ကောက် ဝန် မင်း ကျောင်း ဆရာတော်။

(၃) ဘေးမဲ့ဆရာတော်။

(၄) ဇေယျာဘိဓေ သာသန ဝံသ မဟာ ဓမ္မ ရာဇာဓိ ရာဇဂုရု.... တံဆိပ်တော်ရ ငွေပြည့် ဘင်လီဆရာတော်။

(၅) သဒ္ဓမ္မာဘိပဏ္ဍိတဇေသာသန ဝံသမဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရ ငါးဆူ ဆရာ တော်။

၁၂၁၈-ခု၊ ပြာသိုလဆုတ် ၆-ရက် ညဉ့် ၂-ချက် တီးကျော်.... ၇-ရက် သောကြာနေ့သို့အဝင်၊ ပုဂံမြို့နယ် ထန်းနှောင်းရွာ ဘုရားဒါယကာ ဦးငွေကြွ-ဒေါ်သီတာဘို့မှ ဖွားမြင်၍၊ ငယ်မည် မှာ မောင်ငွေနှစ် ဖြစ်သည်၊ ၁၂၃၇-ခုနှစ်၊ နယုန်လပြည့်နေ့တွင် ယောချောင်း ရေသိမ်၌ ဖလံအိုးတောင်ကျောင်း ဂိုဏ်းအုပ် ဆရာတော်ကြီးကိုဥပဇ္ဈာယ်ပြု၍၊ ရဟန်း အဖြစ်သို့ ရောက်သည်၊ ၁၂၈၀-ခု၊ တပေါင်းလဆုတ်(၈)ရက်နေ့တွင် နတ်ထီးလှုံတော်မူသည်၊ တောင်သမန်ဆရာ တော်ဘုရားကြီး၏တပည့်ရင်းဖြစ်၏။

(၆) ယခု ဘဝ နတ်ဌာန် စံလွန်တော်မူသော ကျေးဇူးရှင် ညောင်ရမ်းဆရာတော်။

ဤဆရာတော်ဘုရားကြီးအဆက်ဆက်တို့သည်၊ တကျိပ်နှစ်ပါး ဂိုဏ်းကြီး၏ ဦးစီးဦးကိုင်၊ ရွေးကောက်တင်မြှောက်ခြင်းခံယူတော်မူကြရသည်အားလျော်စွာ သာသနာ့တာဝန်ကို အားသွန်ထမ်းဆောင်တော်မူခဲ့ကုန်သတည်း။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော် ဆက်လှူခံရခြင်း။

ဗြိတိသျှတို့ အုပ်စိုးချိန်၊ တောင်ခွင် သာသနာပိုင် ဆရာတော်ဘုရား လက်ထက်၊ ရဟန်းပညာရှိ၊ လူပညာရှိတို့အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ဆက်ကပ်လှူခြင်း အစဉ်အလာ တရပ် ထွန်းကားလာသည်။ ၎င်းတံဆိပ်ရထိုက်သော အရည်အချင်းနှင့်ဂုဏ်အင်္ဂါများမှာ....

(၁) ဂန္ထဓုရကောဝိဒ၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမက၊ ဟူသောဂုဏ်တို့နှင့် ပြည့်စုံ၍၊ ဆရာ အစဉ်အဆက် ဆောင်အပ်သော ပရမ္ပရာဘတ ဝိနိစ္ဆယများကို နားလည် ကျွမ်းကျင်ခြင်း။

(၂) ကျောင်းကန် တိုက်တာတည် ထောင်လျက်၊ တပည့်ရဟန်း သာမဏေတို့အား ဆုံးမ ဩဝါဒပေး၍ ပညာသင်ကြား ပေးရန်မွေးမြူအုပ်ချုပ်နိုင်သော ဣဿရိယနာယကဖြစ်ခြင်း။

(၃) အာစရိယ လဒ္ဓေါပဒေသ စသည်ရရှိ၍၊ အာစရိယပရမ္ပရသိဿာ နုသိဿ အဆက် မပြတ်အောင် စာပေကျမ်းဂန် သင်ကြားပို့ချခြင်း။

(၄) သဒ္ဒါအဘိဓာန်အလင်္ကာဆန်း စသော ကျမ်းဂန်တို့ကို တတ် မြောက်ပြီး၍၊ သာသနာတော်

အား ကျေးဇူးများသောကျမ်း ဂန်အသစ် ပြုစု ရေးသား နိုင်ခြင်း။

(၅) ရဟန်းရှင်လူတို့အား ကောင်းသောအကျင့်၌တည်စေလျက်၊ သဂ္ဂမောက္ခပရာယနအကျိုး၌ တရားဟောပြဆုံးမနိုင်ခြင်း။

(၆) ပရိသတ်အလယ်၌ ရိုသေ လေးမြတ်တွယ်သော အရွယ် ရှိခြင်း။

(၇) သီလသမာဓိပညာဂုဏ်တို့နှင့် ပြည့်စုံ၍၊ မြန်မာနိုင်ငံတဝှန်းလုံး၌ ကျော်စောထင်ရှားခြင်း စသည်တို့ဖြစ်၏။

ဤသို့ပေါ်ပြအပ်ပြီးသော ဂုဏ်အရည်အချင်းတို့နှင့်ပြည့်စုံသည်ဖြစ်၍၊ ကျေးဇူးရှင် ဆရာတော်ကြီးအား( ၁၂၉၆ )ခုနှစ် နယုန် လ တွင်“အဂ္ဂ မဟာ ပဏ္ဍိတ”ဘွဲ့ တံဆိပ်တော် ဆက်ကပ် လှူဒါန်း ခြင်းခံရပေသည်။

## ပထမပြန်စုံစမ်းရေးကော်မီတီ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခြင်း။

၁၂၉၉ (၁၉၃၇) ခုနှစ်တွင် အစိုးရ ပထမပြန်စုံစမ်းရေး ကော်မီတီ အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တော်မူ၍၊ ဖူးစကက်မျက်နှာ(၁၅၀)ခန့်ရှိ ဩဝါဒကထာကိုလည်း ရေးသားခဲ့လေသည်။

၁၂၄၇(၁၈၈၆)ခုနှစ်တွင် မန္တလေးရတနာပုံ ဒုတိယနန်းစံ မာရ်အောင်ရတနာစေတီတော်ဒါယကာမြန်မာဘုရင်မင်းမြတ် မရှိသည့်နောက် မြန်မာပြည်အလုံးကို ဗြိတိသျှတို့ အုပ်စိုးသည်မှစ၍၊ ပထမပြန် စာမေးပွဲကျင်းပခြင်း ပျောက်ခဲ့လေသည်။ သို့သော်လည်း၊ အိန္ဒိယမှ “မစ္စတာဂျန်ဗင်ဆိုမရန်ပုပ်၊ အမ်–အေ” အား၊ ၁၂၅၁ (၁၈၈၉) ခုနှစ်တွင်၊ ပညာဝန်ကြီးအဖြစ်ဖြင့် ခန့်ထားလိုက်သော အခါ မြန်မာပြည်မှာ ကုသိုလ်ကံကောင်းလာသည်ဟုဆိုရပေမည်။

ထိုပညာဝန်ကြီးမှာ၊ ဘင်လားနယ် ပညာရေးဌာန၌၊ အမှုထမ်းခဲ့စဉ် ဈေးကတိမ်ကောနေသည့် သက္ကတဘာသာကို၊ ဘိဟာနှင့်၊ တီရဟုဋ်နယ်များတွင်၊ ဆိုင်ရာဆရာများနှင့်၊ တိုင်ပင်နှီးနှော၍၊ နည်းစနစ်ပြောင်းလဲ အသစ်ထွင်ရာ၌၊ အောင်မြင်ခဲ့သူတဦးဖြစ်သဖြင့်၊ မြန်မာပြည်သို့ ရောက်ပြီး နောက်လ အနည်းငယ်အတွင်းတွင်ပင်၊ သက္ကတဘာသာကို ပြုပြင်ခဲ့သည့်နည်းတူ မြန်မာပြည်ရှိ ပါဠိဘာသာသည်လည်း၊ မြန်မာပြည်ရှိဘုန်းတော်ကြီးများ နှင့် လူအများတို့ ပါဠိဘာသာသင်ကြားရေးနှင့်စပ်လျဉ်း၍၊ ပြုပြင်ပြောင်းလဲ

သင်ကြားစေရလျှင်၊ အထ မြောက် ဘွဲ့ ရာ အကြောင်းရှိသည်ဟု ယူဆကြဲ့စိနေစဉ်၊ မြန်မာဘုရင် စိုးမံတော် မူသည့်အခါက၊ ပါဠိဘာသာစာမေးပွဲများကို၊ ကျင်း ပ ခဲ့ သည်ဟု သိရှိရပြန်သဖြင့်၊ ထိုကဲ့သို့ ပါဠိ ဘာသာစာမေးပွဲကျင်းပသည့် နည်းစံနစ် ဟောင်းများကို၊ ပြုပြင်ပြောင်းလဲ သင် ကြားစေက ဘုန်းတော်ကြီးများမှာလည်း အကျိုးရှိမည်၊ ဆရာတော်ကြီး များနှင့် လူများကလည်း၊ အင်္ဂလိပ်အစိုးရ မင်းတို့ သည် သာသနာရေးနှင့် ပတ်သက်သည့် ပါဠိဘာသာသင်ကြားရေးတွင်၊ အ ထူး ဂရုပြုပေသည်ဟု၊ သိ ရှိ လာ ကြ မည့် အကြောင်းများကို အကြံရှိသည့်အတိုင်း-

(၁) တောင်တော် သာ သနာ ပိုင် ဆရာတော်ဘုရားကြီး။

(၂) တံဆိပ်တော်သုံးထပ်ရ-ပုခန်း ဆရာတော်ဘုရားကြီး။

(၃) တံ ဆိ ပ် တော် သုံး ထ ပ် ရ- လှထွေ ဆရာတော်ဘုရားကြီး။

(၄) လယ်ကိုင်းမြို့စားကင်းဝန်မင်း ကြီး။

အစရှိသော ပုဂ္ဂိုလ် ကြီးများနှင့် တိုင် ပင်၍၊ ၁၂၅၃ (၁၈၉၁)ခုနှစ်၊ မတ်လ တွင်ပါဠိဘာသာသင်ကြားရေး အားပေး ရန်အတွက် အစိုးရ မင်းတို့ထံ အကြံပေး ချက်များကို တင်သွင်း ကြလေသည်၊ ထို အကြံပေးချက်များကို ထပ်ခါထပ်ခါစဉ်း စား ပြင်ဆင် ခဲ့ ပြီး နောက်၊ ၁၂၅၆ (၁၈၉၄)ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာ ဘုရင် များ လက် ထက် တော်က အတိုင်း ပထမပြန်စာမေးပွဲများကျင်းပရန်အမိန့်ရ လေသည်။

ထိုနောက် ပထမ ပြန် စာ မေး ပွဲ ကို၊ ၁၂၅၇-ခုနှစ် နယုန်လဆန်း(၈)ရက်နေ့၊ ၁၈၉၅-ခုနှစ် ဇွန်လတွင် အင်္ဂလိပ် မင်း တို့ ဦးစွာပထမစတင်ကျင်းပလေသည်။

ထိုသို့ ပထမပြန် စာမေးပွဲကို ကျင်းပ ပြုလုပ်ခဲ့ရာ၊ အချို့သော အရာ များတွင် မကျေမနပ် ကြသည် ဖြစ်၍၊ မန္တလေး ရန်ကုန်စသော စာမေးပွဲ ကျင်းပရာဌာန တို့မှ ရဟန်း ရှင်လူ တို့သည်၊ ပထမပြန် စာမေး ပွဲ ကြီး ပြုလုပ်သော ကော် မီ တီ အဖွဲ့၏ နည်းစံနစ် ဥပဒေကို ကောင်းမွန် အောင်ပြုပြင်ပေးရန် ပြည်ပိုင် အစိုးရမင်း များထံ အမျိုးမျိုး စာတင်သွင်း ကြသော ကြောင့်၊ ပဌမပြန်စာမေးပွဲနှင့် ပတ်သက် ၍ အရပ်ရပ် စုံစမ်းစေခြင်းငှါ၊ ပထမပြန် စာမေးပွဲ စုံ စမ်းရေး အ ဖွဲ့ ကို ခန့် ထား ဆောင်ရွက်စေသည်။ ၎င်းအဖွဲ့ လုပ်ငန်း မှာ....

(က) ပထမပြန်စာမေးပွဲဆိုင်ရာရှိရင်း နည်းစံနစ်ကို စုံစမ်း စစ်ဆေးခြင်း၊ ထိုသို့

စုံစမ်းစစ်ဆေးရာတွင် စာမေးပွဲ ကော်မီတီ ဖွဲ့စည်းမှု၊ စာမေးပွဲ အတွက် သင်အံလေ့ကျက်ရန်လိုသည့် စာပေ ကျမ်းဂန်ပညာရပ်များ၊ အောင်မြင်သည့် ပုဂ္ဂိုလ်များသို့ ချီးမြှင့်သော ဆုငွေစသည့် ဝတ္ထုပစ္စည်း, ၎င်းပြင် စာချ ပုဂ္ဂိုလ်တို့အား လှူဒါန်းသော ရိက္ခာတော် ဆွမ်း ဆန်စသည့် ဝတ္ထု ပစ္စည်းများ အကြောင်းကိုလည်း ပါဝင် ထည့်သွင်း၍ စုံစမ်း စစ်ဆေးခြင်း။

(ခ) စာမေးပွဲ ဆိုင်ရာ နည်းစနစ်ကောင်းသည်ထက်ကောင်းအောင် ပြုပြင်စီမံရန် လိုအပ်လျှင်လည်း မည်သို့ ပြုပြင်စီမံသင့်ကြောင်း အကြံဉာဏ် ပေးခြင်းနှင့် မိမိတို့ထံသို့ စာဖြင့်ရေးသားပေးပို့သည့် သက်သေ ခံချက်များကို လက်ခံ၍၊ သက်သေတို့ကို မန္တလေးနှင့်ရန်ကုန်မြို့များတွင် နှုတ်ဖြင့် စစ်မေးမြန်းခြင်းတို့ကို ပြုလုပ်၍၊ သြဝါဒကထာ (အစီရင်ခံစာ)ကို တင်သွင်းရပေသည်။

၎င်းတို့ ကျေးဇူးကြောင့် ဆုငွေတိုးတက်ရရှိခြင်း၊ စာချတန်းတတန်းတိုးလာခြင်းစသော အကျိုးသက်ရောက်မှု ရရှိခဲ့ပေသည်။

ယခု ပါဠိ တက္ကသိုလ် တို့သည် ၎င်းတို့၏အကျိုးဆက်ပင်ဖြစ်လေသည်။

၎င်းကော်မီတီအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ သာသနာ့ အကျိုးကို သည်ပိုးတော်မူခဲ့ပေသတည်း။

## ဂိုဏ်းပေါင်းစုံ သံဃ အဖွဲ့ချုပ်ကြီး၏ မဟာနာယက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တော်မူခြင်း။

ဒုတိယ ကမ္ဘာစစ်ကြီး အတွင်း၌ ၁၃၀၄ ခုနှစ်တွင် ဂိုဏ်းပေါင်းစုံ သံဃအဖွဲ့ကြီး၏ အထက် မြန်မာနိုင်ငံ အတွက် တာဝန်ခံ နိုင်ငံတော် မဟာနာယ ဥက္ကဋ္ဌအဖြစ်တာဝန်ယူတော်မူ၍၊သာသနာတော်၏အကျိုးစီးပွားကိုကြီးကြပ်စောင့်ရှောက်ဆောင်ရွက်တော်မူခဲ့ပေသည်။

မိမိပင်, အကြီးအမှူးဦးစီး ဥက္ကဋ္ဌ ပြုလုပ် ဆောင်ရွက်တော်မူကာ၊ မန္တလေးမြို့ တောင်တန်းသာသနာပြုထောက်ပံ့ရေး အဖွဲ့ကြီးကို ဖွဲ့စည်း ဖြစ်မြောက် စေ၍၊ အားတက် သရော ထောက်ပံ့ လှူဒါန်းတော်မူသည်။

တောင်တန်း သာသနာပြု အရှင်မြတ်များနှင့် ပါတ်သက်၍၊ တံဆိပ်တော်များ အမှတ်တရ ဆက်ကပ်ချီးကြူးရန်အတွက် အမှူးဆောင်ဆရာတော်များက၊ သတ်မှတ်ပိုင်းခြားပေးရန် လျှောက်ထား သဖြင့်၊ ရန်ကုန်မြို့ ဘုရားကြီး ဆရာတော်နှင့် တဲ့ဘက်၍....

(၁) တနှစ်ပြည့် သာသနာပြု အရှင် မြတ်အား သာသနယောဓ၊

(၂) နှစ်နှစ်ပြည့် သာသနာပြု အရှင် မြတ် အား.... သာသန ယောဓါ လင်္ကာရ၊

(၃) သုံးနှစ်ပြည့် သာသနာပြု အရှင် မြတ်အား.... သာသန ယောဓါ လင်္ကာရဓဇ၊

(၄) လေးနှစ်ပြည့် သာသနာပြု အရှင် မြတ်အား....သာသန ယောဓါ လင်္ကာရဓဇသိရိ၊

(၅) ငါးနှစ်ပြည့် သာသနာပြု အရှင် မြတ်အား....သာသန ယောဓါ လင်္ကာရဓဇသိရိပဝရ၊

တံဆိပ်တော် များကို ပိုင်းခြားသတ် မှတ်၍ပေးတော်မူခဲ့ရပေသည်။

ဤဂျပန်ခေတ်၌ လေယာဉ်ပုံတွေ တ ဝီဝီလာ၍၊စက်သေနပ်တွေဒလစပ်ပစ်ခပ် လျက် ဗုံးတွေ အနှံ့ အပြား ချနေသော် လည်း၊ ဆရာတော်မှာ ဇွဲချွေ မပျက်စာ ရေးမပျက်ဟု သိရ၏။ စစ်ဘေးစစ်ဒဏ် ကြောင့် အ ခိုက် အ တန့် ပြေး လွှား ရှောင် တိမ်း ကြသော အခါ တွင် လည်း၊ အခြားသော အဖိုး တန်ဝတ္ထုပစ္စည်း များ ကိုလုံးဝလစ်လျူပြု၍၊ ပေထုပ်နှင့်စာအုပ် များကိုသာ အမြတ်တနိုး ဂရုစိုက်၍ ယူ ဆောင်တော်မူကြောင်းသိရပေသည်။

## သီဟနာဒမိန့်ခွန်းတော်။

ကာဝါဘိလက်ထက်တွင် မြန်မာနိုင်ငံ တွင်ထင်ရှားသော ဂိုဏ်းဂဏတို့မှ ဆရာ တော်ကြီး များ အား ရန်ကုန် သို့ ပင့် ၍ “မြန်မာနိုင်ငံတော်ကိုတိုက်ခိုက်နေတဲ့ရန် သူဟူသမျှကို ကာကွယ်တဲ့ အနေနှင့် သံဃာတော်များကကူညီပါ”ဟု လျှောက် ထားဘူးကြောင်းသိရသည်။

အများသော ဆရာတော်ကြီးတို့သည် ဂျပန်ကို ကြောက် နေရ သော အချိန်ဖြစ်၍ ဂျပန်အကြိုက် လိုက်ရတော့မလို ဖြစ်နေ ချိန်တွင် ကျေး ဇူး ရှင် ဆရာတော် ကြီးက “ရဟန်းတို့မည်သည် စစ်နှင့်ပတ်သက်၍ အားပေး အားမြှောက်မပြုကောင်း အား ပေး အား မြှောက် မပြုလို သတ်မည်ဆို လျှင် ငါ့ကိုအလျှင်သတ်နိုင်သည်”ဟုရဲရဲ တောက်အမိန့်ရှိရာ အားလုံးသော ဂိုဏ်း သံဃာ တော်ကြီးတို့သည် အလွန် တရာ ဝမ်းမြောက် ကျေး ဇူး တင် တော် မူခဲ့ပေ သည်၊ ဤသို့နှင့်ပင် သာသနာရေးကိစ္စနှင့် ကြုံလာလျှင်မည်သူ့မျက်နှာကိုမျှမထောက် ဘုရားမျက်နှာတော်တခုကိုသာ ထောက်၍ မားမားမတ်မတ်ရှေ့ဆောင်ရှေ့ရွက် ပြုခဲ့ သည်ချည်းဖြစ်သတည်း။

## နိုင်ငံတော်ဝိနယဓရနှင့် နိုင်ငံတော် အထက်ပိုင်းဝိနည်းမှုရုံတာဝန်ခံ

ပြည်ထောင်စု မြန်မာ နိုင်ငံတော်တွင် ဖြစ်ပွါးသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုများကိုကြားနာစစ်ဆေး၍ ဝိနည်းတော်နှင့်အညီ စီရင်ဆုံးဖြတ်ရန် ဝိနိစ္ဆယဌာနများ တည်ဆောက်ရန် လိုအပ် သောကြောင့် ၁၃၁၂-ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဝိနိစ္ဆယဌာန အက်ဥပဒေကို ပြဋ္ဌာန်း အတည်ပြုရ လေသည်။ ၎င်း ဝိနိစ္ဆယဌာန အက်ဥပဒေစိစစ်ရေး ကော်မီတီ အဖွဲ့တွင်လည်း ဥက္ကဋ္ဌ အဖြစ်ဖြင့် ဆောင်ရွက်တော်မူရသည်။

၁၃၁၂-ခု နှစ်တွင် ပြည်ထောင်စုသမ္မတကြီး၏ နိုင်ငံတော် ဝိနယဓရဘွဲ့ပုံ လက်မှတ်ကို အလှူတော်ခံရ၍ နိုင်ငံတော်အထက်ပိုင်း ဝိနည်းမှုရုံ တာဝန်ခံ အဖြစ် လက်ခံဆောင်ရွက်တော်မူရသည်။

## ပါဠိတက္ကသိုလ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ

ပြည်ထောင်စု မြန်မာ နိုင်ငံတော်တွင် ပရိယတ္တိသာသနာတော် တည်တံ့ ခိုင်မြဲ ထွန်းကဲ ပြန့်ပွါးစည်ပင်ရေးအတွက် ပါဠိတက္ကသိုလ် တည်ထောင် ရန်၎င်း, စာချဓမ္မာ စရိယ ဆရာတော် များကိုလည်း ပစ္စည်းလေးပါးအတွက် ကြောင့်ကြ ပလိဗောဓ ကင်းငြိမ်းစေရန်၎င်း လိုအပ်သည် ဖြစ်သောကြောင့် နိုင် ငံ တော် အစိုးရက ၁၃၁၂-ခုနှစ်တွင် ပါဠိ တက္ကသိုလ်နှင့် ဓမ္မာစရိယအက်ဥပဒေကို ပြဋ္ဌာန်းအတည်ပြုလေသည်။၎င်းဥပဒေအရ ဖွဲ့စည်းတည်ထောင် အပ် သော ပါဠိ တက္ကသိုလ်ကျောင်းတို့တွင် တကျောင်း အပါအဝင် ဖြစ်၍နိုင်ငံတော်ပါဠိတက္ကသိုလ်ကျောင်းတိုက် ကိုယ်စားလှယ် ဆရာတော်များ ပါဝင်ဖွဲ့စည်းသော ပါဠိတက္ကသိုလ် ဗဟို အဖွဲ့ကြီးတွင်လည်း ဥက္ကဋ္ဌ အဖြစ် လက်ခံဆောင်ရွက်တော်မူရလေသည်။

## ဗုဒ္ဓဘာသာသင်ခန်းစာစီစဉ်ရေးအဖွဲ့ ဩဝါဒါစရိယ။

နိုင်ငံတော်စာသင်ကျောင်းများ၌ ဗုဒ္ဓဘာသာဝင်ကလေးသူငယ်များအား ဗုဒ္ဓဘာသာအခြေခံရနိုင်စေရန်နှင့် ဘာသာစာရိတ္တ ကြံ့ခိုင် စေရန် ဗုဒ္ဓဘာသာသင်ကြားမှုကို ခေတ်နှင့်လျော်စွာ ပြုပြင်စီရင်ရန်လိုအပ်သည် ဖြစ်၍ ဗုဒ္ဓဘာသာသင်ကြားခြင်းနှင့် ဆိုင်ရာ သင်ခန်းစာအစီအစဉ်များရေးဆွဲရန်နှင့် အကြံဉာဏ်များပေးရန် ဩဝါဒါစရိယ ဆရာတော်များနှင့် လူပုဂ္ဂိုလ်များပါဝင်သော စုံစမ်းရေးကော်မီတီအဖွဲ့ကို နိုင်ငံတော်အစိုးရက ဖွဲ့စည်းလေသည်။

ထိုအဖွဲ့ကြီးတွင် ဆရာတော်ကြီးသည်လည်း ဩဝါဒါစရိယဆရာတော်တပါး အဖြစ်ဖြင့် ဆောင်ရွက် တော် မူ ရ လေ သည်။

## နိုင်ငံခြားသို့သာသနာပြု ကြွရောက်တော်မူခြင်း။

၁၃၁၄- ခုနှစ်တွင်၊ ကမ္ဘောဒီးယား ဘုရင်ထံမှ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရထံသို့၊ ဓာတ်တော် ပူဇော်ပွဲကြီးကျင်းပရန်ကိစ္စ၊ သာသနာရေးကိစ္စများကိုကူညီထောက်ပံ့ရန် သံဃာကိုယ်စားလှယ် ဆရာတော်ကြီးများ လူကိုယ်စားလှယ်များကြွရောက်ရန် ပင့်ဖိတ်သောစာများရရှိသဖြင့်၊ ဆရာတော်ကြီးအား ယိုးဒယားပြည် ကမ္ဘောဒီးယား ပြည် တို့သို့ သာသနာပြုကြွရောက်ရန် လျှောက်ထားတောင်းပန်သဖြင့်၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ကြီးမှ ယိုးဒယား ကမ္ဘောဒီးယား လောနိုင်ငံတို့ရှိ ဆရာတော်အရှင်မြတ်တို့အား လှူဒါန်းဘွယ်များနှင့်တကွ ၎င်းနှစ် သီတင်းကျွတ်လဆုတ် ၆ ရက်နေ့တွင် ၎င်းနိုင်ငံများသို့သာသနာကြွရောက်တော်မူရပေသည်။

၎င်းနှစ် တပို့တွဲလမှာလည်း ထိုနည်းအတူ အိန္ဒိယ၊ သီဟိုဠ်တို့သို့ သာသနာပြုကြွခဲ့ရပေသည်။

## အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် လှူဒါန်းပူဇော်ခံရခြင်း။

မြန်မာသက္ကရာဇ်၁၃၁၅-ခုနှစ်ဒုတိယ ဝါဆိုလဆန်း ၇-ရက်, ခရစ်သက္ကရာဇ် ၁၉၅၃-ခုနှစ် ဇူလိုင်လ ၁၈-ရက် စနေနေ့ ညနေ ၄-နာရီ၄၁-မိနစ် အချိန် နိုင်ငံတော် သမ္မတကြီး အမှူး ရှိသော ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရက နိုင်ငံတော် သမ္မတ ကြီး၏ အိမ်တော်၌၊ ၎င်းကိုယ်တိုင်''ဘဒ္ဒန္တ ရေဝတာဘိ ဓဇ မဟာရဋ္ဌဂုရု''ဘွဲ့တံဆိပ်တော်ကိုကပ်လှူပူဇော်ခြင်းခံခဲ့ပေသည်။

ချီးမြှောက်ထိုက်သူကို ချီးမြှောက်ခြင်း ပူဇော် ထိုက်သူကို ပူဇော်ခြင်း အလေ့အထမှာ ယခုမှဖြစ်ပေါ်လာသော အလေ့အထ မဟုတ်ပေ၊ နှစ်ပေါင်း များစွာ ကမ္ဘာအသင်္ချေ ရှေးပဝေဏီအခါက ဖြစ်ပေါ်လာခဲ့သော ပညာရှိသူတော်ကောင်းတို့ ထုံးဟောင်းစဉ်လာ ဓမ္မတာလမ်းရိုးကြီးတခုဖြစ်ပေသည်။

ဘွဲ့တံဆိပ်တော် လှူဒါန်း ပူဇော်ခြင်းကို သာမန် ပုဂ္ဂိုလ်တို့ ခံယူထိုက်သည်မ**ဟုတ်ပေ၊ သီလဂုဏ် သမာဓိဂုဏ် ပညာ**ဂုဏ်စသည်တို့ဖြင့် လွန်ကဲသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ် မြတ်တို့သာ ခံယူ ထိုက်ပေသည်၊ ခံယူထိုက်သူကို လှူဒါန်းပူဇော်ခြင်းသည်သာ ဘွဲ့တံဆိပ်အမည် ပညတ်ဂုဏ်နှင့် ခံယူသူဂုဏ်ကျေးဇူးတို့ တပြေးထည်း ညီညွတ်သဖြင့် လောက အလယ်တွင် တင့်နိုင်ပေသည်။

သုံးလောက ထွတ်ထားမြတ်စွာဘုရားကိုယ်တော်မြတ်သည်ပင် ဗောဓိပင်နှင့်

ငွေပင့်ကူမြင်ဝယ် မာရ်ငါးပါးကိုအောင်မြင်တော်မူသော ဂုဏ်ကြောင့်“အနန္တဇိန” ဘွဲ့မည်တော် လူနတ်ဗြဟ္မာသတ္တဝါတို့၏ ထူးထူးခြားခြား ပူဇော်ခြင်းကို ခံယူထိုက်သောဂုဏ်တော်ကြောင့်“အရဟံ”ဘွဲ့မည်တော် သမ္မာသမ္ဗုဒ္ဓ ဘွဲ့မည်တော် စသည်တို့ဖြင့် ဂုဏ်တော်ကို အစွဲပြု၍ ဖြစ်သော အမည်တော် တို့မှာ မရေ မတွက်နိုင်အောင်များပြားလျက် တလောကလုံးထင်ရှားကျော်စောတော်မူခဲ့ပေသည်။

မြတ်စွာဘုရားလက်ထက်တော် အခါကလည်း တပည့် သာဝကနှင့် ဒါယကာ ဒါယိကာမ တို့တွင် ရှေးရှေးသော ဘဝ သံသရာတို့က ဖြည့်ကျင့် ဆည်းပူးခဲ့သော ပါရမီကုသိုလ်နှင့် တောင့်တခဲ့ဘူးသော ဆုတောင်းအလျောက် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် စသည်တို့ဖြင့် ကဲလွန်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တို့ကို ပရိသတ် အလယ် ရွေးချယ်ကာ မြတ်စွာဘု ရား ကိုယ် တော် တိုင် “ဧတဒဂ်” ဘွဲ့ တံဆိပ်ထူးကို ချီးကျူး ပေးအပ်ဘူးသော ထုံးရှိပေသည်၊ တပည့် သာဝက ထဲမှ အသိ အလိမ္မာဉာဏ် ပညာအရာ၌ အထူးခြားအလွန်ဆုံးဖြစ်သော လက်ျာတော်ရံ အရှင် သာရိပုတ္တရာအား (ပညာဧတဒဂ်) ဘွဲ့ တံဆိပ်တော်၊ တန်ခိုးဣဒ္ဓိပါဒ် အရာ၌ အထူးခြားအကဲလွန်ဆုံးဖြစ်သော လက်ဝဲတော်ရံ အရှင် မဟာ မောဂ္ဂလာန်အား (ဣဒ္ဓိဧတဒဂ်)ဘွဲ့တံဆိပ်တော်တို့ကို မြတ်စွာဘုရားကိုယ်တိုင် ပရိသတ်တို့အလယ်၌ ချီးကျူး ပေးအပ် ခဲ့ဘူးသော ထုံးရှိပေသည်။

ထိုမှတပါးသောပုဂ္ဂိုလ်တို့အားလည်း အချင်းချင်းအားလျော်စွာ အထူးခြား အကဲလွန်ဆုံးဖြစ်သည်ကိုအစွဲပြု၍ အသီးအသီး “ဧတဒဂ်”ဘွဲ့တံဆိပ်တော်တို့ကို ချီးကျူး ပေးအပ်ခဲ့ဘူးသောထုံးရှိပေသည်။

ထိုနောက် မဇ္ဈိမဒေသ၊ သိဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား စသောနိုင်ငံတို့မှာလည်း၊ သာသနဒါယကာ မင်းအဆက်ဆက်တို့သည် သီလဂုဏ်၊ သမာဓိဂုဏ် ပညာဂုဏ်တို့ဖြင့် ထူးခြား ကဲလွန်သော ဆ ရာ တော် သံ ဃာ တော် ပု ဂ္ဂိုလ် ထူး ပုဂ္ဂိုလ်မြတ်တို့အား အချင်းချင်းအားလျော်စွာ ဂုဏ်နှင့်ဂုဏ်ဒြပ်ပွားကြ တပြေးထည်းညီညွတ်အောင် ဘွဲ့တံဆိပ် အထူး တို့ကို အထိုက်အလျောက် ချီးမြှောက်ပူဇော်ခဲ့ဘူးသော ထုံးရှိပေသည်။

သိဟိုဠ်ကျွန်း ဘုဝနေကဗာဟုမင်း လက်ထက်၌၊ ဟံသာဝတီ နေပြည်တော် ဓမ္မစေတီ မင်း တောင်းပန်ချက်အရ၊ သိဟိုဠ်ကျွန်းသို့သွား၍ ကာလျာဏီ မြစ်အတွင်းဝယ် သိမ်ဥဒကုက္ခေပတင်ခါ ရဟန်းပြုကြသော မောဂ္ဂလာန် မထေရ်အား (သိရိ သင်္ဃဗောဓိသာမိ)ဘွဲ့တံဆိပ်တော်၊ မဟာ သိဝလိမထေရ်အား (တိလောကဂုရုသာ

ဒီ''ဘွဲ့တံဆိပ်တော် ဤသို့ခေါင်းဆောင် ဆရာတော်''၂၂''ပါးတို့အား''၂၂''မျိုးသောဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ပူဇော်ခဲ့ဘူးသောထုံးရှိလေသည်။

ယိုးဒယားပြည် ယိုးဒယားမင်းတို့လက်ထက် သိဟိုဠ်ကျွန်းသား သုဘူတိမထေရ်အား ''ပဝရနေ ရုဏ်ကာ စရိယမဟာဝိဘာဝီရာဇဂုရု''ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ခဲ့ဘူးသောထုံးရှိလေသည်။
ကမ္ဘောဒီးယားပြည် ကမ္ဘောဒီးယားမင်းတို့လက်ထက် သိဟိုဠ်ကျွန်းသား မွေရတနာဆရာကြီးအား''ဗုဒ္ဓသာသန မဟာသူရသောမတိ''ငွေပြားခွဲရေးသားကာနဖူးသင်းကျစ် ဘွဲ့တံဆိပ်ကိုပေးအပ်ပူဇော်ခဲ့ဘူးသောထုံးရှိပေသည်။

မြန်မာနိုင်ငံတော်အထက်ပိုင်းပုဂံပြည် ကျန်စစ်မင်းလက်ထက် သံဃသေနမဟာထေရ် ဆရာတော်အား ''သံဃသေန ဝရပဏ္ဍိတ''ဘွဲ့တံဆိပ်တော်အလောင်းစည်သူမင်းလက်ထက် ဓါတွဿသာရကျမ်းပြုမဟာထေရ်အား''မဟာ အဂ္ဂ ပဏ္ဍိတ'' ဘွဲ့တံဆိပ်တော်၊နရပတိစည်သူမင်းလက်ထက် လောကုပ္ပတ္တိ ပကာသနီ ကျမ်းပြုမဟာထေရ်အား 'အဂ္ဂပဏ္ဍိတ'ဘွဲ့တံဆိပ်တော်၊ ကျစွာမင်း လက်ထက် သဒ္ဒနီတိကျမ်းပြု အဂ္ဂဝံသမဟာထေရ်အား ''အဂ္ဂပဏ္ဍိတ''ဘွဲ့တံဆိပ်တော်နရသီဟပတေ့မင်းလက်ထက်နိရုတ္တိနယပါရဂူဖြစ်သော မဟာထေရ်အား''ဒိသာပါမောက္ခ''ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ပူဇော်ခဲ့ဘူးသောထုံးရှိပေသည်။

မြန်မာနိုင်ငံတော်အောက်ပိုင်း ဟံသာဝတီပြည် ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းလက်ထက်၌ ကလျာဏီသိမ်တွင် ရဟန်းပေါင်း(၁၅၀၀၁)ကျော်တို့ကို ဥပသမ္ပဒာယ်ပြု၍ ရဟန်းပြုပေးသော သုဝဏ္ဏသောဘမထေရ်ကြီးအား''ကလျာဏီ တိဿ''ဘွဲ့တံဆိပ်တော်၊ ဒလမြို့ ရှင်သာရိပုတ္တရာမထေရ်အား ''ဓမ္မဝိလာသ'' ဘွဲ့တံဆိပ်တော်တို့ကို လှူဒါန်းတော်မူခဲ့ဘူးသောထုံးရှိပေသည်။
မြန်မာနိုင်ငံတော် အထက်ပိုင်း ရတနာပူရ အင်းဝနေပြည်တော်ကြီး၌ သာလွန်မင်းတရားကြီး လက်ထက် ပြည့်ပဋ္ဌင်းကျော်အား ''တိပိဋကာ လင်္ကာရ''ဘွဲ့တံဆိပ်တော်၊ အင်းဝ ပဋ္ဌင်းကျော်အား ''အရိယါလင်္ကာရ''ဘွဲ့တံဆိပ်တော်တို့ကိုလှူဒါန်းခဲ့ဘူးသောထုံးရှိပေသည်။
ရတနာသိင်္ခကုန်းဘောင်နေပြည်တော် အလောင်းမင်းတရားကြီး လက်ထက်မှစ၍ မန္တလေးရတနာပုံ ပဉ္စမမြို့တည် နန်းတည် ပဉ္စမသံဂါယနာတင်မင်းတုန်းမင်းတရားကြီး လက်ထက်တိုင်အောင် ဆရာတော်သံဃာတော်တို့အား ''ရာဇဂုရု''ဘွဲ့တံဆိပ်တော်နှင့်''ရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်တို့ကို လှူဒါန်းပူဇော်ခဲ့ပေသည်။

သိပေါ်မင်းတရားကြီးလက်ထက် (ရာဇာဓိရာဇဂုရု) ဘွဲ့တံဆိပ်တော်ကိုပင် ငါးမျိုး ငါးဆင့်ထား၍ လှူဒါန်း ပူဇော်ခဲ့ဘူးသော ထုံးရှိပေသည်။

အင်္ဂလိပ်မင်းတို့ လက်ထက် ၌လည်း မြန်မာမင်းတို့ ထုံးတမ်းစဉ်လာကို လိုက်လျောသောအားဖြင့် ဆရာတော် သံဃာတော် တို့အား 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်တို့ကို လှူဒါန်း ပူဇော်ခဲ့ဘူးသောထုံးရှိပေသည်။

ယခုအခါ လွတ်လပ်သောမြန်မာနိုင်ငံတော်ကြီး ၌လည်း ရှေးထုံးကို မပျက်စေလိုသဖြင့် ရှေးမင်းတို့ လက်ထက်က လှူဒါန်းပူဇော် ခဲ့သော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို ဆက်လက်၍လှူဒါန်း ပူဇော်ခဲ့ပေသည်။

အထူးအားဖြင့်ကိုးကွယ်သော သာသနဒါယကာတို့ လွတ်လပ်လာသဖြင့်၊အကိုးကွယ်ခံရသော ဗုဒ္ဓ သာသနာတော်ကြီးလည်း လွတ်လပ်လာပြီ ဖြစ်ရကား ရှေးမင်းတို့ လက်ထက်၌ ရဟန်း ပုဂ္ဂိုလ်တို့အား မင်း၏ ဆရာတော်အဖြစ်ဖြင့် "ရာဇဂုရု၊ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်တို့ကို လှူဒါန်း ပူဇော်ခဲ့သော်လည်း၊ ယခုအခါ လူထု၏ အစိုးရ သမ္မတနိုင်ငံတော်ဖြစ်သည့် အားလျော်စွာ လူထု၏ ဆရာတော် "နိုင်ငံတော် ကြီး၏ ဆရာတော်" အဖြစ်ဖြင့် "အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ် တော်ကို လှူဒါန်း ပူဇော် ခဲ့ပေသတည်း။

ဤမဟာရဋ္ဌဂုရု၊ ဘွဲ့တံဆိပ်တော်သည် ပြည်ထောင်စု သမ္မတ ခေတ်တွင် တည်ထွင် လှူဒါန်းအပ်သော အထွဋ် အမြတ်ဆုံးသော ဘွဲ့တံဆိပ်ဖြစ်၍၊ ၎င်းဘွဲ့တံဆိပ်တော်ကို ရွှေကျင် ဂိုဏ်းကြီးမှ နာယကဆရာတော်ကြီးတပါး၊ ဒွါရ ဂိုဏ်းကြီးမှ နာယက ဆရာတော်ကြီး တပါး၊ သုဓမ္မာ ဂိုဏ်းကြီးမှ ကျေးဇူးရှင်ညောင်ရမ်းဆရာတော်ကြီးအားဖြင့် ၃-ပါးသာအလှူတော် ခံရပေသေးသည်။

## ဘွဲ့နှင်းသဘင်တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး မိန့်ကြားတော် မူအပ်သော ဩဝါဒမိန့်ခွန်းတော်

ဆရာတော် ဩဝါဒ စကား မိန့်ကြားအပ်သည် ဘွဲ့တံဆိပ်တော် အလှူ ခံ၍ သာသနာ တော်ကို ချီးမြှောက်ရန် ကြွရောက်လာကြသော ဆရာတော်တို့ကိုယ်စား ဆရာတော်အား ဩဝါဒပေးရန်တာဝန်ထားသဖြင့် ဩဝါဒစကား ပြောကြားခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်ပါသည်။

ဩဝါဒေယျာ နုသာသေယျ၊
အသဗ္ဘာစနိဝါရယေ၊
သတံဟိ သော ပိယော ဟောတိ၊
အသတံဟောတိ အပ္ပိယော၊

ဟူသော ဒေသနာတော် အရ ဆုံးမခြင်း ကံမြစ်ခြင်း မသူတော်မှ တားမြစ်ခြင်းကို သူတော်ကောင်းများ နှစ်သက် မြတ်နိုးကြမည်ဖြစ်သော်လည်း သူယုတ်မာများ နှစ်သက် မြတ်နိုးနိုင်ကြမည် မဟုတ်ပေ၊ ထို့ကြောင့် ဆုံးမခြင်း ကံမြစ်ခြင်း မသူတော်မှတားမြစ်ခြင်းကို သူတော်ကောင်း ဗိဗိ နှစ်သက် မြတ်နိုးကြရမည်၊ ဆုံးမ ကံမြစ်သည့်အတိုင်း လိုက်နာကျင့်ကြံကြရမည်။

ယခုလို ဆရာတော်တို့ကို၊ ဘွဲ့ တံ ဆိပ်တော် လှူဒါန်းပူဇော်ခြင်းကား "ပဂ္ဂဟေ ပဂ္ဂဟာရဟံ" ချီးမြှောက်ထိုက်သူကို ချီးမြှောက်ရမည်ဟူသော မြတ်စွာဘုရား၏ တရားတော်အတိုင်း ချီးမြှောက်ခြင်းဖြစ်၍၊ ဓမ္မလမ်းကြောင်းနှင့် ညီညွတ် ပေသည်၊ သာသနာတော်စောင့် ဖြစ်သော ဆရာတော်တို့အားချီးမြှောက်ခြင်းသည်လည်း၊ သာသနာပြု မင်းကောင်း မင်းမြတ်တို့ ထုံးတမ်းစဉ်လာနှင့်ညီညွတ်ခါ၊ သာသနာတော်ကြီးကို၊ ချီးမြှောက်ခြင်း၊ တည်တန့်ခိုင်မြဲအောင် စောင့်ရှောက် ခြင်းပင် ဖြစ်ပေသည်။

သာသနာတော်ကြီးဆုတ်ယုတ်မှု-ကြီးပွားတိုးတက်မှုမှာလည်း၊ ချီးမြှောက်သူလူဒါယကာ နှင့် ရဟန်းတော်တို့အပေါ် ၌ တည်ရှိပေသည်၊ မြတ် စွာ ဘု ရား ပရိနိဗ္ဗာန်စံလွန်သည်မှစ၍၊ ရေ တွက် လျှင် နှစ်ပေါင်း ၁၄၉၇-နှစ် ရှိခဲ့ပေပြီ၊ နောက်ကသာသနာဝင်ကိုကြည့်ရှုပြန်လျှင်လည်း ထိုနှစ်အတွင်းမှာ သာသနာတော်ကြီး အမြဲတမ်း ကြီးပွားတိုးတက်နေသည်မဟုတ်၊ တရံတခါဆုတ်ယုတ်၍၊ တရံတခါ ကြီးပွားတိုးတက်လျက်ရှိသည်။

ဆုတ်ယုတ်ခြင်း၊ ကြီးပွားခြင်း၊ တိုးတက်ခြင်းသည်လည်း သာသနာတော်ကိုကြည်ညိုသော ဗုဒ္ဓဘာသာ လူဒါယကာနှင့် သာသနာတော်ထမ်း ရဟန်းတော်တို့အပေါ်၌တည်ရှိပေသည်၊ လူဒါယကာများက ပစ္စယာနုဂ္ဂဟ၊ ရဟန်းတော်များက ဓမ္မာနုဂ္ဂဟဖြင့်၊ ချီးမြှောက်ခြင်းမရှိပါလျှင် ဆုတ်ယုတ်သည်။

ထို့ကြောင့် သာသနာတော် ကြီးပွားတိုးတက်စေလိုပါလျှင် ရဟန်းတော်များက စာပေကျမ်းဂန် သင်အံ့ပို့ချ ဆောင်ရွက်ခြင်း တရားဟောခြင်း၊ အဆုံးအမဩဝါဒပေးခြင်း ဓမ္မာနုဂ္ဂဟ၊ လူဒါယကာများက ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးပစ္စည်းလေးပါးကို လှူဒါန်းခြင်း ထောက်ပံ့ခြင်း၊ ပစ္စယာနုဂ္ဂဟဖြင့်, အစွမ်းကုန် ချီးမြှောက်ကြရန် ဩဝါဒစကား မိန့်ကြားအပ်သည်။

" ဘွဲ့နှင်းသဘင်စာစောင်မှ "

## ပရိတ်တော်စိစဉ်သတ်မှတ်ရေး ကော်မီတီ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်တော်မူရခြင်း။

၁၃၁၅-ခုနှစ်တွင် နိုင်ငံတော် ပရိတ်တော် စိစဉ်သတ်မှတ်ရေး ကော်မီတီအဖွဲ့၏ ဥက္ကဋ္ဌ အဖြစ် ဖြင့်၊ ရွေးကောက် တင်မြှောက်ခြင်းခံတော်မူရ၍၊ ၎င်းတာဝန်ကိုလည်း ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့်တိုင်ပင်နှီးနှောတော်မူကာ၊ ကိုယ်တိ ရင်တိ ကြိုးပမ်း ဆောင်ရွက် တော်မူသည်။

မြတ်စွာဘုရားဟောကြားတော်မူအပ်သော ပရိတ်တော်များသည်၊ ရိုးသားလှသော်လည်း အတိုးမပြတ်နိုင်သော၊ ကိုယ်ခံမန္တာန်ကောင်းကြီးများဖြစ်ပေ၏။

အနက်အဓိပ္ပါယ်မသိပါဘဲလျက်၊ ပါဠိပါဌ်သားမျှရရှိ၍ ရွတ်ဆိုရကြားနာရခြင်းဖြင့် ပင်၊ အတိုင်းမသိသော မိမိ အကျိုး သူတပါးအကျိုးကို ပြီးစေနိုင်သည်ဖြစ်ရာ (အဋ္ဌုပဒ၊ သုမန၊ သုံးဝရွတ်အင်္ဂါ)ဟူသည်နှင့်အညီ ဆိုလိုရင်းအနက်အဓိပ္ပါယ်ကိုသိနားလည်၍၊ ပုဒ်ပါဌ်မှန်ကန်စွာ ဗိတ်ကောင်းနှုတ်ကောင်းနှင့် ယောနိသောမနသိကာရထား၍၊ ယုံယုံကြည်ကြည်ရွတ်ဆိုရကြားနာရလျှင်၊ ဖြစ်ပေါ် ကျရောက်လတံ့သော ဘေးဥပဒ် အန္တရာယ် တို့ကို ကါကွယ်စောင့်ရှောက်တတ်၍၊ ကျရောက်ဖြစ်ပေါ်ဆဲဖြစ်သောအနာရောဂါရန်မာန်တို့ကိုလည်း လွှတ်ငြိမ်း ချမ်းသာအောင် တားဆီး ပိတ်ပင် တတ်ကြောင်း၊ ယင်း ပရိတ်တော် များဖြင့် ပင် သက် သေ အထောက်အထားထင်ရှားလှပေသည်။

မြတ်စွာဘုရား၏ များစွာသော ဘဝ အသင်္ချေ်တို့ပတ်လုံး၊ ဖြည့်ဆည်းပူးတော်မူအပ်သော ပါရမီတော် အဟုန် ကြောင့်ဖြစ်သော ပရိတ်တော်များ၏အာဏာစက် တန်ခိုးအာနုဘော်သည် စကြာဝဠာကုဋေ တသိန်းလုံးကိုထုတ်ချင်းပြန့်နှံ့သွားလေရာ၊ ဤကဲ့သို့ အစွမ်းသတ္တိ ထက်မျက် လျက်၊ ထိုကဲ့သို့သော အကျိုးအာနိသင်နှင့် ပြည့်စုံသည်မှာ ယုံမှားဘွယ် မရှိသင့်ပေ၊ ထို့ကြောင့်ပင် ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်တို့သည် ယုံကြည်ကိုးစားစွာရွတ်ဆိုကြားနာလျက်ရှိကြပေသည်။

ထိုသို့ရွတ်ဆိုကြားနာကြခြင်းဖြင့်အစဉ် မပြတ် မှိဝဲ သုံးစွဲ လာကြသော်လည်း၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယားစသော နိုင်ငံတို့၌၊ ရွတ်ဘတ်ကြပုံမှာ၊ ပုဒ်ပါဌ်အက္ခရာ၊ အဖြတ်အတောက်၊ သံနေ သံထား၊ ဌာန် ကရိုဏ်း ကျန ညီညွတ်၍ နာပျော်ဘွယ်ရှိသော်လည်း၊ ဗုဒ္ဓဘာသာ,သာသနာတော် အထွန်းကား အတိုးတက်ဆုံးဟု ထင်ရှားသောမြန်မာနိုင်ငံမှာမူ ရွတ်ဘတ်ပုံမညီမညွတ် သူတမျိုးငါတဖုံ ကစင့်ကလျားကွဲပြားဖြစ်ရှိနေပေသည်။

ယင်းသည့်ချို့ယွင်းချက်များကို ကင်းစင်ပပျောက်စေလျက်၊ နိုင်ငံတော်တဝှမ်းလုံး တမူထည်း၊ တစနစ်ထည်း၊ တညီတညွတ်ထည်းဖြစ်ရှိ၍၊ သာသနာနှောင့်ယှက်ဘွယ်ရာ ရွတ်ဘတ်နိုင်ရန်အတွက် ပရိတ်တော်ရွတ်ဘတ်နည်းမူတခုကို၊ နိုင်ငံတော်အစိုးရအား ဩဝါဒပေးရန်(ပရိတ်တော်စိစဉ် သတ်မှတ်ရေး ကော်မိတီ)တရပ်ကို ၁၃၁၅-ခုနှစ်၊ တဆောင်မုန်းလဆန်း ၃ ရက်နေ့တွင် နိုင်ငံတော်အစိုးရက ရွေးကောက် ဖွဲ့စည်းခဲ့ပေသည်၊ ထိုအဖွဲ့တွင် ဥက္ကဋ္ဌတာဝန် အပ်နှင်းခြင်းခံရပြန်၍၊ ကျရောက်လာသော တာဝန်ကို အားသွန်ကြိုးပမ်း၊ ထမ်းဆောင်တော်မူရပြန်ပေသည်။

## ဆဋ္ဌသံဂါယနာမဟာနာယက အဖြစ် ဆောင်ရွက်တော်မူခြင်း။

သာသနာတော်နှစ် ၂၄၉၈ ခု၊ မြန်မာသက္ကရာဇ် ၁၃၁၆-ခုနှစ်၊ ကဆုန်လပြည့်နေ့မှစ၍၊ သာသနာတော်နှစ် ၂၅၀၀ ပြည့်၊ မြန်မာ ၁၃၁၈-ခုနှစ်၊ ကဆုန်လပြည့်နေ့အထိ၊ ရန်ကုန်မြို့ သိရိမင်္ဂလာကုန်းမြေ ဆဋ္ဌသံဂါယနာမဟာပါသာဏဂုဟာ လိုဏ်ဂူတော်ကြီး၌၊ သီဟိုဠ်ကျွန်း၊ယိုးဒယားပြည်၊ ကမ္ဘောဒီးယားပြည်၊ လာအိုပြည် စသည် တို့ နှင့် တကွ၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အရပ်ရပ်မှ၊ လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ ဂဏာစရိယ ဂဏပါမောက္ခဖြစ်တော်မူသော တံဆိပ်တော်ရ မရ, ၂၅၀၀-သော သံဃာတော်တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့်၊နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့ကြီး အမှူးရှိသော ထေရဝါဒီ သူတော်စင်အပေါင်းတို့ကို ဒါယကာပြု၍၊ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၊ ခမ်းနားကြီးကြယ်စွာသောပွဲကြီးဆင်ယင်ခဲ့ပေသည်၊ ထိုဆဋ္ဌသံဂါယနာတင် မဟာဓမ္မသဘင်ကြီး၌၊ အရှင်မဟာကဿပ၊ အရှင်မဟာယသစသော ရှေးရှေးသော သံဂီတိမဟာနာယက ရဟန္တာအရှင်မြတ်ဘို့ကဲ့သို့၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး သည်လည်း၊သံဃာဥက္ကဋ္ဌ, **သံဃမဟာနာယက** အဖြစ်ဖြင့် ဆောင်ရွက်တော်မူသည်။

ဘုရားသခင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက်၊၄-လမြောက်သောအခါဇမ္ဗူဒိပ်မဇ္ဈိမတိုက်၌၊ ရာဇဂြိုဟ်ပြည့်ရှင်အဇာတသတ်ဘုရင်ကို ဒါယကာပြု၍၊ ဝေဘာရတောင်ရံ, စရည်းပင်ရောက်ရာ လိုဏ်ဝ၌၊ အရှင်မဟာကဿပအမှူးရှိသော၊ တေဝိဇ္ဇ ဆဠဘိည,ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ် "၅၀၀" တို့သည်၊ ခုနှစ်လတိုင်တိုင် တပေါင်းထည်း၊ တညီတညွတ်ထည်း၊ ပိဋကတ်ကို၊ အစပြုကာ နှုတ်လှုတ် ရွတ်ဆို သရဇ္ဈာယ်တော်မူခြင်းဖြင့်၊ ပဌမသံဂါယနာ တင်တော်မူကြသည်။

ဝမ္မပဗ္ဗဇိတ ရှင်ကြီးသုဘဒ္ဒ၏ "ငါ့ရှင်တို့ မစိုးရိမ် ကုန် မငိုကြွေးကုန်လင့်၊ လွတ်ပြီ ကျွတ်ပြီ, သည့် ဟာ မလုပ် ရ၊ ဟိုဟာမလုပ်ရစသည်ဖြင့်၊ ငါတို့ အချုပ်အချယ်ခံနေရကုန်သည်၊ ယခုအခါ ကိုယ်ထင်ရာကိုယ်လုပ်နိုင်ပြီ" စသည်ဖြင့် ပြောဆိုသော သာသနာဖျက်စကားကို ကြားသိရ၍၊ " တရားတု-တရားယောင် မထွန်းပ၊ တရားစစ်မကွယ်ပမီ၊ အတုဝါဒီတို့အားရှိများပြား၍၊ အစစ် ဝါဒီ တို့အားမနည်းမလျော့ပါးမီ၊ အဘဘုရား၏ တရားတော်ကိုသံဂါယနာတင်အံ့" ဟုကြံစီလျက်၊ သာသနာတော်ကိုဖျက်ဆီးလတံ့သော အတုအယောင် အဓမ္မဝါဒတို့ကို၊ ရှင်းလင်းသုတ်သင်၍၊ သာသနာတော်ကို၊ အတည်တကျ ဆုံးဖြတ်လိုက်နာရန်၊ သံဂါယနာ တင်တော်မူရလေသည်၊ ၎င်းပဌမသံဂါယနာကို၊ ရဟန္တာ ၅၀၀-တို့ အညီအညွတ် နှုတ်တက်ရွတ်၍၊ တင်အပ်သောကြောင့်၊ "ပဥ္စသတိကာ" ဟူ၍၎င်း ဘုရားတပည့်သား မထေရ်တို့သည် ပြုလုပ်အပ်သောကြောင့် 'ထေရိကာ' ဟူ၍ ၎င်း တွင်လေသည်။

၎င်းနောက် သာသနာအနှစ် ၁၀၀-သို့ရောက်သော အခါ၊ ဝေသာလီ ပြည့်ရှင် ကာလာသောကဘုရင်ကို ဒါယကာပြု၍၊ ဝါလိကာရုံ ကျောင်းတော်၌ **အရှင်မဟာယသ** ထေရ်အကြီးအမှူးရှိသော တော်ဗွ, ဆင်္ဃဘိည, ပဒို သမ္ဘိဒါပတ္တ ရဟန္တာ အရှင်မြတ် ၇၀၀-တို့သည် ၈-လတိုင်တိုင် ပဌမသံဂီတိနည်းတူ တညီတညွတ်ထည့် နှုတ်တက် ရွတ်ဆို သရဇ္ဈာယ်ခြင်း ဖြင့် ဒုတိယသံဂါယနာတင်ကုန်သည်။

ဝဇ္ဇီ တိုင်းသား ရဟန်းများ တို့သည် ဝိနည်းပညတ်သိက္ခာပုဒ်တော်နှင့်စပ်လျဉ်း၍ ကပျက်ယပျက်ပြုကာ....

(၁) သားချို၌ ဆားထည့်၍ စားလျှင် သန္နိဓိမဖြစ်။

(၂) မွန်းလွဲအရိပ်လက်နှစ်သစ်ထွက်သည့်တိုင်အောင်စားကောင်း၏။ ဝိကာလဘောဇနမဖြစ်။

(၃) ပဝါရိတ်သင့်သော်လည်း အရပ်တပါးသို့သွားလိုလျှင် အတိရိတ်မပြုဘဲစားကောင်း၏။

(၄) တသိမ် ထည်းတွင် တခြားစီ,ကံဆောင်ကောင်း၏။

(၅) မရောက်လာ သေးဘဲ၊ ရောက်ခါမှ ဆန္ဒယူအံ့ဟု နှစ်လုံးသွင်း၍ကံဆောင်သော် ဝဂ်မဖြစ်။

(၆) ဆရာ ဥပဇ္ဈာယ်တို့ အလေ့အကျင့် ဖြစ်က အပ်သည်ချည်း ဖြစ်၏။

(၇) နို့ရည်အဖြစ်ပွန့်၍ နို့ခမ်းအဖြစ် မရောက်သေးသော၊ နို့ရည်ကို အတိရိတ် မပြုဘဲ သုံးဆောင်ကောင်း၏။

(၈) သေအရက်အဖြစ် မရောက်သေးသော သေနှုကို သောက်ကောင်း၏။

(၉) အမြိတ်အဆာမရှိသော နိသီဒိုင်ကိုသုံးဆောင်ကောင်း၏။

၁၀) ရွှေငွေကို ကိုင်ခံကောင်း၏။....

ဟူသော အခမ္မဝတ္ထု(၁၀)ချက် ဟောပြောညွှန်ပြခြင်းကို အကြောင်းပြု၍ သံဂါယနာတင်ရပေသည်၊ ၎င်းဒုတိယ သံဂါယနာကို ရဟန္တာ၇၀၀-တို့ပြုလုပ်အပ်သောကြောင့် "သတ္တသတိကာ" ဟူ၍၎င်း၊ "ထေရေဟိက တာသင်္ဂဟော၊ ထေရဝါ ဒေါ်တိဝုစ္စတိ" ဟူသော ဒိပဝင် နှင့်အညီ ဘုရားသခင့် မျက်မှောက်တော်မှ ဆင်းသက် လာသော မဟာ ထေရ်မြတ် တို့သည် ပြုလုပ်အပ်သောကြောင့် "ထေရဝါဒ" ဟူ၍၎င်း ခေါ်တွင်သည်။

၎င်းနောက် သာသနာနှစ် ၂၁၃-ခု ရောက်သောအခါ ပါဋလိပုတ် ပြည့်ရှင် သိရိဓမ္မာသောက မင်းကြီးကို ဒါယကာ ပြု၍၊ အသောကာရုံ ကျောင်းတော်ကြီး၌ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ဆဠဘိညာ, ပဋိ သမ္ဘိဒါ ပတ္တ ရဟန္တာ အရှင်မြတ် ၁၀၀၀-တို့သည် ၉-လတိုင်တိုင် ပဌမ ဒုတိယ သံဂီတိတို့ နည်းတူ နှုတ်လွှတ်ရွတ်ဆိုသရဇ္ဈာယ်ခြင်းဖြင့် တတိယ သံဂါယနာ တင်ကြ ကုန်သည်။

သာသနာပ ဖြစ်သော တိတ္ထိတို့သည် ပစ္စည်းလာဘ်သပ်ပကာ ခေါင်းပါး ဆုတ်ယုတ်သဖြင့် လာဘ်သပ်ပကာကိုမြှော်ကိုးတောင့်တ ကုန်လျက်၊ သာသနာ ဘောင်သို့ ဝင်၍၊ မိမိတို့ တိတ္ထိ အယူဝါဒများကို မြတ်စွာဘုရား တရားတော်အဖြစ် ဟောပြောပြသကာ၊ သာသနာ့ဘောင် ရဟန်းကောင်းတို့နှင့် သံဃာကံစသည် ရောနှော ဆက်ဆံကုန် သော ကြောင့် "အခုတ် အရောရော အကျောက် အရောရော" ဖြစ်လာ၍၊ သာသနာတော် သန့်ရှင်း စင်ကြယ်စွာ တည်တွန်းစေရန် သံဂါယနာ တင်ရပေသည်၊ ၎င်း တတိယ သံဂါယနာကို၊ ရဟန္တာ အရှင်မြတ် ၁၀၀၀-တို့ ပြုလုပ်အပ်သော ကြောင့်၊ "သဟဿိကာ" ဟူ၍လည်း ခေါ်သည်။

ထို တတိယ သံဂါယနာတင်ခေတ်၌ကား၊ သံဂါယနာတင်ရုံမျှမကဘဲ၊ သာသနာတော် ပြန့်ပွားထွန်းကားစေခြင်းငှါ

ကိုးတိုင်းကိုးဌာနခွဲ၍၊ အနယ်နယ် အရပ်ရပ်သို့၊ သာသနာပြုလည်း စေလွှတ်တော်မူသည်၊ ထို့ကြောင့်ထေရဝါဒဂိုဏ်းသည် သီဟိုဠ်၊ ယိုးဒယား၊ စသည်တို့သို့ ပြန့်နှံ့လာခဲ့၏။

၎င်းနောက် သာသနာ ၄၅၀-ပြည့်နှစ်ရောက်သောအခါ၊ သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းကြီးကို ဒါယကာပြု၍၊ မလယဇနပုဒ် အာလောကလိုဏ်ဂူ၌၊ အရှင်မဟာဓမ္မရက္ခိတ မထေရ်အမှူးရှိသော၊ တိပိဋကဓရပဋိသမ္ဘိဒါပတ္တရဟန္တာ အရှင် မြတ် ၅၀၀ တို့သည်၊ အဋ္ဌကထာနှင့်တကွ၊ ပရိယတ္တိဓမ္မပါဝစနတို့ကို၊ တိမ်းစောင်းချွတ်ယွင်းမရှိ၊ ကျနမှန်ကန်စေလျက်၊ ပေထက် အက္ခရာဖြင့်ရေး၍၊ စတုတ္ထ သံဂါယနာ တင်ကုန်သည်။

စတုတ္ထ သံဂါယနာ မတင်မီ အချိန်အခါ၊ ပါဝစနပရိယတ္တိဓမ္မတို့ကို၊ နှုတ်တက်အာဂုံ သာ ဆောင် ကုန် သည်၊ သီဟိုဠ် ကျွန်း ဗောရနာဂမင်း၏လက်ထက်၊ စဏ္ဍာလတိဿ သူပုန်ဘေး ကြီးစွာဖြစ်၍၊ မိုးခေါင်ရေပြတ်၊ ငတ်မွတ် ခေါင်း ပါး အစာရှားခြင်း ကပ်ကြီးဆိုက်ရောက်နေသဖြင့်၊ သံဃာတော်များ ဆွမ်း ပန်း ကိစ္စပြုပြင်ကြပ်တည်းကြကုန်သည်။

မလယဇနပုဒ်တွင်၊ သစ်ဥ၊ သစ်ဖု၊ သစ်မြစ်၊ သစ်ရွက် စသော အာဟာရတို့ဖြင့်၊ ရောင့်ရဲတော်မူကြပြီးလျှင်၊ စာပြန်ကြရကုန်၏၊ ဆာလောင်ခြင်းပြင်းစွာဖြစ်၍၊ စာမပြန်နိုင်သောအခါ၊ သဲများကိုရပုံ၍၊ ဝမ်းလျားမှောက်လျက်၊ ၎င်းသဲပုံကို၊ ဝမ်းအောက်တွင်ချပြီးလျှင်၊ စိတ်ဖြင့်ဆင်ခြင်ကုန်၏၊ နှုတ်ဖြင့် မရွတ်ပြန်နိုင်ကြကုန်၊ ဤသို့နှစ်နှစ်တိုင် စောင့်ရှောက်တော်မူကြရကုန်၏။

သူပုန်ရန်ငြိမ်းသောအခါ၊ ပိဋကတ်ကို၊ မမေ့မလျော့ရအောင်၊ အာဂုံဆောင်ရခြင်းသည်ခဲယဉ်း၏နောင်အခါသတ္တဝါတို့သည် ပညာဉာဏ်လျော့ပါး၍၊ အာဂုံမဆောင်နိုင်ရှိကုန်လတံ့ဟု၊ မျှော်မြင်ကုန်လျက်၊ အဋ္ဌကထာနှင့်တကွ၊ ပရိယတ္တိဓမ္မပါဝစနတို့ကို၊ ပေထက်အက္ခရာ ရေးတင်ကုန်၏၊ ထို့ကြောင့် ပေါတ္ထကာရုဠှစတုတ္ထသံဂါယနာဟု ထင်ရှားသည်။

သာသနာ ၂၄၂၅-ခုနှစ်၊ မြန်မာ ၁၂၃၃ ခုနှစ်တွင်၊ မြန်မာနိုင်ငံ ရတနာပုံမန္တလေးနေပြည်တော်၌၊ မင်းတုန်းမင်းကို ဒါယကာပြု၍၊

က။ ဇာဂရာဘိဝံသတိပိဋကရေ မဟာဓမ္မရာဇာ ဓိရာဇဂုရု- ဒက္ခိဏာရာမဘုရားကြီးဆရာတော်။
ခ။ သုမင်္ဂလသာမိ သိရိပဝရ မဏိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု- ဓိးတော်မြင်းဝန်ဆရာတော်။

၈။ နရိန္ဒာဘိ သိရိသဒ္ဓမ္မဇောတိပါလ မဟာဓမ္မရာဇာ ဓိရာဇဂုရု ဆီးဗန်းနီဆရာတော်။

အမှူးရှိသော တိပိဋကဓရ ပရိယတ္တိ ဝိသာရဒ၊ လင်္ကာပေသလ၊ သိက္ခာကာမ၊ သီလဝန္တဖြစ်သော သံဃာ ၂၀၀၀ ကို သည်၊ ငွေနန်းပြသာဒ်တော်၊ သီဟာသနပလ္လင်ရှေ့၌၊ အညီအညွတ် နှုတ်လွတ်ရွတ်ဆိုတော်မူခြင်းဖြင့်၎င်း၊ ကျောက်သလင်းထက်၌၊ အက္ခရာရေးတင်ခြင်း ဖြင့်၎င်း ဒွိသဟဿိကသေလက္ခရာရုဠှ ပဉ္စမသံဂါယနာတင်တော်မူကြသည်။

မြန်မာသက္ကရာဇ် ၉၀၁-ခုနှစ်၊ အင်းဝဘုရင် သိုဟန်ဘွားသည် ရတနာ ၃-ပါးကိုမကြည်ညို၊ စေတီပုထိုးများကိုဖျက်ဆီးခြင်း၊ ပိဋကတ်စာပေများကိုမီးတိုက်ခြင်း ကျမ်းဂန်တတ်ရဟန်းတော်များကို နှိပ်စက်သတ်ဖြတ်ခြင်း စသည်တို့ကိုပြု၏။

မင်းတုန်းမင်းတရားကြီးသည်၊ မင်းဧကရာဇ်ဖြစ်တော်မူသည့်အတိုင်း၊ မြတ်စွာဘုရား၏ပရိယတ္တိဓမ္မတို့ကို ငါးထောင်ခန့်ရှည်၊ လွန်၍တည်အောင်၊ ကျောက်ထက်ရေးထု၊ သံဂါယနာဓမ္မသဘင်ကြီးပြုရမူကား၊ ကောင်းလေစွဟု မြော်မြင်မိသည့်အတိုင်း၊ ဥေယျဓမ္မာဘိမုနိဝရဉာဏ ကိတ္တိ သိရိ သဒ္ဓမ္မဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု-ဒုတိယမောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့် သုဓမ္မာဆရာတော်ရှစ်ပါးတို့အား လျှောက်ကြားရာ၊ သမ္မာဆန္ဒ၊ ညီမျှတော်မူသည့်အတိုင်း၊ သံဃာတော်များ အစုံအညီစည်းဝေး၍၊ ပဉ္စမသံဂါယနာတင်တော်မူကုန်သည်။

ဤသို့ ရှေးဟောင်း သာသနာဝင် နှင့် ရာဇဝင် သမိုင်း အဆက်ဆက် ကို ပြန်လည်သုံးသပ်ခဲ့လျှင်၊ မျက်မှောက်သာသနာထိန်းသိမ်းရေးနှင့် မျက်ကွယ် သာသနာ တည်တံ့ရေးကို အသက်ဆံဖျားလေးစားမြတ်နိုးကုန်သော သာသနာစောင့် အာဇာနည်သူရဲကောင်း ရှေးမဟာထေရ်မြတ်ကြီးများသည် "သာသနာကို၊ ရာဇာကူပင့်၊ ပွင့်ထက်ပွင့်" ဟူသောထုံးအတိုင်း ဗုဒ္ဓသာသနာကိုကြည်ညိုမြှောက်ချီးသော သာသနာဒါယကာ မင်းကောင်းမင်းမြတ်တို့ကို အမှီပြု၍၊ သံဂါယနာအဆက်ဆက်တင်ခဲ့ကြသည်ကိုတွေ့ရပေမည်။

သို့သော် ထိုစဉ်က သံဂါယနာတင်ခဲ့ရာ ခေတ်ကာလများမှာ အများအားဖြင့် သာသနာဘက်၌ ရဟန္တာများ ထွန်းကားခဲ့၍၊ လောကဘက်၌ အာဏာရှင်ဘုရင်များ အုပ်စိုးရာခေတ် ဖြစ်ပေသည်၊ ဤအချက်ကို အခိုင်စွဲယူကာ၊ နောက်နှောင်းလူတို့က "သံဂါယနာဟူသည်၊ ရှင်ဘုရင်နှင့်ရဟန္တာများသာ ပြုလုပ်ဆောင်ရွက်ရသောလုပ်ငန်းမျိုးဖြစ်သည်" ဟု လှေနံဓါးထစ်ထားကြလေသည်။

သို့ဖြစ်ရာ မင်းတုန်းမင်း ပဥ္စမသံဂါယနာ တင်ခဲ့စဉ်က ပင် ဘုရင့်ခေတ်ဖြစ်သော်လည်း၊ "သံ ဂီ တိ ကာ ရကာမထေရ် တွေက၊ ရှင်မဟာကဿပ၊ ရှင်မဟာယသတို့ကဲ့သို့ ခီ ဏာ သ ၀ မ ဟုတ် ကြ သဖြင့်၊ သံဂါ ယ နာ တင်ထိုက် သလား" ဟူသော မေး ခွန်း များ ကို လည်း၊ ဓါး မိုး ထား ရာ အာ ဏာ ကြား ထဲ က-မ ပြတ် မသား ကန့်ကွက်မှုအနေဖြင့် တီးတိုးပေါ် ပေါက်လာရသေးကြောင်း....ပြောစမှတ် ရှိခဲ့သည်။

လွန်ခဲ့ပြီးသောသံဂါယနာကိစ္စများမှာ အာဏာရှင် ဘုရင် ခေတ်၌ ဆောင် ရွက်ခဲ့သောကြောင့် ဤကဲ့သို့ ထင်မှတ် စွဲလမ်းမှုတို့သည်ကား အထူးအဆန်းမဟုတ်တော့ပေ၊ အမှန်မှာ သံ ဂါ ယ နာ ကိ စ္စ ဟူသည် သါသနာတည် တန့်ရေးကိုရည်ရွယ်လျက် ဆော င် ရွက် ရ သော သာသနာ အသက် ဆက်လုပ်ငန်းကြီးတမျိုးဖြစ်ရာ၊ ရဟန္တာ ခေတ် ၌ ရ ဟန္တာ အ ရှင် မြတ် များ သံ ဂါ ယ နာ တင် ရန် ရှိ သ ကဲ့ သို့၊ ယခုခေတ်၌ လည်း လက်ရှိ ဆရာ တော် မဟာ ထေရ် ကျော် တို့ သံ ဂါ ယ နာ တင် ရန် တာ ၀န်ရှိပေသည်။ လောကဘက်၌လည်း အလားတူပင် ဘုရင်ခေတ်၌ သံဂါယနာတင်ရေး အား ပေ း ချီး မြှောက် ရ န် မှ ာ တ ာ ၀ န် ရှိ သော ဘုရင်တို့နှင့် သက်ဆိုင် သကဲ့သို့၊ ယခု ကဲ့သို့သော လူထု ခေတ်၌လည်း လူထုအစိုးရနှင့် လူထုကြီး တရပ် လုံး၏ တာ၀န်ဖြစ်ပေသည်။

အကယ်၍ မိမိတို့မျက်မှောက်၌ သံဂါယနာ တင်ရ လောက်အောင် သာသနာတော်၌၊ ချို့ယွင်းချက်များ တွေ့မြင် နေရပါလျက်၊ ရဟန်း တော်များ ကလည်း ရဟန္တာ မဟုတ်သဖြင့် သံဂါယနာ တင်ရန်မလိုဟု လစ်လျူ ရှုကာ၊ လူထုအစိုးရကလည်း အာဏာရှင်ဘုရင်မဟုတ်သဖြင့် မိမိတို့နှင့်မသက်ဆိုင်ဟု တာ၀န်ကိုလွှဲဖယ်နေမည် ဆိုပါက၊ လူထု ခေတ်ထဲ၌ ရှိနေသောသာသနာသည် မည်သို့ဖြစ်သွားပေမည်နည်း? စဉ်းစားသိမြင်နိုင်၏။

ထို့ကြောင့် ဘုရင် ခေတ်၌ ဘုရင့် သံဂါယနာ ဖြစ်သကဲ့သို့၊ လူထု ခေတ်၌ လူထုသံဂါယနာ ဖြစ်မှုသည် သဘာ၀ကျ၍၊ သာသနာ အသက်ဆက်ပေးရာရောက်ပေသည်ဟု မှတ် သား ထိုက် ပေ သည်၊ အချုပ် ဆိုရလျှင် သံဂါယနာ ကိစ္စဟူသည် အာဏာရှင် ဘုရင်များသာ ဆိုင်သော ပုဂ္ဂလိကပစ္စည်းမျိုးမဟုတ်၊ ပြောင်းလဲနေသော ခေတ်အား လျော်စွာ၊ ၎င်းခေတ်ရှိ သာသနာ၀င်၊ ဘာသာ၀င် အားလုံးတို့ ပိုင်ဆိုင် သင့်ပေရာ၊ ဤလူထုကြီး တရပ်လုံး၏ သံဃိက ပစ္စည်းသာ ဖြစ်ကြောင်းယုံကြည် ထိုက်ပေသည်။

မိမိတို့လူထုခေတ်၌ သံဂါယနာ တင်ရလောက်အောင် ချို့ယွင်းချက်များ ရှိပြီလောဟူမူ မြန်မာနိုင်ငံ အတွက် ဆိုလျှင်၊ စစ်ဖြစ်ချိန်မှ စ၍၊ စစ်ပြီးခေတ် သာသနာ

သည်၊ အနှောက်အယှက် မကင်း၊ ငွေလမင်း တိမ်ဖုံး သကဲ့သို့၊ တသာသနာလုံး စိုးရိမ်ရလောက်အောင် မှောင်နှင့်မဲမဲဖြစ်ခဲ့သည်။

သို့ဖြစ်ရာ သာသနာနောင်ရေးအတွက် စိတ်မအေး ရှာကြသော မြန်မာ နိုင်ငံရှိ ဂဏပါမောက္ခ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဩဝါဒစရိယစသော သမန္တပါသာဒိက ဂဏ် ပေါင်း ခသည့်၊ သာသနာ့ အာဇာနည်၊ မဟာ ထေရ်မြတ်ကြီး တို့သည်၊ မိမိတို့ မျက်မှောက်၌ ပြုပြင်ဘွယ်တွေ တပုံကြီး ရှိနေသော သာသနာတော်ကြီးကို လက်ပိုက်ပြီးမကြည့်ရက်နိုင်ကြသောကြောင့်--

(၁) မျက်မှောက် သာသနာ ထိန်းသိမ်းပြုပြင်ရေး။

(၂) မျက်ကွယ် သာသနာ အရှည်တည်တံ့ရေး။

(၃) ဗုဒ္ဓသာသနာ ကမ္ဘာဖြန့်ချိရေး- ဟူသော အချက်ကြီးသုံးချက်ကို မှတည် ထားပြီးလျှင်၊ သာသနာတော် ကြီးပွါး ထွန်းကားရေး အတွက် သံဂါယနာ တင်၍ အဆက်ဆက် ချီးမြှောက် ရမှု ကောင်းလေစွဟု ကြံစည်တော်မူကြကာ၊ ဤဆဋ္ဌသံဂါယနာ ကိစ္စကြီးကို နိုင်ငံတော် အစိုးရနှင့် ဗုဒ္ဓ သာသနာ အဖွဲ့ကြီး၏ ချီးမြှောက်မှုကိုခံယူလျက် စတင် ဆောင်ရွက် ခဲ့ကြရာတွင် ကျေးဇူးရှင်ဆရာတော်ကြီးသည်ရှေ့ဆုံးမှ ပါဝင်ခဲ့ပေ၏။

၁၃၁၃-ခုနှစ် တပို့တွဲလ၌ ဩဝါဒါစရိယ သံဃနာယကအဖွဲ့ကြီး၏ အစည်းအဝေး၌ ဆဋ္ဌသံဂါယနာ ရပ်လုံးပေါ်လာလေသည်။

(၁) မြတ်စွာဘုရား ဟောကြားတော်မူအပ်သော နိကာယ် ၅-ရပ်ကို အထပ်ထပ် အဆင့်ဆင့်ရေးကူးကြရာ၌၊ သတိ ချို့ယွင်း ရေးမှားမိ ခြင်းဟု ဆို အပ် သော ပမာဒလေခ ပါဠိများကို အထူးသန့် ရှင်း စင်ကြယ်စေလို သောကြောင့်ရင်း....

(၂) ထိုစင်ကြယ်သော တော်ပိဋကတ်တော်များကို စက်တင် ပုံနှိပ်ပြီးလျှင်၊ ဆဋ္ဌ သံဂါယနာ တင်၍၊ ကမ္ဘာ အရပ် ရပ်သို့ ပြန့်နှံ့စေခြင်း အားဖြင့် အစွန့်ရှည် စွာ တည် စေ လိုသော ကြောင့်ရင်း-

(၄) လွတ်လပ်သော မြန်မာနိုင်ငံတော်နှင့်တကွ ဗုဒ္ဓဘာသာနိုင်ငံအားလုံးတို့က၊ သာသနာတော်ကို

စုပေါင်းအားပေး ချီးမြှောက်လိုသော ကြောင့် ၎င်း၊ ဆဋ္ဌသံဂါယနာတင်ရန် သဘောတူညီကြကြောင်း၊ ၎င်းအစည်းအဝေးကြီးမှဆုံးဖြတ်ချက်ချခဲ့သဖြင့် သံဂါယနာ၏ ရုပ်သွင်ကို ပီပြင်စွာ ခန့်မှန်းနိုင်ပေ၏။

နိုင်ငံတော် ဗုဒ္ဓ သာ သနာ့ အဖွဲ့ကြီး၏ ပင့်လျှောက်ချက်အရ ဆဋ္ဌသံဂါယနာနှင့် စပ်လျဉ်း၍ ဩဝါဒချီး မြှင့်တော်မူရန် ဩဝါဒါစရိယ သံဃာနာယကအဖွဲ့ကြီးကို ပဌမအကြိမ်စည်းဝေးရာတွင်ဆရာတော်ကြီးသည်အကျိုးတော်ဆောင်ဖြစ်၏။

ဤအစည်းအဝေးကြီးမှ၊ဗုဒ္ဓသာသနာအဖွဲ့ကြီး၏လျှောက်ထားချက်အတိုင်း၊ဆဋ္ဌသံဂါယနာနှင့်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို ဤဩဝါဒါစရိယသံဃာ နာယက အဖွဲ့ကြီးကိုပြန်လည်အစီရင်ခံရန်ဆရာတော် ၁၉ ပါးပါဝင်သော သံဃာ ဝန်ဆောင် ဆရာတော်များ အဖွဲ့ကို ဖွဲ့စည်း တော် မူကြ၏။ ၎င်းအဖွဲ့တွင် ဆရာတော်ကြီးသည်ဥက္ကဋ္ဌဖြစ်၏၊ ၎င်း ဆရာ တော် များ ဝန်ဆောင် အဖွဲ့မှ ပေါ်ပြုပြီး အကြောင်း ၃ ချက်ကြောင့် ဆဋ္ဌသံဂါယနာတင်သင့်ကြောင်း ဆုံးဖြတ်ချက်ချခဲ့၍၊ ၁၃၁၄ ခု၊ ဝါဆိုလ၌ ဩဝါဒါစရိယ၊ သံဃာနာယကအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကြီးမှ ၎င်းဆုံးဖြတ်ချက်အတိုင်းအတည်ပြုခဲ့ပေရာ၊ဆရာတော်ကြီးသည် ဆဋ္ဌသံဂါယနာဗိသုကာကြီးတပါးအပါအဝင်ဖြစ်၏။

၎င်းဒုတိယအကြိမ်အစည်းအဝေးကြီးမှ၊ ဆဋ္ဌသံဂါယနာ မွေ သဘင်ကြီးသည် ရှေး ရှေး သော သံ ဂါ ယနာ တင်အဖွဲ့ကြီးများကဲ့သို့ခမ်းနားစွာအထမြောက်အောင်မြင်စေရန်အလို့ငှါ၊ ဆဋ္ဌသံဂါယနာတင်ပွဲနှင့်စပ်လျဉ်းသောသံဃာတာဝန်အရပ်ရပ်ကို ဆောင်ရွက်ရန်နှင့် ဆဋ္ဌ သံ ဂါ ယ နာ ဒါယကာအဖြစ်ခံယူသော နိုင်ငံတော်ဗုဒ္ဓသာသန အဖွဲ့ကြီးအား ဩဝါဒပေးနိုင်ရန် ဆရာတော်တဆဲ့နှစ်ပါးပါဝင်သော "ဆဋ္ဌ သံဂါ ယနာ ဝန် ဆောင် သံဃာ အဖွဲ့ဘာရ နိဿာရက သံဃာ သဘာ" တခုကိုဖွဲ့စည်းရန်ဆုံးဖြတ်လျက်၊ ထိုအဖွဲ့စည်းရာ၊ ဆရာတော်ကြီးသည်၊၎င်းဆဋ္ဌသံဂါယနာဝန်ဆောင်သံဃာအဖွဲ့၏ ဥက္ကဋ္ဌဖြစ်တော်မူသည်။

ဤသို့ ကြီးလေးလှစွာသော ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃာအဖွဲ့ကြီး ဥက္ကဋ္ဌတာဝန်ကိုယူလျက်၊ ပဋ္ဌိဘာဂနှံသော ပဒေသာ ပဋိဝိသောဓက၊ သင်္ဂီတိဝိစာယကစသောအဖွဲ့ငယ်များကိုဖွဲ့စည်းခြင်း၊ ၎င်းအဖွဲ့ငယ်များအတွက် တာဝန်ခွဲထားခြင်း၊ ဩဝါဒ၊ အနုသာသနထုတ်ပြန်ခြင်း နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့ကြီး အား ညွှန်ကြားချက်ဩဝါဒချပေးခြင်း၊ သံဂါယနာတင် ရဟန်းတော် အားလုံးကို အုပ်ချုပ်

လျက် စည်းမျဉ်းသတ်မှတ်ပေးခြင်း စသည်ဖြင့်၊ အဖွဲ့၏ တာဝန်ဝတ္တရားများ ကိုစိတ်ချောကိုယ်ပါ ဆောင်ရွက်တော်မူခဲ့ပေသည်။

သို့ဖြင့် ဆရာတော်ကြီး၏၊ ဆဋ္ဌသံဂါယနာဖြစ်မြောက်ရန် စတင်လုံးပမ်းကြသည်မှစ၍၊ တရှိန်ထိုးတဟုန်းထိုး ပြင်းထံသောဆန္ဒ၊ မဆုတ်မနစ်သောလုံ့လဖြင့် ဆောင်ရွက်တော်မူလာခဲ့သောကြောင့်ရင်း ဆရာတော်ကြီး၏သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် တို့ကို ကြည်ညိုလေးစားအားထားတော်မူကြပြီး ဖြစ်ကြသောကြောင့်ရင်း ၁၃၁၆ ခုနှစ်ကဆုန်လပြည့်နေ့ (၂၀၅၄ ခု၊ မေလ-၁၇-ရက်) နေ့စတင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာတင် လဋ္ဌိ ပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒတိပိဋကဓရ ဂုဏ်ပေါင်းခသည့်သာသနာ့အာဇာနည် မဟာထေရ်အရှင်မြတ်တို့၏ လေးမြတ်မာဂဓ၊ ဂါရဝလျှင် ပဏာမပျပ်တုပ် ပန်သမုတ်သဖြင့် ဆဋ္ဌသံဂါယနာ သံဃဥက္ကဋ္ဌ၊ မဟာနာယကအချုပ် ပြုလုပ်ဆောင်ရွက်တော်မူရချေတည်း။

## ဆဋ္ဌသံဂါယနာအက်ချင်း။

မင်းချင်းလေ။ ။သိရှိ ဩဘာ၊
ထောမနာတည့်၊ ကောဇာ ထွက်
စစ်၊ သဏ္ဍာရာဇ်ကား၊ ဆငေါ်ပြီ
ငေါ်၊ ခေတ်ကောင်းဖြစ်ခဲ့၊ ရှင်ချစ်
မြတ်စွာ၊ သာသနာမူ၊ ဇာ၊ ဓာ၊ ဝ၊ ရ၊
ကဆုန်လ၏။ ပုဏ္ဏတိတ်၊ နေ့စန္ဒ
ဝင်၊ နာရီဆဲ့နှစ်၊ မွန်းတည့်ဖြစ်၍၊
စွန်းလစ်ပါရည်၊ မိနစ်မှတ်လော၊
ကောင်းမြတ်ချိန်ခါ၊ မင်္ဂလာဝယ်
မြန်မာကရင်၊ ရှမ်းကချင်နှင့်၊ ပေါ်
ထင် တူ ပြိုင်၊ မွန် ရခိုင် တည့်
တောင်ပိုင်ထင်ရှား၊ ချင်းကယား
တို့ ကိုယ်စား ဥက္ကဋ္ဌ၊ သမ္မတဟု
ဌာနရာထူး၊ ဦးဘဦးနှင့်၊ ကြီးမှူး
ပြုလုပ်၊ ဝန်ကြီး ချုပ်ဟု။ သရုပ်
တန့်၊ စန်း ရုန္တ သို့၊ ဦးနု ဘွဲ့ချီး
ခေါင်းဆောင်ကြီးဘို့၊ ဦးစီးနာယ
က၊ ပါဝင်ကြသား။ ဗုဒ္ဓသာသနာ
ဘွဲ့သညာဖြင့်၊ ဩဘာလျှံဟိန်း၊ အ
ဖွဲ့ကြီးက၊ ခိုင်ဖြိုးလေးဝ၊ ပစ္စယာ
ဖြင့်၊ ဆဋ္ဌမဟာ၊ ဒါယကာဟု၊
သဒ္ဒါစင်ပြု၊ တာဝန် ယူခဲ့၊ ဇမ္ဗူ
ရန်ကုန်၊ မြို့ဒဂုန်တွင်၊ သုန်မော
ဋ္ဌ၊ အံ့ဘွယ်ရှိသား၊ သိရိမင်္ဂလာ၊
ကုန်းတော် သာဝယ်၊ ကမ္ဘာအေး
တွင်၊ စေတီရှင်၏။ ဝန်းကျင်အ
နီး၊ လိုင်ဂူကြီး၌၊ ဘုန်းမီး နေလ
မြတ်ဗုဒ္ဓ၏၊ ထေရဝါဒ၊ ဂိုဏ်းစုံမှ
လျှင် ၊(ရဋ္ဌဂုရု) ဘွဲ့သေဌ်ဖြင့်
ဂုဏ်ပြု ဆောင်စွမ်း၊ အခေါင်
လွှမ်းသည့်၊ 'ညောင်ရမ်း'တဆူ၊
ဦးထိပ်မူလျက် ဝိဒူဇာနီ၊ မဟာ
ထေရ်တို့၊ ငါးပြည်ထောင်စုံ၊ ဓမ္မာ
ရုံဖြင့်၊ အာဂုံဖြောင့်ဖြောင့်၊ ယှဉ်း

မနှောင်းဘဲ၊ နှစ်ထောင့် ငါးရာ၊
ဖြတ်သံဃာလျှင်၊ ငွေ့ဗျာမိန့်ထွက်၊
ဓမ္မစက်ကို၊ ငွေထက် ခရာ၊စက်
အလွှာ၌ကောင်းစွာပိုင်ပိုင် ၂-
နှစ်တိုင်အောင်၊ဆံပြိုင်ညီမျှ၊တင်
ရှုတ်ကျသည်။ ။ဆဋ္ဌသံဂါယ
နာတည့်လေး။ ။သူကောင်း
ပေါ်ရွှေမင်းချင်းတို့။ ။

(စာဆိုသူ-ရွှေကျွန်းထိပ်တင်။)
(သံဂါယနာစာစောင်၊အတွဲ ၁-အမှတ် ၂-မှ)

## ဘဝနတ်ထံ စံလွန်တော်မူခြင်း။

ဤဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မ သဘင်ကြီးကို၊ ဓမ္မသံဂါဟက။ သောဓက၊ ပဋိပိသောဓက၊သြသါနသါဓေယျက၊ဘါဏက၊ ပါဠက၊ ပုစ္ဆက၊ ဝိဿဇ္ဇက အရှင် သူမြတ်တို့အား ကာယိကဒုက္ခ၊ စေတသိက ဒုက္ခမှ လွတ် ငြိမ်း တော် မူကြရန် ပဌမ သန္နိပါတ, ဒုတိယ သန္နိပါတ, စသည်ဖြင့်နိကါယ်၅ရပ်ကို၅ပိုင်း၅ကန့်ပိုင်းခြားကန့်သတ်ထား၏။ ၎င်းကို'သန္နိပါတ' ဟု ခေါ်သည်။

တပိုင်းတပိုင်းကို ဝါသိုရက်၊ သီတင်းကျွတ်ရက်၊ ကသိန်ရက် စသည် နုတ်ပြီး ၃ လစီကြာမည်ဖြစ်ရာ ပေါင်း ၂ နှစ် တိတိဖြစ်၏။ ၂ နှစ်အတွင်း သံဃာတော်တို့ သံဂါယနာအတွက် ၅ကြိမ်တိုင်တိုင်စည်းဝေးမည်ဟုဆိုလိုသည်။

၂ နှစ်ပြည့် ပဌမသန္နိပါတအပြီး သံဂါယနာပြီးဆုံးသောနှစ်သည်"သာသနာ တဝက်၊ မင်းကောင်းတဆက်" ဟုသော (၂၅၀၀)ပြည့်နှစ်ပင်ဖြစ်၏။

ဆရာတော်ကြီးသည် အသက်အရွယ်တော် ကြီးရင့်ပြီ ဖြစ်၍ အပင်ပန်းခံရန် မသင့်ပြီ ဖြစ်သော်လည်း၊ မိမိတို့ ခေတ်၌ မိမိတို့ဤကဲ့သို့ သာသနာတော်ကို ကြီးကျယ်ခမ်းနားစွာ ချီးမြှောက်ပွဲရခွင့် ရပေသောကြောင့်ပင်ပန်းရမှန်း ဆင်းရဲရမှန်း ပင်သတိရတော်မူဟန်မရှိချေ။ ပဌမသန္နိပါတတွင်လည်း တရက်မျှ အနားမယူ။ ဒုတိယသန္နိပါတတွင်း ထိုနည်း၎င်းဖြစ်၏။

ထိုသို့ဆရာတော်ကြီးသည် ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်ကြီး၌ မဟာနာယက အဖြစ်ဖြင့် ဇိတ်ရောကိုယ်ပါ၊ အင်ကိုက်အားတိုက်သာသနာ အကျိုးကိုသည်ပိုးဆောင်ရွက်တော်မူစဉ် ဒုတိယသန္နိပါတ ဓမ္မသဘင်ကြီး ပြီးမြောက်သောအခါ မကျန်းမမာဖြစ်လာသဖြင့်ဆဋ္ဌသံဂါယနာဒါယကာအဖြစ် ခံယူသော ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဝင်လူကြီးများ ဆဋ္ဌသံဂါယနာ ဆွမ်းကွမ်းဆိုင်ရာ ဒေါ်နွဲ့ရှိကြီး မှူးသော ဥပါသိကာမများ ပြာပြာသဲ

ဖြစ်ကာ ကာနယ်မင်းစိန် စသော ဆရာဝန်များနှင့်၊ မရဏမင်းကိုအန်တု၍ ဘက်ပြိုင်လု ယူမည်ဟု ကြံစီလျက်၊ တတ်နိုင်သည်ထက် ပိုလွန်အောင် ကုသ ပြုရကြပေသည်။

သို့သော် ကျေးဖူးရှင် ဆရာတော်ကြီးမှာဇရာကလည်းဖမ်း၊ ကင်ဆာရောဂါကကလည်းကျွမ်းနေပြီဖြစ်ရာ။

သက်တော်(၇၁)နှစ် သိက္ခာတော် ၆၁ ဝါမြောက်။

မြန်မာသက္ကရာဇ် ၁၃၁၆-ခု၊ တပို့တွဲ လဆန်း ၁၅ ရက်နေ့၊ နေ့လည် ၂ နာရီ ၁၃ မိနစ်အချိန်။

ရန်ကုန်မြို့ သိဒ္ဓိမင်္ဂလာကုန်းမြေ အဘိဓမ္မာဝိဟာရာရုံကျောင်းတော်၌ 'ဒေဝဒေဝီအလီ ဘို့,ငွေညိုဝန်းခ တောင်းပန်ကြသဖြင့် ဘာဝပစ္စုပ်၊ လူ့ဇာတ်ကိုရုတ်ပြီးလျှင်၊ ငြိမ်းချုပ်တော်မူခဲ့ချေသတည်း။

## မရဏမင်းနှင့်စစ်ခင်းခဏ်းဘွဲ့

လေးချိုးကြီး။

ပူမစဲနိုင်ဘု၊ အရှုသဲပြတ် ကြွေအောင်၊ မြတ်မထေရ်သံဃာ်ခွယ်ကြောင့် ရှုတငယ်ဗျာပါနှင့်၊ နေ့လသာကုန်ကျွမ်းရ၊ 'ကြိုးစမ်းလေ ။ ။

တို့သခင်ငယ်၊ သဘင်သာစွ၊ မြန်ပြည်မတွင်၊ဆဋ္ဌမဟာ၊သံဂါယနာဟုစောမြတ်စွာနှုတ်တော်ထွက်ကို၊ သောင်းခက် ရှည်ထွန်းစေဘို့၊ရည်ညွှန်းတင် သံဃာရာဇ်ကိုမှ ရန်စစ်နှယ် ဘယ်အရေးငယ်ကြောင့်၊ ရွေးပင့်နိုင်ချေ။ ။

သည်ဇမ္ဗူဝယ်၊ ရည်တူအင်မှု၊ သင်သေမင်းနှင့်၊ စစ် ခင်း၍ရလျှင်၊ တို့များဆရာ၊ သံဃာ်နှုာကို၊ သိ-လာရုံမှု၊ သင်ရောနောက်ပါ၊ သင့်သေနာ၊ ကြေကြေမွအောင်၊ မျှားလှံခြင်း၊ ကြဋ္ဌန်းကျန်၊ မန်းစံကိုထား၊ ငါ့တပါးဘောင်၊ ရဲအားဆောင်, အောင်နိုင် ငြား ပေ မင့်၊ ခုမျှား ဖြင့်လေ၊ လိုက်လိုက်ကယ် ဝေသည်၊ ရှိ-မှုက် ရေ၊ ပန်-ဖြန်းရ၊ ပင်ပန်းဘိ။ ။

အခ ယုတ် တ မာ၊ မိုက် ရိုင်း စွာလျှင်၊ နိုင်းစာမရ၊ဂုဏ်အင်တိမ်နက်၊မချိန်တွက်အာဏာစက် ရှလှချည့်၊ ဗာလ ခေါင်ချင်း၊ မြတ်ယုတ်မဆင်၊ သတ်ပုပ်ချင်၊ သင်သေမင်းလျှင်၊ မှန်ကင်းဖြစ်တုံး၊ နိုင်နှင့်အုံးပေါ့၊ နောက် ဆုံး လက် နက်၊ တင် ညစ်- မ လ၊ စင်သစ်လှ၊မြဖြထက်သည့်၊လေးမဂ်ဥာဏ်ခား၊ စက်စိန်သွားဖြင့်၊ နင့်အားချတ်ဖြတ်၊ အသေသတ်တော့မပ၊ တို့ထေရ်မြတ်,ဘုန်းခိုင်ကို၊ ညှင်းရက်နိုင်- ဟာယ်....သေမင်းရယ်၊ သွင်းရော့သတိ။ ။

# တတိယပိုင်း

## ဆရာတော်ကြီး၏ ထူးခြားသောအရည်အချင်းများ။

### ဘုရားမကြိုက်သောအလုပ်ဆိုလျှင်၊

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည်၊ ပင်ကိုယ်ထက်သန်သော သဒ္ဓါတရားဖြင့်၊ သာသနာဘောင်သို့ ဝင်ရောက်ခဲ့သည်ဖြစ်ရာ၊ ဝိနည်းသိက္ခာပုဒ်တော်တို့ကို လွန်စွာစောင့်စည်းတော်မူ၏၊ "ဘုရားမကြိုက်သောအလုပ်ဆိုလျှင်၊အသက်သာအသေခံမည်၊ ဘယ်အခါမျှမလုပ်၊" ဟူသောမြဲခိုင်သည့်စိတ်ဓါတ်ရှိတော်မူသည် ဝိနည်းနှင့်မအပ်စပ်သည်ကို၊ဘယ်အခါမျှမပြုလုပ်၊ ဘုရားဟောတော်မူတိုင်းသာ လိုက်နာအားထုတ်သည်၊ ဆေးလိပ်သောက်ခြင်း၊ ထန်းကြွင့်ရောင်သင်္ကန်းနီဝတ်ရုံခြင်းနှင့်၊ အံသကိုဋ် ဝတ်ခြင်းတို့ကို၊ မိမိတပည့်များအား ပြင်းထန်စွာ တားမြစ်၏။

ထို့ပြင် အာဂန္တုက ဝတ်ကျေးပြွန်အောင် ဆောင်ရွက်ရာ ဧည့်သည်များ ထက်လွန်ဖြစ်၏၊ ကြွရောက်လာသူ ကြီးငယ်မဟူ ပုဂ္ဂိုလ် တိုင်းကို, လိုသည်ထက်ပိုအောင် ပြုစုတော်မူရမှကြေနပ်နိုင်သော ဝါသနာရှိသည်၊ သူ၏ စိတ်အလိုအတိုင်းမလိုက်နိုင်မှု၍ တန်ရုံ သင့်ရုံသော်၎င်း၊ ဖြေးလေးဖင့်နွှဲ၍ သော်၎င်း ပြုလုပ်ခဲ့လျှင်၊ အနီးနေ တပည့်များမှာ၊ "ဒေါင်းတောက်အောင်" ဆူပူခံကြရပေသည်။

### ဆရာတော်၏ဆန္ဒ

သို့သော် ဝိနည်းနှင့် မတော်မလျော် ပြုလုပ် ပြောဆိုလျှင်ကား၊ ထို့သည်သော အိမ်သည် သော, ဂုဏ်ရှိသော ဂုဏ်မဲ့သော၊ ကြီးသောငယ်သော မည်သူ့ကိုမျှ မချောင်၊ ထိုက်ရိုက် ဆိုဆုံးမ သည်သာ ဖြစ်၏၊ အာဂန္တုက ရဟန်းငယ် တပါးသည် နေ့လည် လာဘက်ရည် ဘုဉ်းပေးတော်မူချိန်တွင် ရောက်လာ၍၊ ၎င်းရဟန်းငယ်သည် ဆရာတော်ဘုရားကို ရှိခိုးဝတ်ပြုရာ၊ "ဦးပဉ္စင်း,စားဘုံးသောက်ဘုံး ဘယ်သူ့ကိုမှ ရှိမခိုးနှင့်၊ ရှိခိုးတဲ့ သူလည်း ကုသိုလ် မရဘူး၊ ရှိခိုးခံရတဲ့ သူလည်း အပြစ် ဖြစ်သေးတယ်၊ နောက် မြဲမြဲမှတ်ထား" ဟု ချက်ခြင်းမဆိုက်ဆိုဆုံးမခံရသဖြင့်၊ ရဟန်းငယ်မှာ မနေတတ် မထိုင်တတ် ဖြစ်သွားရ ရှာ၏၊ ကျောင်းနေ တပည့်များ၏ တိုးတိုးတိတ်တိတ် အကျိုးအကြောင်း ပြောပြသိရှိရမှ နေသာထိုင်သာရှိသွားသည်၊ ထိုသို့ပင် ပြောဆိုဆုံးမ တတ် သော်လည်း ဆရာတော်၌ ပြင်းထန်း ရှုန်းရင်းသော အာဃာတ အမျက်

ဒေါသမရှိ၊ ကြည်သာဝေါ်ရွှေစွာပင် မေးမြန်းပြောဆိုလျက်၊ ခဲဘွယ် ဘောဇဉ်များကို ချက်ချင်းပင်, ပြင်ဆင် ကျွေးမွေးတတ်၏၊ သူ၏လိုရင်းဆန္ဒကတော့ တရားနှင့်မလျော်သော ကျင့်ကြံပြောဆိုပြုလုပ်မှုများကို အသေးအဖွဲပင် ဖြစ်စေကာ၊ မိမိကဲ့သို့ ပုဂ္ဂိုလ်ကိုင်း ရှောင်ကြဉ်စေလိုရင်းဖြစ်ပေသည်။

မိမိ၏ တပည့် များအား မကြာမကြာ ဆုံးမ အမိန့်ရှိတော် မူတတ် သည်မှာ 'ဆရာကြီးတို့ရဲ့ စာတတ်ရုံနဲ့ မပြီးသေးဘူး၊ ကိုယ်ကျင့် သီလနှင့်လည်း ပြည့်စုံမှ အကျိုးပြီးနိုင်ဒါ၊စာပေလည်းတတ်မြောက်အောင် ကြိုးစားကြ၊ ကိုယ့် သီလလည်း လုံခြုံအောင်စောင့်ထိန်းကြ''ဟူ၍ ဖြစ်၏။ မိမိ၏ သီလကို ပွတ်သစ်သော ခရာသင်း, ထွန်းသစ်စလပမာ၊ လွန်စွာ စင်ကြယ်စေသကဲ့သို့ တပည့်များအားလည်း နည်းတူဖြစ်စေချင်၏၊ စင်ကြယ်အောင်လည်း ဖနထိုင်စေတော်မူခဲ့ပေသည်။

## တရားရှင်သာဆိုလျှင်

သာရုပ္ပနှင့် ပြည့်စုံသော ရှင်ရဟန်းများတွေ့မြင်ရလျှင်လည်း လွန်စွာ မြတ်နိုးချစ်ခင် ကြည်ညိုတော် မူတတ်၏၊ အနေအထိုင် သေသပ်၍ အသွား အလာ ကျစ်ကျစ်လစ်လစ် ရှိလျှင် အစိမ်း အကျက် မရွေး ချီးမြှောက်မြဲဖြစ်၏၊ ဘုရားနှင့်တရားနှင့်နေသော ပုဂ္ဂိုလ်ဆိုလျှင် ခေတ္တ ခဏ ရေချမ်းစင် ရေဝင် သောက်၍ တွေ့ရှိရသောသူကိုလည်း ဆပ်ပြာခဲ၊မျက်နှာသုတ်ပုဝါ၊စသည်ပေးကမ်းစွန့်ချ၍၊ ''ဤသို့ဘုရားဝတ်ပြု၊ ဥပုသ် သီတင်း ဆောက်တည်၊ တတ်နိုင်သမျှလှူဒါန်းပေးကမ်းသို့၊ ခုဘဝဆင်းရဲသည်မှာ နောင်ဘဝက အလှူဒါနနည်းပါးခဲ့သောကြောင့်ဖြစ်၏၊ နောင် ချမ်းသာလိုလျှင် ဘုရားကိုနာနာဘက်၍ ဘုရားစကား နားထောင်ရမည် ဖြစ်ကြောင်း'' စသည်ဖြင့် ထိုက်သင့်သလို ပြောဆိုဆုံးမလျက်၊ ''နောင်၌ လိုအပ်သော ပစ္စည်းဝတ္ထုရှိကလည်း ဘုရား တရားနှင့် မွေ့နေသမျှ လာ၍ လျှောက်ထား တောင်းဆိုနိုင်ရန်'' ဘိတ်မန္တကပြုလျက် ဒါယကာပင်ခံလိုက်တတ်သေးသည်။

ကျောင်းတွင် စာသင်တပည့် များ ရှိရာတွင်၊ ရဟန်းတော်တပါးသည်၊ အနေအထိုင်၊ အသွားအလာစသည် သိမ်မွေ့၍၊ ကိုယ်ကျင့်သီလနှင့် ပြည့်စုံ ပြီး လျှင်၊ နံက် စော စော အာရုံမတက်မီထလျက်၊ ဘုရားဝတ်ပြုလေ့ရှိ၏၊သူ၏ဝတ်တက်သံသည်၊ ဆောင်းနှောင်းနွေဦး၊ သာယာလှသောတပေါင်းလရာသီမှာ၊ ဥသြ ငှက် ၏ ကြူးရင့်သံကဲ့သို့၊ ကြည်နူးဘွယ်ရှိလှ၏၊ သူ့ကိုတကျောင်းလုံးက ချစ်ခင် လေးစား၍၊ ''ဘုရားဒကာ''ဟု၊ ချီးကြူးခေါ်ဝေါ်ကြပေ၏၊ ဆရာတော်သည် ၎င်းအား လဘက်ရည် အမြဲ လာ ရောက် သောက် ရန် ပင့်ဘိတ်ထား၏။

## ဘုရားကိုကြည်ညို၊ရာတွင်၊

ဆရာတော်ကား၊ ဘုရား တရားကို ကြည်ညိုရာတွင်၊အထွတ်အထိတ်ဆောင်း၍၊ ရရသမျှသော လာဘ်လာဘတို့မှ၊ ကောင်းနိုးရာရာကို၊ ဘုရားကိုဦးစွာ လှူသည်သာများ၏၊ ဘုရားခန်းတွင် သက်တော်ထင်ရှားဘုရားသခင်ကို၊ လုပ်ကျွေးပြုစုသကဲ့သို့၊ ညောင်စောင်း၊ အင်းပျဉ် ခေါင်းအုံးစသည်ဖြင့်၊ ကိမ်းစက်တော်မူ ဘို့ရာ၊ သိတင်းသုံး နေထိုင်တော်မူဘို့ရာ နေရာတို့ကို အမြဲတမ်း ပြင်ဆင်ထားလျက် နံက်တိုင်း ညနေတိုင်း၊ လဲ့ကျင်းသန့်ရှင်းတော်မူ၏၊ သန့်ရှင်းစေတော်မူ၏။

နံက်ဘိုင်း သွားတိုက်ဒန်ပူ၊ မျက်နှာသုတ်ပုဝါတို့ဖြင့်၊ ဘုရားအား မျက်နှာသစ်တော်ရေကပ်၏၊ ညစဉ် ဆီမီးမပြတ်စေရ ဘုရားပန်းမညှိုးစေရ၊ ဘုရားအား၊ မိမိ ဘုဉ်းပေးဆုံးဆောင်သမျှပင်၊ ထင်တူညီမျှ ဦး များ စွာ ဆက်ကပ်ပြီးမှ၊ ဘုဉ်းပေး သုံးဆောင်၏၊ ကော်ဖီသောက်လျှင်၊ ကော်ဖီ၊ဆန်ပြုတ်သောက်လျှင် ဆန်ပြုတ်၊ဘုရားအား, ဦးစွာကပ်လှူပြီးမှ မိမိသုံးဆောင်သည်၊ ဆွမ်းစားလျှင်လည်း ထိုနည်း၎င်းပင်ဖြစ်၏၊ အားလုံးပါရှိသမျှသော ဆွမ်းဟင်းခဲဘွယ် ဘောဇဉ်တို့ကို၊ မိမိ စားသောက်သည့်နည်းတူ စုံလင်စွာကျကျနန ပြင်၍၊ ဘုရားအားတင်လှူပြီးမှ ဘုဉ်းပေး၏၊ " ဟိုဘို့တို့-ဒီတို့တို့ " ဘယ်အခါမျှ မတင်လှူ၊ ဤသို့ပြုလုပ်သူတွေလျှင်"မင်းတို့စားတော့ ဒီလိုဘဲစားသလား၊ ဘုရားလည်း ကိုယ်စားသလိုလှူမှပေါ့ " ဟု၊ တော့က်တောက်ခါးခါး အမိန့်ရှိတတ်၏၊ ဆရာတော်သည် ဘုရားကြည်ညိုရာတွင် 'အရှင်ဝက္ကလိ' စံချိန်များမှီနေပေမည်လား မသိ၊ သို့သော်ဆရာတော်ကတော့ ဘုရား ဟောတိုင်းလည်း။ တသဝေမတိမ်း ကျင့်ကြံလိုက်နာ၍၊ ဘုရားကိုလည်း လွန်စွာ ကြည်ညိုလှပေသည်၊ ဆရာတော်၏ ဥပမာကတော့၊ လျှောက်ပတ်လှ၏၊"မြေကြီးဟာ အဝိညာဏက- သက်မဲ့ဖြစ်သော်လည်း အချို-အချဉ်-အဖန်-အခါး စသော၊ အရသာအမျိုးမျိုးကို ပေးတတ်သကဲ့သို့၊ ကိုယ်တော်စားဖြစ်တဲ့ စေတီပုထိုးဆင်းတုတော်များကို၊ ဆည်းကပ်ပူဇော်ရတာဟာလဲ၊ ဘယ်အကျိုးမဲ့ ဖြစ်နိုင်ပါ့မလဲကွယ်'၊ဘဲ့ ဤသို့ပင်ဥပမာလောင်းကာ ဘုရားကိုကြည်ညိုတတ်ဘို့၊ ဆုံးမတတ်ပေသည်။

### ကတညုတ-ကတဝေဒီ

ဆရာတော်သည် သူ့ကျေးဇူးကို အလွန်သိ၍၊ သိသည့်အတိုင်းလည်း၊ ကျေးဇူးတုံ့ပြန်သည်ကများသည်။ မိမိ အား တစုံတယောက်သော ရဟန်း ရှင်လူက၊ အသေးအဖွဲ့ကိစ္စကလေးပင်ဖြစ်စေကူညီ စောင့်ရှောက်ခဲ့ဘူးလျှင်၊ ကျေးဇူး ဆို၍ မဆုံးရှိတော့၏၊ ထိုသို့သော ကျေးဇူးရှင်

များအား၊ ကြိုလာသည် နှင့် တ ပြိုင် နက်၊ သက်ဆိုင်ရာ ဝတ္ထု ပစ္စည်း တို့ ဖြင့်၊ ပေး ကမ်း ချီး မြှောက် တော် မူ လေ့ရှိ သည်၊ ယုတ်စွအဆုံး ည,အားလပ်၍၊ ဆရာတော် ထံ သွားရောက်လျက်၊ ခြေဆုတ်လက်နယ် ပြုလုပ်သော ရှင်ငယ်ရဟန်းငယ်များကိုပင် လဘက်ရည်ခေါ် တိုက်လိုက်ရမှ ကြေနပ်၍၊ ဆူနှံ့ယာကြွစဉ် မိမိအလိုရှိရာ အခန့် သင့် ဖြစ် အောင် စီ မံ ပေး ခြင်း၊ မိမိအား ဝတ်ကြီး ဝတ်ငယ် ကြေ ပွန် စွာ ပြုစုခြင်း ကြောင့် ဝိ နယာ လင်္ကာ ရ ဆ ရာ တော် "ဦး ဝိသုဒ္ဓ' အားကျေးဇူးတင်၍မဆုံးရှိတော့၏ ၎င်းမှ ပြန်ရောက်လျှင် ရောက်ချင်း ယင်း အ ကြောင်း ကို ပင် ရှေး ဦး စွာ အ မိန့် ရှိ၍ ကျေးဇူးတင်စကား ပြောကြား လေသည်။

## အနန္တ ဂိုဏ်းဝင်ကျေးဇူးရှင်။

ဆ ရာသမားကျေးဇူး၊ မိဘကျေးဇူးပြုရာ၌၊ တတ်နိုင်သည်ထက်ပိုလွန်၏၊ ပေါက်တော ဆရာ တော်ကြီးနှင့် ဒကာကြီး ဦးနိုင်အား သေသည့်တိုင်အောင်ပင်သျှူဒါန်းပုံထောက် လျက် ချီးမြှောက်ခဲ့ပေသည်။

'သူ၏အသက်သည်မိဘနှင့်ဆရာသမား ၏ အသက်သာ ဖြစ်၍ မိမိ ခန္ဓာ ကိုယ် နှင့် တကွ မိမိဒိုင်ပစ္စည်းဟူသမျှသည် ဆရာ သမားသာပိုင်သော" ဟူ၏၊ စားသောက် ဘွယ်၊ အဝတ်သင်္ကန်း၊ ထီးဘိနပ်စသည် ကိုမပြတ်ဆက်ပို့၏၊ နှစ် စဉ် ဆရာ တော် ကြီး အား ဒုကုဋ် သင်္ကန်း ကြီး ဖြင့် ပူ ဇော် ကံ တော့၏၊ ပျံလွန် တော် မူ သော အခါ လည်း မိမိကပင်တာဝန်ယူကာ ခမ်းနား ကြီးကျယ်စွာ သင်္ဂြိုဟ်ပူဇော်ခဲ့လေသည်။ တ ပည့် များ အားလည်း မိ ဘ ကို မွေး မြူ စောင့်ရှောက်ဘို့ အခွင့် သင့်တိုင်း ဟော ပြော၏၊ "မိမိတို့သည် အချိန်တန်အရွယ် ရောက် သူ များ ကို အုပ် ချုပ် ထိန်းသိမ်းရ သည်ပင်မည်မျှဝန်လေးကြောင်း၊ မိဘများ မှာဘယ်မသိ-ညာမသိ၊ ငယ်ငယ်ရွယ်ရွယ် တွင် မည်မျှအနွံ့ အနာခံ၍ပြုစုမွေးမြူလာ သည်ကိုမှန်းဆသိသင့်ကြောင်း" စသည် ဖြင့် မိဘ ကျေး ဇူး တရားကို ဟောတတ် ပေသည်။

ကျေးဇူးသိတတ်ရုံ၊ ကျေးဇူးပြုတတ်ရုံမျှ မကသေး၊ ကျေးဇူးကိုလည်းရှာကြံ၍တင် တ တ် ၏ ၊ ဆ ရာ တော် ၏ အ ခန်း တွင် ကြောင်ကြီးတကောင်ရှိရာ၊ ကြောင်ချေး တွေ အနံ့ ယို ထား သဖြင့်၊ မနေနိုင်သော တပည့်များက ကြောင်ကြီးအားရိုက်နှက် ၍ အခြား တနေ ရာသို့ ပို့ ထား ကြသဖြင့် "ဟော့-ငါ့ကြောင်ကြီးကော၊ မလုပ်ကြပါ နှင့် ဆရာကြီးတို့ရာ၊ သူရှိလို့သာ ကြွက် အလာ သက် သာ ပါတယ်"တဲ့၊ ကြောင် ချေးစော်နံ့သည်ကို လစ်လျူပြု၍၊ ကြွက် မလာ သည်ကိုဘဲ ကျေးဇူး တင် လိုက်ချေ သေး၏၊ ကြောင်ကြီးမှာလည်းဆရာတော် အလိုလိုက်မှန်းသိနေသောကြောင့်ပင်လား မသိ၊ ဆရာတော် ဆွမ်းစားလဘက်ရည် ဘုဉ်းပေးလျှင် ဆရာတော့် ခြေထောက်ကို

လောက်နှင့် ပုဒ်ကာ၊ စားစရာ တောင်းနေ တတ်တော့၏။ ကြောင်များခွေးများကို ချစ်မြတ်နိုးတတ်၏။

## လူငယ်နှင့်ဆရာတော်။

ကျောင်းသားရှင်ငယ်များနှင့်သင့်လျှင်၏၊ မည့်မျှလောက်ဆိုးတေပေနေသောခလေး ဖြစ်စေ၊ ဆရာတော်နှင့်ကားပဏာစား၏၊ သွက်လက်ချက်ချာသော ခလေးဖြစ်လျှင် ကိုယ်တိုင်ပင် မြတ်မြတ်နိုးနိုး စာပို့ချပေးတော်မူ၏၊ ဥာဏ်လေး၍ ဖွဲ့ရှိလျှင်လည်း ဆရာတော်က ကြည်ဖြူ၏၊ သူတို့အတွက် ဆရာတော့်အခန်းသည်စားအိမ်သောက် အိမ်ပင်ဖြစ်တော့၏၊ "ငယ်စဉ်ကအရေးကြီးဘယ်ကွဲ့၊ ငယ်တုံးက ဟန်ကျပန်ကျ ဖြစ်လာမှ ကြီးတော့နေရာကျနိုင်တာ၊ ဒါကြောင့် လူငယ်တွေကိုအရေးပေးရမယ်၊ သူတို့ကို နေရာကျအောင် သွန်သင်ပေးရမယ်၊ လူငယ်ကလေး တွေဟာ၊ ရွှေရိုင်း ကျောက်ရိုင်းနှင့် တူတယ်၊ တို့လူကြီးများက ပြုပြင်ပေးနိုင်သလောက် အရည်အသွေးတက်လာနိုင်တယ်၊ တို့မျက်စေ့မှိတ်သွားသည့်တနေ့မှာ၊ တို့တာဝန်တွေ သူတို့လူငယ်များ ထမ်းဆောင်ကြရတော့မယ်၊ သည်အချိန်မှာ တို့ကသာ ငယ်စဉ်တုံးက နေရာတကျ ပြုပြင်သွန်သင်မှုမရှိခဲ့လျှင်၊ စဉ်းစားသာကြည့်ကြရော၊တို့တမျိုးလုံး ရေတိမ်နစ်သွားနိုင်တယ်၊ အဲဒါဟာ တို့လူကြီးတွေရဲ့ညံ့ဖျင်းမှုဘဲကွဲ့." စသည်ဖြင့် မိန့်ရှိတတ်လေသည်၊ ဆရာတော်၏ ကျောင်းတိုက်၌ကျောင်းသားငယ်ရှင်ငယ်များအားရိုက်နှက်ဆုံးမခွင့်မရှိ၊ ကြပ်တည်းစွာဘားဖြစ်ထား၏။

## ပုဂ္ဂလပစာယနတရား

မည်သို့သော ပုဂ္ဂိုလ်ပင် ဖြစ်စေကာ၊ မထေမဲ့မြင်ပြုလေ့မရှိ၊အထိုက်အလျောက် ပြောဟော ဆက်ဆံ သည်သာ များ၏ "ဘယ်လိုလူဖြစ်ဖြစ် သူ့နေရာနှင့်သူဘော့ အသုံးချ ဖြစ်တာချည်းဘဲကွဲ့" ဟု အမိန့်ရှိတတ်၏၊ သက်ကြီးဝါကြီး ပုဂ္ဂိုလ်များကိုလည်း အထူးသဖြင့် ကြည်ညို၏၊ ထေရ်ကြီးဝါကြီး ပုဂ္ဂိုလ်များကို ပင့်ဘိတ်လျက်ဆွမ်းကပ်လှူတတ်၏၊ အသက် ကြီးသော အဘိုးအို အဖွါးအိုများကျောင်းသို့ရောက်လာလျှင် လှူဘွယ် တန်းဘွယ် မျက်နှာသုတ်ပုဝါ ဆပ်ပြာမီးချစ်,ဖားယောင်းတိုင်စသည်ဖြင့် မလွတ်တမ်း ပေးလေ့ရှိ၏၊ "အသက်ကြီးအောင်နေချင်လို့ နေရတာမဟုတ်ဘူးကွဲ့၊ သူတို့သီလစင်ကြယ်သောကြောင့် ဒီလို နေရတာ၊ သူတို့ ပေးလှူရတာဟာ သီလရှိသူပုဂ္ဂိုလ်သူမြတ်ကို ပေးလှူပူဇော်ရတာဘဲကွဲ့။ သီလဝန္တာ ပုဂ္ဂိုလ်ပူဇော်ချင်လို့, သူများတွေ, ရွေးချယ်နေရစိတ် အခန့်မသင့်လျှင် အကုသိုလ် ဖြစ်သေးတယ်၊ တို့....ပူဇော်ကံ ကြုံတော့ ကျောင်းရောက်လာတာဘဲ" ဟု ပေါင်းသို ပေးကမ်းပြီးလျှင်၊ ဝမ်းသာအားရ အမိန့်

ရှိတတ်၏၊ ဆရာတော် ဤသို့သဒ္ဒါတရား ကောင်းမွန်း ကြားသိကြ၍ ပေလောမသိ၊ ကျောင်းတံခါး၀ ဆိုက်သိ တက်ရောက်ကာ မေတ္တာ ရပ်ကြသော ဒါနရှင်တွေ လည်းမနည်းလှပေ။

ကျောင်းနေ, စာသင်သား တို့နှင့် တကျက်ကျက် ဖြစ်ခဲ့ရ ပေသည်၊ အချို့, ဆရာတော့ထံ ခြေ တော် ဦး ခိုက် ၀င် ရောက်ကာ,တပည့်များအလစ်တွင် သဒ္ဒါ ဆွမ်းရပ်ကြသေး၏၊ ဆရာတော်ကတော့ တောင်းလာလျှင် အနည်းနှင့်အများ စွန့်ချ သည်သာများပေသည်။

## သန္တုဋ္ဌိ—သလ္လေခ

သည်းခံဖိတ်လည်း ရှိ၏၊ ဦးပဥ္စင်းငယ် ကလေးကပင် ပြန်ပြောစေ၊ အပြစ်မယူ လစ်လျူ ပြုသည်သာဖြစ်၏၊ အခိုက်အခွင့် သင့်သောအခါ တရားနည်းလမ်းပြလျက်၊ သွန်သင်ဆုံးမခြင်းဖြင့်၊ ပြန်လှန် ပြောဆိုမိ သူမှာသာ၊ နောင်တပူပန်ဖြစ်ခဲ့ရပေသည်၊ အစား အသောက် အတွက်လည်း ရောင့် ရဲ၏၊ ပေါ်စဉ်ကပင် သားငါးစားး၊ထော ပတ်ဆွမ်း တဆုပ် လောက်နှင့် ချဉ်ရေ ဟင်း၊ ခရမ်းချဉ်သီး လက်သုတ် စသည် ဖြင့်သာတင်းတိမ်သည်၊သို့သော် ဆွမ်းကို၊ မာမှ သဘောကျ၏၊ မာလို့ဖြင့် မာနိုင် သမျှမာပစေ၊ မငြီးငြူ၊ အနည်းငယ်ပြော လာလျှင် ''ဆွမ်းကလေးမှ မာမာမစားရ ဘူးကွာ'' ဟု ချူချူ ပါအောင် ငြီးတွား တော် မူတတ်သည်၊ ဟင်းရေ သောက် အချိုကြိုက်၊ ချဉ်ရေမှ ကြေနပ်၏၊ ချင် ပေါင် မန်ကျည်း ကန်စွန်းရွက်,ခပ်ချဉ်ချဉ် ကလေးဖြစ်လျှင် ခံတွင်းတွေ့တော်မူလှ၏၊ ဤအကြောင်းကို ဆရာတော်၏ နိစ္စဘတ် ဆွမ်းဝတ် ဒကာ ဒကာမများ ဖြစ်သော ''ဒေါင်းရိုးရပ်-ဦးပေါ်ဒေါ်အုံးခင်'' တို့အ သိဆုံးဖြစ်ပေသည်၊ သို့သော်သူ့ကိုယ်တိုင် အတွက် ရောင့်ရဲနိုင်သလောက် သူတပါး အား ကျွေးမွေးပြုစုရာတွင် ဖွယ်ရာပြည့်စုံ မှသဘောကျ၏၊ ဖွယ်ဖွယ်ရာရာ တခမ်း တနား ပြုပြင်လျက် တည်ခင်း ကျွေးမွေး တတ်ပေသည်။

အ၀တ်သင်္ကန်းအတွက် သန့်သန့်ရှင်း ရှင်းရှိလျှင်ပြီး၏၊ ဟောင်းသည်သစ်သည်, ချောသည် ကြမ်းသည် ဂရု ပြုတော်မမူ၊ ကျောင်းအိပ်ရာ နေရာ စသည် မှာလည်း နေဖြစ် ကြိမ်းစက်ဖြစ်လျှင် ပြီး၏၊ သို့သော် သန့်သန့် ပြန့်ပြန့်ရှိမှ သဘောကျ၏၊ ညဉ့် ၉-နာရီခွဲ လောက်တွင် ကြိမ်းစက်တော် မူ၍၊ ၄-နာရီခွဲတွင်မှန်မှန်ထလျက် ဘုရား ဝတ်တက်တော် မူလေ့ရှိရာ၊ အိပ်ရာ သီး သန့်ပြင်ထားသော်လည်း အိပ်ရာ၌ ကြိမ်း စက်တော်မူရသည်ဟူ၍ မရှိလှပေ၊ ညနေ ၆-နာရီခွဲလျှင် စာရေးခွင်မှထွက်၍၊ဘုရား ဝတ်ပြုပြီးနောက်ညဉ့်သန့်ရာကျောင်းငယ် သို့ ကြွ တော် မူ၏။ ၎င်းကျောင်းပေါ်သို့ ရောက်လျှင် မျက်နှာသစ်တော်မူပြီးနောက်

ကုသားထိုင်ကြီးပေါ်၌ သီတင်း သုံးတော်မူပြီးလျှင်မေတ္တာပွါး၊ ပုတီးစိတ်၊ ပရိတ်ကြီး ၁၁-သုတ်၊ ဓမ္မစကြာ၊ မဟာသမယ အနတ္တလက္ခဏာ၊ သတိပဋ္ဌာန်၊ ဒွေမာတိကာတို့ကို အလွတ်ကျက်ရွတ်ပြန်တော်မူ၏။

ငင်းနောက်နေ့လည်ကထုတ်နှုတ်ကျက်ထားသောစာများကိုရွတ်ပြန်သည်၊ ယခုပျံလွန်တော် မမူမီ အထိ၊ နေ့စဉ် ဆဲ့ငါးမိနစ်၊ မိနစ်နှစ်ဆယ်ခန့်လိုရာ ထုတ်နှုတ်၍၊ အမြဲ ကျက်တော်မူ၏၊ စာတိုစာစ ကျက်မှတ်သါးစရာတို့ကိုထိုမှ ဤမှထုတ်နှုတ်ကာ ဤကဲ့သို့ကျက်မှတ်သားထားပေ၏၊ အရအမိများလှ၏၊ "တို့က ကျက်ဉာဏ်တော့ မကောင်းလှဘူးကွဲ့၊ ဒါပေမဲ့ ဝိရိယကရှိတော့ မရဘယ်ခံနိုင်မလဲ"ဟု စကားစပ်သဖြင့် အမိန့်ရှိဘူး၏။

ပုတီးစိပ်ရာ၌ အရဟံ ဂုဏ်တော် ကို ၄-မျိုးခွဲ၍အမြဲစိပ်၏။

(၁) တဆက်တည်း 'အရဟံ'ဟူ၍၎င်း၊

(၂) ဟံနှင့်ခွဲ၍ 'အရ-ဟံ'ဟူ၍၎င်း၊

(၃) အနှင့်ခွဲ၍ 'အ-ရဟံ'ဟူ၍၎င်း၊

(၄) သုံးလုံးစလုံးခွဲ၍ 'အ-ရ-ဟံ-'ဟူ၍၎င်း၊ လေးမျိုးခွဲပြီးလျှင် တတ်နိုင်သမျှ ဂုဏ်တော် ထင်အောင် အာရုံပြု၍ စိပ် ရကြောင်း အမိန့်ရှိဘူးသည်။

## ကာယဂတာသတိစီးဖြန်းနည်း။

ဝိပဿနာလည်း ရုပ်နာမ်လက္ခဏာရှိ၏၊ သို့သော် သေချာစွာမသိရပေ၊ မိမိတို့တည၌ ဝတ်ပြုသွားကြရာ လက္ခဏာထင်မှနိဗ္ဗာန်ရနိုင်ကြောင်း၊ နိဗ္ဗာန်ဟူသည် တခြားမှာ ရှာရသောတရားမျိုးမဟုတ်၊ မိမိခန္ဓာကိုယ်တွင်းမှာသာရှာရမည်ဖြစ်ကြောင်းအမိန့်ရှိလျက် အနတ္တလက္ခဏာထင်ဘို့ရာ ကာယဂတာ သတိ စီးဖြန်း နည်း ကို သင် ပြပေးတော်မူ၏။

ကေသာလောမာ စသော သုံးဆဲ့နှစ်ကောဋ္ဌာသကို၊ ၁-တစပဉ္စက၊ ၂-ဝက္ကပဉ္စက၊ ၃-ပပ္ဖါသပဉ္စက၊ ၄-မတ္ထလုင်္ဂပဉ္စက ၅-မေဒဆက္က၊ ၆-မုတ္တဆက္က၊ ၇-တစဝက္ကဒသက၊ ၈-ပပ္ဖါသမတ္ထလုင်္ဂဒသက ၉-မေဒမုတ္တဒွါဒသက၊ ၁၀-တစဝက္ကပပ္ဖါသ၊ ၁၁-မတ္ထလုင်္ဂမေဒမုတ္တ၊ ၁၂-သုံးဆဲ့နှစ်ကောဋ္ဌာသလုံး--ဤသို့ ဆဲ့နှစ်စုစု၍၊ တစုတစုလျှင်၊ အနုလုံငါးရက်၊ ပဋိလုံငါးရက်၊ အနုလုံပဋိလုံငါးရက်စီ ပွါးများရမည်။ "အားလုံး ပွါးများ ပြီးအောင် ခြောက်လကြာ၏"ထိုသို့စီးဖြန်းအားထုတ်လျှင် အနတ္တလက္ခဏာ ထင်ရာသောဟူ၏။ ဆရာတော့်ထံဝတ် ဖြည့်သွား ရ သည် မှာ လွန်စွာအမြတ်ထွက်၏၊ ရှင်းရှင်းဆိုရလျှင်

အရှုံးမရှိ အမြတ်ချည်းသာ ဖြစ်၏၊ ဆရာသမားကိုဝတ်ပြုရသဖြင့်၊ ဟုသိုလ်လည်းရသည့် ဆရာတော် ဆုံးမသော လောကီလောကုတ္တရာ ဗဟုသုတတို့နှုတ်ထဲတွင် ပါလာကာ၊ ဦးခေါင်းထဲတွင် စွဲကျန်ရစ်ခဲ့သည်၊ နောက်တနေ့လည်း လဘက်ရည်ခေါ်တိုက် လိုက်ပေသေးသည် "ချလဲကောင်း၊ နောင်လဲကောင်း၊ သံသရာအဆက်ဆက် ကောင်းနိုင်တဲ့၊ ဪ.... အချက်ကောင်းကြီး ဖြစ်ပါသတည်း"ဟု သာဆိုဘွယ်ရှိပေ၏။

## အလုပ်ကို-အနိုင်မခံသော ဆရာတော်၊

အလုပ်နှင့်လက်နှင့် မပြတ်၊ နေထွက်မှ နေဝင်၊ အလုပ်ခွင်တွင်နေသည်သာဖြစ်၏၊ အရွယ်နှင့်စာလျှင် ၁၁၁-ခါတ်လည်း ခိုင်လုံဟန်ရှိသည်၊ တနေ့ တကြိမ် နှစ်ကြိမ် လောက်သာ အောက်သို့ဆင်းသည့်ကို၊ တွေ့မြင်ရလေသည်၊ တနေဝင်တနေထွက် ဇုတ်ဘုတ် ကုလား လိုင်ပေါ် ထိုင် ကာ၊ အမြဲတမ်း စာရေးနေသည်သာဖြစ်၏၊ စာရေးပြန်လည်းသေသပ်၏ လက်ရေးလည်း တချိုးတစားထည်း၊ တညီ ထည်း ဖြစ်၏၊ ဖျက်ရာ ခြစ်ရာနည်းသည့်၊ မရှိသလောက် ပင်ဖြစ်၏၊ စာမရေးမီကြိုတင်၍၊ ရေးလိုသော အကြောင်းအချက်တို့ကို၊ ပြည့်စုံအောင် လေ့လာပြီးနောက်၊ အရပ်အနားမရှိ၊ တဆက်တည်းရေးသွားသည်ကများများသည်၊ အချက်အလက်များ အတွက်လည်း၊ ဈာရန်လွယ်ကူလှ၏၊ သံယုတ်အင်္ဂုတ္တိုရ်စသည်တို့တွင်ဘယ်အကြောင်းအရာ ဘယ်မှာရှိကြောင်း၊ က-ခ စသောအက္ခရာစဉ်ဖြင့်၊ ကြောင်း ရေ မျက် နှာ နံပါတ်နှင့်တကွ၊ ပလာစာအုပ်တအုပ်ဖြင့် စီစဉ်ပြီးသားရှိ၏၊ လိုအပ်သော အကြောင်းအရာကို၊ ပလာစာအုပ်ဖွင့်ကာ ရှာရုံပင်ဖြစ်၏ မိမိလုပ်ငန်း၌၊ ကြိုတင်ပြီးမြောက်နေနှင့်သည်သာများ၏၊ နောက် ကျ လေ့မ ရှိ၊ ရုံးခါကျောင်းမှ စာသင်တပည့်များအား၊ လဘက်ရည်ပင့်တိုက်ရာ၊ နောက် ကျ ၍ ရောက်လာခဲ့လျှင်၊ "ပင့်ရင်စောစောစီးစီး လာရတယ်ကွ၊ နောက်ကျနောက်ချေးနှင့် သလဲဘဲ့ မကြားဘူးဘူးလား"ဟု၊ ဆိုမြည်တတ်၏၊ မည်သည့်ကိစ္စတွင်ဖြစ်စေ၊ ဆရာတော်က၊ ကြိုတင်ပြီးစီးပြီးသာဖြစ်နေပေသည်၊ အလုပ်ကိုဆရာတော်က အနိုင်ပေးသည်မရှိ။

ယခုတချီဖြင့် ဆရာတော်ကို၊ အလုပ်က အောင်ပွဲခံသွားခဲ့ချေသည်၊ "ငါ့သေ ရမှာ မကြောက်ပါဘူးကွ၊ ဒီသံဂါယနာကြီး တပိုင်းတစနှင့်ကျန်ရစ်ခဲ့မှာရာဇဝင်ရိုင်းလွန်းလို့"တဲ့၊ သူ၏အသဲနှလုံးမှလိုက်လှဲစွာ ထွက်ပေါ်လာသောစကား၊ မလွန်မီဖြွက်ဟာခဲ့သောမိန့်ခွန်း၊ ဆဋ္ဌသံဂါယနာကို အသက်ပေး၍ ဆောင်ရွက် ခဲ့ သော ဆရာတော်၊ သာသနာအတွက် အသက်စွန့်ခဲ့သောဆရာတော်၊ ယုတ်မာမိုက်ဘန်းလှသော မရဏမင်းသည်၊ သတ်ညှင်းရက်ပါပေဘကား။

## ဝေဒနာကို မည်သူခံစားသနည်း?

ဆရာတော်ကား၊လုံ့လဥဿာဟလွန်ကဲ၏၊ဆရာတော်ကဲ့သို့၊ လုံ့လဥဿာဟနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ရှာမှရှားမည်ထင်၏၊ "မည်သို့ပင်ခက်ခဲသော လုပ်ငန်းဖြစ်စေ၊ လုလ္လရှိက ပြီးမြောက်အောင်မြင်ရမြဲဖြစ်သည်" ဟု၊ မကြာမကြာ ကြုံးဝါး အမိန့်ရှိတော်မူ၏၊ ဆရာတော်ကား မိမိကြုံးဝါးချက် အတိုင်း၊ လုံ့လလည်းရှိ၏၊ လုပ်လည်းလုပ်၏၊ သူ၏ဤလုံ့လအတွက်၊ ထင်ကျန်ရန်ခဲ့သော၊ အကျိုး ကျေးဇူးတို့ကား များစွာ၏။

စာအုပ်စာတမ်းပင် ၁၃၀ကျော်ရှိ၏၊ အခြားဆောင်ရွက်ချက်များကား၊ ကမ္ဘာ ခန်းအောင် ဥဒါန်း တွင်ရစ်မည်ဖြစ်၏၊ ထိုင်ခြင်း ဣရိယာပုထ် အလွန် များ၏၊ ညောင်းသည်၊ ညာသည်ဟူ၍၊ အနင်းအနှိပ်လည်းမခံ၊ တပည့်များ ညာတ်ပြုသွားရသော်လည်း၊ ခပ်ဖွဖွ, သာသာကလေး ဆုတ်နယ်ရ၏၊ခပ်နာနာများ ဖြစ်ညှစ်ဆုတ်နယ်လိုက်လျှင်၊ "အိုသာသာလုပ်ပါကွဲ့ အသားတွေ ပွန်းပဲ့ ကုန်ပါ့မယ်" ဟု၊ ပြောဆိုတားမြစ်တတ်၏၊ နေမကောင်း ထိုင်မသာလည်း၊ အကြီးအကျယ် ဖြစ်ဘူးသည်ဟူ၍မရှိ၊ တခါကနှာစေးချောင်းဆိုးဖြစ်ဘူးသည်၊ အတန်ပြင်းထံ၏၊ သို့သော် စာရေးမပျက်၊ဆရာတော်မကျန်းမာခိုက်၊ ခေတ္တမျှ အနားယူဘို့ လျှောက် ထား ရာ "အို ဝေဒနာပေါ်ခံစားရတာမဟုတ်ပါဘူးကွာ၊ ဝေဒနာကိုဝေဒနာကခံစားတာပါ" ဟု၊ အမိန့်ရှိလျှက်၊ မိမိ၏ စာရေးမှုကို၊ မလျှော့ခဲ့ပေ၊ ဤသို့ဖြင့်ပင်၊ ဝေဒနာမှာ အလျှော့ပေးသွားရလေသည်၊ ယခုတကြိမ်တော့၊ ဝေဒနာက နန်းသိမ်းပွဲ ခံသွားနိုင်ခဲ့ပေသည်။

အသက်နှင့် ထပ်တူ ကြည်ဖြူ မြတ်နိုး လှသော ဆဋ္ဌ သံဂါယနာ ဝန်ကြီးကို ချလျှက်၊ မဟာသာ မမြွက်သာ ကြွရှာပေသည်၊အလိုက်ကောင်းဆိုးမသိ။ဆိုးယုတ်၊ ညစ်တေ လှသော သေမင်း မိုက်သည့် ရက်ရက် စက်စက် နှိပ်စက်ဝံ့ ပါပေတကား။

ယခု ပေါက်တောတွင် တည်ဆဲသော စေတီတော် ကြီးကို အုဋ္ဌမြစ် ချရန် ဖြစ်သည်၊ အသေ အချာ အချိန်အခါရွေးပြီး စီမံပြီးသားဖြစ်၏၊ ယနေ့ နံနက်လင်းလျှင် ကားဖြင့် ခရီး ထွက်ရတော့မည် ဖြစ်ရာ၊ နံနက် ၄-နာရီခွဲခန့်ထလျှက် ဘုရားဝတ်ပြုပြီးနောက် သာမဏေ ငယ်များသည် ဆံပြုတ် ဘုဉ်းပေးဘို့ရန် ပြင်ဆင် နေ၏၊ ၎င်းဆံပြုတ်ပြင်ဆင်ဆဲတွင်ပင်, ဝမ်း ၅-ကြိမ်ထက် မနည်း သွားရသည်၊ ဆံပြုတ် ဘုဉ်းပေး ပြီးနောက် ၁-နာရီ အတွင်း၊ ၁၄-ကြိမ်ထက် မနည်း ဝမ်းသွား ရ၏၊ "ခက်လိုက်တာကွာ ဒီနေ့မှဘဲဝမ်းနာနေတယ်" ဟုပြောရင်းပင် တဖန်ဝစ္စကုဋိသို့ ကြွရ ပြန်သည်၊ ဤသို့ဖြင့် ၄-နာရီ ခွဲပြီး

နံနက်ပိုင်း အတွင်း အကြိမ် ၂၀-ထက်မ နည်း ဝမ်းသွားရရာ, အတန် ပင်ပန်းနေ တော်မူ၏၊ တပည့်များကား ကြွမှုကြွနိုင် ပါမလားဟု စိုးရိမ် နေကြ၏၊ သို့သော် ၆-နာရီတွင် ပေါက်တော ကြွရန်, ကား ရောက်လာရာ၊ ဝဋ္ဋကုဋီသို့ တကြိမ်တက် ရောက်တော်မူပြီးနောက်၊ သက်နိုးကို ဝတ် ရုံတော် မူပြီးလျှင်၊ ရေသနွပ် သင်းပိုင် တထည်ခေါက်လျက် အောက်မှခင်းထိုင် ကာ ဂူနှ ငြ် မပျက်ပင် ကြွရောက်တော်မူ သည်၊ သို့ဖြင့် သွားရင်းလာရင်း, ၎င်းဝေ ဒနာ ကင်းစင် ပပျောက်ခဲ့လျှက်၊ ပြန်လာ သောအခါ၊ နကို ပကတိ အတိုင်းပင် ကြည်လင်စွာ ဖူးတွေ့ရ ပေသည်၊ ဤသို့ ဆရာတော်သည် ရောဂါ ဝေဒနာကို အလေးမပြု အလုပ်ကိစ္စ ပြီးမြောက်မှုကို သာရှေးရှုခဲ့ပေသည်။

## ဖယောင်း သို့မဟုတ် စိန်ပြောင်းလော?

မည်မျှလောက် သေးငယ်သော အလုပ် ပင်ဖြစ်စေ၊ အသေးအမွှား မှုပင်ဟု ခပ် ပေါ့ပေါ့ ဆောင်ရွက်တော် မူလေ့ မရှိ၊ လုပ်ရိုးလုပ်စဉ်အတိုင်း ဖွဲလုံ့လ အပြည့် နှင့်ပင်ဖြစ်သည်၊ မည်သို့သော ပုဂ္ဂိုလ်က ပင် လာရောက် မေးမြန်းစေကာ ကျနစွာ ဖြေဆို ပြောကြား ပေး၏၊ မိမိနည်းတူ တဘက်သား နားလည် စေလိုသောဆန္ဒ ကြီးစွာ၏၊ ဤသို့ ရှင်းလင်း ပြောကြားရာ တွင်လည်း ပိုင်ပိုင်နိုင်နိုင် ရှိ၏၊ မေးတိုင်း ပြက်ပြက် အဖြေ ထွက်သည်သာ ဖြစ်၏၊ ဤသို့ မေးမြန်းပြောဆိုရာ၌ ပြန်လည်ပြော ကြားခြင်း အမှားအမှန်ဝေဖန်ခြင်းကြောင့် အနဝဇ္ဇ၊ မိမိ ,မှားလျှင်လည်း ကြေနပ်စွာ ဝန်ခံ တတ်၏၊ စာနှင့် စပ်၍ မေးမြန်း လျှောက်ထား ရလျှင် ဖယောင်း ဖြစ်၍, ဝိနည်းသိက္ခာပုဒ် တိမ်းယိမ်း လွန်ကြူးသူ နှင့် တွေ့လျှင် စိန်ပြောင်းပင် ဖြစ်တော့ သည်။

## သီလက္ခန်ဋီကာနိဿယများ။

တောင်သမန်တိုက် သဒ္ဒါသနာပြုဆရာ တော်ကြီး အရှင် ကလျာဏသည် သီလက္ခန်ဋီကာမှ အနက်မထင်ရာပါဠိများ ကို ရံခါကိုယ်တိုင် လာ၍ မေးလျှက်၊ ရံခါ လည်း စာဖြင့် ရေးသား ပေးပို့ ရသော ဟူ၏၊ ဤသို့ မေးရဖန် အရေးခိုင်းရဖန် များသဖြင့် "မထူးပါဘူး ဦးရေဝတရယ် သီလက္ခန်ဋီကာ နိဿျဘဲရေးပါတော့"ဟု တိုက်တွန်းတောင်းပန်သဖြင့်၊ ၎င်းဋီကာ ဟောင်းနိဿျ၊ ဋီကာသစ် နိဿျတို့ကို ရေး သားပြုစုသောဟူ၏၊ "၎င်းဋီကာနိဿျတို့ သည် ၁၁-ကြောင်းရေးပေစာထုပ် ပေါင်း ၇-ထုပ်ရှိသည်။"

ဤသို့ မေးရမြန်းရ လျှောက်ထားရ လွယ်ကူသဖြင့်၊ အရပ်ရပ်အနယ်နယ်မှ အမေးပုစ္ဆာ ပြဿနာတို့ကို ရေးသားဖြေ

ဆိုဆုံးဖြတ်ရသည့်မှာ များလှစွာ၏၊ ထိုသို့ ဖြေဆို ရေးသား နိုင်ခြင်းမှာလည်း ဆရာတော်၏ ကျမ်း ဂန် ဗဟုသုတ များပြားကြွယ်ဝ၍၊ ပိဋကတ်ကျမ်းဂန်တို့၌ အာစရိယ ဝါဒ လှလှ ကြီး ရ သော ကြောင့် ရင်း ထက်မျက်သော ဉာဏ်လုံ့လကြောင့်ရင်း ဖြစ်ပေ၏။

ကျမ်းဂန်ဗဟုသုတကား ပြည့်စုံလှပေ၏၊ သဒ္ဒါနိပ်နည်းအဘိဓမ္မာဆိုင်ရာဆိုင်ရာ ကျမ်း ဂန်တို့၌ ဆရာ နည်း လှလှ ရသည် ချည်းဖြစ်၏၊ အာ စ ရိ ယ ဝါဒနှင့်ကင်း၍ ပြော ဟော ပို့ ချ မှု ရေးသား ဆုံးဖြတ်မှု နည်းသည်၊ အာစရိယ ဝါဒ အမျိုးမျိုးဖြင့် မှတ်သား နည်း ယူ ဘွယ် ရာ ပြော ဟော သည်သာ များသည်၊ ကျမ်းဂန် ပို့ချလျှင် သော်၎င်း၊ တရားဓမ္မ ဟောပြော ဆုံးမရာ တွင်သော်၎င်း၊ ပြဿနာတို့ကို ရှင်းလင်း ဖြေဆိုရာတွင်သော်၎င်း၊ ကျမ်းဂန် လွတ် သည်မရှိ၊ ပါဠိအဋ္ဌကထာ ဋီကာ ဆိုင်ရာ သာဓကဖြင့်သာ ပြီး စေ ၏၊ "အထောက် အထားကင်းလျှင်ဘယ်မှာခိုင်မြဲနိုင်ပါမလဲ ကွဲ့" ဟု မိန့်လေ့ရှိတော်မူသည်။

ကျမ်းဂန်ကို သဘော သဘာဝ ဒွန်ခိုက် အောင် နှိုက်နှိုက်ချွတ်ချွတ်၊ မိမိရရကြံ၏၊ "ဥပ မိ သဲ တိုင်– တက် နိုင် ဖျား ရောက်" သဘော မျိုး ပင် ဖြစ်ခဲ့သည်။ ရှည်မျော သောစကားရပ်ကို ချုံ့၍ ပိဏ္ဍတ္ထ ယူရာ၌ ထိမိစေ့စပ်လှ၏၊ လုံးစေ့ပါဌ်စေ့အနက် အဓိပ္ပါယ်ပြန်ရာတွင် မှတ်၍မနိုင်လောက် အောင်ဖြစ်သည်။ စကားလုံးတိုင်း၏ဗျုပ္ပတ် ကို ရင်းမြစ်ကျနစွာပေါ် ညွှန်းနိုင်ပေသည်။ ဆရာတော်၏စာပေအမြင်သည် 'ထောင့်' အမျိုးမျိုးမှရှု၍ ယုတ္တိ ခိုင်မာသောအမြင် ဖြစ်၏။ ကျမ်းဂန်ချင်းအယူအဆကွဲလွဲရာ၌ အနှောင့်အသွားလွတ် ညှိနှိုင်းပေါ် ပြ၍ "ယုတ္တတရဝါဒ" ကိုနောက်ဆုံးမှအရာ အားလျော်စွာ ယုတ္တိဆောင်၍ ရှင်းလင်း ပြတတ်ပေသည်။

သမာဓိလည်း ရှုံးပိုက်လှ၏၊ ပိဋက ကျမ်းဂန်စာပေများ၌သာ အ စဉ် စွဲ ကပ် အာရုံပြုနေပေရာ၊ မိမိအလုပ်ဖြင့်ပျော်မွေ့ လျက်၊ ထထိုင်ထည်းထိုင်၊ တရေးတည်း ရေးကာ၊ ခန္ဓာကိုယ်ကိုအားလပ်ခွင့်မပေး ခဲ့ချေ၊ ပတ်ဝန်းကျင်မှမည်သို့ပင်ဆူညံနေ စေကာ၊ နကမ္ပတိပင်ဖြစ်၏၊ အချိန်လည်း မှန်ကန်လှ၏၊ အိပ်ရာထ၊ ဘုရား ဝတ်ပြု၊ ဆွမ်းစား၊ လဘက်ရေသောက်၊ ရေချိုး စသည်ဖြင့် သူ့အချိန်နှင့်သူ၊ စနစ်ဇယား ရေးဆွဲထားသည့်အလား၊ အကြားအလပ် မရှိ၊ အံကျအကွက်စေ့ ဖြစ်နေ၏၊ ရံခါ ဆွမ်းနောက်ကျ၍၊ ဆွမ်း ဘုဉ်း ပေး ချိန် အနည်းငယ်နှောင်းသွားလျှင်၊ "ဆွမ်းက လေးမှ အချိန်မှန်မှန်မစားရဘူးကွာ၊ ဆိုး စွာလိုက်ပါဘိတော့" ဟု ညည်းတော်မူတတ် သည်၊ ဤသို့သူ့အချိန်နှင့်သူမရပ်မနားဘဲ၊ ဆရာတော်ကြီးတည်းဟူသော စက်ကြီး ခုတ်မောင်းနေပေရာ၊ အာရုံ လွှင့် ခွင့် မရ အောင်ပန်တီးထားသကဲ့သို့ဖြစ်ပေသည်။

## ဘာ့ကြောင့်စိတ်ဆိုးသလဲ၊

ဆရာတော်ဘကြီးမ်က စိတ်ဆိုးတော်မူဘူးသည်၊ မိမိတို့စာသင်သားများဥပုသ်နေ့တနေ့၊ ညစကားဝိုင်းဖွဲ့ကာ "သော" နေကြရာ၌မိမိကပင်ဦးဆောင်၍"သော" နေသဖြင့်၊ တော်တော်စောစော ညဦးပိုင်းမှ၊ ညဥ့်နက် ၁၂-နာရီလောက် တိုင်အောင်ဖြစ်သည်၊ထိုစဉ်ကဆရာတော်ကြီးသည်၊ စာရေးခန်းဆောင်မှာပင် ကြိမ်းစက်သည့်များ၏၊ ညဦးပိုင်း၌ ဆရာတော်မည်သို့မျှမပြော၊ ၉-နာရီခွဲ၊ ၁၀-နာရီလောက်တွင် လူခြေတိတ်သွား၏၊ အားလုံး အိပ်ရာဝင်ကုန်ပြီဖြစ်သည်၊ အလိုက်သိတတ်လျှင်၊ အိပ်သူတွေကို အားနာဘို့ပါဖြစ်၏၊ သို့သော် မိမိတို့လူသိုက်ကား၊ ''ဟားတိုက်'' ဆဲပင်။

ဥပုသ်နေ့သည်စာသင်သားတို့အတွက် 'နားရက်' ဖြစ်၏၊ ထိုနေ့မှာသာ စာပေခွင်မှထွက်လိုက, ခေတ္တ ထွက်ခွင့် ရှိသ ဖြင့်၊ သမဂ္ဂအချင်းချင်း ''မိတ်ဆုံ'' နိုင်ပေသည်၊ ထိုအခါ စာကျက်ရ၊ စာအံရ၊ ကြိုရ ဖန်ရ များသဖြင့်၊ ထိုင်းနေသော ဦးနှောက်ကို၊ မိတ်ဆုံခြင်းဖြင့်၊ လန်းဆန်းစေရပေသည်၊ ဒွေးရာလေးဘီးပင်ဖွဲ့လျက်၊ သဘောတူရာချင်း၊ သင်းပင်းဖွဲ့ကာ ပြောဟောတော်ကြ၏၊အချို့ကပရိယတ်စာပေဆွေးနွေး၍ အချို့က ကဗျာလင်္ကာနှင့်, မြန်မာစာပေအကြောင်းအရာကို အခြေအဘင်ပြုကြ၏၊ အချို့က နိုင်ငံရေးကိုဝေဘန်၍၊ အချို့က ဆေး,ဗေဒင်,နက္ခတ်စသည်ဖြင့် ဗဟုသုတဟောင်းလေးကြိုကြ၏၊ ဤသီတင်း ပတ်ဆွေးနွေးပွဲမှ၊ သူတမျိုးငါတဖုံ ပြောဆိုဆွေးနွေးကြသည်ကို၊ နားထောင် မှတ်သားတတ်လျှင်၊အတန်ဗဟုသုတဖြစ်၏။

မိမိတို့ လူ တ သိုက် ကား၊ ထိုနေ့က ''အမျိုးသမီးများ စက်ဘီး စီးသင့်-မစီးသင့် စကားရည်လုပွဲ'' ခင်းနေကြသည်ဖြစ်ရာ အခြေဘက်ကတမျိုး၊ အဘင်ဘက်ကတန်ဖြင့်၊ စကားရည် လုပွဲကြီးသည်၊ သန်းခေါင်ယာမ်အထိ၊ မျောပါးလာခဲ့၏။

မျက်စေ့သည် တော် တော် ခက် ၏၊ စာများကျက်အံရ၊ ပြန်ဆိုနေရလျှင် ၈-နာရီခွဲ၊ ၉-နာရီဆိုလျှင် ခါးကဘဲ ပူသလိုလို ပေါင်ကဘဲ ကိုက်သလိုလိုနှင့် အပျင်းကြောဆွဲလာ၏၊ ယခုလိုစာလွတ်ပေလွတ် ပြောဆိုနေရသောအခါမှ၊ အိပ် ချင် စိတ်သည် ဘယ်ချောင်ခိုနေသည်မသိ၊ ငိုက်မျည်းဘို့လည်း သတိမရ၊ ညောင်းညာဘို့လည်း မတွေးမိပေ၊ နောက်ဆုံး မိမိတို့ဝိုင်းတော်သားများချည်းသာကျန်၏၊ သို့သော်''အသော''မရပ်သေး၊ ဆရာတော်၏အသံသည် တုံလှုပ်ဘွယ်ရာ ပေါ်လာသည်''ဟေ့ မောင်သူရိယ ခွေးသားလူလေး၊ ငါအသေမဟုတ်ဘူးကွ၊ အချိန်မရှိအချိန်ရှိအိပ်ချိန်မှန်းမသိအားနာရမှန်းမသိ တော်ရုံဆိုတော်သေး၊သန်းခေါင်းသန်းလွဲ

ချောက်ကရော။ ဘယ်လောက် ဆိုးစွာသလဲလို့။''

ဆရာတော်၏ ဆုံမြည်သံဖြစ်ရာ၊ မိမိတို့သည် ဆရာတော် ဝင်လာပြီ အထင်ဖြင့် ဝပ်တွားပုံးလျှိုးနေကြ၏။ မိမိတို့လူသိုက်လည်းမီးမှိတ်လူစုခွဲကာ၊ အပ်ကျသံပင်ကြားလောက် အောင် တိ တ် ဆိ တ် သွား ၏။ နောင် တ တရား လည်း ရ လာ၏။ "မိမိတို့ သည် အလိုက်ကောင်းဆိုးလည်းနားမလည်၊ အားမနာ ပါးမနာ, အများအိပ်ချိန်ကို နှောက်ယှက်ခဲ့၏၊ ထိုထက် ဆရာတော်ကြီးမှာ အသက် တော်လည်းကြီး၊ တနေကုန် တနေ ခမ်းလည်း ပင်ပန်းညောင်းညာစွာ အလုပ်လုပ်ခဲ့ရ၏၊ ခေတ္တခဏ အပန်းဖြေ ကြိမ်းစက်တော်မူသည်ကို မိမိတို့သည် မထေမဲ့မြင် နှောက်ယှက်ခဲ့လေစွ'' ဟုနောင်တပူပန်မဆုံးဖြစ်ရကာ၊ ဤအခါမှစ၍ ယင်းသို့သော အပြုအမူမျိုးကိုဆင်ခြင်နိုင်ခဲ့ပေသည်။

ဆရာတော်သည် သွက်သွက် လက်လက် ဖြတ်ဖြတ် လတ်လတ်ရှိမှ သဘောကျ၏၊ ငါးချောက်ဆိုလျှင်ကင်ပြီး၊ ငပိဆိုလျှင် ဖုတ်ပြီးဆီဆန်းပြီးဖြစ်မှပင်ဖြော်လတ်မှ ကျေနပ်တော် မူသည်၊ သူများလည်း ဖြတ်ဖြတ် လတ်လတ်မှသဘောကျသလိုကိုယ်တိုင်လည်း သွက်သွက် လက်လက်ပင်ဖြစ်၏၊ ဖင့်နွဲ့ လေးကန်နေလျှင် အလိုတော်မကျတော့ချေ။

တိတိ ကျကျလည်း ဖြစ်မှ ကျေနပ်၏၊ လောကွတ်မချော်တန်ဘဲ လောကွတ်ချော်ခြင်း, မလစ်ဟင်း တန်ဘဲ လစ်ဟင်းနေခြင်းများတွေ့ရလျှင် ချက်ချင်းပင် ဆိုင်ရာတို့ကိုကြိမ်းတတ်၏၊ ကျောင်းတွင် ဆွမ်းကျွေးပွဲတခု ရှိရာ၊ မိမိသည် ဆရာတော်ဆွမ်းခံပွဲ နားတွင် ရေဖန်ချိုင့် ချ၍၊ ဆရာတော်သုံးဆောင်ရန် ဖန်ခွက်ဖြင့် ရေခပ်ပြည့်ပြည့်ထည့်ပြီး, ကြို့ယို့ ထွက်ခွါလာရာ "ဟေ့ လာအုံး၊ ခင့်ရေတွေဘယ်သူကကုန်အောင် သောက်မှာတုံး၊ နှုတ်ကျင်းလက်ဆေးရုံဘဲဟာ,တန်လောက်ရုံထည့်'' ဟုဆိုသဖြင့် ချက်ချင်း ရေဖန်ချိုင့်ထည်းပြန်ထည့်၍၊ ဖန်ခွက်တခါက်မျှ သင့်ရုံကပ်ခဲ့ရသည်၊ အခြားသော အရာများ တွင်လည်း ဤသို့နှင်နှင်ဖြစ်၏။

ကောင်းလျှင်ငါစံ၊ မကောင်းလျှင် သူခံဟူသောစိတ်မျိုး လုံးဝကင်း၏၊ ခံစရာရှိလျှင် သူကိုယ်တိုင်ရှေ့ကခံ၍ စံစရာရှိလျှင် သာတူညီမျှ ဖြစ်စေ၏၊ ငယ်သား တပည့်များအား အကျိုး ကျေးဇူး ဖြစ်ထွန်းနိုင်သော လောကီလောကုတ္တရာ လုပ်ငန်းမျိုးဆိုလျှင် အားပေးတိုက်တွန်း၏၊ ဆွမ်းကွမ်းကျွေးမွေး လျက်ပင် ပြုစုတော်မူ၏၊ မိမိအတွက် အကျိုးကျေးဇူး ဆုတ်ယုတ်ပျက်ပြားဘွယ်ရာ ကြုံလာလျှင် ကိုယ်စားထုံး၍ခံစေတတ်သော ဝါသနာမရှိ၊ ဘယ်အခါမှုလည်း မပြုလုပ်ပေ၊ မိမိ အတွက်ချေ, သူတပါး အတွက်ပါ၊ မိမိသာလျှင် ရှေ့ဆောင်ခံယူတတ်ပေသည်။

ဆရာတော်၏ ဤသို့ လိုလားဘွယ် မြတ်နိုးနှစ်သက်ဘွယ်ရှိသော ကျေးဇူးတို့ကြောင့်ပင် ကျောင်းတိုက်၌ နေရာချင်းထပ်မျှ တပည့်ပရိသတ်တို့များလှ၏၊ ဆရာတော်ကို ဖူးမြင်ရလျှင် လေးစား ကြည်ညိုမိသည်သာ ဖြစ်၏၊ ဆရာတော်၏ သီလရောင်သည် မျက်နှာ၌ ကြည်လင်စွာပေါ်နေ၏၊ သမာဓိရှိန်သည် တည်ငြိမ်ထင်ရှားလှ၏၊ ကြီးငယ်မဟူ ပေါ်ပေါ် ရွှေရွှေ ရှိခြင်း၊ အာဂန္တုကဝတ် ကြေပွန် ခြင်းနှင့် ရောက်လာသော ပုဂ္ဂိုလ်တို့၏ အကျိုးအကြောင်းအဖြစ်သနစ်ကို မေးမြန်းတော်မူပြီးလျှင်၊ ၎င်း၏ ကြီးပွါး ချမ်းသာရေး စီးပွါး တိုးတက်ရေးတို့ အတွက် မည်သို့ ဆောင်ရွက် သင့်ကြောင်း လေးလေးနက်နက်၊ ကြင်ကြင်နာနာ ဆုံးမတော်မူတတ်သဖြင့်၊ ဆရာသမား အရိပ် မြေခြင်း၏ အဓိပ္ပါယ်ကိုနားလည်ရပေသည်၊ လာလာသမျှ ပုဂ္ဂိုလ် တိုင်းအား ဤသို့ပင် ပြုစုတတ်၏၊ ကျွေးမွေး ပြုစုသော်လည်း စားချိန်သောက်ချိန် ရောက်လာသော ပုဂ္ဂိုလ်များသာ ဖြစ်၏၊ "စားချိန် သောက်ချိန် ရောက်လာ ရင်တော့ မည်သူ့ကို မဆို ကျွေး မွေး ကောင်း ဝေ ဘန် ပေး ကမ်း ကောင်းတယ် အပြစ်လဲမဖြစ်ဘူး၊ သည့်ပြင်အချိန် ဆိုလျှင်တော့ မတတ် နိုင်ဘူး ကွဲ့။"ဟု ဆိုလေ့ရှိသည်၊ မိမိကို နေရပ်ဒေသမှ ဆရာရင်းကိုယ်တိုင်၊ ဆရာတော်ဘုရားထံ လိုက်လံပို့အပ်ပေ၏၊ လာဘက်ရည်ဘုဉ်းပေးချိန် ရောက်သွားသဖြင့် ပေါ်ရွှေစွာပင် ကျွေးမွေးပြုစုတော်မူ၏၊ ထိုစဉ်က ဆရာတော်ကြီးကို ဖူးမြော် ဩဝါဒကို နာခံရ၍၊ မိမိသဘော အတိုင်း ရေးမှတ်သားခဲ့သည်ကား--

ထေရ်မဟာကြည်သာလှသော်
ကြောင့်၊ သည်တခါ သည်မှာတွေ့
ပါရ၊ သည်စာချနှင့်ဆိုလျှင်။ ။

ယှက်ပလီ( စက်သီ )မှန်းပါရ
ခက်ပစီလက်မှိ ပန်းပေမို့၊ လှမ်း
လွယ်လိမ့်ထင်။ ။

အတန်ပင်ဉာဏ်ငွင်မွေ့သော်
ကြောင့်၊ မြန်တခွင် စံတင်ထော့
ကိုဖြင့်၊ ဟန်ပြင်၍ကာလိန်ဆင်ချိန်
ဖင်ခဲ့ကြာလေခြင်း။ ။

အောင်စွမ်းဌါကို၊ ညောင်ရမ်း
သဒ္ဒါမိုရ်ရှိမို့၊ သာချိစွာရှင်တပည့်
တို့ကို၊ ဘာလိုတယ်အရှင်သိလေ
သို့၊ ညွှန်းဘိလက်ငင်း။ ။

ဟူ၍ဖြစ်သတည်း။

ဆရာတော်ကား ကြီးမားသောအလိုဆန္ဒ၊ မဆုတ်မနစ်သောဇွဲလုံ့လ၊ ကြံနိုင်သောစိတ်ဓါတ်၊ ထိုးထွင်းသက်ဝင်သော ဉာဏ်ပညာတို့ဖြင့် ကိုယ်လုံး ပွမ်းနေပေ၏၊ မည်သည့်ကိစ္စမျိုးမဆို ဆုတ်ဆုတ် နစ်နစ် အောက် ကျ နောက် ကျပြု လုပ် လေ့ မရှိ၊

အားလုံး ထက်ထက်သန်သန်ပင် အထက် တန်းကျကျသာပြုလုပ်ရိုးရှိ၏။

ယူဇနာ လေးထောင့်ရှစ်ရာ အရပ်မြင့်သော အသူရိန် နတ်ကြီး သည် ဘုရားထံ အဖူးအမြော်သွားလိုလှသော်လည်း၊ မိမိ၏ မြင့်မား လှသော လုံးရပ် ကြောင့် "ဘုရား သခင်သည် ငါ့ကိုမော့ကြည့်နေရပေလိမ့်မည်" ဟု ကြံအောက်မေ့၍ မသွားရောက်ဖြစ်၊ မြတ်စွာဘုရား၏အဇ္ဈာသယအပ္ပမယျ ဂုဏ်တော်ကျေးဇူးတော်တို့ကို ကြားနာရပန်များ၍ တနေ့သ၌ သွားရောက်ဖူးမြော်ရာ၊ ဘုရား သခင်သည် ဂန္ဓကုဋိတိုက်တော်တွင် ညောင်စောင်းထက်၌လျောင်းစက်တော်မူနေ၏၊ ထို လျောင်း နေ သော ဘုရားရှင်ကို အသူရိန် နတ် ကြီး သည် ဝင်ရောက်ဖူးမြော်သောအခါ မော်၍ဖူးမြော်ရသောဟူ၏၊ ဤတွင်မှ အသူရိန်နတ်ကြီး သည် မိမိတွေးထင်ချက်သည် ဘဝင်နှင့် အဝိစိမျှကွာခြားလှသည်၏အဖြစ်ကို မျက်ဝါးထင်ထင်တွေ့မြင်ရ၍အကျိုးအကြောင်း ဝန်ချ၍ လျှောက် ထားရာ၊ ရှင်တော်မြတ်ဘုရားက "ဘဝများစွာ သံသရာ၌ ပတ်လုံး ဖြည့်ဆည်းပူး တော်မူခဲ့သော ပါရမီတော်တို့သည်၊ သူ့မျက်နှာကို မော်ကြည့်ဘို့ ဖြည့်ဆည်းဘူးခဲ့သည်မဟုတ်ကြောင်း' အမိန့်ရှိတော်မူသကဲ့သို့၊ ဆရာတော်ပြုလုပ်သမျှသော ကုသိုလ်ကောင်းမှုတို့သည် လည်း ဤကဲ့သို့ပင် ဘုရားသားတော်ပီပီ၊ ဘုရားဘျှင့်ထုံး၊ နှလုံးမြဲချပ်၊ စွဲမှတ်တော်မူရာသည်၊ ထို့ကြောင့် သူမတူတန်၊ ကဲလွန်သော စိတ်ဆန္ဒ တော်ရှိခြင်း ဖြစ်တန်၏။

·

အသျှ ဒါန ပေး ကမ်း စွန့်ချမှု၊ တသည့် တပန်းတို့အား ခွဲခြမ်းဝေဘန်မှုလည်းများလှ၏၊ ရရသမျှသောပစ္စည်းလာဘ်လာဘ ဟူ သမျှကို ဝါဆို လ ပြည့် နေ့ တွင် မိုးကောင်းတိုက် ဝါဆိုသံဃာတော်အားလုံးကို "စာရေးတံမဲချ၍" ၍ နှစ်စဉ်မပြတ် လှူဒါန်း၏၊ တပည့်တပန်းများ၊ ပေးသင့်ပေးထိုက် သော ပုဂ္ဂိုလ် များ ကို လည်း မလစ်လပ်စေရ၊ သကျသီဟဆုနှင်းသဘင်တွင် လည်း အဘိုးများစွာထိုက်တန်သော သိမ်းစုံပဒေသာဖြင့် တနှစ်ခြား ၂-နှစ်ခြားဆိုသလို ဓမ္မပူဇာပြုတော်မူသည်၊ လှူဒါန်း ပေးကမ်း သမျှကိုလည်း ဆပ်ပြာ တခဲ ဖယောင်း တထုပ်မှအစ၊ ဘာဝီတဗ္ဗဗဟု- လီကာ တဗ္ဗ အာ သေ ၀ န ပစ္စည်း တပ်၍ ကုသိုလ် ပွါးများ နိုင်ရန် နေ့စွဲ ရက်စွဲနှင့် တကွစာရင်းအင်းချ၍မှတ်သားထားတော်မူ၏၊ ဤ၌ အလှူတော် စာရင်းကို ဖေါ်ပြသင့်သော်လည်း အချိန်နှင့်လုပ်ခွန်ကိုငဲ့၍ ချန်လှပ်ခဲ့ရပေသည်။

## အိပ်မက်ဆန်းများမြင်မက်တတ်ပုံ

"ပုထုဇ္ဇန်သောသူတို့သည်၊ ရှေးမှာခံစားခဲ့ဘူးသော အာရုံ...ဘေတ်ချောက်ချားနှင့်၊ နတ်များ ဆောင်ပြ ပုဗ္ဗနိမိတ်၊ ၄ ပါး ဟိတ်ကြောင့်၊ အိပ်မက်

မြင်ကြသည် သာ တည်း’’ဟူသည်နှင့်အညီ အကြောင်း ၄ ပါးတွင် တ ပါး ပါး ကြောင့် အိပ်မက်မြင်တတ်ကြောင်း ကျမ်းဂန်တို့၌ လာရှိရာ ဆရာတော်၏ အိပ်မက်တို့ကား ထူးဆန်းလှပေသည်၊

၁၂၉၀ ပြည့် နှစ်ဝါခေါင် လဆန်း (၁)ရက်ည(၂)ချက်တီးကျော်အချိန် ရေလည်ကောင် ကျောက်တောင်ကြီးပေါ်၌ ထီးဖြူတော် အုပ်မိုးလျက်။ မြတ်စွာဘုရားသခင်သိတင်းသုံးတော်မူရာ။ ဆရာတော်သည် သွားရောက် ဖူးမြော်သဖြင့်၊ ဘုရားသခင်ကခါတ်တော်သုံးဆူ ချီးမြှင့်တော်မူလိုက်သည်။

၁၃၀၉-ခုနှစ် တပေါင်း လဆန်း(၇) ရက် နေ့တွင်လည်း (ဘုရားဖြစ်သည်)ဟု မြင်မက်တော်မူပြန်သည်။

၁၃၁၀-ခုနှစ် တပေါင်း တဆန်း(၆) ရက်သောကြာနေ့။ည (၃) နာရီခွဲ အချိန် (လ)ကိုရာဟုဖမ်းသည် ကို မြင်ရပြီးနောက် ချက်ခြင်းပင် လှတ်မင်ကာ(လ)၏အတွင်း ၌ဆရာတော်ကြီး၏ ရုပ်ပုံပေါ်သည် ဟူ၍ လူအများ အုတ်အုတ်ကျက်ကျက်ကြည့်ရှုဖူးမြော်ကြသည်၊ကိုယ်တိုင်ကြည့်ရှုသော အခါ၌လည်း။(ပုံချုံ့ထားသော ဓါတ်ပုံကြီး ကဲ့သို့)ကောင်းမွန်ထင်ရှားစွာမြင်ရသည်။ မြောက်ဘက်နံဘေးနားက ရဟန်းငယ်တ ပါးပုံမြင်သည်။ မည်သူဟူ၍ မသိ ဓါတ်ပုံ ဆရာမောင်သိန်းအောင်က“တပည့်တော် ချုံ့ထားသည်အတိုင်း လထဲမှာထင်သည်’’ ဟုလျှောက်ထားသည်ဟူ၍၊မြင်မက်သော ဟူသတတ်။

**ကျေးဇူးရှင်ဆရာတော်ကြီးကိုအမှီပြု၍၊ ကျောင်းကန်ဝိဟာရ၊ ဒါနစေ့မျိုး၊ ချမျိုးခဲ့ကြသော၊ ဒါယကာဒါယိကာ မများနှင့် အဆောက်အဦးများ။**

## (၁) ထိန်ပင်မဂ်လာကျောင်း

စကု တိုက်တွင် ဝမ်းရောဂါ ဖြစ်နေသောကြောင့်၊ ဥပဒ်အန္တရာယ် မကင်း၍၊ တိမ်းရှောင်သောသဘောဖြင့်၊မိုးကောင်းတိုက်သို့ ရွှေ့ပြောင်းလာခဲ့ရာ ဆွမ်းခံအိမ်မှ ဒါယကာကြီး တယောက်က လိုက်လံပို့သအပ်နှံမှုကြောင့် မည်သည့် စာသင်သားရဟန်းငယ်ရှင်ငယ်များကို ရှေးယခင်က လက်ခံတော် မမူခဲ့သော ထိန်ပင်ကျောင်း ဆရာတော်သည်၊ ရဟန်းငယ် “ရှင်ရေဝတ’’အားနေထိုင်ခွင့် ပြုသဖြင့်၊ တပည့်ကျင့်ဝတ်မယွင်းချွတ်စေဘဲ၊ ဆရာတော်များအားလည်း ဝတ်ကြီး ဝတ်ငယ်ပြုစု၊ မိမိလည်း လိုအပ်သော နေ့ညစာဝါများကို သင်ယူ၊ စာသင်သားများ အားလည်း စာပေကျမ်းဂန်များကို ပို့ချလျက်ထိုက်တန်စွာနေထိုင်ခဲ့လေသည်။

ရဟန်းငယ်၏အနေ အထိုင် စသည် ပြိုင်းသေ၀ပ်မှု၊ စာပေမြတ်နိုး ကြိုးစား သင်ပြပို့ချ ဆည်းပူးမှု စသည့် နှစ်သက် လေးစားဘွယ် အရည်အချင်းတို့ကြောင့် ထိန်ပင်ဆရာတော်သည် ရှင်ရေဝတအား လွန်စွာ ကြည်ဖြူလျက်၊ အရေး တယူ စောင့်ရှောက်ချီးမြှောက်ခဲ့လေသည်။

ထိန်ပင်ဆရာတော်"အရှင်ပဏ္ဍိဟ" သည် ဇာတိ နေရပ် ဖြစ်သော၊ စစ်ကိုင်း မြို့နယ် သာစည်ရွာသို့ပြန်ကြွတော်မူသော အခါ မူလရှိရင်းစွဲ ၁၆-ဝါ၊ သိက္ခာ ၂၀- ကျော်ရ၊ ဦးပဥ္စင်းကြီးများ ရှိပြား သော် လည်း၊ ထက္ခွနိုးကြား သနားသည်းခံ ဝေ ဘန်ကြည့်ရှုခြင်းဟု ဆိုအပ်သော နာယက ဂုဏ်နှင့်ပြည့်စုံ၍၊ ကျောင်းကန်၏အကျိုး၊ စာပေပို့ချသင်ယူခြင်းဟူသော သာသနာ ၏အကျိုးကို၊ အားကြိုးမာန်တက်၊ သည် ပိုး ရွက်ဆောင်လျက် ရှိနေသော၊ တပည့် "ရှင်ရေဝတ"အား ထိန်းပင် ကျောင်းကို စောင့်ရှောက် အုပ်ချုပ်ရန် လွှဲအပ်တော် မူခဲ့သည်။

"ဘုန်းနှင့် ပညာ ထက်ကြပ်ပါ" ဟူ သည်နှင့်အညီ "ရှင်ရေဝတ"၏ ဘုန်းကို၊ ခါဆုန်းချိန်သင့်၊ ပန်းနှယ်ပွင့်ဘို့ရန်၊ဆရာ တော် အရှင်ပဏ္ဍိတသည်၊ အခွင့်အလမ်း ဖွင့်ပေး သည်နှင့် တူဘိသည်၊ ထိုသည့် ဘုန်းပန်းရင့်ကဲ၊ ပွင့်ဆဲသို့ ချဉ်းကပ်ခဲ့ပြီ ဖြစ်သော ရက်စွဲကား ၁၂၅၇-ခု ကဆုန် လဆန်း ၅-ရက်နေ့ပင် ဖြစ်၏၊ ထိုသည့် ကျောင်း အုပ် ဆ ရာ တော် ဖြစ် ချိန် ၌၊ "ရှင်ရေဝတ"သည် သိက္ခာတော် ၂-ဝါ တွင်းမျှသာရှိသေး၏။

ကျောင်းကန် အုပ်ချုပ်လျက်, တပည်း တနန်း လူကြီး လုပ်ရသောကြောင့်၊ စိတ် ကြီးမဝင်၊ ဘဝင်မမြင့်၊ ကျင့်ရိုးကျင့်စဉ်၊ ပင်ကိုမူ အတိုင်းပင်၊ ကျောင်းကိစ္စ ကို လည်းမလစ်ဟင်းစေရ၊စာသင်မှုကိုလည်း အပျက် အကွက် မခံ၊ စာပေ ပို့ချမှုကို လည်း မပြတ်လပ် စေမူ၍၊ "မျက်နှာလွှဲ ခဲပစ်" မပြုလုပ်ခဲ့၊ မိမိအား အားကိုးယုံ ကြည်၍ လွှဲအပ် သည်ကို, အားကိုးသည် ထက် ယုံကြည်သည်ထက် ပိုလွန်၍ တာ ဝန် ကြေပြွန်အောင် ထမ်းဆောင်တော် မူလေသည်။

မိမိလည်း နေ့စာ နှစ်ဝါ၊ညစာ တဝါ အမြဲလိုက်၍၊စာသင်သားများအားလည်း နေ့စာတဝါ ညစာ တဝါ ပို့ချတော်မူ၏ ဥပုသ်နေ့များမှာပင်အနားမယူဘဲစာပေ ပို့ချတော်မူသည်။ ဥပုသ်နေ့ နံက်ပိုင်း၌၊ ပင့်လျှောက် ထားအပ်သော အိမ်တော်ရာ ဘုရား ဇရပ်များသို့ ကြွရောက် တရားချီး မြှောက်တော်မူ၍နေ့ပိုင်း၌ စာ ပို့ချသော ဟူ၏။

ဥပုသ်နေ့တွင်စာချဆရာတော်လေး ရှင်ရေဝတသည်ဆန်းစာဝါချ ပို့နေသော အခါ မင်္ဂလာဈေး ထိန်ပင်ကျောင်းဒကာ

ကျောင်းအမကြီးများ၏သမီးများ သည် "နို့ အမိအဘများ ဆောက်ထားသောကျောင်း ရှိသည့် မြောက်ဖြစ်သည်မှာလည်းကြာပြီ ဥပုသ်စောင့်ရင်းသွားကြဦးစို့"ဟုညီအစ်မ တတွေတိုင်ပင်ပြီး ကျောင်းသို့ သွားကြ၍၊ ရောက်ရှိသောအခါ၊စာပေပိုချလျက်တင့် တင့် တယ်တယ် သပ္ပါယ်သော အဆင်း တော်နှင့် ရဟန်းသိက္ခာ ပြည့်စုံစွာသော စာချဆရာတော်ကလေးကိုဖူးတွေ့ကြရ၍ လွန်စွာဝမ်းမြောက် ကြည်ညို မိသောဟူ သတတ်၊ ဆရာတော်လေးနှင့်၊ အမည်နာမ နေရပ်ဇာတိလုပ်ခန်းဆောင်တာ၊ နေရေး ထိုင်ရေးစသဖြင့်၊ အကျိုးသင့် အကြောင်း သင့် အတန် ကြာ မေးမြန်း ပြောဆိုကြပြီး နောက်၊ ကျောင်း နှင့် စပ်လျဉ်း၍၊ စကား ဆိုက်ရောက်သွားကြလေသည်။

"ကျောင်း ဘုန်းကြီးက, ဘယ်ကြွ သွားသလဲ,ဦးပဉ္စင်း"

"အရပ် ပြန်သွားပါတယ် ဒကာ မကြီး"

"ဒါဖြင့်ဘုန်းကြီးကပြန်မလာတော့ ဘူးလား"

"ပြန်သွားတာတော့ အတော်ကြာ ပြီ၊ လာမယ် မလာမယ်တော့ သ သေချာချာ မပြောနိုင်ဘူး-ဒကာမ ကြီး ဒါပေမင့်ပြန်လာမှာကများ ပါတယ်"

"ဒီလို ဆိုတော့ ကျောင်းကို ဦး ပဉ္စင်း လေး အပိုင်း ပေး သွားသ လား"

'အပိုင်တော့မဟုတ်သေးဘူးဒကာ မကြီး၊ စောင့် ရှောက်ဖို့ လွှဲအပ်ခဲ့ တာဘဲ"

"ဒီလိုဆိုရင် ဦးပဉ္စင်းလေးအပိုင် ရအောင်တောင်း,တပည့် တော်မ တို့ကပြင်ပေးမယ်"

"ကောင်းပါပြီ၊ ဒကာမကြီး"

ထိုစဉ်က ထိန်ပင်ကျောင်း သည် ၄-ဆောင် ကျောင်း မကြီး ပင် ဖြစ် သော် လည်း၊ အပြုအပြင် မရှိ သ ဖြင့်အတန်ချို့ ယွင်းပျက်စီးနေ၏၊ ထိုသို့မိမိတို့ မိဘများ ဆောက်လုပ်ခဲ့သော ကျောင်းအိုကြီးပေါ် တွင်သည်း ခံသီတင်း သုံးလျက်၊ အရွယ် တော်နှင့်မလိုက်အောင်ရဟန်းသိက္ခာနှင့် လည်းပြည့်စုံ၊ပသာဒနီယဂုဏ် ကလည်း ရှိ၊ ပရိယတ္တိ အခြေ က လည်း စာချ,အ ကြောင်းကြောင်းညီညွတ် လှသဖြင့်၊ တွေ့ လျှင်ညွတ်ရှိုင်း သဒ္ဒါလှိုင်း၍,ငံ့ဆိုင်းမနေ ကျောင်းပြင်ရန် လျှောက်ထားကြခြင်းဖြစ် ချေသတည်း။

ဒကာမကြီးများ၏ လျှောက်ထားချက် အတိုင်း၊ ထိန်ပင်ဆရာတော် အရှင်မြတ် သီတင်းသုံးရာသာစည်ရွာသို့ကြွ၍၊အကျိုး အကြောင်းပေါ်မြွက်၊ ထိန်ဖုံးခြင်း မရှိ, ဟုတ်မှန်သည့် အတိုင်း လျှောက်ထားရာ၊ မလွတ်နိုင်ရှာ, မခွါနိုင်ရာ၊စုံမက်နှမြော၊

မက်မောမရှိ “ဇှင်ဇရဝတ”အား အပြီး အပိုင်တိတိပြတ်ပြတ်၊ မပြကစ်ဘဲလှူအပ် တော်မူလိုက်ချေသည်။

ထိုသို့ ကျောင်းကို မိမိအား အပိုင်ပေး လှူလိုက်ကြောင်း ဒကာမကြီး များအား ပြောပြ သဖြင့်၊ ဒကာမကြီး များက ကျောင်းအိုကြီးကို အသစ်မွမ်းမံ ပြင်ဆင် လှူဒါန်းကြ လေသည်၊ မူလ အမည်ရင်း ထိန်ပင်တွင်, မင်္ဂလာဈေး ကျောင်းအမ ကြီးက ဆောက်သောကြောင့်၊ မင်္ဂလာ ထပ်ပေါင်း၍ “ထိန်ပင်မင်္ဂလာကျောင်း” ဟု ကမ္ပည်း ပေါ်ညွှန်း၍, မော်ကွန်းသစ် ထိုးတော် မူသည်၊ မင်္ဂလာ ဈေးအရပ် ဒကာမကြီးများက ဆောက်လုပ်လှူဒါန်း သောကြောင့် “မင်္ဂလာ ဈေးကျောင်း” ဟုလည်း ခေါ်ဝေါ်ကြ၏။

၁၂၇၂-ခုနှစ် မန္တလေးမြို့, ကိုးတာမိုး ကြီး သင့်လော င်ရာတွင်၊ ၎င်းကျောင်းပါ သွား၍ မင်္ဂလာ ဈေး ကျောင်း အ မ ကြီး “ဒေါ်မမလေး”၏သားဦးကိုကိုကြီး၊ ဇနီး ဒေါ်စုတို့က ယခင် ကျောင်းထက် ကြီး ကျယ်စွာ ဒုတိယအကြိမ် ဆောက်လုပ်လှူ ဒါန်းကြလေသည်။

## (၂) ပွဲစားကျောင်း

မီးသင့်လောင်ရာတွင်၊ထိန်ပင်မင်္ဂလာ ကျောင်းပါသွား၍၊ ပိဋကတ်စာအုပ်များ၊ မှတ်စု မှတ်ရာ စာ အုပ် စာ တန်း များ ကျောင်းပစ္စည်းများ အကြွင်းအကျန် မရှိ လောက်အောင်ပင် ပျက်စီး ပြုံးတီးခြင်း သို့ရောက်ခဲ့၏၊ ထိုမီးလောင်ချိန်တွင် ဘေး မဲ့ ဆရာတော် စသော ဆရာတော်ကြီး များ၏ ခေါ်ဆောင်ချက်ကြောင့် ပုသိမ်မြို့ သို့ လိုက်ပါသွားရသဖြင့် မန္တလေးတွင် မရှိချေ၊ ပြန်ရောက်လာသောအခါ အခြား ပစ္စည်းအားလုံး ဆုံးရှုံး ခံရသော်လည်း၊ ဆရာတော်မှာ ကြေကွဲ ဝမ်းနည်းမှု မရှိလှ၊ ပိဋကတ်စာအုပ်များနှင့် မှတ်စုမှတ်ရာစာ ရွက်စာတန်းများ မီးစာကျွေးလိုက်ရသည် ကိုနှမြောမဆုံး ဖြစ်တော်မူခဲ့ရသည်။

ယခု သိတင်းသုံး နေတော်မူရာ အုဉ် ကျောင်းဒကာကြီးများဖြစ်သော မန္တလေး မြို့၊ သိရိမာလာဆိုင်းတန်းရပ် ပွဲစားကြီး ဦးသက် ပွဲကာတော်ကြီး ဒေါ်ဒေါ်သန့်တို့ က၊ ကျောင်းမီးထဲပါသွားသည်ကို ကြား သိ တွေ့မြင် ရ၍၊ ဆရာတော် လေးအား၊ အားပေးစကား ပြောကြား လျှောက်ထား လျက်၊ “မဆိုင်း မတွ၊ အ ခါ ကောင်း ရ ပေစွ”ဟု အားရဝမ်းသာ ကျောင်းသစ် တဆောင် ဆောက်လုပ် လှူဒါန်းကြသည်၊ ပွဲစားကြီးက ဆောက်လှူ သောကြောင့် “ပွဲစားကျောင်း” ဟူ၍ပင် တွင်သည်၊ ထိုအချိန်မှစ၍ ဆရာတော်အား “ညွှမ်း တော်ဝတ်” အမြဲ တည်၍ ဆွမ်းကွမ်း အတွက် ကြောင့်ကြမှုကင်း ငြိမ်းစေ ခဲ့ကြ ပေသတည်း။

## (၃) ဗိုလ်ကျောင်းကလေး

မန္တလေးမြို့၊ ဒေါင်းရိုးရပ် မိခင်ကြီး ခေါ်ချစ်အပ္ပုးရှိသော ကျောင်းဒကာကြီး "ဦးမျှား" ကျောင်းအမကြီး "ဒေါ်နွေ" တို့က သေးသေးနှင့် သပ်သပ် ယပ်ယပ် ခမ်းနားစွာ မှန်ပြုတင်းများတပ်ဆင်လျက် ကျောင်းအသစ် တဆောင် ဆောက်လုပ် လှူဒါန်းကြသည်။

(ထောင့်ရွှေသမား-နှီးသမားတို့၏ နေထိုင်ရာ ရပ်ဝန်းဖြစ်သောကြောင့် ဒေါင်းငွေရပ်၊ ယခုမှဒေါင်းရိုးရပ်ခေါ်သောဟူ၏ မြန်မာဒီသုကာ မြန်မာ့လက်ရာတို့ဖြင့် ထယ်ဝါပြောင်မြောက်သော ကျောင်းငယ်ကို ထိပ်တန်းကျသော ကျောင်းငယ်ဟု အနုပညာသညာကို ပေါ်လွင်စေလျက်၊ ဗိုလ်ကျောင်းကလေးဟု ကင်ပွန်း ထိုးတော်မူသည်။

ဗြိတိသျှတို့ အုပ်စိုးနေစဉ် ၎င်းတို့ကို သခင်ကြီးသခင်လေး၊ ဗိုလ်ကြီးဗိုလ်လေး စသည်ဖြင့် ရင့်သီးစွာခေါ် ဆိုဆက်ဆံနေရသည်ကို၊ ဆရာတော်သည် ကြားပြင် မြင်ပြင်းကပ်တော်မူတန်ရာသည်။

နိုင်ငံချစ်တိုင်းရင်းသား ဗုဒ္ဓဗမာလူငယ်တစုတို့သည်၊ ဗုဒ္ဓဗမာသခင်အစည်းအရုံးကြီးတည်ထောင်ကာ၊ သခင်နာမည်ကို ပြန်လည်ယူဆောင်လျက် နိုင်ငံအကျိုးကို သည်ပိုးဆောင်ရွက်ကြသကဲ့သို့ ဗိုလ် ဟူသောနာမည်ကိုပြန်လည်ဆောင်ယူလျက်၊ နိုင်ငံ့ကျိုး သာသနာ့ကျိုးကို သည်ပိုးရွက်ဆောင်တော်မူခြင်း ပင်ဖြစ်လေရာသလောဟုတွေးထင်ဘွယ်ရှိသတည်း။

## (၄) မအူပင်ကျောင်း

မအူပင်မြို့ ကျောင်းဒကာကြီး 'ဦးလုံး' ကျောင်းအမကြီး 'ဒေါ်မင်းဇု' သားသမီးတစုတို့က ကျောင်းသစ်တဆောင် ဆောက်လုပ် လှူဒါန်းကြသည်၊ မအူပင်မှ ဒကာ ဒကာမများက ဆောက်လုပ် လှူဒါန်းသောကြောင့် "မအူပင်ကျောင်း" ဟူ၍တွင်သည်။

မအူပင်မြို့မှ ဒကာဒကာမများ မန္တလေးသို့ဘုရားဖူးလာရောက်ကြရာ၊ မိမိတို့သည် ကျောင်းဆောက်လုပ်လှူဒါန်းလိုကြောင်း (ပရိယတ္တိသာသနဟိတ အသင်းကြီး)မှ လူကြီးများနှင့်စကားစပ်မိကြသဖြင့် "ဤကဲ့သို့ဖြစ်လျှင် မိမိတို့ဆရာတော်လေးစာပေပို့ချနေရာ၊ နေရာထိုင်ခင်း မလုံလောက်သောကြောင့်, ၎င်း ဆရာတော်လေးအား ဆောက်လုပ်လှူဒါန်းမည်ဆိုလျှင်ပို၍ကျေးဇူးများမည်ဖြစ်ကြောင်း" အသင်းလူကြီးတို့ကတိုက်တွန်းညွှန်ပြသောကြောင့်၊ ၎င်းကျောင်း ဖြစ်ပေါ်လာရပေသည်။

## (၅)ဝါးတန်းအုပ်ကျောင်း။

မန္တလေးမြို့ ဝါးတန်းရပ်၊ အမိ ဒေါ်မြုင်အမှူးထား၍သမီးဒေါ်ခ-ဒေါ်လှ ဒေါ်ရှိတို့ကတိုက်ကျောင်းသစ်တဆောင် ဆောက်လုပ်လှူဒါန်းကြသည်။ ဝါးတန်း မှ ဆောက် လုပ် လှူ ဒါန်း သော ကြောင့် 'ဝါးတန်း အုပ်ကျောင်း'ဟူ၍ကင်ပွန်းတပ် တော်မူသည်။

## (၆)ထိန်ပင်ပိဋကတ်တိုက်ကျောင်း

စဥ့်ကိုင်မြို့-သူကြီး ဦးပိ,သူကြီး ကတော်ဒေါ်ပြုံ သားသမီးများက တိုက် ကျောင်း သစ် တ ဆောင် ဆောက် လုပ် လှူဒါန်းကြသည်။

စဥ့်ကိုင်သူကြီး-ကြီးများသည်၊သာသန ဒါယကာ့ သာသနအမွေ ခံယူချင် လွန်း ၍၊ စိတ် မပျက် လက်မပျက် ရဟန်း သုံးလေး ပါးဆက်ခံရာ၊''တပါးခံလူထွက်၊ တပါးခံ ပြန် လူမထွက်သော်လည်း စာမသင်ချင် ငပေ မသင်ချင် ပေါ့ပေါ့ တန်တန်နေ''စ သည်ဖြင့် ရဟန်းကျိုး မပေးသောကြောင့် သာသနာတော်အား ကျေးဇူး များသော ရဟန်းတပါးကို ကိုး ကွ ယ် ပြု စု ရ န်ရည် ရွယ် လျက်၊ မန္တလေးမြို့သို့ ပရိက္ခရာ အသုံးအဆောင်အခြမ်းထွက်လာခဲ့ကြပေ၏။

အနောက်ပေါက်အိမ်တော်ရာဘုရားဈေး ဒေါ်ဖေါင်၏ ပရိက္ခရာဆိုင် တွင်ပရိက္ခရာ ဝယ်ရင်း'မိမိတို့ယခုလာရောက်ဝယ်ခြမ်း ရသည့်မှာ ရှေးက ရဟန်းသုံးလေးပါးကို ကွယ် ပြုစုခဲ့သော်လည်း ရည်ရွယ်ရင်းမ ပြည့်စုံသဖြင့် ရဟန်း တပါး ထပ်မံ ကိုး ကွယ်တို့ဖြစ်ကြောင်းအရည်အချင်းပြည့်စုံ ၍သာသနာအားကျေးဇူးများသောရဟန်း လောင်း များ ရပါက လိုချင်ကြောင်း' စသည်ဖြင့် ဒေါ်ဖေါင်အား ပြောကြားရာ ''သည်လိုဆိုလျှင် မိမိတို့ ကိုးကွယ်သော ဆရာတော်လေးတပါးရှိကြောင်း၊ ဆရာ တော်လေးမှာ စာပေပို့ချနေသဖြင့်ဝေးနီး ရပ်ရွာမြို့နယ်များမှပညာလာရောက်ဆည်း ပူးသင်ကြား ကြသော တပည့်တပန်းများ စွာ ရှိ သော ကြောင့် ရဟန်းလောင်း,ရ ကောင်း ရနိုင် လိမ့်မည် ဖြစ် ကြောင်း'' ညွှန်ပြသောကြောင့် ဆရာတော်ထံသွား၍ လျှောက်ထားရာ မိမိတို့ လိုလားသောအ ရည်အချင်းနှင့်ပြည့်စုံသည့်ရဟန်းလောင်း ကိုရသဖြင့် စမ်းမြောက်ဝမ်းသာ ရဟန်း ဒါယကာပြု၍ ချီးမြှောက် ကိုးကွယ်ကြ သည်။

( သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ )ဟူသော ပါဠိအတိုင်း ဒါန ခပ်သိမ်းတို့ထက် လွန် မြတ်သော ဓမ္မဒါနကိုပြုလုပ်လို၍၊ ဆရာ တော်အလိုရှိသော ပိဋကတ်တော်ကျမ်း စာအုပ် များကို စာရင်း ပေးတော် မူရန် လျှောက်ထားပြန်သဖြင့်''ပိဋကတ် ကျမ်း စာအုပ်''မြောက်များစွာ ပူဇော်လှူဒါန်းခံ ရပြန်သည်၊ယခု မိမိတို့လက်ထက် ဆရာ

တော်ကြီး၏ ကျောင်း တိုက်ရှိ ကျမ်းစာအုပ် များသည်စဥ့်ကိုင် သူကြီး- ကြီး၏ ကောင်းမှုချည်းသာများစွာတွေ့ရလေသည်၊

ဒကာကြီးများသည် ရဟန်းဒါယကာ ပြုလုပ်လို၍ ဈေးကလည်း ရဟန်း-၃-၄- ပါးခံဘူးသည်ရည်ရွယ်ရင်းနှင့် မကိုက်ညီခဲ့၊ ယခုလျှော်ကန်ပြည့်စုံသော ရဟန်းတပါးရပြန်ပါလည်း ကိုးကွယ် ဆည်းကပ်၍(၃)ဝါမြောက်တွင် မကျန်းမာ၍ ဓာတ်ဆိမ်းတော်မူခဲ့ပြန်သည်။

သို့ဖြင့်ဒါကာကြီးများသည် ရဟန်းဒါယကာဘက်၌အားသျှော့၍ ကျောင်းကန်ဘက်သို့ လှည့်လာကာ ဆရာတော် အားတိုက်ကျောင်းသစ်,ဆောက်လုပ်လှူဒါန်းလေသည်၊မူလရင်း ထိန်ပင်အမည်ကိုအမွန်ပြု၍၊ ပိဋကတ် ဒါယကာကြီးများ ဖြစ်သည်လျှော်စွာ၊ ပိဋကတ်ဟူသောအမည်နှင့် ပေါင်းကာ''ထိန်ပင် ပိဋကတ် တိုက်ကျောင်း''ဟု ကမ္ပည်း ထိုးတော်မူသည်။

၎င်းကျောင်းလှူပြီး နောက်စဥ့်ကိုင်မြို့၌မိမိတို့ ကိုးကွယ် သော ကျောင်း တိုက်တွင်ပေစာထုပ်ပေါင်း၊မြောက်များစွာကိုလည်း ''တော၌ သံဃာ နည်း ပါး သဖြင့် ကြည့်ရှုမည့် ပုဂ္ဂိုလ်လည်းရှား သည်၊ချို့သင်ကြားမည့် ပုဂ္ဂိုလ်လည်းပါးသည် ဤမှာပို့ထားက ကျေးဇူးများမည်'ဟုကြံပြီးလျှင် ဆရာတော်လေးထံသို့ ပင့်ပို့ရောက်လှူဒါန်းပြန်သည်။

ယခုဆရာတော်ကျောင်းတိုက်၌ဆရာတော်ဘုရား သုံးသပ်တော် မူသော ပေထုပ်များသည်,၎င်းစဥ့်ကိုင် သူကြီးမင်း၏ကောင်းမှုများပင်ဖြစ်သတည်း။

## (၇) ညောင်ရမ်းကျောင်း

စဥ့်ကိုင်မြို့ထိန်ပင်ပိဋကတ် ကျောင်း ဒါယကာကြီး များနှင့် တူဝရီး တော်စပ်သော ကျောင်းဒကာကြီးဦးမှန်း၊ကျောင်း အမကြီး ဒေါ်တင် သားသမီးတစုတို့က၊ ကျောင်းသစ် တဆောင် ဆောက်လုပ်လှူဒါန်းသည်၊ ဆရာတော်၏ဓာတ်ချက်ကြွေအရပ် ဒေသကို ပေါ်လွင် စေလျက် ''ညောင်ရမ်း ကျောင်းကြီး''ဟု သမုတ်တော်မူသည်။

ထိန်ပင် ပိဋကတ် ကျောင်းဒကာကြီး၊ ညောင်ရမ်းကျောင်းဒကာကြီး၊ တိုက်အုပ်ဆရာတော် ဦးလက္ခဏ၏ ရဟန်း ဒါယကာကြီးများသည်၊ တူဝရီး တော်စပ်ကြသည်၊ ၎င်းသားချင်း တို့က၊ မိုးရွာလျှင် သံဃာတော်များ မပင်ပန်းရအောင် ဆွမ်းစရိပ်အမြဲလှူဒါန်းကြလေသည်။

## (၈) မိဿလာကျောင်း

၎င်းကျောင်း ဘုန်းကြီးသည်၊ အရည ဝါသိ တောရပ်မှီ၍ ပဋိပတ် အလုပ်ကို ကျင့်ကြံ အားထုတ်တော် မူရန် ဆုံးဖြတ်

ချက်ချတော်မူ၍၊ "အာဝါသ ပလိဗောဓ, စသည်လည်း လွတ်ငြိမ်းအောင်၊ ဆရာတော့်ကျောင်းမှာသံဃာများ၍၊ စာချစာသင် သံဃာတော်များလည်း ချမ်းသာစွာ သီတင်းသုံးရအောင် မိမိအား ချီးမြှောက်သော အားဖြင့် ကျောင်းအလှူ ခံပါရန်" လျှောက်ထားလျှက် ဆရာတော်အားအပြီးအပိုင် လွှဲအပ် လှူဒါန်းတော် မူခဲ့သည်၊ မူလ အမည်ရင်း အတိုင်း "မိတ္တိလာကျောင်း"ဟုတွင်၏။

## (၉) သုဝဏ္ဏဝတီ အုဋ်ကျောင်းတော်ကြီး

ပွဲစား ကျောင်း ဒကာ၊ ပွဲစားကြီး ဦးသက်၊ ပွဲကတော်ကြီး ဒေါ်ဒေါ်သန့်တို့က ငွေကြေးအမြောက်အများ အကုန်အကျခံကာ၊ အတွင်းဟင်းသပြဒါးသုပ် မှန်စီငွေချ အုဋ်ကျောင်း ကြီးကို ဆောက်လုပ်လှူဒါန်းသည်။

၁၂၇၁-ပြည့်နှစ်လောက်က ကျောင်းအုတ်မြစ်ချ၍၊ ၁၂၇၉-ခုနှစ်တွင် မဟာရာမ်ဘ္ဗကုဒိုရေတွင်းများနှင့် တကွ အားလုံးဆောက်လုပ်ပြီးသည်။

မန္တလေးမြို့ ရောက်ခါစ, ဆရာတော်သည် ဤကျောင်းဒကာကြီးများအိမ်တွင် ဆွမ်းခံ ရောက်၍ ဆရာတော်၏ အနေအထိုင် အပြော အဆို အရည် အချင်းစသည်တို့ကိုသိ၍၊ လွန်စွာကြည်ညိုသောဟူသည်။

သို့ကြည်ညိုသည့် အတိုင်း ၁၂၇၂-ခုနှစ် ထိန်ပင်မင်္ဂလာကျောင်း မီးသင့်ပျက်စီးသော အခါ၊ ပွဲစားကျောင်း ဆောက်လုပ်လှူဒါန်း၍ ကျောင်း၏စားသောက်မှုတာဝန်တို့ကို ကြောင့်ကြခံစေလျက် ဝတ်ပြုတော်မူ၏။

၁၂၇၇-ခုနှစ်တွင်သား"မောင်ကို"ကို ရှင်ပြုရန် ငွေ ၅၀၀၀-သတ်မှတ် ထားသည်ကို "အကျွေး အမွေး ပကာသနတို့ဖြင့် သားကြီး သမီးကြီးများ ရှင်ပြုနားသစဉ်က, ကြီးကျယ်ခန်းနားစွာပြုလုပ်ခဲ့ရပြီ၊ ယခု ဤငွေကို ယင်းကဲ့သို့ မဖြစ်စေမူ၍၊ အကျိုးရှိအောင် အသုံးပြုတော့အံ့"ဟုကြံရွယ် ပြီး လျှင် မိမိ တို့ ကျောင်း မှ ဖြစ်သော ပွဲစားကျောင်းမှာပင် "သားမောင်ကို"ကိုရှင်ပြု၍ ငွေ ၅၀၀၀-ကိုမ,တည်ကာ သုဝဏ္ဏဝတီ အုဋ်ကျောင်းကို တည်ဆောက်ခဲ့ လေသည်၊ ဤကျောင်းကြီး ဆောက်လုပ်ခြင်း အတွက် ဇာမိ၍ ငွေပင် ငွေရင်းယုတ်လျော့ခြင်း မရှိဟူ၏၊ ငွေငါးထောင်ကို မ,တည်သော်လည်း စီးပွားရေး အခွင့်အလမ်းသာ၍ ငွေပင် ငွေရင်း တိုးတက် ထွန်းကားသဖြင့် စေတနာပွားကာ အားတက် သရော မွန်မံ ဖန်တည်း ခဲ့ရာ ကျောင်းကြီး ရေစက် သွန်းပြီးသောအခါ "ရှစ်သောင်း" ကျော် စာရင်း ရသော ဟူ၏၊ ဤကျောင်းကြီးပြီးသောအခါ ၎င်းတို့ ဇာမိသုံး ကားမှတပါး ဆရာတော့် အတွက် သီးသန့် ပရိုက်ဗိတ် ကားတစီး

လှူထားသည်၊ ဆရာတော် အလို ရှိက အသုံးမရွေးသုံးနိုင်ရန်ဖြစ်၏။

ထိုသုဝဏ္ဏပတိကျောင်းကြီးကိုပင်၍ ဘက် ခေတ်၌“ညောင်ရမ်း ဆရာ တော် ကျောင်း”ဟု ကမ္ဘည်းသစ်တပ်ခါတနိုင်ငံ လုံးသုံးနှုံးခေါ်ဝေါ်ကြကုန်၏။

### {၁၀} သုဏ္ဏဝတီဆွမ်းစားကျောင်း

သုဝဏ္ဏဝတီအုပ်ရှင်ကျောင်းကြီး ဒါယကာ ပွဲစားကြီး ဦး သက် ပွဲ ကတော်ကြီး ဒေါ်ဒေါ်သန့် တို့ကပင် –၁၂၇၅-ခုနှစ်ဆရာတော် ခြေရင်းရောက်၍ ဆရာတော်၏ ဥပဏ္ဍာယ်ယူတပည့်ဖြစ်သော ယာခုတိုက်အုပ်ဆရာတော်ဦးလက္ခဏာကို‘ဦးပဥ္စင်းလဲ အရွယ်ကြီးပြီ,သံဃာတော်တွေလဲ ဆွမ်းစားကျောင်းသပ်သပ် အသုံးပြုရအောင်, ကိုယ်တော်လည်း သိတင်း သုံးရအောင် ကျောင်း တဆောင် ဆောက် ဦးမည်’ဟု လျှောက်ထား၍ ဆောက်လုပ်လှူဒါန်းကြပြန်သည်၊၎င်းကျောင်းကိုပင်၍ဘက်ခေတ်၌သုဏ္ဏဝတီ အုပ်ရှင်ကျောင်းဟု ကမ္ဘည်းသစ်တပ်တော်မူသည်။

၎င်းကား ဆရာတော်ကို အမှီပြု၍ သာသနာရေး၌ ပဏ္ဏယာနုဂ္ဂဟကုသိုလ်ထူးကို ဆည်းပူးအားထုတ်ခွင့်ရကြကုန်သော၊ ဖြိတိသျှအုပ်ချုပ်နှိုင်ငံ ကျောင်းကန် အဆောက် အဦးတို့ပေတည်း။

ထိုကျောင်းတို့တွင် ဒုတိယ ကမ္ဘာစစ်ဖြစ်သောအခါ-

(၁)တံနိုပင် ပိဋကတ်တိုက်ကျောင်း။
(၂)သုဝဏ္ဏဝတီအုပ်ရှင်ကျောင်းကြီး။
(၃)သုဝဏ္ဏ ဝတီ ဆွမ်းစာ ကျောင်း များမှတပါးအားလုံး မီးသင့်ပျက်စီးခံရသည်။

### စစ်ပြီးခေတ်ကျောင်းကန် အဆောက်အဦးများနှင့် ဒကာဒကာမများ။

### (၁)ဒီဃာယုကျောင်း ။

မန္တလေးမြို့ ဝါးတန်းရပ်၊ ပွဲစားကြီး ဦးဘိုးရင်၊ ပွဲကတော်ကြီး ဒေါ်ညွန့်တို့က ‘ဆရာတော်ကြီးမှာ အရွယ်တော်ညောင်းလာပြီ ဖြစ်သ ဖြင့်၊တိုက်ကြီးမှာအတက်အဆင်းပင်ပန်းခြင်း၊ တပည့်ငယ်များနှင့် တမိုးတရံတည်းနေရခြင်း စသော ကိုယ်စိတ်ဆင်းရဲပြုပြင်မှုများမှ ကင်းလွတ်၍၊ ကာယိကသုခ စေတသိကသုခနှင့်ပြည့်စုံစွာ၊ကိုယ်တော်ဘိုး,သိတင်းသုံးတော်မူနိုင်ရန်’ရည်သန်လျက် ငွေ ၃၀၀၀-ကျော် အကုန် အကျခံ ကာ ကျောင်းသစ်တဆောင် ဆောက်လုပ်လှူဒါန်း၏၊ ဆရာတော်ကြီး သိတင်းသုံးရာဖြစ်၍၊ တချက်ထည်း ဖြင့် နှစ် နက် ပြီး သော အဝုဏ္ဏ သိန္ဒွ

နည်း အားဖြင့် 'ဒိဃာယုကျောင်း'ဟု သမုတ်တော်မူသည်။

ၸင်းကျောင်းဒကာ ကျောင်းအမကြီး များက ပင် ယခင် မဒ္ဒရူပင်ကျောင်း ဒကာ ကျောင်းအမကြီးများက၊ ကြီးကြီး ကျယ်ကျယ် ဆောက်လုပ်လှူဒါန်းနိုင်ရန် အခွင့်မြစ်ချထားသော်လည်း သားသမီးများ လက်ထက် မဆောက်ဖြစ်နိုင် ဖင့်နွဲ ကြန့် ကြာမှုရှိလေသဖြင့်၊ ၸင်းမဒ္ဒရူပင် အခွင့်ခံနေ ရာတွင် ဆရာတော်ကြီးအမှူးထား က ၁ ဒေး ဝန်း တိုက် ကျောင်းဆရာတော် အား ရည်မှန်း၍ ၄၀၀၀၀-ကျော် ကုန် တိုက် ကျောင်းကြီး ဆောက်လုပ်ရန် ပနက်ချဆဲ ဖြစ်သည်။

## (၂)ဆွမ်းစားကျောင်းသစ်။

ယခင်ပွဲစားကျောင်းနေရာတွင် ညောင်ရမ်းမြို့ ကုန်သည်ကြီး ဒေါ်သိန်း ရင်တို့က လက်ခက်ကြွေးစုစုပေါ် ၅၀၀၀ ကျော် အကုန် အကျခံကာ ကျောင်းသစ် တဆောင်ဆောက်လုပ်လှူဒါန်းသည်။

ၸင်းကျောင်း အမကြီး ကပင် ဆရာ တော်ကြီး အတွက် နီးနီးနားနား လွယ် လွယ်ကူကူ သွားလာနိုင်ရန် ခေတ်မှီရေ ပိုက်တပ် ဝစ္စကုဋီ တိုက်တလုံးကိုလည်း လှူဒါန်းသည်။

## (၃)စာချတိုက်ကျောင်း။

မန္တလေးမြို့ ဝါးတန်းရပ်၊ သံတော် ဆင့်မင်းဦးဆုပန်၏သမီး ကျောင်းအမကြီး ဒေါ်တင်ဦးနှင့် တူ - မောင်အောင်ခင် တူမ-မတင်ညွန့်တို့က လက်ခက်ကြွေး ၂-သောင်းကျော်အကုန်အကျခံ၍၊ ဆရာ တော်ကြီး အား အမှူး ထားကာ တပည့် ကြီး "ဦးဇောတိက" အား တထပ်တိုက် ကျောင်း ဆောက် လုပ် လှူ ဒါန်း သည်။ ယခင် ညောင် ရမ်း ကျောင်း ကြီး နေ ရာ တည်း။

## (၄)ဒေးဝန်းတိုက်ကျောင်း။

မန္တလေးမြို့ ဗလဆန်စက်ပိုင် ဦးမြင့် ဒေါ်ရင်တို့၏တူမ ဒေါ်စောညွန့်တို့က ငွေ ၄-သောင်းကျော် အကုန် အကျခံကာ ဆရာတော်အား ဥဇုဘူတ ပြု၍၊ မောင် တော်တပည့်ကြီး "ဦးဇောတိက" အား တိုက် ကျောင်းသစ် ဆောက်လုပ်လှူဒါန်း သည်၊'ဒေးဝန်းကျောင်း တိုက်ကျောင်း'ဟု သမုတ် သည်၊ ယခင် ထိန်ပင် မင်္ဂလာ ကျောင်းကြီးနေရာဖြစ်သည်။

## (၅)သုဓမ္မဝတီ အခွင့်ကျောင်း။

မန္တလေးမြို့ အိမ်တော်ရာသက်န်းတန်း ရပ် ဓမ္မသာရ အခွင့်ကျောင်းအမကြီး အမေ ဂျမ်းကိုအမှူးပြု၍၊ ဦးကျော်-ဒေါ် အေး-

သမီး ဝင်းဝင်းတို့က ငွေ ၄-သောင်း ကျော်အကုန်အကျခံကာ၊ တိုက်ကျောင်း သစ်တဆောင် ဆောက်လှူသည်၊ သုမေဓ ဝတီကျောင်းဟုကမ္ပည်းသတော်မူသည်။

ဤကျောင်းတိုက်၌ကား ပြည်ထောင် စု သမ္မတ ခေတ်၌ အသစ်သဒ္ဒါ ရောက် ၍၊ဖြစ်ထွန်းပေါ်ပေါက်လာသောကျောင်း များဖြစ်သည်၊ ဤမှတပါး ရေတွင်း ရေ အိုး စမိုဆောင် ခေါင်းလောင်း ကြီး စသော အဆောက်အဦး ပရိဘောဂတို့ကို ဒကာ ဒကာမအသီးသီးတို့က လှူဒါန်းကြ သည်မှာများလှသတည်း။

## ကျေးဇူးရှင်ဆရာတော်ကြီး၏ အာစရိယဝံသ ဆရာစဉ် အနွယ်အဆက်ကိုပြခြင်း။

"အာသဿံ ဒွေတယော ပရိဝတ္တာ ဥဂ္ဂ ဟေတဗ္ဗာ" ဟူ၍အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုအပ်သည် နှင့်အညီအနည်းဆုံးဆရာ နှစ်ဆက် သုံးဆက်မပျက် ဝံသ,အာစရိယ ပရမ္ပရကို သိမှတ်ထိုက်ကြောင့်ရင်း။-

"တိဏိပိ ဝိနယ ဓရဿ လက္ခဏာနိ ဇာနိတဗ္ဗာနိ" ဟူသော ပါရာဇိ ကဏ် အဋ္ဌကထာနှင့်အညီ အာဂုံပါဠိ မိမိ ရရှိ ခြင်း၊ဝိနည်းသိက္ခာပုဒ်အကျင့်၌ တည်ခြင်း ဆရာအစဉ်အဆက်များ မှတ်သား မိခြင်း၊ ဟူသောဝိနည်းမိုရ်လက္ခဏာအင်္ဂါသုံးချက် တွင် တတိယ မြောက် ပါမောက် ဝိနယ, ဓရလက္ခဏာ,အဆက် ဆက်မှ လာသော ဆရာစဉ် အဆက်အနွယ်ကို သိမှတ် အပ် သောကြောင့်ရင်း၊

ဝိနည်းအရာဒေဂ်ရတော်မူသောပဋ္ဌမသံ ဂါယနာတင်,အရှင်ဥပါလိမှစ၍၊ ကျေးဇူး ရှင် ဆရာတော်ဘုရားကြီးတိုင်၊ ဝိသုဒ္ဓတ ရဖြစ်၍ စင်ကြယ်လှ စွာသော အာစရိယ ပရမ္ပရသိဿာနုသိဿ အဆက်အနွယ်တို့ ကို အကျဉ်းရုံး၍ ပေါ်ပြသင့်ပေသည်၊

သုံးလောကထွတ်ထား,သဗ္ဗညုရှင်တော် ဘုရားသည်၊ မဟာဗောဓိ ဓိသိရိ ဒုမရာ၊ ညောင်နန်းသာ၏၊ အပရာဇိတ ပလ္လင် မဉ္စ၊ ငါးမာရ်အောင်လစ်ဘုရားအဖြစ်သို့ရောက် တော်မူပြီး သည် မှစ၍ (၄၅) ဝါရှည်စွာ သောကာလပတ်လုံး၊ လူနယ်ဗြဟ္မာ,သတ္တ ဝါအများ သုံးတိုက်သားတို့ကို ကိုယ်တော် နှင့်ထပ်တူ၊နိဗ္ဗူတာသောင် နန်းသို့, တက် လှမ်းတော်မူစေလိုသော မဟာကရုဏာ ကြီးမားလှသော သမ္မာဆန္ဒတော်ဖြင့်ကိုယ် တော်၏ ပင်ပန်းမှု, စိတ်တော်၏ ပင်ပန်းမှု တို့ကို,အလေးဂရုမမူဘဲ၊မရပ်မနား ဟော ကြား ညွှန်ပြ,ဆုံးမတော် မူအပ်သောတ ရားတော်မြတ်သည်။....

တည်ကြည်ငြိမ်သက်၊ ရမက်မနှောင့်၊ တဖြောင့် ထည်းသော စိတ်ဝမ်းဖြင့်၊ ရွှင်လန်းကြည်ဆွ,ဘတ်ရှုရကြား နာရသည့်ရှိသော်၊ ပြင်းပြစွာလိုချင် တပ်မက်စွဲလမ်းခြင်း၊ မိမိအကျိုးစီးပွား သူတပါး အကျိုးစီးပွားကို ပျက်ပြားစေခြင်း၊ ကောင်းကြံဘောင်းကျင့် ကောင်းသောအခွင့်၌ ဆုတ်နစ်ဖင့်နွဲ့ခြင်း၊ ထို၌ရောက်ရက် စိတ်လက်ပြန့်ရှား၊ ယုံမှားတွေးတောခြင်း၊ စသောကုသိုလ်ဖြစ်ခွင့်ကို ပိတ်ပင် တားမြစ်တတ်သည့် နီဝရဏတရားတို့ကို ကွာစေ တတ်သောကြောင့် ဘတ်ရှုတ်ရကြားနာရ ခြင်းဖြင့်လည်း၊ ကောင်းကျိုး ကိုသာ ဆောင်တတ်သည် ဖြစ်၍အစ၏ကောင်းခြင်း 'အာဒိကလျာဏ' ဂုဏ်၊

နောက်ဆုံးမမှောင့်၊ မကြောင့်စိတ်လက် အားတတ်အင်ကြွ၊ ကျင့်ဆောင်ရသည့်ရှိသော်၊ ပူပန်နှိပ်စက်၊ ရမက်ကျင့်သွမ်း၊ မငြိစွန်းဘဲ၊ ငြိမ်းတည်ငြိမ်မှု သမထ ချမ်းသာမျိုးကိုရင်း။ အတ္တအစွဲ ခိုင်မြဲရစ်ဟုတ် ပါယ်မြစ်ဒုပ်ကို၊ ထစ်ချတ်ကုန်စင် ဖြေဖျင်ကိလိဋ္ဌ၊ မငြိပိတ်ဘဲ၊ ဝိသိဋ္ဌကြည်နူး၊ ရွှင်မြူးစိတ်ဝမ်း၊ ငြိမ်းသန့်,လက်မွန်ရှိသော ဝိပဿနာ ချမ်းသာမျိုး ကိုရင်း.... သေချာထက်ကြပ် ဆောင်တတ်သောကြောင့်,ဓမ္မာနုဓမ္မပဋိပတ် မြတ်သော အကျင့်ဖြင့်လည်း၊ ကောင်းသည်သာဖြစ်၍ အလယ်၏ကောင်းခြင်း 'မဇ္ဈေကလျာဏ' ဂုဏ်။

ထိုသို့ ညွှန်ပြ၊ နည်းလမ်းကျအောင်။ တက်ကြွစိတ်ဝမ်း,နောက်ဆုံးခြမ်းမျှသန်း ပူနှောင့်,မမှောင့်ကြိုးကုတ် အားထုတ်အပ်သည့် ဖြစ်၍ သမထ ဝိပဿနာ နှစ်ဖြာဖြောင့်တန်း 'ကိုယ့်ကျင့်လမ်းအတိုင်း၊ ဆုပ်ဖမ်းပိုင်စိုး ရအပ်သော အကျိုး၏, မြတ်နိုးဖိုလ်မဂ်နိဗ္ဗာန်တိုင်ထွက်နိုင်သောကြောင့် လေးနက်ကျင့် မြတ်ပဋိပတ်ဖြင့်၊ တိမတ်ဖြောင့်မှန်၊ အကျိုးအားဖြင့်လည်း၊ ကောင်းမွန်သည်သာဖြစ်၍၊ အဆုံး၏ကောင်းခြင်း 'ပရိယောသာနကလျာဏ' ဂုဏ်၊

ပညာ ရှင်တို့ သာ သက်ဝင်ဆုံးဖြတ်၊ သိနိုင်အပ်သောကြောင့်၊ ရှေ့နောက်စစ်ကြော၊ သဘောယုတ္တိ၊ ရှိမရှိကို၊ နှိုင်းညှိစိတ်စေး၊ နက်လေးကြံသိုင်း၊ ပညာပိုင်းမှ သ မိုင်းထင်ပေါ်၊ ပညာကျော်တို့၏၊ ကြည်ညို နှစ်သက် ခြင်းကို ဖြစ်စေတတ်သော 'သာတ္ထ' ဂုဏ်။

ခနောက်နှစ်တန်၊ တိဖန်တက်သက်၊ ကြောင်းကျိုးဆက်၍၊ ခြားကွက်မမြင်၊ လွယ်နှင့်ထင်သည်၊ သက်ဝင်ကြည်ညွှတ်၊ ဂုဏ်သကတ်ကြောင့်၊ ၃-ရပ်တိုက်သား၊ ဝေနေယျားကို၊ လေးစားခံတည်၊ ကြည်ညိုစေတတ်သော 'သဗျဉ္ဇန' ဂုဏ်။

အနက်သဒ္ဒါ၊ မပါကျန်ကြွင်း၊ ဆောင်ဘွယ်ကင်း၍၊ လစ်ဟင်းမရှိ၊ ဝန်းကျင်ပြည့်သော၊ ကေဝလပရိပုဏ္ဏဂုဏ်....ကြောင်း

ကျိုးမတန်၊ ယုဇ်ကန်၍၊ ပယ်လှန်သျှော့ဖြုတ်၊ နှုတ်ဘွယ်ကွင်းချွတ်၊ ဖြစ်ကင်းလွတ်သော ပဋိသန္ဓေ ဂုဏ်။ ။ဤသို့ ကုံးခြုံ၊ များစွာသောဂုဏ်တို့နှင့်ပြည့်စုံတော်မူ၏၊ ထိုသည့်သုံးလူ့ ထွတ်ထား မြတ်ဘုရား၏၊ တရားရင်နို့ သောက်စို့ကြကုန်သော လူနတ်ပြဟ္မာ၊ သတ္တဝါဝေနေ ကျွတ်တန်းဝင်ကြသောဗိုလ်ခြေမှာ၊ မရေ တွက်သာ အောင်၊ အနန္တ ကမ်း,များ မြွမ်းကဲ တက်၊ တခဲနက်ဖြစ်သတည်း။

ထိုသို့ ဝိမုတ္တိ ငြိမ်း၊ မဂ်စခမ်းဖြင့်၊ ဖြောင့် တန်းမတ် မတ်၊ ပို့ ဆောင် တတ်သော၊ ဓမ္မသေတ္တု၊ သိန္နှစ်ဂုသည့် အမြုတေတရား၊ ချယ်မြောက်များကို၊ သားတော်သာဝက၊ ရှင်ကုံငတို့သည်၊ ရွရွနှုတ်တွင်၊ အာဂုံဆောင်၍၊ သုံးခွင်ဘုံစံ၊ ကျွတ်ဆုပန်တို့ကို၊ ထိုက်တန်လမ်းပြ၊ ညွှန်ဆိုမပျက်၊ မွေမြိုက်ဆေး,ဆိမ့်ချိုကို၊ တိုက်ကျွေးတော်မူကုန်သတည်း။

ဤသို့ ၄၅-ဝါ၊ ကာလကြာအောင်၊ ဒေသနာချီ၍၊ အမြိုက်ဆေးကို၊ တိုက်ကျွေးကုံင၊ ရစေတော်မူ၍၊ အနုပါဒိသေသ ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီးနောက်၊ ၄-လ ရောက်သောအခါ၊ ဘိုးတော်အဥ္စနမင်း၊ ဖြိုကြွင်းသက္ကရာဇ် ၁၄၈-ခုနှစ်တွင်၊ ရာဇဂြိုဟ် ပြည် အဇာတသတ်မင်းကို အမှီပြု၍၊ ပဌမ သံဂါယနာ တင်တော်မူကုန်သော ရှင်မဟာကဿပ၊ ရှင် အာနန္ဒာ၊ ရှင်ဥပါလိစသော ရဟန္တာအရှင်မြတ်တို့မှစ၍၊ သာသနာနှစ် ၁၀၀- မြောက်၌၊ ဝေသာလီပြည် ကာလာသောကမင်းကို အမှီပြု၍၊ ဒုတိယ သံဂါယနာတင်တော်မူကုန်သော ရှင်မဟာယသ၊ ရှင်သဗ္ဗကာမိ၊ ရှင်သာဠှစသောရဟန္တာအရှင်မြတ်တို့မှစ၍၊ သာသနာတော် ၂၃၅-နှစ်မြောက်၌ ပါဋလိပုတ်ပြည် သီရိဓမ္မာသောကမင်းကို အမှီပြု၍၊ တတိယ သံဂါယနာတင်တော်မူကုန်သော ရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရှင်သောဘ၊ ရှင်ဥတ္တရစသောရဟန္တာ အရှင်မြတ်တို့မှစ၍၊ နောက်နှောင်းစဉ်လာ မဂ္ဂါရွဲညီ ပုလဲကုံးသီသကဲ့သို့၊ ပဝေဏီ သွာဂတ၊ ဝံသမပျက်ဆင်းသက်လာတော်မူသော “ကျေးဖူးရှင် ညောင်ရမ်းဆရာတော်ကြီးသည်” ပွတ်သဘ်သော ခရုသင်းကဲ့သို့၊ သန့်ရှင်းစင်ကြယ်သော အာစရိယပရမ္ပရ သိဿာနုသိဿတို့ဖြင့်၊ စည်ပင်ဖြိုးထွားကြီးပွါးခြင်းရှိတော်မူ၏။

ပဌမသံဂါယနာတင်အရှင်ဥပါလိမှစ၍ ကျေးဖူးရှင် ဆရာ တော်ကြီး တိုင်အောင် သိမ်းတန်ဆောင်၊ နေလရောင်ကဲ့သို့ ထွန်းပြောင်တိုးတက်၊ ဓမ္မစက်ကို၊ အားတက်ဗိတ်လမ်း၊ ကိုယ်ဖိထမ်း၍၊ မဂ်လမ်းညွှန်ပြ ပြုစု စောင့်ရှောက် တော် မူလာ ကြသော၊ ဆရာ စဉ် အဆက် အနွယ် များ ကို ဤဆို လတံ့ အတိုင်းသိအပ်သတည်း။

## မဇ္ဈိမဒေသသာသနာဝင်

(၁)ရှင်ဥပါလိ(၂)ရှင်သောဏက(၃) ရှင်ဒါသက(၄)ရှင်သိဂ္ဂဝ,ရှင်စဏ္ဍဝဇ္ဇီ

နှစ်ပါး (၅) ရှင် မဟာ မောဂ္ဂ လိပုတ္တ တိဿ....ဤ (၆) ပါးသောရဟန္တာအရှင် မြတ်တို့ သည်၊ နောင် သော် ဆရာ နောက်မှာတပည့်ဆင့်ဆင့်သိလျက်, တန္တိ မပျက်ဆင်းသက်စည်ပင်မဇ္ဈိမဒေသသာသနာဝင် ဆရာစဉ် အဆက် အနွယ် တို့ဖြစ်သည်၊

## သုဝဏ္ဏဘူမိသာသနာဝင်

တတိယ သံဂါယနာ မဟာ နာယက ဖြစ်တော်မူသော ရှင်မဟာ မောဂ္ဂလိပုတ္တ တိဿ ရဟန္တာအရှင်မြတ်သည်၊ နောင်သောအခါ ပစ္စန္တရာဇ်တိုင်းတို့၌၊ သာသနာတော် ကောင်းစွာ တည်ဘွန်း လတံ့သည်ကို ဆင်ခြင်သိမြင်တော်မူ၍၊ ပစ္စန္တရာဇ်ကိုးတိုင်း ကိုး႑ာနသို့ သာသနာပြုစေလွှတ်တော်မူရာ သုဝဏ္ဏဘူမိ သထုံပြည်သို့၊ ရှင်သောဏ,ရှင်ဥတ္တရ ရဟန္တာအရှင်မြတ်နှစ်ပါးကို စေတော်မူသည်၊ ထိုအရှင်တို့မှဆင်းသက် ပြန့်ပွား၊ ထွန်းကား လာသော ဆရာစဉ် အဆက် အနွယ် တို့ကား၊

(၁) ရှင်သောဏနှင့် ရှင်ဥတ္တရနှစ်ပါး
(၂) ရှင်သောဘိတ
(၃) ရှင်သောမဒတ္တ
(၄) ရှင်သုမနတိဿ
(၅) ရှင်သောဘာဂ
(၆) ရှင်သောမဒတ္တ
(၇) ရှင်အနောမဒဿီ
(၈) ရှင်အဓိသီလ
(၉) ရှင်ဗျာနဒဿီ
(၁၀) ရှင်သီလဗုဒ္ဓိနှင့် ရှင်မဟာကာဠ ၂-ပါး
(၁၁) ရှင်ဓမ္မဿီ- (ပုဂံသာသနာပြုရှင်အရဟံ)

ဤ (၁၃) ပါးသော အရှင်မြတ်တို့သည် သုဝဏ္ဏဘူမိ မွန်နိုင်ငံကို သာသနာရောင် လွှမ်းစေ၍မဂ်လမ်းဖွင့်လျက် ချီးမြှင့်စောင့်ရှောက်တော်မူခဲ့သော ဆရာစဉ် အဆက် အနွယ်တို့ ဖြစ်သည်။

## ပုဂံသာသနာဝင်

နောင် ရ ထား မင်း မြတ် လက် ထက် (ရှင်ဓမ္မဒဿီ) ဟု အမည်ရှိသော ရဟန္တာမြတ်၊ ရှင်အရဟံသည် ပုဂံပြည်သို့ရောက်လာ၍ အရည်း ရှင်သောင်တို့၏ သာသနာကိုပယ်ပြီးလျှင် မြတ်စွာဘုရား၏ သာသနာတော်ကို စည်ပင်ပြန့်ပွား ထွန်းကား စေတော်မူသည်၊ ထိုရှင်အရဟံမှ၊ ဆက်သမပျက်ဆင်းသက်လာသော ဆရာစဉ်ကား။

(၁) ရှင်ဂုဏသာရ
(၂) ရှင်ပဌမ အဂ္ဂပဏ္ဍိတ
(၃) ရှင်ဒုတိယ အဂ္ဂပဏ္ဍိတ
(၄) ရှင်အဂ္ဂသံ- တတိယအဂ္ဂပဏ္ဍိတ “သဒ္ဒနီတိကျမ်းပြု”
(၅) ရှင်ဥတ္တရာဇီဝ၊

နှရပတိစည်သူမင်းလက်ထက်ရှင်ဥတ္တရာဇီဝတပည့်ပဌမဆပ္ပဒ,သခေ်ပဝဏ္ဏနာသုတ္တနိဒ္ဒေသစသည်ကျမ်းပြုရှင်သဒ္ဓမ္မဇောတိပါလတို့သီဟိုဠ်မှပြန်ရောက်သါသေါအခါ ရှင်အရဟံအနွယ်ကို(အရှေ့သာသနာပုရိမဂိုဏ်း)ရှင်ဆပ္ပဒတို့အနွယ်ကို(အနောံသာသနာပစ္ဆိမဂိုဏ်း)ဟု နှစ်ဂိုဏ်း ခြားနားစွာ ဖြစ်ပေါ်လာသည်၊ သို့သော် သာသနာဖျက်ဆီးမှု ဆုတ်ယုတ်ညှိုးနွမ်းစေမှုမရှိချေ၊တိရောရဋ္ဌနိုင်ငံခြား ပြန်ဟူသောမာန်ဖြင့်ယင်းသို့ဖြစ်ရသည်နှောင်ပင်းယခေတ်တွင်,၎င်း အရှေ့အနောက်ဂိုဏ်းတို့ရောနှောဆက်ဆံ၍၊ အတူတကွ ကံကြီးကံငယ်တို့ကိုဆောင်ရွက်တော်မူကြလျက် ဂဂ်ါယမုနာမခြား တသားထည်းပင်ဖွေ့ရသည်။ ၎င်းဆပ္ပဒအနွယ်ကား၊

(၁) ပဌမ ဆပ္ပဒ, ရှင်သဒ္ဓမ္မဇောတိပါလ။

(၂) ဒုတိယဆပ္ပဒ ရှင်ညာဏသဒ္ဓမ္မ

(၃) တတိယဆပ္ပဒ ရှင်မေဓာသိရိ

၃-ပါးသာ ထွန်းကားထင်ရှားသည်၊ ရှင်အရဟံနှင့်တကွ ၉-ပါးသောအရှင်မြတ်တို့သည်၊ တမ္ဗဒီပ,သုနာပရန္တ မြန်မာတိုင်းနိုင်ငံ၌ သာသနာတော်ကို တိုးတက်ပြန့်ပွါး ထွန်းကား စေတော်မူခဲ့ကြသော မြန်မာ့သာသနာ ဖခင်ကြီးများသဖွယ်ဖြစ်၏။

## ပုဂံနောက်ပိုင်းသာသနာဝင်

ပုဂံသာသနာဝင်မှနောက်၊ မြင်ပိုင်းပင်းယ စစ်ကိုင်းအင်းဝ ကုန်းဘောင် သာသနာဝင် စဉ်ဆက်တို့သည် ကျယ်ဝန်းလှသည် ဖြစ်သောကြောင့်၊ တသန့်စီ ခြားနားမပြဆိုတော့ဘဲ သိက္ခာကာမလဇ္ဇီပေသလ ဖြစ်တော် မူကုန်သော အာစရိယဝံသသိဿာနုသိဿတို့အား ရှေးဆရာတို့သာသနာဝင်, သမိုင်းတင်ခဲ့သည့်အတိုင်း, ဆက်သိုင်းပေါ်မြွက်,စဉ်မပျက်အောင်၊ ၎ပေါင်း၍ ခပ်ကျဉ်းကျဉ်းဆက်ပြပေအံ့။

ပုဂံ သာသနာပြု ရှင်အရဟံစသော စင်ကြယ်သော အနွယ်တော်မှ ဆင်းသက်၍၊ အားတက်ကြိုးပမ်းထမ်းရွက်တော်မူလာကြသော ပုဂံနောက်ပိုင်းသာသနာဝင်ဆရာစဉ်ကား....

| | | |
|---|---|---|
| (၁) ရှင်သုမေဓာရိ | ပုခန်းကြီးမြို့။ | ခေမကတိုက် |
| (၂) အရှင်အဂ္ဂမေဓာလင်္ကာရ | ။ | ဝါကျဥမင်ကျောင်း |
| (၃) ရှင်မေဓာနန္ဒ | ။ | နှောင်းဘရွာ |

(၄) ရှင်ပုညဝါသီ ။ နွယ်နီမုခ်ကျောင်း
(၅) ဘုန္တဆရာတော် ။ အရှေ့ကျောင်းလက်

၎င်း ၅-ပါးသောအရှင်သူမြတ်တို့သည် ပခန်းကြီးမြို့၌ သီတင်းသုံးတော်မူကြလျက် သာသနာတော်ကို စောင့်ရှောက်ပြုစုတော်မူလာကြသော သာသနာ့အာဇာနည်ကရိမုန်သောက်၊ ပါမောက္ခကြီးတို့ဖြစ်ချေသည်၊ ပဉ္စမမြောက် ဘုန္တဆရာတော်မှသာနုသိသဆင်းသက်၍, နွယ်ဆက်စည်ပင်,သာသနာဝင်ကား....

(၆) ရှင်ဂုဏသိရီ....အမရပူရမြို့ ဘိုးတော်မင်းလက်ထက် ဂုဏာဘိလင်္ကာရ သဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ သာသနသောခကမင်း အိုဆရာတော်။

(၇), ရှင်နန္ဒမာလာ....တိပိဋကာလင်္ကာရ သိရိဓဇမဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ၊ ပဥ္စမဗားကရာဆရာတော်။

(၈) ရှင်သူရိယ....သူရိယာဘိဝံသ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ၊ သဲအင်းသာသနာပိုင်ဆရာတော်။

(၉) ရှင်ပညာဇောတ....ပညာဇောတာဘိဝံသ သိရိပဝရ ဝိဇယာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ ဒုတိယ ဗားကရာသာသနာပိုင်ဆရာတော်။

(၁၀) ရှင်ဇာဂရ....မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ, ဒက္ခိဏာရာမ "တိုက်တည်"ပဥ္စမသံဂါယနာသံယနာယကဆရာတော်။

(၁၁) ရှင်မာလာနှင့်ရှင်သုတာဗုဒ္ဓိနှစ်ပါး-မန္တလေးမြို့ ဒက္ခိဏာရာမတိုက် ဂဏဝါစကဆရာတော်များ။

(၁၂) ရှင်ဇမ္ဗူဒီပဓဇ....ညောင်ရမ်းမြို့ပေါက်တောဆရာတော်။

(၁၂) ရှင်ရေဝတ — မန္တလေးမြို့ မိုးကောင်းတိုက် ဘဒ္ဒန္တရေဝတာဘိဓဇ မဟာရဋ္ဌဂုရု တံဆိပ်တော်ရ ဆဋ္ဌသံဂါယနာ သံဃ မဟာနာယကအဖြစ် ဆောင်ရွက်တော်မူသော ကျေး ဖူးရှင်ဆံရာတော်ကြီး။

ဤကား ကျေးဖူးရှင်ဆရာတော်ကြီး၏ ဥပဇ္ဈာယ် ဖြစ်တော်မူသော ညောင် ရမ်းမြို့ ပေါက်တောဆရာတော် ရှင်ဇမ္ဗုဒီပဓဇမှ၊ ဝံသမပျက်, ဆင်းသက် ပြန့်ပွါး, ထွန်းကားလာသောအနွယ်တော်ဖြစ်သတည်း။

## မိုးကောင်းဆရာတော်ကြီးမှဆင်းသက်လာသော အာစရိယဝံသ။

(၁) ရှင်စန္ဒမာလာ — ရထနာပူရအာဝမြို့ တုတ်လှမ်း ဆရာတော် "မာတိကာ ချိုးစသည်ရေး"

(၂) ရှင်အရိယဝံသ — မန္တလေးမြို့ ရတနာမဥ္ဇူတုတ်လှမ်းဆရာတော် "ပဌမ တုတ်လှမ်းဆရာတော်ရှင်စန္ဒမာလာ၏ညီရင်း"

(၃) ရှင်နာရဒ — အမရပူရမြို့ အရှေ့ပြင်ပြည်တိုက်၊ ငွေတောင် ဆရာ တော်။

(၄) ရှင်တေဇ — မဏ္ဍလာရာမ ပြည်တိုက် တောင်ဘက်တန်း ညဝါ အကျော်၊ မှော်ဘီဆရာတော်။

(၅) ရှင်နာဂိန္ဒ — မန္တလေးမြို့ မိုးကောင်းတိုက် မဟာ ဝေယန်ဘုံကျော် ဆရာတော်။

(၆) ၎င်း၏တပည့်ကား ကျေးဖူးရှင် ညောင်ရမ်းဆရာတော်ကြီး ဖြစ်ပေ၏၊ ဤကား မိုးကောင်း မဟာဝေယန်ဘုံကျော်ဆရာတော်ကြီးမှ ဝံသနွယ်ဆက်, မပျက် စည်ကား, ဆင်းသက် လာသော အနွယ်တော် ဖြစ်သည်။ တဲကြောင်း အနွယ် တော်ကား....

(၁) ဆရာတော်ဦးပိုး ပုညာဘိသိရိသဒ္ဓမ္မဇောတိကမဟာဓမ္မရာဇာဓိရာဇဂုရု ပဌမ
အောင်မြေဘုံစံအုဌ်ကျောင်းဆရာတော်။

(၂) ရှင်မေဓာလင်္ကာရ–မေဓာလင်္ကာရ ပရမဇေ မဟာဇမ္ဗုရာဇာဓိရာဇဂုရု
မဏ္ဍလာရာမပြည် ဆရာတော် "အဌသာလိနီ နိသျှစ
သည့်ပုံ"

(၃) ရှင်နာဂိန္ဒ သာသနာပြုမိုးကောင်းဆရာတော်။

(၄) ၎င်းတပည့်ကား–ယခုလွန်တော်မူသော ကျေးဖူးရှင်ဆရာတော်ကြီးပင်
ဖြစ်သတည်း။

## မိုးကောင်းတိုက်ပဌမစာချဆရာတော် အရှင်မုနိန္ဒမှဆက်သွယ်လာပုံ

(၁) မန္တလေးမြို့ မကုဋာရာမစံကျောင်းဆရာတော်

(၂) အရှင်မုနိန္ဒ

(၃) ၎င်းတပည့်ကား၊ ကျေးဖူးရှင်ဆရာတော်ကြီးပင်ဖြစ်ပေ၏။

ဤပေါ်ပြအပ်ပြီးသည့်ကား၊ ကျေးဖူးရှင် ဆရာတော်ကြီးတိုင် "သာသနာရေ ကြောင်း၊' တိမ်းစောင်းမထင်၊ အလျှင်ရှိန်ပြင်း၊ စီးဆင်းလာသော သာသနာ့ မြစ်ဖျား ခံရာ၊ အမွန်ပဘဝ"များဖြစ်သတည်း။

ကျေးဖူးရှင်ဆရာတော်ကြီးမှ ဆင်းသက်ထွန်းကား,ပြန့်ပွါးလာသော တိုက်စီး နာယက၊ ဂဏပါမောက္ခမ္မောစရိယဂဏဝါစက၊ အဖြစ်သို့ ရောက်သော တပည့် ပေါင်းကား,များစွာဖြစ်သတည်း။

## ကျေးဇူးရှင် ဆရာတော် ဘုရား ကြီး၏ သတင်းစာရေးနည်း။

ပေါ်ပြူလာသည် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ကေသရသတင်းစာတိုက်သို့ ရေးသားပေးပို့သောပြန်စာဖြစ်၍၊ ယခုခေတ်အနေအားဖြင့်ယုတ်တရက်ဆိုလျှင် ရယ်ဘွယ် နီးပါး လောက် ထင်ကောင်းထင်ရန်ရှိသော်လည်း၊ သူ့ခေတ်အခြေအနေ အား လျော်စွာ စာနယ်ဇင်းအရေးအသားမည်သို့ရှိသည်ကိုရင်း၊ ယခုခေတ်၌မည်သို့ပြောင်းလဲလာသည်ကိုရင်း ယခုခေတ်နှင့်ကိုက်ညီ၍လိုက်နာသင့်သောအချက် မည်မျှပါသည် သို့မဟုတ် ယခုခေတ်နှင့်ဆီလျော်အောင် မည်သို့ပြင်ဆင်ယူနိုင်သေးသည်ကိုရင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၂၀-၂၅-နှစ်လောက်ဆီက ဆရာတော်ရည်ညွှန်းသော စာနယ်ဇင်း၏အင်္ဂါလက္ခဏာ စသည်ကိုရင်း သိရှိနိုင်စေရန်ခေတ်ကြေးခုံပြင်သို့တင်လိုက်ရပေသည်၊

၁၂၉၁-ခု၊ နယုန်လဆန်း ၁၂-ရက်နေ့ ကေသရသတင်းစာတိုက်ပေးရန်။

ဒါယကာတို့တိုက်က ထုတ်ဝေသော-ကေသရသတင်းစာကို လှူဒါန်းလိုက်သဖြင့် အကြောင်းအမျိုးမျိုး စုံ လင် အောင် ကြည့်ရှုရာ၊ အောက်ပါအချက်များနှင့်သင့်လျော် ညီ ညွတ်သဖြင့်၊ ပညာဗဟုသုတအကျိုးဌါကြည့်ရှုရန်ကောင်းမြတ်ပေကြောင်း လောက၌ လူတို့၏ ပညာ မျက်စိကြီးသဘွယ်ဖြစ်သော၊သန္တေသကထာသတင်းဟူသည်။

(၁) လောက၌ ရဟန်းရှင်လူပြည်သူအပေါင်းသည် မှတ်သားဘွယ်ကောင်းသောထုံးဟောင်းပုံပြင်ရာဇဝင်နိပါတ်စသော ကျမ်းဂန်လာစကားပါရှိခြင်း။

(၂) ပညာရှိဝယ် ဂုဏ် နှစ် ဆယ်နှင့်-လျော်ညီအောင်ရေးသားခြင်း။

(၃) စကား အရာ အင်္ဂါလေးတန်နှင့် မှန် ကန် ညီ ညွှ တ် အောင် ရေးသားခြင်း။

(၄) ပညာ ဗဟုသုတအကျိုးဌါ-နက်သော၊ ဂမ္ဘီရကထာမကြွားစဘူးဆန်းထူးသော၊ ဝိစိတ္တကထာပါရှိခြင်း။

(၅) ပညာရှိတို့ ချီးမွမ်းဘွယ်ရာ.... ပသါဒဂုဏ်စသော်သဒ္ဒါလင်္ကာရ-သဘာဝ ဂုဏ် ၁၀ ပါး စုံညီစသော အဏ္ဏလင်္ကာရ တို့နှင့်ပြည့်စုံစွာရေးသားခြင်း။

(၆) ပညာရှိတို့စိတ်နှလုံးကို ယူကြုံးနှစ်သက် စေနိုင်သော ကဏ္ဍသု

ခ-ပေမနိယ-ဟာဒယင်္ဂမဝါစာ ဗဟုဇနကန္တာ မနာပ ဝါစာ-စသော စကား အသုံးအနှုန်း ပါရှိအောင်ရေးသားခြင်း။

(၇) ပညာရှိတို့၏နှုတ်တံကျင်သဘွယ်ဖြစ်၍ ဂါမ္ဘ ဒေါသသင့်ရောက်သော ဖရုသဝါစာစကားအသုံးအနှုန်းနှင့် သမ္ဖပလာပ စကားမပါအောင် ရေးသားခြင်း။

(၈) ဗုဒ္ဓဂိုဏ်းဓမ္မဂိုဏ်း သံဃာဂိုဏ်း ရာဇဂိုဏ်း ကင်းလွတ် အောင်ရေးသားခြင်း။

(၉) လောကီလောကုတ္တရာ နှစ်ဖြာသောအမျိုးနှင့်စပ်ယှဉ်၍ လောကီ ကျိုးလော ကုတ္တရာကျိုးတိုးတက်ကြီးမါးရန်ကိုသါရည်သန်တောင့်တ၍ ကုသိုလ် ယောနိသောမနသိကာရဖြင့် ရေးသားခြင်း။

(၁၀) မိမိ ကိုယ်ကို ချီး မြှောက် ခြင်းအတ္တုက္ကံသနသူတပါးတို့အားကဲ့ရဲ့နှိပ်ချခြင်းပရဝမ္ဘနစကားလွတ်အောင် ရေးသားခြင်း။

(၁၁) တစုံတခုသော အကြောင်းကိုအများ သိရှိရန်ဘော်ပြ ရသည်ရှိသော်တိုင်းကျိုး ပြည်ကျိုး သော်ငင်း၊ ငင်းအကြောင်းကိုဘတ်ရှုရ၍ကြည်ရှောင်ခြင်းစသေါကောင်းမှုကုသိုလ် ကျိုးသော် ငင်း ဖြစ်လိမ့်မည်ဟု အထင်ရှိလျှင် တစုံတယောက်သော သူ၏၊ မျက်နှာကြီးငယ်ကို ထောက် ထားခြင်းမရှိဘဲ ယထာဘူတဟုတ်တိုင်းသာရေးသားဘော်ပြခြင်း၊

(၁၂) မိမိတို့ ဘာသာနှင့်စပ်လျှင်း၍သတင်းထူးပေါ်ပေါက်ခဲ့သော်ဘာသာဝင် ပုဂ္ဂိုလ်တို့ဖြစ်စေ သို့မဟုတ်-ဘာသာခြားတို့ ဖြစ်စေ သဒ္ဓါ တရားပျက်၍ ကဲ့ရဲ့ခြင်းဖြစ်မည် ထင်သောသတင်းထူးများကို အများကို ထိခိုက်၍ကဲ့ရဲ့သူအား အပါယ်လားခြင်းအကြောင်းရှိသဖြင့် သတင်းစာ၌မထည့်သွင်းခြင်း သဒ္ဓါတရားတိုးပွား၍ ချီးမွမ်းဘွယ်ရာ ဖြစ်လျှင်သာထည့်သွင်းဘော်ပြခြင်း။

(၁၃) သတင်းစာ ကြည့်ရှုသူတို့သည် ဗဟု သုတ ပညာ ရှိ သောသူလည်း ရှိ သည် မရှိ သော သူလည်းရှိသည် ဗဟုသုတ ပညာရှိသူဖြစ်စေ မရှိသူဖြစ်စေ များသောအားဖြင့် ယခုမျက်မှောက်ပစ္စုပ္ပန် ဖြစ် ဆဲ ဖြစ် သောအကြောင်းများကို သိလိုကြသဖြင့် ဖြစ်ဆဲဖြစ်သောအကြောင်းအရာကိုများစွာ ထည့်သွင်းခြင်း၊

(၁၄) သမ္မာအာဇီဝ ဖြစ်အောင် ရေးသားခြင်း။

(၁၅) ပညာသိဝဏ္ဏနိကကမ္မဖြစ်အောင်ရေးသားခြင်း။ ။

မှတ်ချက်။

သာသနာ့ဝဆရာအယ်ဒီတာတို့သည်-အထက်ပါအချက်များနှင့် သင့်လျော်ညီညွတ်စေ၍ သမ္မာအာဇီဝဖြစ်အောင်-ညောင်ရမ်းနိကာယ ကမ္မကို ရည်သန်၍တောင့် တလျှက် ရေးသား သင့်လျော် ပေကြောင်း သတိပေးစကား ရေးသားတော်မူလိုက်သည်။ ။

ညောင်ရမ်းဆရာတော်၊
မိုးကောင်းတိုက်
မန္တလေး ။

## 'ဤ' ကျေးဇူးရှင်ဆရာတော် ဘုရားကြီးပြုစုခဲ့သော ကျမ်းစာများ။

ကျေးဇူးရှင်ဆရာတော်ကြီးသည်၊ နေ့ါရောညဝါပါ တနေ့လျှင်စာလေးဝါမျှသင်ကြားပို့ချ၍ နေရပြား သော်လည်း ရဟန်းရှင်လူ များစွာသော ပုဂ္ဂိုလ်တို့၏ တောင်းပန်လျှောက်ထားချက်အရ ကြိုးကြားကြိုးကြား ရေးသားတော်မူအပ်သော ကျမ်းစာအသုံးအဖြတ် သြဘာစာ၊ မေးကွန်းသံပိုင်း စသည်တို့ကို သိရှိနိုင်ရန် ဖော်ပြလိုက်ပါကြောင်း။

၁။ ဈေးကနိဿယ မရှိသော၊ သီလက္ခန်ဋီကာ သစ်နိဿယ၊ ပေနှင့် ၅-ထုပ်။
၂။ ဓမ္မသီလက္ခန်ဋီကာဟောင်း နိဿယပေနှင့်ရေးပြီး ၂-ထုပ်။
၃။ မဟာသမယသုတ်ပါဠိတော် လက်သစ်နိဿယ၊ ပုံနှိပ်ပြီး။
၄။ ဓမ္မိကသုတ်ပါဠိတော်နိဿယ။
၅။ ဗြဟ္မနိမန္တနသုတ် ပါဠိတော် နိဿယ။
၆။ ဗုဒ္ဓဝံသ ပါဠိတော် ဓာတုဘာဇနီယကထာနိဿယ။
၇။ ပရမတ္ထဂဏ္ဌိရပါဌ်နိဿယ။
၈။ ပေတသုတ်ပါဠိတော်နိဿယ။
၉။ ဟေမဝတသုတ်ပါဠိတော် နိဿယ။
၁၀။ ဗုဒ္ဓနဝဂုဏလောကီ ၂၄-ဂါထာနိဿယ။
၁၁။ သီဝလိ ၁၀-ဂါထာနှင့် လောကီ ၆-ဂါထာနိဿယ။
၁၂။ လောကီစမအက္ခရာ ၁၅-ဂါထာနိဿယ။
၁၃။ ပါချုပ်ကတ်အဋ္ဌကထာပဘာမ ၁၈-ဂါထာ သမ္မာန်၄-ပါးလှည့်နိဿယ။
၁၄။ နမက္ကာရဋီကာဂါဌ်ပုံနှိပ်ပြီး။
၁၅။ ဂါထာသံဝဏ္ဏနာပါဌ်။
၁၆။ ဝဏ္ဏဗုဒ္ဓပဒ သံဝဏ္ဏနာဝိနိစ္ဆယ။
၁၇။ သီဟဠဒင်္ဂကမ္မဝိနိစ္ဆယ၊ ဝိသောဓနီပါဌ်။
၁၈။ သီဟဠပုစ္ဆာဝိသဇ္ဇနာပါဌ်။
၁၉။ သီဟဠကမ္မဝါစာပုစ္ဆာဝိ သဇ္ဇနာပါဌ်။
၂၀။ ဖိဝိတပရိစာဂါဒိဝိနိစ္ဆယ။ ပုံနှိပ်ပြီး။
၂၁။ ဥပသကာဂုဏပကာသနီ၊ ။
၂၂ ကထိနဒါနဝိနိစ္ဆယကျမ်း ။

၂၃ ဥပါသကစက္ကုကျမ်း ။
၂၄ ဥပါသကစာရိတ္တဒီပနီကျမ်း ။
၂၅ လဋ္ဌဂဟဏဒေါသဒီပနီကျမ်း။
၂၆ ပရမတ္ထာ နှင့်ဂဟာ သာသန ဒါယာဒကျမ်း ။
၂၇ ဝဿုကမ္မနဝဿုပနာယိကဝိနိဿယကျမ်း။
၂၈ ကထိနဒါနဥဒ္ဓါရနှိဝိနိဿယကျမ်း။
၂၉ သံဃိက ဝိဟာရဒွိ သန္တကရက္ခကဝိနိဿယ။
၃၀ ဘဏ္ဍာဒေယျဝိနိဿယ ပုံနှိပ်ပြီး။
၃၁ သာမဏေရသရဏဒါဝိနိဿယ။
၃၂ ကထိနက္ခန္ဓက ဝဏ္ဏိရ ဗုဒ္ဓိဋိကာဝိနိဿယ။
၃၃ ဝါကျဂဏ္ဍိပဒဝိနိဿယ။
၃၄ ခေတ္တဒါနဝိနိဿယ။
၃၅ ဝိဿာသဂါဟဝိနိဿယ။
၃၆ စေတိယ ဘိန္ဒနဝိနိဿယ။
၃၇ ဗုဒ္ဓအဂါရဝါဒီဝိနိဿယ။
၃၈ သံဃိက ဝိဟာရ သဋ္ဌရဏဝိနိဿယ၊
၃၉ စတုပစ္စယဝိဿဇ္ဇနာ ဝိနိဿယ။
၄၀ ပဋ္ဌက ပုစ္ဆာဝိဿဇ္ဇနာ။
၄၁ နဝပဥ္စာဗျာကရဏဝိနိဿယ။
၄၂ ဂါမသောဓကဝိသုံဂါမဝိနိဿယ
၄၃ ကာယိနာနိသံသနှင့်ပဋ္ဌကပုစ္ဆာ။ ဝိဿဇ္ဇနာ၊
၄၄ ပတ္တနိကုဇ္ဇန ပတ္တုက္ကုဇ္ဇနကမ္မဝိနိဿယ။
၄၅ ဂါမပရိတ္တဘာဏနဝိနိဿယ။
၄၆ သာမဏေရ သံဃဝိနိဿယ။
၄၇ ထနည်း၊သံဃိကဝိဟာရ သဋ္ဌရဏဝိနိဿယ။
၄၈ စတုဒ္ဒသာ ဇရပ်မှ သည်တိုင်စသည်ယူဝိနိဿယ။
၄၉ ကထိနုဒ္ဓါရအနုဋ္ဌရဏ ဝိနိဿယ
၅၀ စတုပဥ္စာဗျာကရဏဝိနိဿယ ။
၅၁ ဇိဏ္ဏာဘိန္ဒနဝိနိဿယနှင့် လာဘက်ရေသောက်ဝိကာလ ဘောဇနဝိနိဿယ၊ အာယ တဂိတ ဓမ္မဝိနိဿယ။
၅၂ မိစ္ဆာသတိဝိနိဿယနှင့် ဒုဟောတုက ဥဂ္ဂဟာနိမိတ္တဝိနိဿယ။
၅၃ ဘဏ္ဍာဒေယျ ဝိနိဿယ။
၅၄ ကပ္ပိယာ ကပ္ပိယ နိဿဂ္ဂိယာဒိဝိနိဿယ။
၅၅ မတာသန္တက ဒုဒ္ဒိဿာဒိ ဝိနိဿယ။
၅၆ မရမတ္တဂန္ဓိရဝိနိဿယ။
၅၇ တရားပွဲဘဏ္ဍာဒေယျာဒိဝိနိဿယ
၅၈ ဥပဟာနာရုဠ္ဍာဒိဝိနိဿယ။
၅၉ သိလရှင် ပဗ္ဗဇ္ဇဝိနိဿယနှင့်အရညဝိဟာရဝိနိဿယ။
၆၀ အရည ရတင်နာသန ဂါမဝိနိဿယ။
၆၁ ပရမတ္ထ လက္ခဏာသဘာဝဝိသေသာဝိသေသဝိနိဿယ။
၆၂ ဘဏ္ဍာဝိနာသကတ ဝိနိဿယနှင့် ဝဋ္ဋနံ၊ ပုဗ္ဗောဒါဒက ဝဋ္ဋုဝိနိဿယ။
၆၃ ပုဏ္ဏမာဝိနိဿယ။

၆၄ ကုရုန္ဒီသဌ္ဌရတ္တာဒိဝိနိစ္ဆယ။
၆၅ ပတ္တကလာဒိဝိနိစ္ဆယ။
ရင်း၌ ဂါမဘောဇကဝိနိစ္ဆယ၊ လောဟာရဇ္ဇု ဝိနိစ္ဆယ၊ ဝိဟာရဘိန္ဒနဂ္ဂါဟဝိနိစ္ဆယ၊ အဝဟာရဏဒါနပဋိဂ္ဂါဟဝိနိစ္ဆယ၊ တိရစ္ဆာပန ဝိနိစ္ဆယ၊ အနေကကုလ အဝဟာရဏ ဝိနိစ္ဆယ များပါသည်။
၆၆ သုဝဏ္ဏာဒါမလေပန ဝိနိစ္ဆယနှင့်သုဝဏ္ဏစ္ဆာဒကပဋိမဂ္ဂဟာဏ ဝိနိစ္ဆယ။
၆၇ တိသန္ဓိကပဋ္ဋသန်ဝိနိစ္ဆယ။
၆၈ ဆတ္တပဋ္ဌာဝိသဇ္ဇနာ။
၆၉ နဝပဋ္ဌာဝိသဇ္ဇနာ။
၇၁ သီမသမုဟာနဝိနိစ္ဆယ။
၇၁ ဘိက္ခုနီဝိနိစ္ဆယ။
၇၂ ဗုဒ္ဓံသ အဋ္ဌကထာပါဠိယုတ္တာယုတ္တဝိနိစ္ဆယ။
၇၃ ပဝါရဏာပြုပါဠိပဒဝိနိစ္ဆယ။
၇၄ ဗုဒ္ဓသဏ္ဌာကဘုဒ္ဓနာရဟာဝိနိစ္ဆယ။
၇၅ ဧက ဘိက္ခု ဝဿုပနာယိက ကထိန္နတ္ထာရဝိနိစ္ဆယ။
၇၆ မတသန္တကကုဋ္ဌဝိနိစ္ဆယ။
၇၇ ထေရဝိနိစ္ဆယ။
၇၈ ဥပသမ္ပဒါကမ္မဝါစာနိဿယနှင့် ဆုံးမခက်းချွတ်ဘတ်နည်းဝိနိစ္ဆယ။
၇၉ ပရာဇိကပဋိဂ္ဂါဟာဏ ဘုဉ္ဇနဝိနိစ္ဆယ။
၈၀ မတသန္တကဒိန္နဝိနိစ္ဆယ။
၈၁ သာမဏေရပဗ္ဗဇ္ဇာဒိ ဝိနိစ္ဆယ၊ ရင်း၌ ဝိနိစ္ဆယများစွာပါသည်။
၈၂ ပလ္လင်္ကနိသီဒန ဗုဒ္ဓမိဗ္ဗ ဝိနိစ္ဆယနှင့် မကုဋ္ဌာလင်္ကာရ ဗုဒ္ဓဗိမ္ဗ ဝိနိစ္ဆယ။
၈၃ ဘုရားစံနစ်ဝိနိစ္ဆယ။
၈၄ ကုဘုဇ္ဇနရူပဝိဓာနနဝိနိစ္ဆယ။
၈၅။ သင်္ဃေပကထိန္နဒါရ အနုဋ္ဌရဏဝိနိစ္ဆယ။
၈၆။ ဝိသုံဂါမကမ္မကရနဝိနိစ္ဆယ။
၈၇။ ဘာဝန္တံ အာဟာရဟတ္ထံ ဇိဝိဒေန္တော ဝိယ ဩဟာ တောတိ အာဟာရဟာ ရော။
ဟူသော မဟာဝါအဋ္ဌကထာသံဝဏ္ဏနာဝိနိစ္ဆယ။
၈၈။ နတ်သက် ငရဲသက် ရေတွက်ပုံနှင့် နတ်ပြည်ငရဲပြည်၌၊ နေလရှိမရှိဝိနိစ္ဆယ။
၈၉။ တန်ဆောင်းဟောင်း ဖျက်သင့်မဖျက်သင့်ဝိနိစ္ဆယ။
၉၀။ ဒုတိယ ဝါကပ်သောကျောင်း၌ ကထိန်ခင်းထိုက် မခင်းထိုက်ဝိနိစ္ဆယ။
၉၁။ အနိက္ခိတ္တ ဝတ္တ ဝိဟာရနှင့် ဥိနဂဏနမာနတ္တစာရ ဝိနိစ္ဆယ။
၉၂။ စေတနာကမ္မဝိနိစ္ဆယ။
၈၃။ နဒီအဇ္ဈတ္တရ ဒိပက သီမ ဝိနိစ္ဆယ။

၉၄။ စေတျာရာမ ဥပစာရ သိမ်နှင့် ကထိနတ္ထာရ လက္ခဏ ဝိနိစ္ဆယ။

၉၅။ လန်ဒန်မြို့ ဗုဒ္ဓဘာသာအဖွဲ့ချုပ် ကမေး သော ပုစ္ဆာ (၁၂)ကို ဖြေရှင်းသောဝိသော ဓနုဝိသာ ဇ္ဇနာဝိနိစ္ဆယ။

၉၆။ ဒွတ္တိံသဝိသတိသရူပ ဝိသဇ္ဇနာ နှင့် ရဟောကသော ဝိဒေသ၌၊ အ ဝိပ္ပေတရ ဇာဝိနိစ္ဆယ၊မဂ၊ဘာ သာကသနဝိနိစ္ဆယ။

၉၇။ ဝယာဝုမ္မာပစယနဝိနိစ္ဆယ။

၉၈။ မတ သန္တက ပုစ္ဆာ ၃-ချက် ဝိသဇ္ဇနာ။

၉၉။ ဝိသာသဂ္ဂါဟဝိနိစ္ဆယ။

၁၀၀။ သာရိပုတ္တ မောဂ္ဂလာန ဓာတု ဝိနိစ္ဆယ။

၁၀၁။ သံဃိက ဒွိသန္တက ရက္ခတာ ဝိနိစ္ဆယ။

၁၀၂။ နိမ္မနပဏ္ဏနာဝိနိစ္ဆယ။

၁၀၃။ ကထိနဒါနနိသံသနဝိနိစ္ဆယ။

၁၁၄။ တါဝတိံသာ ဗုဒ္ဓါဘိ ဓမ္မဒေသ နာ ဝိနိစ္ဆယ။

၁၁၅။ မိလိန္ဒပဉှာ နေတ္တိ ပေဋကော ပဒေသသင်္ဂီတိဝိနိစ္ဆယ။

၁၀၆။ မိလိန္ဒ ပဉှာ, ဝါဒေါ တရဏ ကထာ။

၁၀၇။ အရိယာဝါသ ၁၀ပါး,အဓိပ္ပါယ်

၁၀၈။ သင်္ဂဟပဏာမစုန်စောဒနာ။

၁၀၉။ မြစ် သား ဒုတိယ ပါရာဇိကမှု ဝိနိစ္ဆယ။

၁၁၀။ အာလံဘဏ္ဍာဒေယျမှုဝိနိစ္ဆယ

၁၁၁။ မိုးကောင်းဘဏ္ဍာဒေယျမှု ဝိနိစ္ဆယ။

၁၁၂။ မကွေးပါရာဇိကမှုဝိနိစ္ဆယ။

၁၁၃။ ပုသိမ်ပါရာဇိကမှုဝိနိစ္ဆယ။

၁၁၄။ ပျဉ်းဘွယ် ပထမ ပါရာဇိကမှု ဝိနိစ္ဆယ။

၁၁၅။ ရမည်းသင်းကျောင်းမှု ဝိနိစ္ဆယ။

၁၁၆။ ညောင်ရွှေသံဃိက လယ်မြေ ဝိနိစ္ဆယ။

၁၁၇။ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ဝိနိစ္ဆယ။

၁၁၈။ လန်ဒန်ဝိသုံဂါမ ဝိနိစ္ဆယ။

၁၁၉။ ရန်ကုန် ပိဋက ကျောင်းတိုက် ကမ္မည်းကျောက်စာ မော်ကွန်း

၁၂၀။ ဟသ်ာတ သိမ် ကျောက်စာ မော်ကွန်း။

၁၂၁။ ရခိုင် ချောင် သိမ်ကမ္မည်း ကျောက်စာ မော်ကွန်း။

၁၂၂ မအူပင် ဘုရား ဂန္ဓ ကုဋိတိုက် ကမ္မည်းကျောက်စာမော်ကွန်း။

၁၂၃။ ငါးဆူ တိုက် သိမ် ကမ္မည်း ကျောက်စာ မော်ကွန်း။

၁၂၄။ ကောက ရိတ်သိမ် ကမ္ပည်း ကျောက်စာ မော်ကွန်း။

၁၂၅။ ငွေယင် ဆိုင်း ဘုရား ကမ္ပည်း ကျောက်စာ မော်ကွန်း။

၁၂၆။ မလှိုင်သိမ် ကမ္ပည်းကျောက်စာ မော်ကွန်း။

၁၂၇။ တောမစေတီ ဘုရား၊ကမ္ပည်း ကျောက်စာမော်ကွန်း။

၁၂၈။ ညောင်လေးပင် ကျောင်းတိုက် ကမ္ပည်းကျောက်စာမော်ကွန်း။

၁၂၉။ စစ်ကိုင်း သိမ်ကမ္ပည်းကျောက် စာ မော်ကွန်း။

၁၃၀။ ၎င်းပြင်....ဩဘာစာအမျိုးမျိုး

၁၃၁။ ပိဋကတ်ပုရပိုက်အမျိုးမျိုး၊ အထက်ပါမော်ကွန်း ကျောက်စာ ထုပြီးချည်းဖြစ်သည်။

---

# နိဂုံး

ကျယ်ကျယ် ဆိုလျှင်၊ ပြီးမထင်လိမ့်၊ တို့ရှင်မျိုမျစ်၊ နှမည်ဖြစ်က ချစ်နှစ်လို့ဘွယ်၊ ဆင်း-နိကာယ်နှင့်၊ ပြည့်ကြွယ်စာရိတ်၊ တတ်-ပဏ္ဍိတ် ဟု၊ ဂုဏ်ဟိတ်ထင်ပေါ်၊ ကျော်ကြီးကျော်သား၊ မဟော်နိုင်းနှုန်း၊ ရှင်၏ ဘုန်းလျှင်၊ ခါဆုန်းချိန်သင့်၊ ပန်းနှယ်ပွင့်ကို....ကြည်ရှင့်အစလူ၊ သဒ္ဓါကြွ လျက်၊ "ဗျာပနကော်မိတီ၊ မဟာထေရ်"တို့၊ ချိန်မိတိုက်တွန်း၊ မိန့်ခွန်းခွန်း ကို၊ ဦးစွန်းထိပ်ထက်၊နိုင့်-နိုင်ရွက်လျက်....ခွန်နုတ်-ငယ်နောင်း၊ရှိမဲ့ပေါင်း ၍၊ စုဆောင်းရေးဖော်၊ "သမိုင်းတော်"ဖြင့်၊ ကော်ရော်မြတ်လေး၊ ကျွန်သိခဲမွေးလည်း၊ အရေးဘကြီး၊ချိန်မီပြီးအောင်၊'ရေး'လည်းလျှင်လျှင်၊ "ပြင်"လည်းလောလော၊"နှိပ်"ဆောဆောမို့၊သမ္မောသဖြင့်၊သတိလွှင့်၍၊ မသင့်နိုးနှံ့၊ တင်ပြစ်ရှိနိုးသော်၊ ချစ်တုံ့ကြော်ပြု၊ ကောင်းရာယူ၍၊ ရှင်လူ မြတ်လေး၊ မေတ္တာရှေးလျက်၊ ကိုယ်ရေးဖြည့်နိုင်စေသတည်း။ ။

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

၁၆-နှောင်း ၁-၁၄-နု။